The
# Commerce
Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 14 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | April 6 , 2015

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်
နှစ်သစ်ကူး အခါသမယတွင်
မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်း
မင်္ဂလာအပေါင်းနှင့်
ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ
ပို့သအပ်ပါသည်။



## ထုတ်ကုန်တန်ဖိုးမြှင့်တက်ဖို့ ကျေးလက်လုပ်ငန်းရှင်များ လက်တွေ့သင်တန်းတက်ကြစို့

၂၀

|စိုးအောင်-မန္တလေး|



## စားသုံးသူလည်းပျော် တောင်သူလည်းမော်

၁၄



နို့မှုန့်နှင့် ကလေးဖြည့်စွက်အစားအစာများ
တင်သွင်းဖြန့်ဖြူးရောင်းချရာတွင်
ဥပဒေနှင့်အညီလိုက်နာဆောင်ရွက်ခြင်းမပြုသော
ကုမ္ပဏီများကို အရေးယူရန် အချိန်တန်ပြီ ၂၀

ထိုင်းနိုင်ငံထုတ် ဘီယာများတင်ဆောင်လာသော
၂၂ ဘီးယာဉ်အား ကျိုက်ထိုမြို့ အဝင်လမ်းမပေါ်တွင်
Mobile Team မှ တားဆီးနိုင် ၁၉

စီးတီးမတ်၏ အရောင်းကောင်တာများတွင် VISA ကတ်ဖြင့်
ငွေပေးချေမှုစနစ်ကို စတင်လုပ်ဆောင်နိုင်ပြီ ၂၆

City Mart

City Mart Supermarket

ဈေးဝယ်သူများအားလုံး မင်္ဂလာနှစ်သစ်မှာ အကျိုးရှိစေဖို့
အသက်သာဆုံးဈေးနှုန်းများဖြင့် ရောင်းချပေးမည့်...

# Collect Stickers & Save More...

# မြန်မာ့နှစ်ဦးလက်ဆောင်

18th March ~ 12th April, 2015

ကျပ် ၂၅,၀၀၀ဖိုး ဝယ်ယူသူတိုင်း Logo Sticker ၁ခု၊

Logo Sticker ၆ခု ပြည့်လျှင် ကျပ် ၅,၀၀၀ တန်

Saving Coupon များ ရရှိနိုင်မည့် အခွင့်အရေး . . .

Ks 5,000 worth saving coupon for your next purchase at any City Mart supermarket

ဤအစီအစဉ်တွင် Gift Voucher, City Gift Card, Service Items, SIM Card, Prepaid Card, Liquor, Stage Show Ticket, စီးကရက်ဝယ်ယူမှုများ Promotion တွင် ပါဝင်ခွင့်မရှိပါ။

Aung San Branch Ph: 01-253022, 394765
Zawana Branch Ph: 01-564532
ChinaTown Point Branch Ph: 01-215560/61/62/63
Star City Branch(Thanlyin) Ph: 056-23150/51/52/53
47th Street Branch Ph: 01-200026, 298746
Junction Square Branch Ph: 01-527053
Thamine Branch Ph: 01-654566/67
South Dagon Branch Ph: 01-8100728
Junction 8 Branch Ph: 01-650778
AKK Shopping Mall Branch Ph: 01-8500515
Myay Ni Ghone Branch Ph: 01-510697
19th Street Mandalay Branch Ph: 02-61136/61139/61240
FMI City Branch Ph: 01-682323
Shwe Pinlon Branch Ph: 01-581080, 580139, 8010246
Shwe Mya Yar Branch Ph: 01-294063
Golden Valley Branch Ph: 01-523840, 523841, 523842, 523843
Yankin Center Branch Ph: 01-400284
Parkson(FMI Center) Branch Ph: 01-246899, 243031
Junction Maw Tin Branch Ph: 01-218159



# Ocean SUPERCENTER

# မြန်မာ့နှစ်ဦး အထူးလက်ဆောင်

မတ်လ (၁၀) ရက်မှ ဧပြီလ (၁၂) ရက်အထိ

ကျပ် (၆)သောင်းဖိုး ပြည့်တိုင်း

ရွှေငါးကျပ်သားဆု (၇)ဆု အပါအဝင်

ကျပ် (၂)သိန်းတန်နှင့် (၁)သိန်းတန် City Gift Card ပေါင်း နစ်ရာ

ကံစမ်းနိုင်မည့် အခွင့်အရေး

City Gift Card ၂သိန်း

North Point ဆိုင်ခွဲ - ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း : ၀၁ - ၆၅၂၉၅၉ ~ ၆၂
ပုဇွန်တောင်ဆိုင်ခွဲ - မဟာဗန္ဓုလလမ်းနှင့် တာဝတိံသာလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း : ၀၁ - ၃၉၇၁၄၆၊ ၃၉၇၁၄၉၊ ၃၉၇၉၀၆၊ ၃၉၇၉၀၇။
ရွှေဂုံတိုင်ဆိုင်ခွဲ - ရွှေဂုံတိုင်လမ်းနှင့် ဗညားဒလလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း : ၀၁ - ၈၆၀၃၈၆၈
ဥတ္တရသီရိ နေပြည်တော်ဆိုင်ခွဲ - Commercial Complex၊ ဇေယျာသုနီလမ်းနှင့် မန္တလေးလမ်းထောင့်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း : ၀၆၇ - ၄၁၇၆၂၀ ~ ၂၁
Junction Centre နေပြည်တော်ဆိုင်ခွဲ - Junction Centre (နေပြည်တော်)၊ ဟိုတယ်ဇုန်ရှေ့၊ ရာဇသင်္ဂဟလမ်းမကြီး၊ နေပြည်တော်။ ဖုန်း : ၀၆၇ - ၄၂၁၆၁၉ ~ ၂၀
Diamond Plaza မန္တလေးဆိုင်ခွဲ - Yadanarpon Diamond Plaza၊ ၇၈လမ်း၊ ၃၃နှင့် ၃၄လမ်းကြား၊ မန္တလေးမြို့။ ဖုန်း : ၀၉ - ၇၃၁ ၈၉၇၂၆၊ ၀၉ - ၇၃၀ ၃၁၅၀၃
မင်္ဂလာမန္တလေးဆိုင်ခွဲ - ၇၃လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား၊ မန္တလာသီရိအားကစားကွင်းရှေ့၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း : ၀၉ - ၂၅၀၈၉၆၇၁၂ ~ ၁၆

LIKE US ON facebook
Ocean Supercenter Myanmar

# ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သည့်အဖွဲ့မှ အာရှဖွံ့ဖြိုးရေးဘဏ်၏ 2015 Country Programming Mission အတွက် လာရောက်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး ဦးဆောင်သည့် တာဝန်ရှိသူများသည် အာရှဖွံ့ဖြိုးရေးဘဏ်၏ 2015 Country Programming Mission အတွက် လာရောက် သော Mr. Peter J. Brimble (Principal Country Specialist) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃) တွင် ဧပြီလ ၃ ရက်နေ့ နံနက် ၁၀ နာရီ ၃၀ မိနစ်၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ယင်းသို့လက်ခံတွေ့ဆုံရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။



အဆိုပါတွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးချုပ်က အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ ပထမအကြိမ် Trade Policy Review လုပ်ငန်းစဉ်အား ၂၀၁၄ ခုနှစ် မတ်လ၌ အောင်မြင်စွာဆောင်ရွက် ခဲ့ရာတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ နည်းပညာ ကျွမ်းကျင်မှု အကူအညီများ ပေးအပ်ခဲ့ပါကြောင်း၊ ပထမအကြိမ် Trade Policy Review အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ၌ အဆိုပါအကူအညီမှာ မိမိတို့အတွက်များစွာ အထောက်အကူပြုခဲ့သဖြင့် မြန်မာနိုင်ငံ၏ ပထမအကြိမ် Trade Policy Review လုပ်ငန်းစဉ်မှာ အထူးအောင်မြင်မှုများ ရရှိခဲ့ပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်အပေါ် များစွာကျေနပ်အားရမှုရှိသည့်အပြင် ၎င်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အရည်အသွေးပြည့်ဝစွာဖြင့် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့မှုအပေါ် ချီးကျူးစကားများပြောကြား၍ ဂုဏ်ပြုခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်မှုမျက်နှာစာတွင် သမိုင်းမှတ်တိုင်သစ်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်အား အကူအညီပေးခဲ့သည့် အာရှဖွံ့ဖြိုးရေးဘဏ်အား အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာဆွေးနွေးခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်မှ ဆက်လက် ဆွေးနွေးရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုကဏ္ဍအား ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်နေပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ဆောင်ရွက်နေရသည့်လုပ်ငန်းစဉ်များအပေါ် Capacity Building နှင့်ပတ်သက်၍ အကူအညီများ လိုအပ်လျက်ရှိပါကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှုမူဝါဒဆိုင်ရာများနှင့် ပတ်သက်၍ Policy Formulation အတွက် အထောက်အကူပြုသည့် နည်းပညာပံ့ပိုးမှုအကူအညီများ ရရှိလိုပါကြောင်း၊ ဥပမာအားဖြင့် မြန်မာနိုင်ငံ၏ အချက်အချာကျသည့် တည်နေရာ အနေအထားကြောင့် ပုံမှန် ကုန်သွယ်မှု၊ နယ်စပ်ကုန်သွယ်မှုများသာမက တစ်ဆင့်ခံ နယ်စပ်ဖြတ်ကျော်ကုန်သွယ် မှု (Transit Trade) များ ဆောင်ရွက် နိုင်မည့်အခွင့်အလမ်းများစွာ ရှိရာ အဆိုပါ တစ်ဆင့်ခံနယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု (Transit Trade) နှင့် ပတ်သက်သော နိုင်ငံတကာမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်နှင့် အလေ့အကျင့်များကိုလည်း မိမိတို့အနေဖြင့်

➲ စာမျက်နှာ ၂၁ သို့

# ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(အမှုထမ်း) အမှတ်စဉ်(၁/၂၀၁၅) သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး တက်ရောက်

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်(၁) ဖြစ်သည့် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ် ဆောင်ရွက်ရန် လမ်းညွှန်ချက်အရ ဖွင့်လှစ်ခဲ့သည့် "ဝန်ထမ်းစွမ်းဆောင် ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၁၅)" သင်တန်းဆင်းပွဲ အခမ်းအနားအား ဧပြီလ ၃ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စုပေါင်း ခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်က ပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ယခုလို ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၁၅) ဖွင့်လှစ်ပေးခဲ့ရတဲ့ ရည်ရွယ်ချက်ကတော့ ပြုပြင်ပြောင်းလဲရေး ဦးဆောင် ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတလမ်းညွှန်ခဲ့သည့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်(၁)ဖြစ်သည့် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန် လမ်းညွှန်ချက်အရ မတ်လ ၉ ရက်မှ ဧပြီလ ၃ ရက်အထိ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်ခဲ့တဲ့သင်တန်းမှာ နေ့စားမှစ၍ ဦးစီးမှူးအဆင့်အထိ အဆင့်ဆင့် ပါဝင်တက်ရောက်ခဲ့ကြတာကိုတွေ့ရပြီး သင်တန်းကာလလေးပတ်ကြာမြင့်ခဲ့ပေမယ့် နံနက်ပိုင်း နေ့တစ်ဝက်သာ သင်ကြားခဲ့ပြီး လုပ်ငန်းခွင်မပျက် သင်ကြားပေးခဲ့ရတဲ့အတွက် တိုတောင်းလှတဲ့ အချိန်အတွင်းမှာ အလုပ်တာဝန်များပြားသည့်ကြားက ဘာသာရပ်



ပေါင်းစုံကိုပို့ချပေးနိုင်ခဲ့တဲ့ သင်တန်းနည်းပြများနဲ့ ပို့ချပေးသည့်အတိုင်း မှတ်သားနိုင်သည့် သင်တန်းသားများအားလုံးကိုလည်း ချီးကျူးဂုဏ်ပြုလိုကြောင်း၊ ယခုဆိုလျှင် မိမိဌာနခွဲတစ်ခု လုပ်ငန်းအခြေအနေသာမကဘဲ ပြည်ထောင်စုဝန်ကြီးရုံးနဲ့ ဦးစီးဌာနကြီး(၃)ခုစလုံး၏ လုပ်ကိုင်ဆောင်ရွက်နေမှုများကို သိရှိနားလည်ကြလိမ့်မယ် ဟုထင်မြင်မိပါကြောင်း၊ ဒ့်ါကြောင့် နိုင်ငံတော်၏ မျှော်မှန်းချက်နဲ့ ရည်မှန်းချက် တာဝန်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာ မှာ ယနေ့သင်တန်းတက်ရောက်ခဲ့ ကြတဲ့ ဝန်ထမ်းများအနေဖြင့်

➲ စာမျက်နှာ ၂၁ သို့

## "ငြိမ်းချမ်းရေး ဘောဂဗေဒ" စီးပွားရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ်(၂၂၈/၂၄၀)၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု သင်တန်းကျောင်း၏ Business Talk အစီအစဉ်အရ စီးပွားရေးဆိုင်ရာ ဟောပြောပွဲကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်(ဗုဒ္ဓဟူးနေ့) ၀၉း၃၀ နာရီမှ ၁၁း၃၀ နာရီအတွင်း နိုင်ငံတော်သမ္မတအကြံပေးပုဂ္ဂိုလ် ဒေါက်တာအောင်ထွန်းသက်က "ငြိမ်းချမ်းရေး ဘောဂဗေဒ" **(Peace Economics)** ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးရုံး၊ ပဥ္စမထပ်ရှိ ညီလာခံခန်းမ၌ ဟောပြောဆွေးနွေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**ဖုန်း ။ ၀၁-၂၅၀၈၇၁၊ ၃၇၁၂၅၇**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်၊ ခင်ခင်ခန့်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.14 Monday April 6 2015

# သကြၤန်မိုးလေးများနဲ့အတူ အေးနေဦးမည့်မြန်မာ့ဆန်ဈေးကွက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ရဲ့ လက်ကားဆန်ဈေးကွက်မှာ ဧပြီလ ၃ ရက်နေ့ ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းလတ်စ တစ်အိတ်ကို ၃၃၀၀၀ ကျပ်၊ ထိပ်စ ၃၄၀၀၀ ကျပ်၊ မြောင်းမြ ပုသိမ်ပေါ်ဆန်း လတ်စ ၃၄၅၀၀ ကျပ်၊ ထိပ်စ ၃၅၅၀၀ ကျပ်၊ နယ်စုံပေါ်ဆန်းလတ်စ ၃၂၅၀၀ ကျပ်၊ ထိပ်စ ၃၃၅၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်းဈေးနှုန်း ၃၇၅၀၀ ကျပ်မှ ၃၈၅၀၀ ကျပ်ဖြစ်ခဲ့ကြပြီး ဆန်ချောတွေ နှစ်ပတ်ဆက်တိုက်ဈေးငြိမ်နေတာ တွေ့ရပါတယ်။

ဆန်ချော လက်လီဆိုင်သမားတွေ အဝယ်ပြည့်နေပြီဖြစ်လို့ အမြင့်ဈေးမှာ အရောင်းအဝယ်ရော ဈေးနှုန်းပါ အေးနေတာဖြစ်ကြောင်း၊ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထလတ်စ တစ်အိတ်ကို ၁၇၅၀၀ ကျပ်၊ ထိပ်စ ၁၇၈၀၀ ကျပ်၊ မိုးသုခဈေးနှုန်း ၁၈၀၀၀ ကျပ်မှ ၁၈၅၀၀ ကျပ်၊ ရက် (၉၀) မြီးကောက် ၁၉၀၀၀ ကျပ်မှ ၁၉၂၀၀ ကျပ်၊ ဆင်းသွယ်လတ် ၂၁၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ် အသီးသီးဖြစ်ခဲ့ကြလို့ နှစ်ပတ်ဆက်ဈေးငြိမ်နေတာ တွေ့ရပါတယ်။

သို့သော် နွေဆန်ရှယ်ဈေးနှုန်းမှာ ၁၇၀၀၀ ကျပ်မှ ၁၇၃၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက်တစ်အိတ်ကို ၅၀၀ ကျပ်မှ ၇၀၀ ကျပ်အတွင်း ဈေးကျခဲ့တာတွေ ရပါတယ်။ တရုတ်လိုင်းရဲ့ မူဆယ်မှာ ဈေးချဝယ်ယူမှုနဲ့ ဆွဲအားပေါ်မူတည်ပြီး နွေရှယ်စတွေ ဈေးပြန်ကျခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။

တရုတ်-မူဆယ်လိုင်းသို့ ယခင်တစ်ပတ်အတွင်း ဈေးချဝယ်လို့ ဈေးမကိုက်ခဲ့ပေမယ့် ယခုတော့ ပြန်သွားနေကြကြောင်း၊ ဝါးတန်းဒိုင်သို့ ဆန်အဝင်မှာ သကြၤန်နီးလားလို့ သင်္ဘောအခက်အခဲ၊ ကုန်တင်ကုန်ချ လုပ်သားအခက်အခဲနဲ့ လှိုင်သာယာဘက်ခြမ်း တန်ပိုကားများ တန်ပိုကြေးတိုးကောက်မှုကြောင့် အခက်အခဲအချို့ရှိနေသော်လည်း ရန်ကုန်သို့ ဆန်အဝင်ပုံမှန်ရှိနေပြီး အရောင်းအဝယ်လည်း ပုံမှန်သာရှိနေပါကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ ကြားသိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလို ကို ၁၄၈၀၀ ကျပ်-၁၅၀၀၀ ကျပ်ခန့်ဖြစ်ခဲ့ပြီး အဝယ်ပြန်သွက်နေကြောင်း၊ ရန်ကုန် FOB အတင်သမားအချို့မှ ဧည့်မထ ၂၅ မှတ်ကို ယခင် 310 USD / MT ခန့်ဖြင့်ရောင်းထားခဲ့သည့် လိုင်စင်လက်ကျန်ဆန်များ သကြၤန်ပိတ်ရက်မတိုင်မီနဲ့ သကြၤန်အပြီး ဆက်တင်ရန်ရှိနေလို့ ပြည်တွင်းဆန်ဈေးကွက်မှာ အဝယ်လိုက်ခဲ့ရတာဖြစ်ကြောင်း၊ EMATA MYANMAR 25 % FOB (Yangon) 310-320 USD / MT ခန့်ရှိသော်လည်း ဧည့်မထ ၂၅ မှတ် ဆန်ကို ပြည်ပမှ အဝယ်ထပ်မလာဘဲ တန်းမြင့်ဆန်တွေဖြစ်တဲ့ ငစိန် စူပါ ၅ မှတ်၊ ဧည့်မထ မြန်မာ ၁၅ မှတ် ပေါင်းဆန်တို့ကိုသာ တန်ချိန်အနည်းငယ်ဝယ်ယူမှုမျိုးတော့ရှိနေကြောင်း ဆန်ဈေးကွက်မှ သိရပါတယ်။

တရုတ်လိုင်း မူဆယ်ဆန်ဈေးကွက်မှာ ဧပြီလ ၃ ရက်နေ့ ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မော်ဘီ တစ်အိတ်ကို ၁၄၃-၁၄၅ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါ ၁၃၆-၁၃၉ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ ၁၃၂-၁၃၄ ယွမ်၊ စူပါ ၁၃၄ ယွမ်၊ ငစိန် ၁၀ မှတ် ၁၃၄-၁၃၆ ယွမ်၊ ငစိန် ၁၅ မှတ် ၁၃၁-၁၃၃ ယွမ်၊ B 2,3,4 ၁၀၃ ယွမ်၊ B 1,2, ၁၀၅-၁၀၆ ယွမ်၊ B EXTRA ၁၀၇-၁၁၂ ယွမ်ဖြစ်ခဲ့လို့ ဆန်ဈေးအများစု ဈေးငြိမ်ခဲ့သော်လည်း ဧည့်မထ ၅ မှတ် မော်ဘီမှာ တစ်အိတ်ကို ၆ ယွမ်ခန့် ဈေးကျခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဧပြီလ ၃ ရက်နေ့ မူဆယ်ရှိ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၇၂ ဒသမ ၄၁ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် သုည ဒသမ ၅၉ ကျပ်ဈေးဆက်တက်လာတာ တွေ့ရပါတယ်။ မူဆယ်ဆန်စပါးကုန်စည်ဒိုင်သို့ နှစ်ဖက်ကုန်သည်များ ပုံမှန်လာကြပြီး အရောင်းအဝယ်လည်း ကောင်းနေကြောင်း၊ ရန်ကုန်မှ မူဆယ်သို့ ဆန်တင်ဆောင်ခမှာ တစ်တန်ကို ၁၀၃၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပြီး ယခုတစ်ပတ်အတွင်း မူဆယ်သို့ ပြည်တွင်းနယ်စုံမှ ဆန်တန်ချိန် ၂၆၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက် တန် ၁၄၀၀ ကျော်ပိုမိုဝင်ရောက်ခဲ့ကြောင်း၊ မူဆယ်ဆန်ဈေးကွက် ရှေ့အလားအလာမှာ သကြၤန်ကာလမြန်မာကုန်သည်အချို့ အလုပ်နားပြီး ပြန်ကြမည်ဖြစ်၍ အရောင်းအဝယ်ပါးသွားနိုင်တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ ကြားသိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၅ခုနှစ် မတ် ၂၇ ရက်ထိ ဆန်တန် ၁၃၆၄၈၉၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၀၇ သန်းကျော်၊ ဆန်ကွဲတန်ချိန် ၄၀၇၉၈၀ ကျော်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၂၃ သန်းကျော်ရှိနေပြီး ဆန်နဲ့ ဆန်ကွဲတင်ပို့မှုပေါင်း တန်ချိန် ၁၇၇၂၈၈၀ ကျော်၊ တန်ဖိုး အမေရိကန် ဒေါ်လာ သန်း ၆၃၀ ကျော်ရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၅၇၈၆၂၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၅ သန်းကျော်ဖိုး ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။ ဆန်ဈေးကွက်ရှေ့အလားအလာမှာ ဆန်ကြမ်းမှာ တရုတ်ဆွဲအားပေါ်မူတည်ပြောင်းလဲနေမည်ဖြစ်ပြီး ဆန်ချောမှာ လက်လီဆိုင်များတွင် လက်ကျန်များပြည့်နေခြင်း၊ နယ်မှာလည်း ဆန်ချောစပါးများရှိနေပြီး ဆန်ချောဈေးနှုန်းများမှာလည်း အမြင့်ဆုံးသို့ ရောက်ရှိနေပြီး ဖြစ်ခြင်းများကြောင့် နှစ်စဉ်ဖြစ်နေကျ ရိုးနေပြီဖြစ်တဲ့ သကြၤန်နီးလာခြင်းနှင့် ဝန်ထမ်းလစာတိုးခြင်းများကြောင့် ဆန်ဈေးလိုက်တက်လာခြင်းမျိုး ယခုနှစ်မှာ မဖြစ်နိုင်ဘဲ "သကြၤန်မိုးလေးများနဲ့အတူ အေးနေဦးမည့် မြန်မာ့ဆန်ဈေးကွက်" ဟု သုံးသပ်ဆိုလိုက်ချင်ကြောင်းပါခင်ဗျာ။

**သန်းအေး-ဆန်စပါး**

## မြန်မာ့ဆန် ပိုမိုတင်ပို့

မြန်မာ့ဆန်တင်ပို့မှုမှာ ဖေဖော်ဝါရီလဆန်းပိုင်းကစပြီး တင်ပို့မှုမြင့်တက်လာခဲ့ရာ မတ်လအတွင်းမှာ တစ်ပတ်ထက် တစ်ပတ်ပိုမိုတင်ပို့လာနိုင်တာတွေ့ရပါတယ်။ မတ်လ ၂၁ ရက်မှ ၂၇ ရက်နေ့ထိ ရက်သတ္တပတ်အတွင်းမှာ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၉ ဒသမ ၃၃၁ သန်းဖိုးရှိ ငစိန်ဆန် ၁၇၄၆၈ တန်နဲ့ ဧည့်မထ ဆန် ၇၇၉၅ တန်ကျော်တင်ပို့ခဲ့ပါတယ်။ လွယ်ဂျယ်စခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၀၅၀ သန်းဖိုးရှိ ဆန် တန်ချိန် ၃၀၀၀ တင်ပို့ခဲ့ပြီး စခန်းနှစ်ခုပေါင်းမှ ဆန်တန်ချိန် ၂၈၂၆၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်တင်ပို့မှုထက် ၃၉၃၇ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုရက်သတ္တပတ်မှာ ဆန်ကွဲလည်း ပိုမိုတင်ပို့နိုင်ပါတယ်။ကန်ဒေါ်လာ ၃ ဒသမ ၁၀၃ သန်းဖိုးရှိ ဆန်ကွဲ ၉၅၇၀ တန်ကျော်ကို မူဆယ်နဲ့ လွယ်ဂျယ်မှ တင်ပို့ခဲ့ရာ မူဆယ်မှ တန် ၈၀၇၀၊ လွယ်ဂျယ်မှ တန် ၁၅၀၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်ထက် ၉၇၁ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှလည်း ယခုသီတင်းပတ်မှာကန်ဒေါ်လာ ၅ ဒသမ ၇၅၇ သန်းဖိုးရှိ ဆန်ဖြူ ၁၇၈၁၀ တန်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၅၆၅ သန်းဖိုးရှိ ပေါင်းဆန် တန် ၁၃၀၀ ကို တင်ပို့နိုင်ခဲ့ပါတယ်။ မတ်လ အတွင်းမှာ နယ်စပ်စခန်းများမှရော ပင်လယ်ရေကြောင်းမှပါ ယခင်လထက် ဆန်ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး MIRT(DCCA)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂-၄-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၁၁ | ၄၁၁ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၀၁ | ၄၀၂ | △ | ၃၆၀ | ၃၆၀ | □ | ၃၉၀ | ၃၇၅ | ▽ | ၃၆၅ | ၃၅၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၈၆ | ၃၈၆ | □ | ၃၄၀ | ၃၄၀ | □ | ၃၆၀ | ၃၄၀ | ▽ | ၃၃၀ | ၃၂၅ | ▽ |
| ပေါင်းဆန် | ၃၈၅ | ၃၈၅ | □ | - | - | - | ၃၈၀ | ၃၇၀ | ▽ | ၃၈၅ | ၃၈၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂-၄-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၈၀ | ၄၈၀ | □ | ၅၈၀ | ၅၇၅ | ▽ | ၅၇၀ | ၅၆၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၇၀ | ၄၇၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၃-၄-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၃၉၅၀ | □ | ၁၆၀၀၀ | □ | ၆၅၇၀ | △ | ၃၂၀၀၀ | △ |
| ပုသိမ် | ၃၉၅၆ | □ | ၁၇၅၀၀ | □ | ၆၉၀၀ | △ | ၃၁၀၀၀ | □ |
| ပဲခူး | ၃၀၅၀ | △ | ၁၆၅၀၀ | △ | ၅၉၀၀ | □ | ၂၆၅၀၀ | □ |
| ရွှေဘို | ၄၇၀၀ | □ | ၁၀၀၀၀ | △ | ၉၄၅၀ | △ | ၃၂၅၀၀ | △ |
| စစ်တွေ | ၃၀၀၀ | □ | ၁၅၀၀၀ | □ | ၆၅၀၀ | □ | ၂၄၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၅၀၀ | □ | ၁၇၅၀၀ | □ | - | - | ၃၇၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၃၇၀၀ | △ | ၁၇၅၀၀ | □ | - | - | ၃၂၅၀၀ | □ |
| မန္တလေး | ၅၀၀၀ | □ | ၁၉၀၀၀ | □ | - | - | ၂၀၀၀၀ | □ |
| မကွေး | ၅၆၀၀ | △ | ၁၉၅၀၀ | △ | - | - | ၃၆၀၀၀ | □ |
| မော်လမြိုင် | ၃၀၀၀ | □ | ၁၆၀၀၀ | □ | ၆၆၀၀ | □ | ၂၅၀၀၀ | △ |
| လွိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၄၀၀၀ | △ | ၁၈၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ဘားအံ | ၃၇၀၀ | □ | ၁၀၀၀၀ | □ | - | - | ၂၀၀၀၀ | □ |
| တောင်ကြီး | - | - | ၁၉၀၀၀ | △ | - | - | ၃၃၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

### နှစ်သစ်ကူးရုံးပိတ်ရက် ကောမတ်စ်ဂျာနယ် နှစ်ပတ်နားမည်

ကောမက်စ်ဂျာနယ်အား နှစ်သစ်ကူး(မဟာသင်္ကြန်)ကာလ ရုံးပိတ်ရက်များတွင် နှစ်ပတ်နားမည်ဖြစ်ပြီး ဧပြီ ၂၇ ရက်မှစ၍ ပုံမှန်ပြန်လည်ထွက်ရှိမည်ဖြစ်ပါကြောင်း စာဖတ်ပရိသတ်များအား အသိပေးအပ်ပါသည်။

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃-၄-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၆/၃ | ၃/၄ | ပြောင်းလဲမှု | ၂၆/၃ | ၃/၄ | ပြောင်းလဲမှု | ၂၆/၃ | ၃/၄ | ပြောင်းလဲမှု | ၂၆/၃ | ၃/၄ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၅၃၃ | ၁၆၀၀ | ▲ | ၁၄၆၇ | ၁၅၂၅ | ▲ | ၁၄၆၅ | ၁၄၃၅ | ▼ | ၁၄၅၀ | ၁၄၅၀ | ■ |
| ၂ | ပဲစင်းငုံ | ၁၅၀၄ | ၁၆၀၀ | ▲ | ၁၄၅၃ | ၁၅၃၃ | ▲ | ၁၄၄၅ | ၁၅၂၅ | ▲ | ၁၄၆၅ | ၁၄၆၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၇၁၅ | ၁၇၁၅ | ■ | - | - | - | ၁၅၆၀ | ၁၅၇၉ | ▲ | ၁၆၃၂ | ၁၅၀၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၁၂၀ | ၁၁၂၀ | ■ | - | - | - | - | - | - | ၀၀၅ | ၀၆၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၂၁၅ | ၁၂၀၀ | ▼ | ၁၀၀၀ | - | - | - | - | - | ၇၆၃ | ၇၆၃ | ■ |
| ၆ | ထောပတ်ပဲ | ၉၃၅ | ၉၂၀ | ▼ | ၁၂၄၄ | - | - | ၇၀၉ | ၇၃၇ | ▼ | ၀၇၆ | ၇၁၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၃-၄-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွန်ဘိုင်း | | | ဒေလီ | | |
| | | ၂၅/၃ | ၂/၄ | ပြောင်းလဲမှု | ၂၅/၃ | ၂/၄ | ပြောင်းလဲမှု | ၂၅/၃ | ၂/၄ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၉၁၀ | ၉၁၀ | ■ | ၉၉၅ | ၁၀၂၁ | ▲ | ၉၉၅ | ၁၀၄၄ | ▲ |
| ၂ | ပဲစင်းငုံ | ၈၈၀ | ၉၁၀ | ▲ | ၉၃၄ | ၉၆၅ | ▲ | ၉၅၉ | ၉၆၃ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၁၄၀ | ■ | ၁၁၉၅ | ၁၁၇၄ | ▼ | ၁၂၈၃ | ၁၂၈၄ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၅၈၅ | ၅၈၇ | ▲ | ၅၅၇ | ၅၅၈ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၁.၃.၁၅)ထိ | ယခုတစ်ပတ် (၂၈.၃.၁၅)ထိ | (၁.၄.၁၄) မှ (၂၈.၃.၁၅) ထိ |
| မတ်ပဲ | ၁၁၇၃၂ | ၁၂၃၄၂ | ၅၁၃၄၇၂ |
| ပဲတီစိမ်း | ၁၅၃၄၉ | ၁၃၀၈၅ | ၁၉၇၅၃၂ |
| ပဲစင်းငုံ | ၇၇၇၄ | ၈၄၁၁ | ၂၄၄၂၂၆ |
| ကုလားပဲ | ၂၉၁ | ၈၈၁ | ၁၂၆၈၅ |
| ပဲလွန်းဖြူ | ၂၃၃၃ | ၁၃၂၆ | ၃၉၄၄၇ |
| မြေထောက်ပဲ | ၅၃၃ | ၈၃၃ | ၁၁၈၇၇ |

## ပြည်ထောပတ်ပဲ ဈေးငြိမ်ပြီး လက်လီသာ အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်မှာ တစ်ရက်ကို ထောပတ်ပဲသီးနှံ အိတ် ၅၀ နဲ့ ၁၀၀ ကြား ဝင်ရောက်လာခဲ့ပြီး လက်လီသမားများနဲ့ နေ့စဉ် အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ ထောပတ်ပဲသီးနှံမှာ ပဲခူးတိုင်း (အနောက်ခြမ်း) အတွင်း သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်နဲ့ ပြည်ခရိုင်မှာတော့ ရွှေတောင်၊ ကျိုးသဲနဲ့ ပန်းတောင်းမြို့နယ်များတွင်သာ စိုက်ပျိုးမှုရှိတာကြောင့် အနည်းငယ်သာ ထွက်ရှိတဲ့အတွက် ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေး မှာ တစ်တင်း ၁၅၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပြီး ယခုနှစ် ထောပတ်ပဲဈေးမှာ ယခင်နှစ်ထက် ဈေးလျော့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## စီးပွားရေးလုပ်ငန်းရှင်များသို့

ဂျာနယ်တွင် ကြော်ငြာကိစ္စများနှင့်ပတ်သက်၍ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကြော်ငြာထည့်ရန် မေတ္တာရပ်ခံသည့်စာဖြင့် ကြော်ငြာတာဝန်ခံဝန်ထမ်း ဒေါ်မြင့်ဇင်ညွှန့်ကိုယ်တိုင် ကြော်ငြာများ လက်ခံလျက်ရှိပါသည်။ ညွှန်ကြားရေးမှူး၏ မေတ္တာရပ်ခံစာ မပါဘဲ၊ ကြော်ငြာလာရောက်လက်ခံပါက အောက်ပါဖုန်းနံပါတ်များသို့ အသိပေးအကြောင်းကြားပါရန်မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း - ၀၁ - ၃၇၁ ၀၂၃ ၊ ၂၅၁ ၁၉၇ ၊ ၂၅၂ ၀၁၇

# ကဲ သတိထား အသံတွေကြားနေရတယ်

ပဲစင်းငုံသီးနှံဟာ နှစ်စဉ်ဒီဇင်ဘာနောက်ဆုံးပတ်မှာ စတင်ပေါ်ပေါက်ပြီး ဇန်နဝါရီ၊ ဖေဖော်ဝါရီ စသည့်လတွေမှာ ဖြိုင်ဖြိုင်ပေါ်သလို ဈေးကွက်အတွင်းကို လှိုင်လှိုင်ဝင်ရောက်တတ်တဲ့ သီးနှံပါ။ ပဲစင်းငုံသီးနှံရဲ့ ထူးခြားချက်က အခြားပဲများနှင့်မတူဘဲ ပြည်ပဝယ်လက်ကိုမျှော်ပြီး ရောင်းချရတဲ့ သီးနှံပါ။ ပြည်တွင်းသုံး မရှိသလောက်လို့ ပြောရမှာပါ။ အခြားပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲမျိုးစုံ၊ ထောပတ်၊ စွန်တာ အစရှိတဲ့ သီးနှံတွေဟာ ပြည်ပဝယ်လက် ပြည်တွင်းသုံး စသဖြင့် ဈေးကွက်ရှိနေတတ်ပါတယ်။ ဆိုလိုချင်တာက ပဲစင်းငုံသီးနှံဟာ ပြည်တွင်း စားသုံးမှုမရှိသလောက်ဆိုတော့ ပြည်ပဝယ်လက်တစ်ခုတည်းကိုသာ မှီခိုနေရတဲ့သီးနှံပါ။ တစ်ခါဒီပဲစင်းငုံကို အိမ်နီးချင်းနိုင်ငံအိန္ဒိယက ဆွဲလေတော့သူ့ကိုပဲအားကိုးရောင်းဝယ်နေကြတာပါ။

အရောင်းအဝယ်ရဲ့ သဘောတရားမှာပစ္စည်းထွက်ရှိမှု ဝယ်လိုအား ရောင်းလိုအားဆိုတာတွေ တွက်ကြချက်ကြ ခန့်မှန်းရ။ ဝယ်မှာလား၊ ရောင်းမှာလား ၊ လှောင်မှာလား ဆိုတာတွေက အရောင်းအဝယ်လောကရဲ့ မာယာတွေပါ ခန့်မှန်းတွက်ချက်တာ မှန်သွားရင်တော့ အကျိုးအမြတ်ရခဲ့တော့ ပဲစင်းငုံကို ခိုင်လွန်းမာလွန်းလို့ ‘ပဲမာ’ပါလို့ တင်စားပြောဆိုကြတယ် နင့်နင့်နဲနဲရခဲ့ကြတာလည်း ရှိခဲ့တာကိုး။ ကိုယ့် တွက်ဆချက်လွဲခဲ့ရင်တော့ အရှုံးပေါ်ခဲ့ရင်တော့ ပဲမာရယ် အသဲနာတယ်လို့ ပြောလိုပြော။ ပဲစင်းငုံကို ပဲစိတ်ကုန်လို့ အပြစ်တင်သူတင်ကြနဲ့ပါ။ ဘဝပျက်အောင် အရှုံးထွက်ခဲ့ ကြလေတော့ ပြောကြတာပေါ့။

ကောင်းပြီ ဒီနှစ်ပဲစင်းငုံဈေးနှုန်းများကို လေ့လာကြည့်ရအောင်ပါ။ ဇန်နဝါရီလ အနိမ့်ဆုံး တစ်တင်း ၂၄၃၀၀ ကျပ်၊ အမြင့်ဆုံး တစ်တင်း ၂၅၉၀၀ ကျပ်၊ ဖေဖော်ဝါရီလ အနိမ့်ဆုံးတစ်တင်း ၂၅၃၀၀ ကျပ်၊ အမြင့်ဆုံး တစ်တင်း ၂၉၆၀၀ ကျပ်၊ မတ်လ ယခုအချိန်ထိ အနိမ့်ဆုံးတစ်တင်း ၂၈၆၀၀ ကျပ်၊ အမြင့်ဆုံး တစ်တင်း ၂၉၇၀၀ ကျပ်ကြားထဲမှာ တစ်တင်းအပေါ် ၂၀၀ ကျပ်-၃၀၀ ကျပ်-၅၀၀ ကျပ်ဆိုတာကတော့ အတက်အကျရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီနှစ်အဖို့ ပဲစင်းငုံဟာ ယခင်နှစ်နဲ့ ယှဉ်ကြည့်ရင်တော့ အတက်ဈေးမှာ ရှိနေတယ်ဆိုတာကတော့ ငြင်းလို့မရပါဘူး။ ဒီကြားကာလထဲမှာ ဘာမဆို ဖြစ်သွားနိုင်တယ်ဆိုတာကတော့ သတိချပ်သင့်ပါတယ်။

ဖြစ်ခဲ့တဲ့ နှစ်စဉ်ဈေးတွေ ဒီနှစ်ထွက်ရှိမှု ဝယ်လိုအားဆိုတာတွေ တွက်ကြပြီး ဈေးမြောက်စရာမရှိဘူးလို့ တွက်ခဲ့ရင် ဈေးနှုန်းတစ်ခုနဲ့ ကြိုပြီးဝယ်ယူလိုက်မယ်၊ ထင်သလို မဟုတ်ဘဲ ကိုယ်ကပစ္စည်းအပ်ရတော့မှ ပဲစင်းငုံနီဈေးဟာ အမြင့်ဘက်မှာရှိနေရင်ကွဲပြီပေါ့။ ဥပမာ မတ်လမှာ ပဲစင်းငုံ တစ်တင်း ၂၉၀၀၀ကျပ်-၃၀၀၀၀ကျပ်မဖြစ်နိုင်ဘူး။ ဒီတော့ မတ်လမှာ ကုန်အပ်မယ် ယခု ၂၂၀၀၀ ကျပ်ဈေးနှုန်း တစ်တင်းအပေါ် ငွေကြိုတင်ယူထားမယ်။ မတ်လကုန်ပစ္စည်း အပ်မယ် တစ်တင်း ယခုဈေးဆိုရင် ၂၉၇၀၀ ကျပ်ကဲ တစ်တင်းအပေါ်မှာ ၇၀၀၀ ကျပ်ကျော် အရှုံးပေါ်နေပြီ။ တစ်တင်းနော်- လုပ်ထားတဲ့ အလုပ်က တင်းပေါင်း သောင်းချီရှိနေရင်ကွဲပြီပေါ့။ လေပတ်ကား၊ ကြိုပွဲငုံ့၊ ကြိုရောင်း၊ ကြိုဝယ်မလုပ်ကြဖို့ သက်ဆိုင်ရာက အမြဲတမ်း သတိပေးနေတယ်။ ဒါပေမယ့် အနည်းအများဆိုသလို နှစ်စဉ်ဖြစ်နေတယ်။ လောဘမကင်းနိုင်တဲ့လူတွေဆိုတော့ ဘယ်လောက်ပဲသတိပေးနေပေးနေ၊ လောဘဦးစီးနေလေတော့ ဖြစ်မြဲဖြစ်စဉ်တစ်ခုလို ဖြစ်နေပါတယ်။ ကဲ ပဲစင်းငုံသီးနှံကတော့ ယခုအချိန်ထိ ဈေးကွက်အတွင်းမှာ မှန်မှန်ဆက်လက်ချီတက်နေပါတယ်။ သူ့တာဝန်သူ ကျေတယ်ပေါ့၊ သီးနှံက မှန်နေပါတယ်။ ဒီမှန်နေတဲ့ သီးနှံအပေါ်မှာ ဘယ်သူတွေ အမှားလုပ်ကြမှာလဲ “ဒုက္ခကို အရောင်ဆိုးကြမှာလဲ” လေပတ်ကား၊ ကြိုပွဲငုံ့၊ ကြိုရောင်းကြိုဝယ် ဒီအသံတွေကြားနေရတယ်။ ပဲစင်းငုံဇာတ်လမ်းမှတ်တမ်းတစ်ခုမှာ အသံတွေကြားနေရတယ်။

ကဲသတိထားအသံတွေကြားနေရတယ်။

**မြင့်ဦး-ပခုက္ကူ**

# မုံရွာကုန်စည်ဒိုင် ပြေလဆန်း ပဲဈေးကွက် ငုံနီ တက်ဈေးနဲ့ အဝယ်သွက်လာ

မုံရွာကုန်စည်ဒိုင် ပြေလဆန်း ပဲဈေးကွက်မှာ Export အတွက် ရန်ကုန်ဝယ်လက်အဝယ်သွက်ခဲ့သလို ပေါက်ဈေး လည်း တစ်တင်း ၃၀၅၀၀ ကျပ်ထိ မြင့်တက်လာခဲ့တာ တွေ့ရပါတယ်။ ဒီနှစ် ငုံနီဈေးကွက်အနေနဲ့ ဒေသအများစုမှာ ပဲအထွက်လျော့ဖွယ်ရှိခဲ့ပြီးဒိုင်ကို ဝင်ရောက်မှုအနေနဲ့လည်း ယခင်နှစ်တွေကထက် အနည်းငယ်ပါးခဲ့တယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။ မုံရွာကုန်သည်တွေဆီမှာ ငုံနီပလက်ကျန်ရှိနေပေမယ့် Export ဝယ်လိုအားနဲ့ ပေါက်ဈေးကိုထိန်းရောင်းနေကြတဲ့အတွက် နေ့စဉ် ပေါက်ဈေး ပြောင်းလဲနေပြီး အရောင်းအဝယ် အားဖြင့်လည်း ရုံဖန်ရုံခါတစ်ရက်အိတ် ၃၀၀ -၄၀၀ ခန့်သာ ရောင်းရသလို အိတ် ၁၀၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်တဲ့နေ့လည်း ရှိခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်မှာတော့ Export ဝယ်လက်ပါးသွားခဲ့ပြီး ဒေသတွင်းလုပ်ငန်းသုံး လက်လီအဝယ်သာရှိခဲ့လို့ အရောင်းအဝယ်အားဖြင့် အေးခဲ့ပေမယ့် ပေါက်ဈေးအနေနဲ့ စိမ်းသေးတစ်တင်း ၂၉၈၀၀ ကျပ်မှ ၃၁၀၀၀ ကျပ်ကြားဈေးမာနေတာ တွေ့ရပါတယ်။ မတ်ပဲဈေးကွက်မှာလည်း ယခုတစ်ပတ်အတွင်း နယ်ဝယ်လက်အားပျော့ခဲ့ပြီး ဒေသတွင်းလုပ်ငန်းသုံး လက်လီအဝယ်သာရှိခဲ့လို့ တစ်တင်း ၂၉၈၀၀ ကျပ်ထိ အမြင့်ဆုံးပေါက်ခဲ့ရာက တစ်တင်း ၂၈၇၀၀ ကျပ်ကို ဈေးပြန်အေးသွားတာ တွေ့ရပါတယ်။

ဒေသတွင်းမှာ စိုက်ပျိုးမှုများပြားသလို အထွက်လည်းများတဲ့စွန်တာနီဟာ ဈေးဆက်လက်အေးနေခဲ့ရာ ယခုတစ်ပတ်မှာ တစ်တင်း ၁၄၂၀၀ ကျပ်ထိ ကျဈေးဖြစ်ပေါ်ခဲ့သလို ပဲနီလုံးကြားလည်း တစ်တင်း ၁၄၅၀၀ ကျပ်ထိ ဈေးအေးခဲ့ပါတယ်။ အရောင်းအဝယ်အားဖြင့် ဒေသတွင်းလုပ်ငန်းသုံးသမားများ၊ ပဲလက်လီသမားများသာ ဝယ်လိုအားရှိခဲ့လို့ တစ်ရက် အိတ် ၃၀၀ - ၄၀၀ အတွင်း ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ပွဲရုံရပ်ကွက်က သိရပါတယ်။

ယခုတစ်ပတ်ပဲဈေးကွက်အနေနဲ့ မုံရွာဒေသထွက်ပဲများသာမက ချင်းတွင်းလိုင်းက ပဲမျိုးစုံတွေဖြစ်ကြတဲ့ ပဲကြီး၊ မြေထောက်ပဲ၊ လွန်းပြာ၊ ပဲယင်း စတဲ့ပဲတွေပါ။ အရောင်းအဝယ်အေးနေလို့ နေ့စဉ်စီးဝင်မှုလျော့နေတယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။ ပဲကြီးဈေးကွက်မှာ ရေလိုင်းတစ်တင်း ၁၅၀၀၀ ကျပ်နဲ့ ကုန်းပဲကြီး တစ်တင်း ၂၀၀၀၀ ကျပ်တွင်လည်းကောင်း၊ လွန်းပြာ တစ်တင်း ၁၅၀၀၀ ကျပ်တွင်လည်းကောင်း၊ ပုဂံပဲ တစ်တင်း ၁၆၀၀၀ ကျပ်တွင်လည်းကောင်း၊ ပဲပုပ်စေ့ တစ်တင်း ၁၃၅၀၀ ကျပ်-၁၆၅၀၀ ကျပ်တွင်လည်းကောင်း အသီးသီးကျဈေးမှာ တန့်နေခဲ့ပါတယ်။

ဒေသတွင်းလုပ်ငန်းသုံးဝယ်လက်သာရှိတဲ့ကုလားပဲမျိုးစုံဈေးကွက်လည်း ယခုတစ်ပတ်တွင် ဈေးအေးနေခဲ့ရာ ကုလားပဲထိုင်ဝမ်တစ်တင်း ၁၆၅၀၀ ကျပ်၊ V2 တစ်တင်း ၁၇၀၀၀ ကျပ်၊ 929 တစ်တင်း ၁၆၉၀၀ ကျပ် အသီးသီး အမြင့်ဆုံးပေါက်ဈေးဖြစ်ခဲ့ပြီး အရောင်းအဝယ်အားဖြင့် ကုလားပဲမျိုးစုံ တစ်ရက်အိတ် ၁၅၀၀ ဝန်းကျင် ရောင်းချမှုရှိတယ်လို့ မုံရွာကုန်စည်ဒိုင် ပွဲရုံရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# ပြည်ပဲဈေးကွက်မှာ အဓိကအရောင်းအဝယ်ဖြစ်ခဲ့တဲ့ပဲများ ကာလတူဈေးနှုန်းနှိုင်းယှဉ်မှု အခြေအနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ အဓိကအရောင်းအဝယ်ဖြစ်ခဲ့သော ပဲများ၏ ဈေးနှုန်းများကိုလေ့လာရာမှာ မတ်ပဲနဲ့ ပဲစင်းငုံဈေးမှာ ယခင်နှစ်များကထက် ဈေးမြင့်လာခဲ့ပြီး ကုလားပဲသီးနှံကတော့ ၂၀၁၃ မှာသာ ဈေးမြင့်ပြီး ၂၀၁၄ မှာ ဈေးလျော့နည်းခဲ့ကာ ယခုနှစ်မှာတော့ ဈေးပြန်ကောင်းလာသလို ပဲကြီးဈေးနှုန်းများကတော့ ၂၀၁၄ နဲ့ ၂၀၁၅ မှာ ဈေးကွာခြားမှုသိပ်မရှိခဲ့ဘဲ ပဲပုပ်သီးနှံမှာတော့ ယခုနှစ်မှာ ဈေးလျော့သွားခဲ့တာကို အောက်ဖော်ပြပါ ဇယားအတိုင်း တွေ့ရပါတယ်။

**နှစ်အလိုက်ကာလတူ နှိုင်းယှဉ်မှု အခြေအနေ**

| ပဲအမျိုးအစား | ၂၀၁၃ မတ်လ | | ၂၀၁၄ မတ်လ | | ၂၀၁၅ မတ်လ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၁၆၀၀၀ | ၁၈၁၀၀ | ၂၀၁၀၀ | ၂၁၀၀၀ | ၂၆၉၀၀ | ၃၁၀၀၀ |
| ကုလားပဲ | ၁၈၆၀၀ | ၂၀၁၀၀ | ၁၅၁၀၀ | ၁၅၃၀၀ | ၁၇၄၀၀ | ၁၈၇၀၀ |
| ပဲစင်းငုံ | ၂၀၆၀၀ | ၂၁၀၀၀ | ၁၉၅၀၀ | ၂၀၅၀၀ | ၂၈၈၀၀ | ၂၉၈၀၀ |
| ပဲကြီး (ရွှေကျွန်း) | ၂၆၅၀၀ | ၃၅၀၀၀ | ၂၅၅၀၀ | ၂၇၀၀၀ | ၂၄၀၀၀ | ၂၄၅၀၀ |
| ပဲကြီး(ကမ်းနား) | ၂၄၅၀၀ | ၃၃၀၀၀ | ၂၄၀၀၀ | ၂၅၅၀၀ | ၂၁၅၀၀ | ၂၃၀၀၀ |
| ပဲပုပ် | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၁၉၅၀၀ | ၁၆၀၀၀ | ၁၆၀၀၀ |

မတ်ပဲသီးနှံမှာ ၂၀၁၃မတ်လအတွင်း တစ်တင်း ၁၆၀၀၀ ကျပ်မှ ၁၈၁၀၀ ကျပ်ဖြင့်သာ ဈေးအမြင့်ဆုံးရခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လမှာတော့ ယခင်နှစ်ထက် ပိုလာကာ တစ်တင်း ၂၀၁၀၀ ကျပ်မှ ၂၁၀၀၀ ကျပ်အထိဈေးရခဲ့ကြလို့ ပဲစိုက်တောင်သူများ အကျိုးအမြတ် ထိုက်သင့်သလောက်မရပေမယ့် ၂၀၁၅ မတ်လမှာတော့ မတ်ပဲဈေးက ယခင်နှစ်တွေကထက် သိသိသာသာ ဈေးပိုရလာခဲ့လို့ တစ်တင်း ၂၆၉၀၀ ကျပ်မှ ၃၁၀၀၀ ကျပ်အထိ ဈေးရခဲ့ တာကြောင့် ပဲစိုက်တောင်သူ အကျိုးအမြတ်ပိုမယ့်နှစ်လို့ ပြောရမှာဖြစ်ပါတယ်။ ဝယ်ယူမှုအနေဖြင့် ရန်ကုန်ဝယ်လက်ကသာ အဓိကထားဝယ်ယူခဲ့ကြပါတယ်။

ကုလားပဲသီးနှံမှာ ၂၀၁၃ မတ်လအတွင်း တစ်တင်း ၁၈၆၀၀ ကျပ်မှ ၂၀၁၀၀ ကျပ်ထိ ဈေးရပေမယ့် ၂၀၁၄ မှာ ပဲဈေးနှုန်း ဈေးလျော့အရောင်းအဝယ်ဖြစ်လို့ တစ်တင်း ၁၅၁၀၀ ကျပ်မှ ၁၅၃၀၀ ကျပ်ဖြင့်သာ တစ်နှစ်တာလုံး ဈေးအေးခဲ့တဲ့နှစ်ဖြစ်ခဲ့ပါတယ်။ ယခု ၂၀၁၅ မှာတော့ ပဲသစ်ပေါ်ချိန်မှစ၍ ယခင်နှစ်ထက် ဈေးပိုရလာသလို ယခုမတ်လပဲအထွက်လှိုင်ချိန်မှာလည်း တစ်တင်း ၁၇၄၀၀ ကျပ်မှ ၁၈၇၀၀ ကျပ်ခန့် ရရှိခဲ့တာကြောင့် ၂၀၁၃ ကရခဲ့တဲ့ ဈေးကိုတော့ ပြန်မီနိုင်မယ်လို့ ခန့်မှန်းရပါတယ်။ လက်လီသမားနဲ့ ခွဲစက်သမားအဝယ်ရှိလို့ ဒေသတွင်းသာ အများအပြားရောင်းဝယ်ခဲ့ကြတဲ့ပဲလည်းဖြစ်ပါတယ်။ တစ်ခါတစ်ရံ ရခိုင်ဘက်သို့လည်း တင်ပို့ရောင်းချခဲ့ရတယ်လို့ သိရပါတယ်။

ပဲစင်းငုံဈေးကတော့ ၂၀၁၄ ခုနှစ်တွင်သာ ဈေးလျော့ခဲ့ပြီး မတ်လအတွင်း တစ်တင်း ၁၉၅၀၀ ကျပ်မှ ၂၀၅၀၀ ကျပ်သာရရှိပေမယ့် ၂၀၁၃ ခုနှစ်၊ ၂၀၁၅ ခုနှစ်များမှာတော့ ပဲဈေးက ကျပ်နှစ်သောင်းအထက်မှာ အမြဲရရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် မတ်လအတွင်း တစ်တင်း ၂၀၆၀၀ ကျပ်မှ ၂၁၀၀၀ ကျပ်ခန့်ရရှိသော်လည်း ယခု ၂၀၁၅ မတ်လအတွင်း မှာတော့ တစ်တင်း ၂၈၈၀၀ ကျပ်မှ အမြင့်ဆုံးဈေး ၂၉၈၀၀ ကျပ်ထိဈေးကောင်းရနေခဲ့တာကို တွေ့ရပါတယ်။ ပဲစင်းငုံသီးနှံမှာ မတ်ပဲကဲ့သို့ တစ်နှစ်တာလုံး အရောင်းအဝယ်ဖြစ်နေတာမျိုးမဟုတ်ဘဲ ပဲပေါ်ချိန်ရာသီတွင်သာ အရောင်းအဝယ်သွက်ပြီး ပို့ကုန်အတွက် ရန်ကုန်ဝယ်လက်မှ အဓိကထား ဝယ်ယူလျက်ရှိသလို ကျန်တဲ့ကာလများမှာတော့ လက်လီသမားများသာ ဝယ်ယူကြပြီး ရန်ကုန်ဝယ်လက်ကတော့ ရက်ခြားလောက်သာ ဝယ်ယူခဲ့ကြောင်း သိရပါတယ်။

ပဲကြီးသီးနှံများကတော့ ၂၀၁၃ ခုနှစ်မှာ (ရွှေကျွန်း) တစ်တင်း ၂၆၅၀၀ ကျပ်မှ ၃၅၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၄၅၀၀ ကျပ်မှ ၃၃၀၀၀ ကျပ်ရရှိခဲ့ပေမယ့် ၂၀၁၄ နဲ့ ၂၀၁၅ ခုနှစ်မှာတော့ မတ်လအတွင်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ဈေးနှုန်းများမှာ တစ်နှစ်နဲ့တစ်နှစ် သိပ်မကွာခြားခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်တွင် (ရွှေကျွန်း) တစ်တင်း ၂၅၅၀၀ ကျပ်နဲ့ ၂၇၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၄၀၀၀ ကျပ်မှ ၂၅၅၀၀ ကျပ်နဲ့ ၂၀၁၅ ခုနှစ် မတ်လမှာ ပဲထွက်ရှိမှုများလာသော်လည်း ပဲဈေးကတော့ ဈေးမြင့်လာတာမျိုးမရှိဘဲ ဈေးငြိမ်နေတဲ့အတွက် (ရွှေကျွန်း) တစ်တင်း ၂၄၀၀၀ကျပ်မှ ၂၄၅၀၀ကျပ်၊ (ကမ်းနား) တစ်တင်း ၂၁၅၀၀ ကျပ်မှ ၂၃၀၀၀ ကျပ် ဖြင့်သာ လျှောင်ပဲသမားရော၊ ပဲကြော်ဖို လုပ်ငန်းသမားအပြင်၊ လက်လီသမားပါ အဝယ်ရှိလို့ မတ်လအတွင်း အရောင်းအဝယ်သွက်ခဲ့တဲ့ ပဲဖြစ်ခဲ့ပါတယ်။

ပဲပုပ်သီးနှံအနေဖြင့် ၂၀၁၃ ခု၊ ၂၀၁၄ ခု မတ်လများတွင် ဈေးနှုန်းမှာ သိပ်မကွာခြားဘဲ တစ်တင်း ၁၉၀၀၀ ကျပ်နဲ့ ၂၀၀၀၀ ကျပ် တစ်ပတ်လည်သာ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ယခု ၂၀၁၅ ခုနှစ်မှာတော့ ပဲဈေးမှာ ဈေးငြိမ်ငြိမ်နဲ့ အရောင်းအဝယ်ဖြစ်တဲ့အတွက် မတ်လအတွင်းမှာလည်း တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့်သာ အတက်အကျမရှိဈေးငြိမ်နေခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

| ၃၀-၃-၂၀၁၅ မှ ၃-၄-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 223 | 12,426,754.377 |
| 2 | Form D | 85 | 6,786,978.000 |
| 3 | Form E | 78 | 6,701,342.630 |
| 4 | Korea GSP | 5 | 187,182.000 |
| 5 | Form AK | 49 | 3,349,597.320 |
| 6 | Form AJ | 13 | 773,938.700 |
| 7 | Form AI | 50 | 3,109,109.960 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **503** | **33,334,902.987** |

## ၂၀၁၅ ခုနှစ် ဧပြီလဆန်းပိုင်းမှာ မန်းကုန်စည်ဒိုင်ရဲ့ အရောင်းအဝယ်ဖြစ်တဲ့ ပဲများရဲ့ ဈေးနှုန်းနဲ့ ဈေးကွက်

ဧပြီလဆန်းမှာ မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)အတွင်း အနယ်နယ်အရပ်ရပ်မှ ပဲ၊ ပြောင်း၊ နှမ်း၊ ကုန်သည်၊ ပွဲစား၊ စက်ပိုင်၊ ကိုယ်စားလှယ်များ နေ့စဉ် (ဥပုသ်နေ့မှအပ) လာရောက်အရောင်းအဝယ်ပြုလုပ်ကြရာ ယခုတစ်ပတ် အရောင်းအဝယ်ပြုလုပ်တဲ့ ပဲများရဲ့ အရောင်းအဝယ်ဖြစ်မှုနဲ့ ဈေးနှုန်းမှာ-

| **သီးနှံအမည်** | **ဧပြီလ ပထမအပတ်** | |
|---|---|---|
| | **နိမ့်** | **မြင့်** |
| **ပဲတီစိမ်း (ရွှေဝါ)** | **၂၀၄၄** | **၂၀၆၂** |
| **ပဲလွန်းဖြူ** | **၁၀၈၃** | **၁၁၆၇** |
| **ပဲကြီး** | **-** | **၁၂၆၇** |
| **ပဲနီပြား** | **၉၀၅** | **၁၀၈၆** |
| **ပဲပုပ်(ရှမ်း)** | **၈၄၅** | **၉၂၀** |
| **ပဲပုပ် (ဗမာ)** | **၉၀၁** | **၉၁၁** |
| **ပဲယင်း** | **၈၀၀** | **၈၃၃** |
| **နိုင်လွန်ပဲ** | **၈၄၄** | **၈၇၈** |
| **မတ်ပဲ** | **-** | **၁၅၂၅** |
| **ပဲစင်းငုံနီ** | **-** | **၁၅၃၃** |
| **ပဲစင်းငုံရွှေ** | **-** | **၁၅၅၈** |
| **ကုလားပဲဖြူလုံးကြီး** | **-** | **၈၈၂** |
| **ကုလားပဲထိုင်ဝမ်** | **-** | **၈၇၁** |
| **မြေပဲ (S1 လုံးဆန်)** | **၂၂၅၀** | **၂၃၅၀** |

တရုတ်ဝယ်လက်ဆွဲအားကောင်းနေတဲ့ ပဲတီစိမ်းကြီး ယခုတစ်ပတ်မှာ ဈေးအနည်းငယ်အေးသလို အရောင်းအဝယ်လည်း အနည်းငယ်အေးပါတယ်။ ယခုတစ်ပတ်မှာ ပဲတီစိမ်းကြီး တစ်ပိဿာ ၂၀၆၂ ကျပ် (တစ်တန် ၁၂၆၂၇၄၈ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၄၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ပဲလွန်းဖြူ တစ်ပိဿာ ၁၁၆၇ ကျပ် (တစ်တန် ၇၁၄၆၅၉ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀ ခန့်၊ ပဲကြီး တစ်ပိဿာ ၁၂၆၇ ကျပ် (တစ်တန် ၇၇၅၈၉၈ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၄၀၀ ကျော်၊ ပဲနီပြား တစ်ပိဿာ ၁၀၈၆ ကျပ် (တစ်တန် ၆၆၅၀၅၆ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၀၀ ကျော်၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၉၂၀ ကျပ် (တစ်တန် ၅၆၃၃၉၉ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၉၁၁ ကျပ် (တစ်တန် ၅၅၇၈၈၇ ကျပ်) နဲ့ နှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၄၀၀ ခန့်၊ ပဲယင်း တစ်ပိဿာ ၈၃၃ ကျပ် (တစ်တန် ၅၁၀၁၂၁ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၅၀ ခန့်၊ နိုင်လွန်ပဲ တစ်ပိဿာ ၈၇၈ ကျပ် (တစ်တန် ၅၃၇၆၇၈ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၅၀ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ရန်ကုန်ဝယ်လက်နဲ့ ဒေသတွင်းလှောင်လက်များ ဝယ်ယူသလို အိန္ဒိယမှလည်း ဝယ်ယူတဲ့ မတ်ပဲ၊ ပဲစင်းငုံနဲ့ ကုလားပဲများ ပုံမှန်အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။ ယခုအပတ်မှာ မတ်ပဲ တစ်ပိဿာ ၁၅၂၅ ကျပ် (တစ်တန် ၉၃၃၈၉၅ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၁၀၀၀ ကျော်၊ ပဲစင်းငုံနီ တစ်ပိဿာ ၁၅၃၃ ကျပ် (တစ်တန် ၉၃၈၇၉၄ ကျပ်၊ ပဲစင်းငုံရွှေ တစ်ပိဿာ ၁၅၅၈ ကျပ် (တစ်တန် ၉၅၄၁၀၁ ကျပ်)နဲ့ ပဲစင်းငုံ နှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၁၅၀၀ ခန့် ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ဈေးအေးပြီး အရောင်းအဝယ်လေးနေတဲ့ V2 နဲ့ ထိုင်ဝမ် ပဲများမှာ ဒေသတွင်း ပဲခွဲစက်သမားနဲ့ ရန်ကုန်ဝယ်လက် အနည်းငယ်ကိုသာ အဓိကထားအရောင်းအဝယ်ပြုလုပ်နေပါတယ်။ ယခုအပတ်မှာ ကုလားပဲဖြူကြီး တစ်ပိဿာ ၈၈၂ ကျပ် (တစ်တန် ၅၄၀၁၂၈ ကျပ်)၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၈၇၁ ကျပ် (တစ်တန် ၅၃၃၃၉၂ ကျပ်)နဲ့ နှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံတစ်ခုဖြစ်တဲ့ မြေပဲ (S1 လုံးဆန်) တစ်ပိဿာ ၂၃၅၀ ကျပ်နဲ့ ဈေးငြိမ်ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်လျက် နေ့စဉ် သုံးတင်းအိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် ပဲတီစိမ်းကြီး၊ နိုင်လွန်ပဲ၊ ကုလားပဲများ ဖြစ်ကြောင်း ကျန်ပဲများမှာ ဈေးငြိမ်အမြင့်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

## နနွင်း

### နနွင်းတင်ပို့မှုလျော့

သီတင်းတစ်ပတ်ဖြစ်တဲ့ မတ်လ ၂၂ ရက်မှ ၂၈ ရက်အတွင်း ကန်ဒေါ်လာ ၇၆၇၂၅ တန်ဖိုးရှိ နနွင်း ၁၃၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၄၃၁၂၅ တန်ဖိုးရှိ နနွင်း ၇၅ တန်ကို စင်ကာပူနိုင်ငံကိုလည်းကောင်း၊ ကန်ဒေါ်လာ ၃၃၆၀၀ တန်ဖိုးရှိ နနွင်းတန် ၆၀ ကို အိန္ဒိယနိုင်ငံကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်ပို့မှုနဲ့ ယှဉ်ရင် ၁၀၉ ဒသမ ၅ တန်တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### ဟိုပုံးနနွင်းဈေးကွက် အရောင်းအဝယ်သွက်

ရှမ်းနနွင်းလည်း အရောင်းအဝယ်သွက်နေပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ဆင်တောင်နနွင်း အရောင်းသွက်နေပြီး၊ ဟိုပုံးဈေးကွက်မှာလည်း ဟိုပုံးနနွင်းက အရောင်းသွက်နေတယ်လို့ သိရပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ နနွင်းလက်ကျန်အဟောင်းတွေ ကုန်သလောက်ဖြစ်သွားပြီး အသစ်တွေသာ အရောင်းအဝယ်ဖြစ်နေပေမယ့် အောင်ပန်းဈေးကွက်မှာတော့ အသစ်ကအဝင်နည်းနေလို့ အဟောင်းအသစ်ရောပြီး ရောင်းနေရတယ်လို့လည်း သိရပါတယ်။ ဟိုပုံးနနွင်းတွေကိုတော့ တောင်ကုတ်ဝယ်လက်တွေက ဘင်္ဂလားဒေ့ရှ်ကို တင်ပို့ဖို့အတွက် ဝယ်ယူနေပါတယ်။ တစ်ပိဿာကို ၁၅၅၀ ကျပ်ဈေးပေါက်နေပေမဲ့ ခြံရှင်တွေက ဒီထက်ဈေးပိုဦး မလားဆိုပြီး စောင့်ရင်းထိန်းရောင်းနေကြပါတယ်။ ဒီနှစ်နှစ်၊ သုံးနှစ်အတွင်း ဒီဈေးလောက်တစ်ခါမှ မရသေးတာ ကြောင့် ထိန်းပြီးရောင်းနေကြပါတယ်။ အောင်ပန်းဈေးကွက်က ရှမ်းနနွင်းတွေကိုတော့ ရန်ကုန်၊ မုံရွာ၊ ပြည် စတဲ့ မြို့တွေကဝယ်ယူမှုများနေပါတယ်။ တစ်ပတ်အတွင်း နနွင်းပိဿာချိန် ခြောက်သောင်းငါးထောင် အရောင်းအဝယ် ဖြစ်ခဲ့ပြီး တစ်ပိဿာပေါက်ဈေးက ၁၄၀၀ ကျပ်မှ ၁၈၀၀ ကျပ်ဈေးရှိပါတယ်။ မတ်လ ၁ ရက်မှ ၃၀ ရက်ထိ နနွင်းပိဿာချိန်ပေါင်း ၂ ဒသမ ၇ သိန်းအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ အောင်ပန်းနနွင်းပွဲရုံတွေက သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

### နနွင်းတက် ၂၃၁ တန်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးစခန်းမှ နနွင်းတက် ၂၂၇ ဒသမ ၅၀ တန် ကန်ဒေါ်လာ ၁၂၈၀၀၀ ဖိုးတင်ပို့နိုင်ခဲ့သလို မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၆၇၂၀ တန်ဖိုးရှိနနွင်းတက် ၄ ဒသမ ၂တန်တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်မှာ မူဆယ်စခန်းမှ နနွင်းတက် ၄၀ ဒသမ ၃ တန်တင်ပို့နိုင်ခဲ့လို့ ယခုသီတင်းပတ်ရဲ့ နနွင်းတက် တင်ပို့မှု ၁၈၇ ဒသမ ၃ တန် ပိုမိုလာတယ်လို့ ဆိုရပါမယ်။ စစ်တွေစခန်းကတော့ ယခင်သီတင်းပတ်က နနွင်းတက် ၂၅ တန်တင်ပို့ခဲ့လို့ ယခုသီတင်းပတ်မှာတော့ ၂၀ ဒသမ ၈ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

**တင်တင်ထွန်း MIRT(DCCA)**

## မန်ကျည်း

### မန်ကျည်းတန်ချိန် ကိုးရာ့သုံးဆယ်ကျော်တင်ပို့

မတ် ၂၂ ရက်မှ ၂၈ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၁၆၄၆၀ တန်ဖိုးရှိမန်ကျည်း ၉၃၆ ဒသမ ၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယနိုင်ငံကို ၇၂ ဒသမ ၇၅ တန်၊ မလေးရှား နိုင်ငံကို ၆၂၃ တန်၊ ပါကစ္စတန်ကို တန် ၁၂၀၊ တန်နဲ့ စင်ကာပူနိုင်ငံကို ၁၂၀ ဒသမ ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံကို အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ် မန်ကျည်းတင်ပို့မှုထက် ဒီတစ်ပတ် မှာတန်ချိန် ၁၆၉၀ ကျော်တင်ပို့မှုလျော့ကျခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### အခါနားနီးလို့ ပြည်မန်ကျည်းမှည့် ဈေးပြန်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မန်ကျည်းသီးကို အနီးအနားကျေးရွာများမှ တစ်နေ့ကို ပျမ်းမျှ ကုန်ချိန် ၄၀၀၀ ခန့်ဝင်ရောက်မှုရှိသဖြင့် ပွဲရုံများတွင် အခါနားနီး၍ မန်ကျည်းသီးဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။ မတ်လဆန်းက မန်ကျည်းသီးမှည့်အစေ့ပါ တစ်ပိဿာကို ၄၅၀ ကျပ်ဈေးရှိခဲ့ပြီး အသားထုဖတ်ဈေးမှာ တစ်ပိဿာ ၈၀၀ ကျပ်ဈေးရှိခဲ့ပါတယ်။ ယခုဧပြီလဆန်းမှာ မန်ကျည်းသီးမှည့် အစေ့ပါ တစ်ပိဿာကို ၅၀၀ ကျပ်ဈေးရှိပြီး အသားထုဖတ်ဈေးမှာ တစ်ပိဿာ ၉၀၀-၁၀၀၀ ကျပ်ထိဈေးမြင့်နေတာ တွေ့ရပါတယ်။ ဒေသထွက်မန်ကျည်းမှည့် ကို မြို့ပေါ်ရှိပွဲရုံများမှ ရသလောက်အဝယ်ရှိနေတာ တွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

## ချင်း

### ချင်းကို ဂျပန်နဲ့ မလေးကိုတင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၁၄၁၇၇၀ တန်ဖိုးရှိ ချင်း ၇၅ တန်ကို မတ်လ ၂၂ ရက်မှ ၂၈ ရက်သီတင်းပတ်အတွင်းမှာ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၄၃၀၂၀ တန်ဖိုးရှိ ချင်း ၂၅ တန်ကို ဂျပန်နိုင်ငံ၊ ကန်ဒေါ်လာ ၉၈၇၅၀ တန်ဖိုးရှိ ချင်းတန် ၅၀ ကို မလေးရှားကိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၃၃ ဒသမ ၅ တန် တင်ပို့မှုပိုခဲ့ပါတယ်။

**သီတာဝင်း (DOT)**

### ပြည်ချင်းဈေးကွက်ဝယ်လက်အဆွဲများလို့ ဈေးမာ

ယခုဧပြီလဆန်းပတ်မှာ ပြည်ချင်းဈေးကွက်မှာ ချင်းဈေးများ ယခင်တစ်ပတ်ထက် ဈေးမြင့်လာပြီး ပိဿာ ၃၀ ဝင်အိတ် ၁၀၀ ခန့် ပုံမှန်အဝင်ရှိပါတယ်။ သင်္ကြန်ကာလနီးလာတာကြောင့် နယ်ဝယ်လက်များ ပြည်ဈေးကွက် သို့ တိုက်ရိုက်ဆင်းဝယ်နေတာကြောင့် ချင်းဈေးများတက်သွားတယ်လို့ သိရပါတယ်။ ပြည်ချင်းပွဲရုံများမှာ ယခုတစ်ပတ် ချင်းတစ်ပိဿာကို (ဂွန်) ၁၃၀၀ ကျပ်၊ ၁၅၀၀ ကျပ်၊ (ရှယ်) ၁၆၀၀ ကျပ်-၂၀၀၀ ကျပ်ဈေးနှုန်းဖြင့် လက်လီလက်ကား ဝယ်သူများ၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ တင်ပို့မှုအပါအဝင် ချင်းပိဿာချိန် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### ချင်းစိုကိုသာ တင်ပို့မှုရှိ

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ မတ်လ ၂၁ ရက်မှ ၂၇ ရက်အတွင်း ကန်ဒေါ်လာ ၁၉၇၅၉ တန်ဖိုးရှိ ချင်းစို ၂၆ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က စစ်တွေက ချင်းစို ၁၉ တန်နဲ့မူဆယ်မှ ချင်းခြောက် ၃၆ တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ချင်းစိုတင်ပို့မှုသာရှိခဲ့ပြီး ချင်းခြောက်တင်ပို့မှု မရှိခဲ့ပါဘူး။ စစ်တွေနယ်စပ်ရဲ့ချင်းစိုတစ်တန်ကို မိမိဘက်ဈေး ၇၈၀၅၀၀ ကျပ်ဝန်းကျင်ခန့်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT(DCCA)**

### ဟိုပုံးချင်းဈေးကွက်သို့ ပစ္စည်းအဝင်ပြတ်

ဟိုပုံးချင်းကတော့ ဈေးကွက်မှာ အဝင်လည်းမရှိသလို အရောင်းလည်း မရှိတော့ပါဘူး။ ဟိုပုံးချင်းက ဒီနှစ်အထွက်လည်းနည်းပြီး ဝယ်လိုအားကောင်းတာကြောင့် ပစ္စည်းက ဈေးကွက်မှာ စောစောပဲပြတ်သွားတယ်လို့ သိရပါတယ်။ အချို့တောင်သူတွေကတော့ ပြန်ပြီး စိုက်နေကြပေမယ့်တော်တော်များ များကတော့ သင်္ကြန်အပြီး ကဆုန်လမှသာ ပြန်ပြီး စိုက် ကြမယ်လို့လည်း သိရပါတယ်။ ဥမတွေကိုတော့ ဩဂုတ်၊ စက်တင်ဘာမှသာ ပြန်ပြီး ဖော်ကြမှာဖြစ်ပါတယ်။ ချင်းစိုက တစ်ပိဿာ ၁၁၀၀ ကျပ်နဲ့ ဈေးပိတ်သွားပြီး၊ ချင်း ခြောက်ကတော့ ၂၄၀၀ ကျပ်နဲ့ ဈေးပိတ်သွားပါတယ်။

အောင်ပန်းချင်းဈေးကွက်မှာတော့ ချင်းစိုက ပုံမှန်အဝင်ရှိနေပါတယ်။ သင်္ကြန်အခါ နီးလာတာကြောင့် ဈေးပတ်သမားတွေကလည်း အလှူပွဲတွေအတွက် ခေါက်ဆွဲ/ခေါက်ဆွဲ... ဓားလှီးချင်းတွေ ပြုလုပ်ဖို့အတွက် အဝယ်များနေသလို မျိုးပြန်စိုက်ဖို့အတွက်လည်း ဝယ်ယူနေတာကြောင့် ချင်းက အရောင်းအဝယ်သွက်နေတယ်လို့ သိရပါတယ်။ ချင်းစိုကိုတော့ တောင်သူတွေက အလျှုအတန်းလုပ်ချင်တာကြောင့် ထုတ်ရောင်းနေပေမယ့် ဈေးကလည်းကောင်းနေတော့ အရင်လိုများများရောင်းစရာမလိုဘဲ၊ ပိဿာချိန် နည်းနည်းရောင်းရုံနဲ့ လိုအပ်တဲ့ငွေပမာဏကိုရလို့ အဝင်ကသိပ်များများ မရှိပါဘူး။ ဒီတစ်ပတ်အောင်ပန်းချင်းဈေးကွက်မှာ ချင်းစိုတစ်ပိဿာ ပေါက်ဈေးက အနိမ့်ဆုံး ၃၀၀ ကျပ်မှ အမြင့်ဆုံး ၁၀၀၀ ကျပ်ဈေးရှိပြီး၊ ချင်းခြောက်ကတော့ တစ်ပိဿာကို ၁၈၀၀ ကျပ်-၂၀၀၀ ကျပ်ဈေးရှိပါတယ်။ မတ်လ ၁ မှ ၃၁ ရက်နေ့ထိ ချင်းပိဿာချိန်ပေါင်း၉ ဒသမ ၅ သိန်း စီးဆင်းသွားတယ်လို့သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

## သီဟိုဠ်

### ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှ သီဟိုဠ်စေ့ ၁၉ တန်ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ မတ်လ ၁ ရက်မှ ၂၇ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၄၈ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၁၉ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကတော့ မတ်လ ၁ ရက်မှ ၂၇ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၈၀၁ သန်းဖိုးရှိ သီဟိုဠ်စေ့(အခွံမပါ)၁၀၅ တန်ခွဲထိ တင်ပို့နိုင်ခဲ့တာ တွေ့ပါတယ်။

**ခင်မြနွယ် MITR(DCCA)**

## ကြက်သွန်နီ

### ကြက်သွန်နီဈေးကျလို့ တောင်သူတွေ အခက်တွေ့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ မတ်လ ၂၁ ရက်မှ ၂၇ ရက်တာ ကာလအတွင်း ကန်ဒေါ်လာ ၃၈၂၃၀ တန်ဖိုးရှိ ကြက်သွန်နီ ၂၁၁ တန်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၃၇၃၇၂ တန်ဖိုးရှိကြက်သွန်နီ ၅၁၇ တန်ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ တန် ၁၄၀ နဲ့ မြဝတီမှ၄၇၄ တန်ခွဲ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ကြက်သွန်နီ ပိုမိုတင်ပို့လာတာတွေ့ရပါတယ်။ ၂၀၁၅ ခုနှစ် မတ်လ တစ်လလုံး စခန်းအလိုက် ကြက်သွန်နီတင်ပို့မှုတွေကတော့ မူဆယ်မှ ၁၀၈၈ တန်၊ မြဝတီမှ ၁၉၃၇ တန်နဲ့ တမူး မှ ၂၂ တန်ခွဲ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်မှာ အပင်စိုက် ကြက်သွန်နီတွေပေါ်လာပြီဖြစ်သော်လည်း ကြက်သွန်နီဈေးတွေ ကျနေတာနဲ့ အလုပ်သမားခတွေမြင့်တက်နေတာကြောင့် ကြက်သွန်စိုက်တောင်သူတွေ တွက်ခြေမကိုက်ကြောင်း၊ တောင်သူတွေ အရှုံးပေါ်မှာကို စိုးရိမ်နေရကြောင်း မုံရွာမြို့နယ်မှ ကြက်သွန်စိုက်တောင်သူတစ်ဦးကပြောပါတယ်။

**မော်မော်အောင် MIRT(DCCA)**

### ပြည်ကြက်သွန်နီအဝင်များ

ပြည် ကြက်သွန်နီပွဲရုံများ တွင် ဧပြီပထမပတ်အတွင်း ကြက်သွန်နီဝင်ရောက်မှု များပြားလျက်ရှိနေကြောင်း တွေ့ရပါတယ်။ မတ်လနောက်ဆုံးပတ်အထိ ကြက်သွန်နီဈေးအနည်းငယ်မြင့်တက်လာရာမှ ပွဲရုံများသို့ နယ်များမှ တင်ပို့မှုများလာတာလည်း ဖြစ်ပါတယ်။

ယခုအချိန်တွင်တော့ အခါရက်ကလည်း နီးလာပြီဖြစ်လို့ ဈေးများတက်လေမလားလို့ မျှော်မှန်းခဲ့တဲ့ ကြက်သွန်နီဟာ ဈေးကျလာတာကိုတောင် တွေ့ရပါတယ်။

ယခင်လ ကြက်သွန်နီပွဲရုံဈေး တစ်ပိဿာ ကြီး ၃၈၀ ကျပ်၊ လတ် ၃၅၀ ကျပ်၊ သေး ၂၅၀ ကျပ်၊ ရရှိရာမှ ယခု ကြီး ၃၅၀ ကျပ်၊ လတ် ၃၀၀ ကျပ်၊ သေး ၂၀၀ ကျပ်ထိ ဈေးကျလာပါတယ်။ ဒေသတွင်း အိတ်ဆွဲသမားများကြောင့် အရောင်းအဝယ်ကောင်း လျက်ရှိပါတယ်။ ဒေသခံဈေးများအတွင်း ကြက်သွန်နီ တစ်ပိဿာလက်လီဈေးကတော့ ကြီး ၅၀၀ ကျပ်၊ လတ် ၄၀၀ ကျပ်၊ သေး ၃၀၀ ကျပ် ဈေးရောင်းချလျက်ရှိပါတယ်။ ပွဲရုံများ တွင် တစ်ရက်ကို အိတ် ၇၀၀ မှ ၉၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်းလည်း သိရပါတယ်။

**နီနီဝင်း-ပြည်**

Vol: 15, No.14 Monday April 6 2015

# ဈေးကွက်ယှဉ်ပြိုင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

သိန်းမြင့်ဝေ



**ဥပဒေ၏ သဘောသဘာဝ**

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ၂၀၁၅ ခုနှစ်တွင် ယှဉ်ပြိုင်မှုဥပဒေ (Competition Law) ကို ပြဋ္ဌာန်း အကောင်အထည်ဖော်ရန် ကတိကဝတ် ထားရှိခဲ့ကြသည်။ အဆိုပါကတိကဝတ်နှင့်အညီ မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ယှဉ်ပြိုင်မှုဥပဒေကိုပြဋ္ဌာန်းခဲ့သည်။ ဥပဒေပြဋ္ဌာန်းအကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံများကြား ယှဉ်ပြိုင်မှုမူဝါဒ (Competition Policy) ဆိုင်ရာ အေဂျင်စီများ သို့မဟုတ် ဌာနဆိုင်ရာ အချင်းချင်းကွန်ရက်တည်ဆောက် ချိတ်ဆက်ရန်လည်း ရည်မှန်းထားသည်။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင် နိုင်ငံအားလုံးတွင် ပြိုင်ဆိုင်မှုပေါ်လစီဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းရည်တည်ဆောက်မှုအစီအစဉ်များ (Capacity Building Programs) ကိုတွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။

ယှဉ်ပြိုင်မှုပေါ်လစီ၏ ကြီးမားသော စိန်ခေါ်မှုမှာပြဋ္ဌာန်းပြီးနောက် လက်တွေ့အကောင်အထည်ဖော်ရန် ခက်ခဲလေ့ရှိခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဥပဒေပြဋ္ဌာန်းသည့်အချိန်နှင့် ဥပဒေ အကောင်အထည်ဖော်သည့်အချိန် ကွာဟမှုရှိတတ်ကြောင်း တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဥပဒေပြဋ္ဌာန်း ပြီးလျှင်ပြီးချင်း ချက်ချင်းအရေးယူရန် မသင့်လျော်ဟု ယူဆသောကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့် ဥပဒေကို မသိနားမလည်ဘဲ ချိုးဖောက်မှုများ တွေ့ရလေ့ရှိသောကြောင့်ဖြစ်သည်။ အများအားဖြင့် ယှဉ်ပြိုင်မှုဥပဒေဆိုင်ရာ ပညာပေး၊ အသိပေးအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီးမှသာ ဥပဒေကို အကောင်အထည်ဖော်ကြောင်း တွေ့ရသည်။

> **အထူးသဖြင့် ထုတ်လုပ်ရောင်းချသူများကြား ပြိုင်ဆိုင်လေလေ၊ ဈေးကွက်ပြည့်ဝလေလေ၊ စားသုံးသူများ ကောင်းကျိုးဖြစ်ထွန်းလေလေဖြစ်ပါသည်။**

**ပြိုင်ဆိုင်မှုနှင့် ဈေးကွက်စွမ်းဆောင်ရည်**

လူ့အဖွဲ့အစည်းတိုင်းအတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများလိုအပ်ပါသည်။ နိုင်ငံများသည်လည်း ကုန်စည်နှင့် ဝန်ဆောင်မှုများ ရောင်းဝယ်ဖောက်ကားရန်အတွက် ဈေးကွက်များအပေါ် မှီခိုအားထားနေရသည်။ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ စုဆောင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းစသည့် စီးပွားရေးလုပ်ဆောင်ချက်များသည် ဝယ်လိုအား (Demand) နှင့် ရောင်းလိုအား (Supply) တို့အပေါ်တွင် အခြေခံဖြစ်ပေါ်သည်။ တစ်နည်းအားဖြင့် စားသုံးသူ (Consumers) နှင့် ထုတ်လုပ်သူ (Producers) များကြားတွင် စီးပွားရေးလုပ်ဆောင် ချက်များဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါစားသုံးသူ (Demand) နှင့် ထုတ်လုပ်သူ (Supply) တို့၏ အပြန်အလှန် ဆက်နွယ်မှုက ဈေးကွက်ဈေးနှုန်း (Market Price) ကိုဖြစ်စေသည်။ ဈေးကွက်ဈေးနှုန်းအတက်အကျသည် ဝယ်လိုအားနှင့် ရောင်းလိုအားတို့ပေါ်တွင် မူတည်နေသည်ဟူ၍ ဆိုလိုသည်။ ထို့ကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ခွဲဝေရာတွင် ဈေးကွက်ဈေးနှုန်း အတိုင်းလည်ပတ်လျက်ရှိသောကြောင့် ဈေးကွက်၏ စွမ်းဆောင်ရည်မှာ အရေးကြီးကြောင်း တွေ့ရသည်။

ဈေးကွက်များ စွမ်းဆောင်ရည်ရှိရှိ လည်ပတ်ရေးအတွက် အဓိကအထောက် အကူပြုသော အချက် (၄) ချက်ရှိပါသည်။ ၎င်းတို့မှာ ပိုင်ဆိုင်ခွင့်ကာကွယ်ခြင်း (Protection of Property and Contractual Rights)၊ ထိရောက် သော တရားရေးမူဘောင် (Effective Legal Framework)၊ သတင်းအချက်အလက်စီးဆင်းမှုနှင့် ပွင့်လင်းမြင်သာမှု (Information flows and transparency) နှင့် ပြိုင်ဆိုင်မှု (Conpetition) တို့ဖြစ်သည်။

ပြိုင်ဆိုင်မှုက ဈေးကွက်များကို ထိထိရောက်ရောက်လည်ပတ်စေပါသည်။ အထူးသဖြင့် ထုတ်လုပ်ရောင်းချသူများကြား ပြိုင်ဆိုင်လေလေ၊ ဈေးကွက်ပြည့်ဝ လေလေ၊ စားသုံးသူများ ကောင်းကျိုးဖြစ်ထွန်းလေလေဖြစ်ပါသည်။ ပြိုင်ဆိုင် မှုရှိသော ဈေးကွက်အတွင်း၌ စားသုံးသူများသည် မိမိစိတ်ကြိုက်ထုတ်လုပ် ရောင်းချသူများ ရွေးချယ်နိုင်ခြင်း၊ ကုန်ပစ္စည်းအကောင်းဆုံးကို ရွေးချယ်နိုင်ခြင်းနှင့် အသင့်လျော်ဆုံး သို့မဟုတ် အနိမ့်ဆုံးဈေးနှုန်းကို ရွေးချယ်ဝယ်ယူနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ထို့ပြင် ထုတ်လုပ်သူများကိုလည်း စားသုံးသူများ ကြိုက်နှစ်သက်သည့်ကုန်စည်ကို ဈေးနှုန်းအချိုသာဆုံးဖြင့် ထုတ်လုပ်ရောင်းချစေသည်။ ထိုမျှသာမက စီးပွားရေးလုပ်ငန်းများ ပြိုင်ဆိုင်ခြင်းက တီထွင် မှု၊ ကြံဆမှု (Innovation) ကိုလည်း အားပေးရာရောက်ပါသည်။ တီထွင်ကြံ ဆထုတ်လုပ်လေလေ ဈေးကွက်ပြည့်ဝထိရောက်လေလေဖြစ်သောကြောင့် စီး ပွားရေးလုပ်ငန်းများပြိုင်ဆိုင်ရန် လိုအပ်ပါသည်။

ဈေးကွက်များသည် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှု (Government Intervention) မလိုဘဲ ပြိုင်ဆိုင်လုပ်ကိုင် နိုင်ကြသည်။ သို့သော်လည်း အချို့သောဈေးကွက်များသည် ပြိုင်ဆိုင်မှုမရှိဘဲ လည်ပတ်နေကြသည်ကို တွေ့မြင်နိုင်သည်။ ဤတွင် ပထမအချက်မှာ သဘာဝအရ ပြိုင်ဆိုင်မှုမလိုအပ်သော လုပ်ငန်းများ (Natural Characteristics) ဖြစ်သည်။ ဥပမာအားဖြင့် စကေးအလိုက်အကျိုးကျေးဇူးရှိသော လုပ်ငန်း များ (Economics of Scale) ဖြစ် သောမြို့ပြရေပေးဝေရေးနှင့် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့ကို တွေ့မြင်နိုင်သည်။ ဒုတိယအမျိုးအစားမှာ အစိုးရ၏ ကန့်သတ်ချက်များ (Government Restrictions) ကြောင့် ပြိုင်ဆိုင်မှုမရှိသော လုပ်ငန်းများဖြစ်သည်။ ထိုကဲ့သို့ အစိုးရက စီးပွားရေးလုပ်ငန်းများဈေးကွက် အတွင်းဝင်ရောက်မှုကို ကန့်သတ်လိုက်သောအခါ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသောစီးပွားရေးလုပ်ငန်းသည် အလိုအလျောက် လက်ဝါးကြီးအုပ်လုပ်ငန်း (Monopoly) ဖြစ်လာခြင်းမျိုး တွေ့မြင်နိုင်ပါသည်။

**Source: "Markets,Competition,and economic development," By Professor Allan Fels and Dr.Wendy Ng, 2-3 February 2015, Nay Pyi Taw, Myanmar.**

## အိန္ဒိယအစိုးရက ယူရီးယားဓာတ်မြေဩဇာတင်သွင်းမှုအပေါ် ထိန်းချုပ်ထားမှုအားကင်းလွတ်ခွင့်ပေးရန်စဉ်းစား

အိန္ဒိယအစိုးရသည် ယူရီးယားဓာတ်မြေဩဇာတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၅ ရာခိုင်နှုန်းစည်းကြပ်နေမှုအား ဖယ်ရှားပေးရန် စဉ်းစားနေပြီဖြစ်ကြောင်း ဝန်ကြီးချုပ် နရိန္ဒရာမိုဒီက ပြောကြားလိုက်တယ်လို့ သတင်းများမှာ ဖော်ပြထားပါတယ်။

ဓာတ်မြေဩဇာအတွက်ပံ့ပိုးမှုဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်များထက် လေးဆကျော်မြင့်တက်နေပြီဖြစ်ပြီး ယခင်အစိုးရလက်ထက်မှာ စိုက်ပျိုးရေးလုပ်ငန်းကြီးများရဲ့ တုံ့ပြန်မှုများကို စိုးရိမ်တဲ့အတွက်ယူရီးယားရဲ့ဈေးနှုန်းကို ထုတ်လုပ်မှု ကုန်ကျစရိတ်အောက်လျှော့ချသတ်မှတ်ခဲ့ကြောင်း၊ ယူရီးယားဓာတ်မြေဩဇာကို အိန္ဒိယမှာ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲကြကြောင်း သတင်းမှာဖော်ပြထားပါတယ်။

လက်ရှိ မိုဒီအစိုးရဟာ အမြင့်ဆုံးလက်လီဈေး (Maximum Retail Price - MRP) ကို ထိန်းချုပ်မှုအား ဖယ်ရှားနိုင်ရေးစီစဉ်နေပြီဖြစ်ပါတယ်။ ယူရီးယားတစ်တန်ရဲ့ လက်ရှိဈေးမှာ ၈၇ ဒေါ်လာ (၅၃၆၀ ရူပီး) ဖြစ်ပါတယ်။ အစိုးရအနေနဲ့ လာမယ့်သုံးနှစ်အတွင်းမှာ အမြင့်ဆုံးလက်လီဈေးကို ၂၁ ရာခိုင်နှုန်းနှစ်စဉ်မြင့်တက်သွားမယ်လို့ သတင်းမှာ ဖော်ပြထားပါတယ်။ လက်ရှိယူရီးယားဈေးဟာ ၂၀၀၀ ပြည့်နှစ်များက ယူရီးယားတစ်တန်ရဲ့ ဈေးထက် ၁၆ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့တာဖြစ်ပြီး ယူရီးယားမဟုတ်တဲ့ အခြားဓာတ်မြေဩဇာဒိုင်အမိုးနီးယမ်း ဖော့စဖိတ်က ၃ဆ၊ ပိုတက်ရှ်က ၄ ဆ နီးပါးဈေးတက်ခဲ့ပါတယ်။ ယခုလိုဈေးကွာဟချက်များကြောင့် တောင်သူများဟာ ယူရီးယားဓာတ်မြေဩဇာကို အလွယ်တကူဝယ်ယူသုံးစွဲ ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်မြေဩဇာ ဝန်ကြီးဌာနကလည်း ယူရီးယားဈေးကိုမြှင့်တင်ရန် ယခင်နှစ်ကတည်းက စဉ်းစားထားခဲ့သော်လည်း မုတ်သုံရာသီရောက်ရှိသည့်တိုင် ဈေးမပြောင်းလဲနိုင်ခဲ့ပါဘူး။ ယူရီးယားဓာတ်မြေဩဇာဈေးနှုန်း ပြင်ဆင်ပြောင်းလဲခြင်းအားဖြင့် ပြည်တွင်း ဓာတ်မြေဩဇာကုမ္ပဏီများဖြစ်တဲ့ Chambal Fertilizers & Chemicals နဲ့ Rashtriya Chemicals & Fertilizers တို့အားကူညီရာရောက်မှာဖြစ်ပါတယ်။ သွင်းကုန်ခွန်လျှော့ချပေးခြင်းအားဖြင့် ဆက်စကာချီဝမ်မှ Canada's Potash Corporation၊ အမေရိကန်မှ Mosaic Company နဲ့ ရုရှားမှ Uralkali ကုမ္ပဏီများကိုလည်း အကျိုးရှိစေမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဟာ ဓာတ်ဆီနဲ့ ဒီဇယ်ဆီဈေးနှုန်း ကန့်သတ်ထားမှုကိုလည်း ဖြေလျှော့ပေးထားပြီးဖြစ်ပါတယ်။

CMK

## ခာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် အဝင်ပို

မတ်လ ၂၂ ရက်မှ ၂၈ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၄၂၄၂၀၈ ဒသမ ၉၁ တန်ဖိုးရှိ ဓာတ်ဆီ ၁၀၄ ဒသမ ၆၁၇ တန်နဲ့ ကန်ဒေါ်လာ ၆၉၃၃၁၆၈၈ ဒသမ ၆၀ တန်ဖိုးရှိ ဒီဇယ် ၉၃၀ ဒသမ ၂၁၅ တန်ကို ပင်လယ်ရေ ကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းရန် သွင်းကုန်လိုင်စင် လျှောက်ထားခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် ဓာတ်ဆီအဝင်နဲ့ ယှဉ်ရင် ၇၀ ဒသမ ၃၄၉ တန်၊ ဒီဇယ်အဝင်နဲ့ ယှဉ်ရင် ၆၇၈ ဒသမ ၂၆၉ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၂ ရက်နေ့အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး ၊ရန်ကုန်နဲ့မော်လမြိုင်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီရော ဒီဇယ်ပါဈေးငြိမ်နေပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

ဒီတစ်ပတ် ဓာတ်ဆီ/ဒီဇယ် အရောင်းအဝယ်အခြေအနေများမှာ-

**ရန်ကုန်ဈေးကွက်ရှိ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်ဈေးငြိမ်ပြီး အောက်တိန်းမှာ ၁၀ ကျပ် ဈေးကျ ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၈၁၄ကျပ်၊ ဒီဇယ် ၆၅၀ ကျပ်၊ အောက်တိန်း ၆၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာမတ်လ ၃၀ ရက် ဓာတ်ဆီ ဝယ်ဈေး ၁၅၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၈၀၀၀ ကျပ်နဲ့ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ကျပ် ၃၀၀၀ ဝန်းကျင်ဈေးပြန်လည်မြင့်လာတယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ မတ် ၃၀ ရက်မှာ ဝယ်ဈေး ၁၂၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၅၀၀၀ ကျပ်နဲ့ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ တစ်ဂါလန်ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓါတ်ဆီဈေးက ဝယ်ဈေး တစ်ဂါလန် ၃၁၀၀ ကျပ်ဖြစ်ပြီး ရောင်းဈေး ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၀၀၀ ကျပ်ဝယ်ပြီး ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓါတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်သမား တစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ဓာတ်ဆီနဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီ ဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၈၄၇ ကျပ်၊ အောက်တိန်း ၇၀၀ ကျပ်၊ ဒီဇယ် ၇၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၅၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မတ်လ ၃၀ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၂၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဧပြီ ၁ ရက်နေ့မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်စီ ဈေးကျလာတယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ မတ်လ ၃၀ ရက်နေ့ ဝယ်ဈေး ၁၄၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၁၀၀၀ ကျပ်နဲ့ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၃၀၀ ကျပ်၊ ဓာတ်ဆီ ၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၁၅၀ ကျပ်၊အောက်တိန်း ၃၀၆၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓါတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန်၃၂၀၀ ကျပ်၊ အောက်တိန်း ၃၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီနဲ့ ဒီဇယ်ဈေးမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီ တစ်ဂါလန် ၂၉၀၀ ကျပ်၊ ဒီဇယ်၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါ တယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၀၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

### Energy NYMEX 3-4-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 49.14 | -0.95 | -1.90 |
| Brent Crude Futr (USD/bbl) | 54.95 | -2.15 | -3.77 |
| Gasoline Rbob Fut (Cent/gal) | 176.13 | -6.99 | -3.82 |
| Natural Gas Futr (USD/MMBtu) | 2.71 | 0.11 | 4.15 |
| Heating Oil Futr (Cent/gal) | 168.80 | -5.89 | -3.37 |

## ငွေလဲနှုန်းများ တက်ဈေးဖြင့် ဈေးငြိမ်လျက်ရှိ

တစ်လနီးပါး မြင့်တက်ခဲ့သည့် မြန်မာကျပ်ငွေနှင့် ဒေါ်လာလဲလှယ်နှုန်းများသည် ယခုတစ်ပတ်တွင်မူ အတက်ဈေးဖြင့် ဈေးငြိမ်လျက်ရှိကြောင်း ငွေဈေးကွက်အတွင်းမှ သိရှိရသည်။

ဗဟိုဘဏ်မှသတ်မှတ်ထားသည့် ရည်ညွှန်းငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ၁၀၂၈ကျပ်သာရှိသော်လည်း ပြင်ပငွေလဲဈေးကွက်တွင်မူ ကျပ် ၁၀၈၀-၁၀၈၅ကျပ်အတွင်း ရောင်းဝယ်လျက်ရှိကြောင်း၊ တချို့ပုဂ္ဂလိကဘဏ် များတွင်မူ ကျပ် ၁၀၃၃-၁၀၄၁ဖြင့် ရောင်းဝယ်သည်ဟု နီယွန်ဘုတ်များတွင် ကြေညာထားသော်လည်း တကယ်တမ်းတွင်မူ အဆိုပါဈေးဖြင့် ရောင်းဝယ်ခြင်းမရှိဘဲ အရောင်းကောင်တာများကို ပိတ်ထားကြောင်း သိရသည်။

"ကျွန်တော်တို့ အပြင်က ငွေလဲစင်တာတွေမှာတော့ ဧပြီလ ၃ ရက်ဈေးက ရောင်းဈေး ၁၀၈၄ကျပ်၊ဝယ်ဈေး ၁၀၈၀ကျပ်နဲ့ ရောင်းဝယ်ပေးနေပါတယ်။ တခြားငွေလဲစင်တာတွေမှာလည်း တစ်ကျပ်ကွာ နှစ်ကျပ်ကွာနဲ့ ရောင်းဝယ်နေပါတယ်။ ဝန်ထမ်းတွေကို လစာတိုးပေးလိုက်တဲ့အတွက် ဒေါ်လာဈေးက မကျဘဲ ငြိမ်နေတယ်။ ဗဟိုဘဏ်ကသတ်မှတ်ပေးထားတဲ့ ရည်ညွှန်းငွေလဲနှုန်းအတိုင်းတော့ ဘယ်သူကမှ လိုက်ပြီးရောင်းဝယ်တာမျိုးတွေ မလုပ်ကြတော့ဘူး။ ဈေးက တော်တော်လေးကို ကွာနေတာဆိုတော့ တချို့ပုဂ္ဂလိကဘဏ်တွေဆိုရင် ရောင်းဈေး ၁၀၈၆ ကျပ်၊ ဝယ်ဈေး ၁၀၈၀ ကျပ်ပတ်လည်မှာ ရောင်းဝယ်နေကြတာ။ သင်္ကြန်နားနီးလာပြီဆိုပေမယ့်လည်း ဒေါ်လာဈေးက နိုင်ငံတကာမှာလည်း အားကောင်းနေတဲ့အတွက် ပြန်ကျမယ့်အလားအလာတော့ မရှိသေးပါဘူး"ဟု ငွေလဲဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးက ဆိုသည်။

ပြင်ပငွေလဲစင်တာများတွင် ယခုတစ်ပတ်အတွင်း ရောင်းဈေး ၁၀၈၅ ကျပ်၊ ဝယ်ဈေး ၁၀၈၀ ကျပ်အတွင်း ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

## မြန်မာ့ရွှေဈေး တက်ဈေးဖြင့် ဈေးငြိမ်လျက်ရှိ



ပြီးခဲ့သည့် ရက်သတ္တပတ်များက ဈေးမြင့်တက်ခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ဈေးအမြင့်ဖြင့် ဈေးငြိမ်လျက်ရှိကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ဈေးမြင့်တက်နေခြင်းကြောင့် ရွှေဝယ်လိုအားများ ကျဆင်းလာခဲ့ကာ စောင့်ကြည့်လျက်ရှိကြောင်း ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

"ဒီတစ်ပတ်မှာ ရွှေဈေးက တက်ဈေးနဲ့ငြိမ်နေတယ်။ ကမ္ဘာ့ရွှေဈေးက မဆိုစလောက်ကလေး တက်လာတဲ့အတွက် မြန်မာ့ရွှေဈေးက မတက်ဘဲနဲ့ ဈေးအမြင့်မှာပဲ ငြိမ်နေတာ။ ဈေးပြန်ကျနိုင်တယ်ဆိုတဲ့သတင်းတွေကြောင့် အဝယ်ရော အရောင်းပါ အေးနေတယ်။ စောင့်ကြည့်နေကြတဲ့ သဘောပါ။ သင်္ကြန်ကလည်း နီးလာပြီဆိုတော့ ဈေးနည်းနည်းပြန်ကျတာနဲ့ ရောင်းကြမယ့်သူတွေများတယ်။ ခုက ကမ္ဘာ့ရေနံဈေးက ကျနေတော့ ကမ္ဘာ့ရွှေဈေးက မြင့်တက်လာတယ်။ ကမ္ဘာ့ရွှေဈေးမြင့်တက်လာတာနဲ့ မြန်မာ့ရွှေဈေးလည်း လိုက်ပြီးတက်လာမှာပဲ"ဟု ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြခဲ့သည်။

မြန်မာ့ရွှေဈေးသည် မတ်လ ၃၀ ရက်က ကျပ် ၆၈၃၀၀၀ ရှိခဲ့ရာမှ ဧပြီလ ၁ ရက်တွင် ကျပ် ၆၈၀၀၀၀ သို့ အနည်းငယ် ကျဆင်းသွားခဲ့သည်။ သို့သော် ဧပြီ ၃ ရက်တွင် ကျပ် ၆၈၂၀၀၀ သို့ အနည်းငယ် ပြန်လည်မြင့်တက်လာခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် မတ်လ ၃၀ ရက်နေ့က ၁၁၈၈ ဒေါ်လာရှိခဲ့ရာမှ ဧပြီလ ၁ရက်နေ့တွင် ၁၁၈၉ ဒေါ်လာသို့ အနည်းငယ်မြင့်တက်ခဲ့ပြီး ဧပြီလ ၃ ရက်တွင် ၁၂၀၂ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

April 3, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.32 |
| BDT | Bangladesh Taka | 77.41 |
| CAD | Canada Dollars | 1.26 |
| CNY | China Yuan Renminbi | 6.20 |
| EUR | Euro | 0.92 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 62.12 |
| IDR | Indonesia Rupiahs | 13010.90 |
| JPY | Japan Yen | 119.64 |
| MYR | Malaysia | 3.66 |
| PKR | Pakistan Rupees | 101.87 |
| PHP | Philippines Pesos | 44.40 |
| RUB | Russia Rubles | 56.92 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1091.63 |
| LKR | Sri Lanka Rupe | 132.31 |
| THB | Thailand Baht | 32.31 |
| GBP | United Kingdom Pounds | 0.67 |
| VND | Vietnam Dong | 21709.09 |

*Source : xe.com*

### World Gold Price

March/April 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 30 | 1188 | 1190 | 1190 |
| 31 | 1179 | 1180 | 1180 |
| 1 | 1183 | 1183 | 1183 |
| 2 | 1202 | 1203 | 1203 |
| 3 | 1196 | 1198 | 1198 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 30-3- 2015 | 684.50 | 684.30 |
| 31-3- 2015 | 681.50 | 681.70 |
| 1-4- 2015 | 680.00 | 679.80 |
| 2-4- 2015 | 683.50 | 684.00 |
| 3-4- 2015 | 682.00 | 681.70 |

### နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ/ဧပြီ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 30 | 6 .21 | 32.57 | 77.76 | 62.62 |
| 31 | 6. 20 | 32.53 | 77.61 | 62.58 |
| 1 | 6 .20 | 32.52 | 77.89 | 62.33 |
| 2 | 6 .20 | 32.45 | 77.25 | 62.23 |
| 3 | 6.20 | 32.31 | 77.41 | 62.12 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 30-March | 16.84 | 2109.41 | 1758.85 | 6257.66 | 1127.00 |
| 31-March | 16.51 | 2119.71 | 1771.62 | 6207.94 | 1117.00 |
| 1- April | 16.87 | 2115.46 | 1768.03 | 6170.53 | 1138.00 |
| 2- April | 17.07 | 2124.42 | 1758.85 | 6172.99 | 1159.00 |
| 3- April | 16.11 | 2150.85 | 1758.40 | 6106.91 | 1153.00 |

Source:kitco.com

## ဘိလပ်မြေ

### ဘိလပ်မြေအဝင်နည်း

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၈၃၃၁၄၇ တန်ဖိုးရှိ ဘိလပ်မြေ ၄၆၄၀၈ ဒသမ ၅၀ တန်ကို မတ်လ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်းမှာ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယမှ ၁၅၄၀ တန်၊ ပါကစ္စတန်မှ ၄၂၀ တန်၊ စင်ကာပူမှ ၅၆၀ တန်၊ ဗီယက်နမ်မှ ၁၉၅၀၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၂၄၃၈၈ ဒသမ ၅၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဝင်လာခဲ့တဲ့တံဆိပ်များမှာ စိန်၊ ဆင်၊ SCG နဲ့ DALMIA အကြား တံဆိပ်များ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ကိုးသောင်းနှစ်ထောင်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဈေးကွက်သွက်လာသော်လည်း ယခင်တစ်ပတ်ထက်အဝင်နည်းနည်း လျော့လာတဲ့ ဘိလပ်မြေ

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

မတ်လ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၄၆၄၀၀ ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၃၈၅၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ၉၂၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၅၈၂၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန်၃၂၃၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၄၈၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဆင်(ထိုင်း)၁၀၀ ကျပ်ဈေးကျလာပြီး ကြံ့(မြိုင်ကလေး) က ၂၀၀ ကျပ်ဈေးမြင့်လာပါတယ်။ စိန်က ယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင် (ထိုင်း) ၅၆၀၀ ကျပ်၊ မြင်းခေါင်း ၄၂၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၅၁၀၀ ကျပ်၊ စိန် ၅၅၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ သင်္ကြန်မတိုင်မီ ဆောက်လုပ်ရေးလုပ်ငန်းများ တွန်းလုပ်နေတာကြောင့် အရောင်းအဝယ်က လိုက်လာလို့ ဈေးက နည်းနည်းမြင့်လာတယ်။ငွေဈေးအနည်းငယ် မြင့်လာတာကြောင့်လည်း ဈေးမြင့်လာတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ၅၄၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၁၅၀ ကျပ်၊ ဆင်(မြန်မာ) ၅၁၀၀ ကျပ်၊ မြင်းခေါင်း ၅၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းသွက်ပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ စိန်(ထိုင်း) ၇၅၀၀ ကျပ်၊ခြင်္သေ့ ၅၀၀၀ ကျပ်၊အပါချီ ၅၂၀၀ ကျပ်၊ နဂါး ၅၂၀၀ ကျပ်၊ ကမ္ဘောဇ ၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ် လို့ အနောက်မြို့ပတ်လမ်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

## ဓာတ်မြေဩဇာ

### မြေဩဇာတန်ချိန် လေးထောင်ကျော်အဝင်ပို

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ မတ်လ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၅၄၇၄၉၀ တန်ဖိုးရှိ မြေဩဇာ ၇၀၉၅ ဒသမ ၆၆ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ မြေဩဇာ ၂၅ တန်၊ ပြင်သစ် မှ ၁၀၄၅ တန်၊ ဂျပန်မှ ၂ ဒသမ ၂၄ တန်၊ ကိုရီးယားမှ သုည ဒသမ ၆ တန်၊ စင်ကာပူမှ ၅၅၀၈ ဒသမ ၃၆ တန်၊ ထိုင်းနိုင်ငံမှ ၅၁၅ တန်တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် စင်ကာပူမှ အများဆုံးတင်သွင်းခဲ့ပါတယ်။ ဝင်လာတဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ ဩဂဲနစ်၊ ယူရီးယား၊ ပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်များဖြစ် ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၄၃၉၀ ဒသမ ၆၆ တန်အဝင်ပိုခဲ့ တယ်လို့ သိရပါတယ်။

### ဈေးအတက်အကျမရှိသော်လည်း အရောင်းအဝယ်ဖြစ်နေဆဲ မြေဩဇာ

မတ်လ ၂၂ ရက်မှ ၂၈ ရက်အတွင်း ပြည်တွင်းကိုရေလမ်းမှ မြေဩဇာ တန်ချိန် ၇၀၉၅ တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန်၂၇၀၅ တန် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၄၃၉၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ တန်ချိန် ၂၅၈၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၄၀၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၈၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ ပဲခူး၊ မကွေးမှာ မြေဩဇာဈေးငြိမ်ပြီး တောင်ကြီးမှာ ဈေးအတက်အကျအနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း မြေဩဇာ အရောင်းအေးပေမယ့် ဈေးကနည်းနည်းတက်လာတယ်။ ဈေးတက်ရတာကလည်း ငွေဈေးတက်တာကြောင့် တက်ရတာလို့ သိရပါတယ်။ ပုလဲ- အသေးက ၂၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည်က ၂၅၀၀ ကျပ်၊ ကွန်ပေါင်း (၁၆း၁၆း၈) က ၁၅၀၀ ကျပ်၊ တီစူပါက ၁၀၀၀ ကျပ် အသီးသီးဈေးမြင့်လာတယ်လို့ သိရပါ တယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား၊ ရွှေတောင်-တရုတ်) ၁၉၅၀၀ ကျပ်၊ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅(ထိုင်း) ၃၆၅၀၀ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) (ထိုင်း) ၃၁၀၀၀ ကျပ်၊ကွန်ပေါင်း-၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၉၅၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၁၉၅၀၀ကျပ်၊ တီစူပါ၁၆% (မြားကမ္ဘာ-တရုတ်) ၁၁၅၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၀၀၀၀ ကျပ်၊ ယူရီးယား(ရွှေတောင်-တရုတ်) ၁၉၂၀၀ကျပ်၊ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၁၉၂၀၀ ကျပ်၊ တီစူပါ ၁၂%(တရုတ်) ၁၀၂၀၀ ကျပ်၊ တီစူပါ ၁၆%(တရုတ်) ၁၀၈၀၀ ကျပ်၊ တီစူပါ (၁၅း၁၅း၁၅-တရုတ်) ၃၅၀၀၀ ကျပ်၊ ဓာတ်ဆား(တရုတ်) ၁၂၅၀၀ကျပ်၊ ပိုတက်(တရုတ်) ၂၄၀၀၀ ကျပ်၊(ယူအေအီး) ၁၉၀၀၀ ကျပ်၊မြားကမ္ဘာ ၁၄၂၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်အေးပေမယ့် ဈေးကနည်းနည်းတက်တယ်။ ဒါကလည်း ဝယ်ရင်း ဈေးအနည်းငယ် တက်တာကြောင့်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃)(အပြာ) ၁၃၅၀၀ ကျပ်၊ ဆင်(၁၀း၁၀း၅) ၁၄၀၀၀ ကျပ်၊ အာမို(၁၀း၁၀း၅) ၁၄၅၀၀ ကျပ်၊ အာမို(၁၅ ပတ်လည်) ၃၄၂၀၀ ကျပ်၊ အာမို (၁၆း၁၆း၈) ၃၁၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၁၉၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၈၀၀ကျပ်၊ အောင်ကမ္ဘာ(၁၀း၁၀း၅) ၁၆၀၀၀ ကျပ်၊ ပိုတက် ၂၂၆၀၀ ကျပ်၊ တောင်သူမ ၁၃၀၀၀ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ပဲခူးဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာက အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ(ပန်းဖူး) ၁၉၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်) ၁၈၅၀၀ ကျပ်၊ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်) ၁၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ၊ နို့မှုန့်အဝင်နည်း

မတ် ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၈၄၀၀ တန်ဖိုးရှိ နို့ဆီ ၂ ဒသမ ၄၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီတစ်မျိုးတည်းသာ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ထက် ဒီတစ်ပတ်မှာ နို့ဆီအဝင် တော်တော်လေးနည်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က မလေးရှားမှ ၁၇ တန်နဲ့ စင်ကာပူမှ ၁၄၀ ဒသမ ၈၇၁ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၁၂၅ ဒသမ ၄၅၄ တန် အဝင်နည်းခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော၊ နို့မှုန့်ပါ အဝင်နည်းခဲ့တယ်လို့ သိရပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

**နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၁/၃ မှ ၂၇/၃ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၄/၃ မှ ၂၀/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၅၄၆.၈၀ | ၃၅၁၁.၂၄ | (+) | ၃၅.၅၆ |
| ၂။ | လွယ်ဂျယ် | ၇၄၆.၀၀ | ၁၀၅၆.၀၀ | (-) | ၃၁၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၂၀၀.၀၀ | (-) | ၂၀၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၃၈၂၃.၅၀ | ၄၅၈၄.၅၀ | (-) | ၇၆၁.၀၀ |
| ၅။ | တာချီလိတ် | ၄၀၅၀.၀၀ | ၁၁၂၅၀.၀၀ | (-) | ၇၂၀၀.၀၀ |
| ၆။ | မြဝတီ | ၃၁၄၄.၀၀ | ၂၆၄၈.၀၀ | (+) | ၄၉၆.၀၀ |
| ၇။ | ကော့သောင်း | ၁၀၃၉၂.၀၀ | ၈၆၉၂.၃၀ | (+) | ၁၆၉၉.၇၀ |
| ၈။ | မြိတ် | ၁၈၂.၅၀ | ၄၃၅.၀၀ | (-) | ၂၅၂.၅၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၂၅၈၈၄.၈၀ | ၃၂၃၇၇.၀၄ | (-) | ၆၄၉၂.၂၄ |

မြင့်မြင့်မာ MIRT (DCCA)

**နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၁/၃ မှ ၂၇/၃ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၄/၃ မှ ၂၀/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၄၉၁၃.၄၅ | ၁၂၈၃၄.၇၀ | (+) | ၁၂၀၇၈.၇၅ |
| ၂။ | လွယ်ဂျယ် | ၈၅.၀၀ | - | (+) | ၈၅.၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၁.၇၅ | - | (+) | ၅၁.၇၅ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၇၇၀.၀၇ | ၇၇၈.၃၀ | (-) | ၈.၂၃ |
| ၆။ | ကော့သောင်း | - | ၃၉၆.၉၈ | (-) | ၃၉၆.၉၈ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | - | | - |
| | စုစုပေါင်း | ၂၅၈၂၀.၂၇ | ၁၄၀၀၉.၉၈ | (+) | ၁၁၈၁၀.၂၉ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း

### စခန်းစုံမှ နှမ်းရောင်စုံတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မတ် ၂၁ ရက်မှ ၂၇ ရက်အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၇၄၇ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၁၁၃၈ တန်ခွဲ၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၇၇၁၇၅ တန်ဖိုးရှိ နှမ်းနက် ၅၁ တန်ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၁၇၄၆ တန်ကျော်နဲ့ မြဝတီမှ နှမ်းနက် ၃၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ မူဆယ်နဲ့ ချင်းရွှေဟော်က နှမ်းတင်ပို့မှု လျော့နည်းခဲ့ပြီး မြဝတီမှ နှမ်းပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန်ကို ၁၇၉၇၁၈၄ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၁၆၃၂၀၆ ကျပ်သို့လည်းကောင်း၊ နှမ်းနက်တစ်တန်ကို ၁၉၃၃၇၀၃ ကျပ်မှ ၁၈၈၈၉၅၅ ကျပ်သို့ လည်းကောင်း ဈေးအနည်းငယ် ကျဆင်းသွားခဲ့ပါတယ်။ မန္တလေး-မူဆယ် ကုန်စည်သယ်ယူခ နှုန်းထားမှာတော့ ယခင်ရက်သတ္တပတ်က ၁၀၄-၉၇ ကျပ်မှ ယခုတစ်ပတ်တွင် ၁၀၀-၉၇ ကျပ်ဈေးရှိခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်စခန်းအလိုက် တင်ပို့ခဲ့တဲ့နှမ်းရောင်စုံတွေကတော့-

တန်ဖိုး-ကိန်းပြည့်

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် | မြဝတီ |
|---|---|---|---|
| နှမ်းဖြူ | ၉၈. ၁၅ | ၅၇၄ | - |
| နှမ်းနက် | ၁၂၃. ၃၅ | ၂၅၀ | ၅၁. ၄၅ |
| နှမ်းညို | - | ၇၅ | - |
| နှမ်းဖြူ (အခွံချွတ်) | ၁၈. ၀၀ | - | - |

အသီးသီးဖြစ်ပါတယ်။

မော်မော်အောင်MIRT (DCCA)

### ဂျပန်၊ ကိုရီးယားဝယ်လက်ရှိလို့ ပန်းနှမ်းဈေးမာ

ပြီးခဲ့တဲ့ မတ်လအတွင်းမှာ ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ ပန်းနှမ်းတွေ ဈေးတက်လာပါတယ်။ ပြည်ပဝယ်လက်တွေ အဆွဲရှိနေတာကြောင့် ဆီထွက်သီးနှံဈေးများ တက်လာပါတယ်။ ဒီတစ်ပတ်မှာ ပန်းနှမ်းဈေးက ထပ်တက်လာပါတယ်။ ပန်းနှမ်းစထွက်ချိန်က တစ်ပိဿာဈေး ၁၁၀၀ ကျပ်ဝန်းကျင်ဈေးနဲ့ စဖွင့်ခဲ့ပါတယ်။ အဖွင့်ဈေး ၁၁၀၀ ကျပ်-၁၂၀၀ ကျပ်ဝန်းကျင်နဲ့ ဈေးငြိမ်နေခဲ့ပြီး မတ်လ တတိယပတ်လောက်မှာ ဈေးစတက်လာပါတယ်။ ဂျပန်နဲ့ ကိုရီးယားဘက်က အဝယ်ရှိလို့ ဈေးတက်လာတယ်လို့ သိရပါတယ်။ မတ် လပိုင်း ကုန်တာနဲ့ ပန်းနှမ်း အဝင်ကျဲလာပြီး လက်ကျန်လည်း နည်းလာပါတယ်။ လက်ကျန်နည်းသွားပြီဆိုပေမယ့် လှောင်လက်တွေနဲ့ ဆီစက်အချို့တွေမှာတော့ ပစ္စည်းအနည်းငယ် ရှိနေပါသေးတယ်။ ပန်းနှမ်းလက်ကျန်နည်းလာပြီး အဝယ်လိုက်နေတာကြောင့် ဒီတစ်ပတ်ပန်းနှမ်းဈေးမှာ တစ်ပိဿာ ၁၄၇၀ ကျပ်ထိ ဈေးတက်လာပါတယ်။ အရောင်းအဝယ်ကတော့ တစ်ပတ်အတွင်း ပိဿာချိန် လေးသောင်း၊ ငါးသောင်းခန့် အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

စောယုထွေး-တောင်ကြီး

### Export ဝယ်လက်ရှိတဲ့ စစ်ကိုင်းမြေပဲ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ ခုနှစ်ဆောင်းမြေပဲစိုက်ဧက ၄ ဒသမ ၃၅ သိန်းအနက် ဧက ၄ ဒသမ ၇၅ သိန်းစိုက်ပျိုးခဲ့လို့ ရာခိုင်နှုန်းအားဖြင့် ၁၀၉ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းမြေပဲ တစ်ဧက ပျမ်းမျှအထွက်နှုန်းတင်း ၆၀ ကျော်ထွက်ပါတယ်။ ယခုအချိန်ဟာ ဆောင်းမြေပဲထွက်ပေါ်ချိန် ကုန်ဆုံးချိန်ဖြစ်၍ မုံရွာကုန်စည်ဒိုင်သို့ အဝင်လျော့နည်းလာပြီဖြစ်၍ ဘုတလင်၊ အရာတော်၊ ယင်းမာပင်၊ ကနီ၊ ပုလဲ၊ ဆားလင်းကြီးမြို့နယ်များမှ တစ်ရက်တင်း ၄၀၀၊ ၅၀၀ ကျော်ဝင်ရောက်ပြီး ဝင်သမျှအားလုံး အရောင်းအဝယ်ဖြစ်ကာ တရုတ် Export ဝယ်လက်ရှိ၍ ဝယ်လိုအားရှိသလောက် မုံရွာကုန်စည်ဒိုင်မှ ရောင်းလိုအားမရှိ ဖြစ်နေပါတယ်။ မုံရွာကုန်စည်ဒိုင်ပေါက်ဈေးနှုန်း ယခုဧပြီလဆန်း တစ်ပိဿာ ဈေးနှုန်းများမှာ မြေပဲဆန်နီ ၂၂၅၀ ကျပ်၊ မြေပဲဆန်ဖြူ ၂၃၀၀ ကျပ်၊ ပဲဆီ ၄၀၀၀ ကျပ်ဈေးပေါက်ပါတယ်။ ယခင်နှစ်ကာလတူဈေးများမှာ မြေပဲဆန်နီ တစ်ပိဿာ ၁၅၂၅ ကျပ်၊ မြေပဲဆန်ဖြူ တစ်ပိဿာ ၁၄၂၅ ကျပ်၊ ပဲဆီ တစ်ပိဿာ ၂၈၀၀ ကျပ် ဈေးပေါက်ခဲ့ပါတယ်။

သန်းသန်းတင်-မုံရွာ

## စားအုန်းဆီ

### စားအုန်းဆီလုပ်ငန်းအတွက် ၂၀၁၅ ခုနှစ်က စိန်ခေါ်နေတဲ့ နှစ်တစ်နှစ်ဖြစ်

ယခုနှစ်က စားအုန်းဆီထုတ်လုပ်ရေးလုပ်ငန်းအတွက် စိန်ခေါ်နေတဲ့ နှစ်တစ်နှစ်ဖြစ်ကြောင်းနဲ့ စားအုန်းဆီကြမ်း (Crude Palm Oil-CPO ) ဈေးနှုန်းတွေက ယခုနှစ် ဒုတိယနှစ်ဝက်မှာ ဆက်လက်ကျဆင်းနိုင်ကြောင်း Boustead Plantations Bhd ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြထားပါတယ်။ စားအုန်းဆီဈေးက တစ်တန်ကို ရင်းဂစ် ၂၂၀၀ ဝန်းကျင်မှာ ရှိနေလိမ့်မယ်လို့ ကုမ္ပဏီဒုတိယဥက္ကဋ္ဌ တန်ဆရီလိုဒင်ဝုတ်က ပြောပါတယ်။ ယခင်နှစ်ကနဲ့ နှိုင်းယှဉ်ရင် စားအုန်းဆီလက်ကျန်က သိသိသာသာကျဆင်းခဲ့ပေမယ့် ဈေးကွက်ထဲကို ပဲပုပ်ဆီအမြောက်အမြား ဝင်ရောက်မှု တရုတ်နဲ့ အိန္ဒိယက ဝယ်လိုအား နှေးကွေးကျဆင်းမှုတို့ကြောင့် စားအုန်းဆီဈေးတက်မှာကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။

“ လာမယ့် ခုနစ်လအတွင်း အခြေအနေပြောင်းလဲသွားမယ်လိုတော့ ခန့်မှန်းထားပါတယ်။ အားလုံးခြုံကြည့်ရင် ပထမခြောက်လအတွင်းမှာ ဈေးပြန်ကောင်းလာမယ်လို့ ခန့်မှန်းပါတယ်။ ဒါပေမယ့် ဒုတိယနှစ်ဝက်မှာ လက်ကျန်ပိုများလာတဲ့အတွက် ဈေးတွေထပ်ပြီး ကျမယ်လို့ ခန့်မှန်းပါတယ်” လို့ သူကပြောပါတယ်။

ထုတ်လုပ်မှုမြင့်တက်လာတဲ့အပြင် ရင်းဂစ်တန်ဖိုးပါမြင့်တက်မှုကြောင့် စားအုန်းဆီအရောင်းထိုင်းလာပြီး မလေးရှားစားအုန်းဆီရဲ့ ကြိုရောင်းကြိုဝယ်ဈေးက ဧပြီ ၁ ရက်နေ့မှာ ကျဆင်းလာခဲ့ပါတယ်။ ဘာဆာမလေးရှား ကုန်စည်ဒိုင်မှာ ဇွန်လအတွက် ချုပ်ဆိုတဲ့ ကြိုရောင်းစာချုပ်ဈေးက သုည ဒသမ ၅၁ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၁၅၁ ရင်းဂစ် (၅၈၂ ဒေါ်လာ) နှုန်းရှိခဲ့ပါတယ်။ စုစုပေါင်းရောင်းချမှုပမာဏက ၂၅ တန်ရှိအတွဲ ၂၉၉၇၃ တွဲရှိတဲ့အတွက် ပျမ်းမျှရောင်းချမှုအတွဲ ၃၅၀၀၀ အောက်ကျဆင်းနေပါတယ်။ ရင်းဂစ်တန်ဖိုးမြင့်တက်မှုက ဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးမြင့်တက်လာတဲ့ အတွက် ရင်းဂစ်နဲ့ သတ်မှတ်တဲ့စားအုန်းဆီရဲ့ တန်ဖိုးကိုပိုမိုမြင့်တက်လာစေခဲ့ပါတယ်။ ဒါကြောင့် မလေးရှား ဈေးကွက်မှာရှိတဲ့ ပင်လယ်ရပ်ခြားရှိ ဝယ်လက်တွေရဲ့ စိတ်ဝင်စားမှုကို ကျဆင်းစေခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ စားအုန်းဆီအများဆုံးထုတ်လုပ်တဲ့ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ သစ်တောများ ခုတ်ထွင်ရှင်းလင်းမှုကို ၂၀၁၁ ခုနှစ်က ပိတ်ပင်ထားခဲ့ရာ ၂၀၁၅ ခုနှစ် မေလကို နောက်ဆုံးရက်အဖြစ် သတ်မှတ်ထားခဲ့ကြောင်း အဆိုပါ နောက်ဆုံးအဖြစ် သတ်မှတ်ထားသည့်ရက်အား ထပ်မံ၍ သက်တမ်းတိုးပိတ်ပင်သွားမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ဧပြီ ၁ ရက်က ပြောပါတယ်။

ဉာဏ်တင်

### ပြည်တွင်းဆီဈေးနှုန်းများ (၃-၄-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၄၀၀ | ၃၄၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၃၃၀ | ၁၃၁၅ | ▽ |
| မန္တလေး | ၃၇၀၀ | ၃၈၀၀ | △ | ၃၅၀၀ | ၃၅၀၀ | □ | ၁၄၃၀ | ၁၄၃၀ | □ |
| ပဲခူး | ၂၆၀၀ | ၂၇၀၀ | △ | ၅၀၀၀ | ၅၀၀၀ | □ | ၁၄၀၀ | ၁၄၂၀ | △ |
| မကွေး | ၃၆၀၀ | ၃၉၀၀ | △ | ၄၂၀၀ | ၄၀၀၀ | ▽ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၄၇၀ | ၁၄၇၀ | □ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt-dtp*

### စားအုန်းဆီဈေးနှုန်းများ (၃၀-၃-၂၀၁၅ မှ ၃-၄-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၃၀-၃-၂၀၁၅ | ၆၆၅ |
| (၂) | ၃၁-၃-၂၀၁၅ | ၆၆၅ |
| (၃) | ၁-၄-၂၀၁၅ | ၆၇၀ |
| (၄) | ၂-၄-၂၀၁၅ | ၆၇၀ |
| (၅) | ၃-၄-၂၀၁၅ | ၆၆၅ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃-၄-၂၀၁၅ US$/Ton

| အမျိုးအစား | မတ်လစတုတ္ထပတ် | မတ်လပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၁၈.၀၀ | ၆၁၅.၀၀ | ▽ |
| RBD P.Olein | ၆၂၉.၀၀ | ၆၀၇.၀၀ | ▽ |
| RBD P.Strarin | ၆၁၅.၅၀ | ၅၉၃.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃ - ၄ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၁၇၄.၆၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၂.၉၄ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၅.၈၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၅၈ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၇.၈၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၈.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၃၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၀၇.၀၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ (၃-၄-၂၀၁၅)နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၆၅ ဒေါ်လာ၊ FOB ၆၄၀ ဒေါ်လာနှင့် Earning ဈေး ၁၀၈၁ကျပ်)ဖြင့်တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၃-၄-၂၀၁၅ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၈၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါ ဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေသည် နောက်ကြောင်းပြန်လှည့်ရန် အလားအလာမရှိကြောင်း စင်ကာပူသတင်းဌာနများမှ ဖော်ပြ

စင်ကာပူနိုင်ငံ၌ မတ်လ ၃၀ရက် နေ့တွင် ထုတ်ဝေသည့် The Straits Times သတင်းစာ၌ ဆောင်းပါးရှင် Nirmal Ghosh ကမြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေနှင့်ပတ်သက်၍ နောက်ကြောင်း ပြန်လှည့်ရန်မရှိကြောင်း သတင်းရေးသား ဖော်ပြချက်အား အောက်ပါအတိုင်းကောက်နှုတ် တင်ပြအပ်ပါသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၁၆ ဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်လျက်ရှိချိန်တွင်မြန်မာ့တပ်မတော်မှ နယ်စပ်ဒေသ တိုက်ပွဲများ၌ ပါဝင်လျက်ရှိမှုများ၊ ကျောင်းသားများ၏ပညာရေးစနစ်အပေါ် ဆန့်ကျင်ဆန္ဒ ပြမှုများ၊ မကြာသေးမီက သတင်းလွတ်လပ်ခွင့်ရရှိခဲ့သည့် မီဒီယာများမှ အစိုးရ၏ သည်းခံနိုင်မှုကန့်သတ်ချက်ကို ဖော် ထုတ်ခြင်းများစသည့် အကြောင်းပြချက်များနှင့်အတူ ပြည်တွင်းနှင့် ပြည်ပသတင်းမီဒီယာများ၏ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ခေါင်းစီးပိုင်းသတင်းများမှာ မကြာခဏဆိုသလို စိုးရိမ်ပူပန် ဖွယ်ရာအချက်များကိုသာ ရေးသားဖော်ပြလျက်ရှိကြပါသည်။ အလားတူ အခွင့်အရေးတက်ကြွလှုပ်ရှားသူများကလည်းမြန်မာအရပ်သား အစိုးရအနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများမှ နောက်ပြန်လှည့်သွားလျက်ရှိကြောင်း စွပ်စွဲပြောဆိုလျက်ရှိကြသည်။

သို့ရာတွင် နိုင်ငံရေးမတည်ငြိမ်မှု များရှိနေသော်လည်း၎င်းအခြေအနေကို ရပ်ဆိုင်းစေရန် အခြေခိုင်နေပြီဖြစ်သည့် စီးပွားရေးဆိုင်ရာဖြေလျှော့မှုများက ကောင်းစွာဆွဲဆောင်လျက်ရှိကြောင်း ထိုင်းနိုင်ငံ၏ အထင်ကရကုမ္ပဏီကြီး တစ်ခုဖြစ်သော Charoen Pokphand (CP) အုပ်စုမှ ဒုတိယ အမှုဆောင်ဥက္ကဋ္ဌ Dr. Sarasin Viraphol ကပြောကြားပါသည်။ မတ်လ ၂၃ ရက်နေ့က ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သည့် အာဆီယံ-မြန်မာဖိုရမ်၏ ပြင်ပတွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ဖြေကြားရာတွင် မြန်မာနိုင်ငံ၌ သဘာဝ အရင်းအမြစ်ကြွယ်ဝပြီး လူဦးရေသန်း ၅၀ ရှိသော ဈေးကွက်တစ်ရပ်နှင့်အတူ ကျွမ်းကျင်မှုအရည်အချင်း ပြည့်စုံသူနှင့် မပြည့်စုံသူ လုပ်သားများစွာရှိကြောင်း၊ ကမ္ဘာ့တစ်ဝန်း၌ အခြေခံလိုအပ်ချက်ထက် ပိုမိုသုံးစွဲနိုင်သူလူတန်းစား (Consuming class) မှာ ၃၅ ရာခိုင်နှုန်းရှိနေချိန်၌မြန်မာနိုင်ငံ၏လူဦးရေတွင်အဆိုပါ လူတန်းစားမှာ ၄ ရာခိုင်နှုန်းမျှသာရှိကြောင်း၊ နိုင်ငံရေးမျက်နှာစာ သို့မဟုတ်နိုင်ငံတကာမျက်နှာစာ၌မည်သို့ ပင်ရှိစေကာမူဤ၎င်းတို့အနေဖြင့် လူမှုဝန်း ကျင်ဖွံ့ဖြိုးတိုးတက်မည့်လှုပ်ရှားမှုများကို သာ အလေးပေးရှုမြင်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌စီးပွားရေးအရှိန်အဟုန်မှာ တိုးတက်လာမည်ဟုမိမိတို့ယုံကြည် ကြောင်းစသည်ဖြင့် Dr.Sarasin က ပြောဆိုခဲ့ခြင်းဖြစ်သည်။ CPအုပ်စုသည် မြန်မာနိုင်ငံကြက်မွေးမြူရေးဈေးကွက်သို့ လွန်ခဲ့သောနှစ်ပေါင်း ၂၀ ခန့်ကပင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လုပ်ငန်းတိုးချဲ့ မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။လက်ရှိကာလ၌မြန်မာနိုင်ငံရှိမြို့ကြီးများတွင်ကြက်ကင်ဆိုင်ပေါင်း ၁၀၀ကျော်တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ထားရှိပြီး ထိုင်းနိုင်ငံရှိ Malvo စူပါမားကတ်များကဲ့သို့အလယ်အလတ် အဆင့်ရှိသောကုန်မျိုးစုံလက်လီအရောင်း ဆိုင်ခွဲ များကို ဖွင့်လှစ်နိုင်ရန်လည်းစီစဉ် လျက်ရှိပါသည်။

မြန်မာနိုင်ငံသို့ ပြည်ပမှတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ၏ ဝင်ရောက်မှုမှာလည်း တိုးတက်လျက်ရှိရာ အစိုးရအဆင့်မြင့် အရာရှိတစ်ဦးက ယခုဘဏ္ဍာနှစ် အတွင်း မူလကခန့်မှန်းထားသည်ထက် ဒေါ်လာ ၃ ဘီလီယံပိုမိုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ခဲ့ကြောင်း၊ ကုန်ထုတ်လုပ်ငန်း၊ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းနှင့် စွမ်းအင်ကဏ္ဍတို့၌ ဝင်ရောက်လုပ်ကိုင်မှုတိုးပွားလာခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနသို့ ယခင် ရက်သတ္တပတ်အတွင်း ကပြောကြားခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာ မြန်မာနိုင်ငံသို့ ဆက်လက်စီးဝင်မည့် အလားအလာများရှိနေပြီး အာရှဒေသရှိ စီးပွားရေးလုပ်ငန်းများ၏ လေးပုံတစ်ပုံခန့်မှာ ယခုနှစ်အတွင်း မြန်မာဈေး ကွက်၌ လုပ်ငန်းများတိုးချဲ့လုပ်ဆောင်ဖွယ်ရှိကြောင်း ယူအိုဘီဘဏ်၏ ၂၀၁၄ ခုနှစ်အတွက် အာရှဒေသစီးပွားရေးလုပ်ငန်းများ လေ့လာမှုစစ်တမ်းတွင် ဖော်ပြထားပါသည်။ စင်ကာပူနိုင်ငံတွင် အခြေစိုက်သော ယူအိုဘီဘဏ်သည် မြန်မာနိုင်ငံ၌ ဘဏ်လုပ်ငန်းလုပ်ကိုင်ရန် ကနဦးလိုင်စင်ရရှိသည့် ပြည်ပဘဏ် ၉ခုတွင် အပါအဝင်ဖြစ်ပြီး တရုတ်၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း စသည့်နိုင်ငံများရှိ ကုမ္ပဏီပေါင်း ၁၀၂၄ ခုထံမှ စစ်တမ်း ကောက်ယူမှုပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံ၌ အလုပ်အကိုင်များ ပိုမိုဖန်တီးပေးပြီး ဝင်ငွေတိုးတက်လာစေမည်ဖြစ်ကြောင်း၊ ထိုမှ တစ်ဆင့် အခြားသော စီးပွားရေး အခွင့်အလမ်းအသစ်များသည်လည်း ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ယူအိုဘီ မှ ပြောဆိုပါသည်။ မော်တော်ယာဉ်လုပ်ငန်း၊ စားသောက်ကုန်နှင့်ဖျော်ရည် လုပ်ငန်း၊ သတင်းအချက်အလက် နည်းပညာလုပ်ငန်း၊ ပင်လယ်ရေ ကြောင်းပို့ဆောင်မှုနှင့်ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများမှာ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အဓိကစိတ်ဝင်စား သည့် ကဏ္ဍများဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးသည် ၂၀၁၃-၂၀၁၄ ခုနှစ် ဂျီဒီပီတိုးတက်မှုနှုန်း ၇ ဒသမ ၈ ရာခိုင်နှုန်း ထက်ကျော်လွန်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၈ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်လာဖွယ်ရှိကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်မှ ခန့်မှန်းထားပါသည်။ မတ်လတတိယပတ် အတွင်း ထုတ်ပြန်ခဲ့သည့် နှစ်စဉ်စီးပွား ရေးအလားအလာခန့်မှန်းချက်အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ အခြေခံပြုပြင်ပြောင်းလဲရေးအစီအစဉ်များက မကြာသေးမီနှစ်များအတွင်း တိုးတက်မှုကို ရရှိစေခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ဆက်လက်တိုးတက်မည်ဟု ခန့်မှန်းရကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်မှ ဖော်ပြပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၅ နှစ်တာ ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အမျိုးသားပို့ကုန်မဟာ ဗျူဟာကိုလည်း ပြီးခဲ့သည့် ရက်သတ္တ ပတ်အတွင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ၎င်းမဟာဗျူဟာသည် အိမ်နီးချင်း တရုတ်နှင့် အိန္ဒိယဈေးကွက်များ၊ အခြားသော ကမ္ဘာ့ဈေးကွက်များနှင့်ပေါင်းစည်း ရာတွင် အဆင့်နိမ့်တန်ဖိုးမြှင့်ထုတ်ကုန် နှင့်လုပ်အားခနည်းပါးသည့် ကုန်စည် ထုတ်လုပ်မှုတို့အပေါ် အမှီအခိုပြုသည့် ပြည်ပပို့ကုန်ကဏ္ဍမှ ပိုမိုကျယ်ပြန့်ပြီး ယှဉ်ပြိုင်မှုကို အခြေခံသည့်စနစ်သို့ ပြောင်းလဲလုပ်ကိုင်ရန် ပုံစံထုတ်ထား ခြင်းဖြစ်ပါသည်။ ဂျီနီဗာအခြေစိုက် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာနမှ အမှုဆောင် ဒါရိုက်တာ Ms. Arancha Gonzalez ကမြန်မာနိုင်ငံ ၏ စီးပွားရေးလုပ်ငန်းများအနက် အသေးစားနှင့်အလတ်စားလုပ်ငန်းများမှာ ၉၈ ရာခိုင်နှုန်းခန့်ပါဝင်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းများသည် မြန်မာနိုင်ငံထွက်ကုန်စည်များအပေါ် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့မှ အကောက်ခွန်ကင်းလွတ်ခွင့်နှင့် ခွဲတမ်းသတ်မှတ် ချက်ကင်းလွတ်ခွင့်များ ပေးအပ်ထား သည်ကိုပင်မသိရှိခဲ့ကြကြောင်း၊ သို့ရာတွင် ၎င်းအချက်များမှာ စီးပွားရေး လုပ်ကိုင်ရန် ကြီးမားသည့် အခွင့်အလမ်း တစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးတံခါးဖွင့်လှစ်မှုကို အဆင့်ဆင့် လုပ်ကိုင်ဆောင်ရွက်သည့် လမ်းကြောင်းတွင် ရောက်ရှိနေပြီး ၎င်းအခြေအနေကိုဆက်လက်ထိန်းသိမ်းထားရှိမည်ဟု မျှော်လင့်ရကြောင်း စသည်ဖြင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းဌာနများသို့ ပြောကြားခဲ့ပါသည်။

အာဆီယံ-မြန်မာဖိုရမ်အား ကမကထ ပြုကျင်းပသည့် စင်ကာပူနိုင်ငံ တကာရေးရာသိပ္ပံဌာနမှ ပါမောက္ခ Mr.Simon Tay ကလည်း အနောက်တိုင်းသတင်းဌာနများသည် အခြားသော အမြင်ရှုထောင့်မှနေ၍ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သတင်းများ ရေးသားဖော်ပြလျက်ရှိကြကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် အဆင့်အလိုက် တိုးတက်ဖြစ်ထွန်းမှုများကို နှစ် ကာလများစွာကပင် စောင့်ကြည့်လေ့ လာခဲ့ကြကြောင်း၊ ပြီးပြည့်စုံသော ဒီမိုကရေစီစနစ်တစ်ရပ်မှာ နေ့ချင်းည ချင်းဖြစ်ပေါ်လာနိုင်မည်မဟုတ်ကြောင်း၊ သို့ဖြစ်ရာ အာဆီယံနှင့်မိမိတို့ဒေသတွင်း၌ အရေးပါသော အစိတ်အပိုင်းတစ်ရပ် အဖြစ် မြန်မာနိုင်ငံအပေါ် အခြေခံအားဖြင့် အပြုသဘောဆောင် ရှုမြင်လျက်ရှိကြောင်း ပြောဆိုပါသည်။ အလားတူ Hamsa Hub စီးပွားရေးအတိုင်ပင်ခံလုပ်ငန်းမှ ဦးသုတအောင်ကလည်း မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲရေးလုပ် ငန်းစဉ်များစွာကို ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အားလျော်စွာ နောက်ကြောင်း ပြန်လှည့်ရန်မှာ အလှမ်းဝေးကွာသွားပြီဖြစ်ကြောင်း၊ ၎င်းအနေဖြင့်နိုင်ငံရေး အခင်းအကျင်းနှင့် ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုမရှိကြောင်း စသည်ဖြင့် အဆိုပါဖိုရမ်၌ ပြုလုပ်သောတွေ့ဆုံမေးမြန်းခန်း တစ်ခုတွင် ပြောကြားခဲ့ပါသည်။

(ဆောင်းပါးရှင် Mr.Nirmal Ghosh သည် The Straits Times သတင်းဌာနမှ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ဖွင့်လှစ်ထားသော အင်ဒိုချိုင်းနားဗျူရို၏ အကြီးအကဲဖြစ်ပြီး အကြီးတန်းသတင်းထောက်အဖြစ်လည်း ဆောင်ရွက်လျက်ရှိသူ ဖြစ်ပါသည်။)

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

# ထိုင်းနိုင်ငံ၏တန်ဖိုးမြှင့်ခွန်နှုန်း ၇ ရာခိုင်နှုန်းမှာပင် ဆက်လက်ထားရှိနိုင်

ထိုင်းနိုင်ငံသည် စီးပွားရေး နာလန်ထူလာမှုအတွက် ဆက်လက် ကြိုးပမ်းရုန်းကန်နေရဦးမည့်အခြေအနေများကြောင့် ပြည်တွင်းစားသုံးမှုကို အထောက်အကူဖြစ်စေရန် ဘဏ္ဍာရေးဝန်ကြီးဌာနသည် တန်ဖိုးမြှင့်ခွန် (value-added tax- VAT)) ကို နောက်ထပ်တစ်နှစ်သို့မဟုတ်နှစ်နှစ်အထိ ၇ ရာခိုင်နှုန်းမှာပင်ဆက်လက်ထားရှိနိုင်ကြောင်း ဘဏ္ဍာရေးမူဝါဒဌာန (FPO) ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့ပါသည်။

VAT ၇ ရာခိုင်နှုန်း သတ်မှတ်ချက်သည် လာမည့် စက်တင်ဘာလ ၃၀ ရက်နေ့တွင် သတ်မှတ်ကာလ ကုန်ဆုံးမည် ဖြစ်ပါသည်။ ဘဏ္ဍာရေး ဝန်ကြီးဌာနသည် အစိုးရ၏ လိုငွေပြရသုံးမှန်းခြေငွေစာရင်းကို ထောက်ပံ့ပေးရန် ယခုဘဏ္ဍာနှစ်တွင် VAT ကို နောက်ထပ်အနည်းဆုံး ၁ ရာခိုင်နှုန်းတိုးမြှင့်မည်ဟု ယခင်ကကြေညာခဲ့ပါသည်။ သို့ရာတွင် VAT တိုးမြှင့်ခြင်းဖြင့် လက်ရှိအချိန်မှာ ကျဆင်းနေဆဲဖြစ်သော ပြည်တွင်းစားသုံးမှုကို အားပျော့စေနိုင်ကြောင်း ထောက်ပြ၍ ကန့်ကွက်ခဲ့ကြပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန၏ အစီအစဉ်/လုပ်ငန်းစဉ်အရ အမွေဆက်ခံခြင်း အခွန်၊ မြေနှင့်အဆောက် အအုံအခွန် စသည်တို့နှင့်ပတ်သက်၍ ဆုံးဖြတ်သတ်မှတ်ပြီးမှ VAT အခွန်နှုန်းနှင့်ပတ်သက်၍ စဉ်းစားဆုံးဖြတ်မည်ဖြစ်ကြောင်း သိရှိရပါသည်။ VAT ကို ၁၉၉၂ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ၁၀ ရာခိုင်နှုန်း သတ်မှတ်ခဲ့သော်လည်း စီးပွားရေးလုပ်ငန်းများ၏ မေတ္တာရပ်ခံ ချက်အရ ၇ ရာခိုင်နှုန်းသို့ ချက်ချင်းလျှော့ချပေးခဲ့ပါသည်။

အစိုးရ၏ အနာဂတ်ရင်းနှီး မြှုပ်နှံမှုများအတွက် ငွေကြေးထောက်ပံ့ပေးနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် အခွန်ဝင်ငွေ ပိုမိုရရှိရေး ဆောင်ရွက်ရန် စိတ်အားထက်သန် လျက်ရှိပါသည်။ အကယ်၍အမွေဆက်ခံခြင်းအခွန်၊ မြေနှင့်အဆောက်အအုံ အခွန် စသည်တို့ကိုအကောင်အထည်ဖော်နိုင်ခြင်း မရှိပါက VAT ကိုမြှင့်တင်ရန် လိုအပ်လာနိုင်ကြောင်း ထိုင်းနိုင်ငံဝန်ကြီးချုပ်မှ သတိပေးပြောကြားခဲ့ပါသည်။

ထို့ပြင် ဘဏ္ဍာရေးမူဝါဒ ဌာနသည် ပုဂ္ဂလိကသုံးစွဲမှု မြှင့်တင်ရန် ဝန်ဆောင်ခအပေါ် ကောက်ခံသော နုတ်ဖြတ်ခွန် (Withholding tax) ကို ၃ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းသို့ လျှော့ချရန် အဆိုပြုတင်ပြခဲ့ပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာန၏ အကြံပေးအဖွဲ့မှ withholding tax အတွက် ၂ ရာခိုင်နှုန်းသည် အသင့်တော်ဆုံးဖြစ်လိမ့်မည်ဟု ယူဆပါသည်။

လုပ်ငန်းဝင်ငွေခွန်နှင့် (တစ်ဦးချင်း) ဝင်ငွေခွန် လျှော့ချခဲ့ပြီးနောက် withholding tax လျှော့ချရန် အဆိုပြုခဲ့ကြခြင်းဖြစ်ကြောင်း၊ အခွန်ဝန်ထုပ်ဝန်ပိုး နည်းပါးခြင်းသည် အခွန်ထမ်းများ၏ ငွေဖြစ်လွယ်မှုကို မြှင့်တင် ပေးပြီး ပိုမိုသုံးစွဲစေရန် တွန်းအားပေးနိုင်သည်ဟု ယူဆကြကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ပြည်တွင်း၌ဆန်စျေးနှုန်းများကျဆင်း မှုကြောင့် ထိုင်းအစိုးရ၏ဆန်လေလံ တင် ရောင်းချမှုရပ်ဆိုင်း

ထိုင်းနိုင်ငံ၌ ဆန်စျေးကွက်ပေါက်စျေးနှုန်းသည် ကျဆင်းလျက်ရှိသောကြောင့် စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနသည် ဧပြီလ အစောပိုင်းတွင် ပြုလုပ်ရန် စီစဉ်ထားသည့် ယခုနှစ်၏ တတိယအကြိမ် ဆန်လေလံတင်ရောင်းချခြင်းကို ရွှေ့ဆိုင်းမည်ဖြစ်ကြောင်း သိရှိရပါသည်။

သို့ရာတွင် အစိုးရအနေဖြင့် ဆန်များထုတ်ရောင်းခြင်းကို အခြားနည်းလမ်းများဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ အစိုးရချင်းဆက်သွယ် ရောင်းချသည့်စနစ်ဖြင့် အဓိကထား ရောင်းချပါမည်။ လောလောဆယ်တွင် ထိုင်းနိုင်ငံအနေဖြင့် တရုတ်၊ ဖိလစ်ပိုင် နိုင်ငံများသို့ အစိုးရချင်းဆက်သွယ် ရောင်းချသည့်စနစ်ဖြင့် ဆန်ရောင်းချမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံသည် မကြာသေးခင်က ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၂ သိန်းရောင်းချခွင့်ရရှိခဲ့ပါသည်။ တရုတ်နိုင်ငံသို့လည်း အစိုးရချင်းဆက်သွယ်ရောင်းချသည့်စနစ်ဖြင့် နောက်ထပ် ဆန်တန်ချိန် ၂သိန်းရောင်းချရန် လာမည့်မေလတွင် ဆန်အရောင်းအဝယ်စာချုပ်လက် မှတ်ရေးထိုးမည် ဖြစ်ပါသည်။ တောင်ကိုရီးယား၊ တူရကီ စသည့်အခြားသော နိုင်ငံများသည်လည်း ထိုင်းနိုင်ငံမှ ဆန်နှင့်အခြားထုတ်ကုန်များကို ဝယ်ယူရန် စိတ်ဝင်စားမှုရှိနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာချက်ချိုင်းက ပြောကြားခဲ့ပါသည်။

ထိုင်းဆန်စက်လုပ်ငန်းရှင်များအသင်း၏ ပြောကြားချက်အရ ယခု ရက်သတ္တပတ်အတွင်း(ဆန်ဖြူ) စပါးစျေးနှုန်းသည် တစ်တန်လျှင် ဘတ် ၇၃၀၀-၇၉၀၀ ဖြစ်ပါသည်။ အစိုးရ၏ ဆန်များကို ထုတ်ရောင်းရန် သင့်တော်သည့်အချိန်ကို ဆုံးဖြတ်နိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် စျေးကွက်ပေါက်စျေးနှုန်းများကို စဉ်ဆက်မပြတ်စောင့် ကြည့်လေ့လာမည် ဖြစ်ပါသည်။

အစိုးရက ဆန်များကို ဆက်တိုက် ထုတ်ရောင်းနေသည့်အတွက် စျေးကွက်ပေါက်စျေးနှုန်းကို ကျဆင်းစေခဲ့သောကြောင့် ဆန်လေလံတင်ရောင်းချမှုကို အချိန်ဆိုင်းသင့်ကြောင်း၊ အစိုးရအနေဖြင့် ဆန်များထုတ်ရောင်းခြင်းကို အရှိန်မြင့်တင်ဆောင်ရွက်မည်မဟုတ်ဟု ရှင်းလင်းစွာကြေညာသင့် ကြောင်း၊ ဆန်အမြောက်အမြားကို စျေးကွက်သို့ ထုတ်ရောင်းမည့်အစီအစဉ်ကို ကြေညာခြင်းဖြင့် ကိုယ့်ကိုကိုယ်ဖိအား မပေးသင့်ကြောင်း၊ ကုန်သည်များသို့ ရောင်းချပေးခြင်း၊ အစိုးရချင်းဆက်သွယ်သည့် စနစ်ဖြင့်ရောင်းချခြင်းတို့ကိုလည်း ဖြည်းညင်းစွာဆောင်ရွက်နိုင်ကြောင်း၊ အလျင်စလိုဆောင်ရွက်ရန် မလိုအပ်ကြောင်း ဆန်ပြည်ပတင်ပို့မှုကို ဦးဆောင်လျက်ရှိသော Asia Golden Rice ကုမ္ပဏီဥက္ကဋ္ဌက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အာရှအခြေခံအဆောက်အအုံနှင့် ရင်းနှီးမြှုပ်နှံမှုဘဏ်တွင် ဂျပန်နိုင်ငံပါဝင်နိုင်ရန် စဉ်းစားလျက်ရှိ

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး အတွက် တရုတ်နိုင်ငံမှဦးဆောင်၍ အာရှအခြေခံအဆောက်အအုံနှင့်ရင်းနှီး မြှုပ်နှံမှုဘဏ်ကို တည်ထောင်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ဆွစ်ဇာလန်နိုင်ငံအနေဖြင့် ဥရောပ၏ နောက်ဆုံးအဖွဲ့ဝင်နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံအစိုးရမှ ပြီးခဲ့သည့် မတ်လ ၂၇ ရက်နေ့တွင် အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။ ဆွစ်ဇာလန်နိုင်ငံဖက်ဒရယ် ကောင်စီအနေဖြင့် အဆိုပါဘဏ်၏ တည်ထောင်သူ အဖွဲ့ဝင်အနေဖြင့်ပါဝင်သွားမည်ဖြစ်ပြီး ယခုအခါ အဖွဲ့ဝင် ၃၃ နိုင်ငံရှိသွားပြီဖြစ်ကြောင်းလည်း သိရှိရသည်။

တရုတ်အစိုးရအနေဖြင့် အဆိုပါဘဏ်သည် အာရှတိုက်အတွင်း ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားထားကာ နိုင်ငံများအနေဖြင့် အဆိုပါဘဏ်၏ မူဘောင်သဘောတူညီချက်နှင့်ပတ်သက်၍ ပါဝင်ဆွေးနွေးနိုင်ရန် မတ်လ ၃၁ ရက်နေ့မတိုင်မီ ပူးပေါင်းပါဝင်ရေးလျှောက်ထားနိုင်ကြောင်းလည်း အသိပေးထား ကြောင်းသိရသည်။ ဗြိတိန်၊ ဂျာမနီနှင့် ပြင်သစ်အပါအဝင် အခြားဥရောပနိုင်ငံများအနေဖြင့်လည်း ပူးပေါင်းပါဝင်ရန် ဆုံးဖြတ်ချက်ချထားပြီးဖြစ်ကြောင်းလည်း သိရသည်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများအများစုပါ ဝင်ကြောင်းသိရပြီး ဆွစ်ဇာလန်နိုင်ငံအနေဖြင့် အရေးပါသည့် ဘဏ္ဍာရေး အဖွဲ့အစည်းတစ်ခုတွင် တည်ထောင်သူ အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းမှာ အနေ အထားကောင်းမွန်သည့်အခြေအနေဖြစ်ကြောင်းလည်း သုံးသပ်လျက် ရှိနေကြပါသည်။ ဆွစ်ဇာလန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်စီးပွားရေးပူးပေါင်းဆောင် ရွက်မှုများကို မကြာမီကပင်တိုးမြှင့် ဆောင်ရွက်လာလျက်ရှိသည်ကိုသိရပြီး နှစ်နိုင်ငံအကြား လွတ်လပ်သောကုန်သွယ် ရေးသဘောတူစာချုပ်မှာလည်း ပြီးခဲ့သည့် ဇူလိုင်လမှစတင်၍ အသက်ဝင်ခဲ့ ပြီဖြစ်ကြောင်း သိရှိရပါသည်။

ဂျပန်ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးမှ အာရှအခြေခံ အဆောက်အအုံနှင့်ရင်းနှီးမြှုပ်နှံမှုဘဏ်နှင့်ပတ်သက်သည့် အထက်လွှတ်တော် ကော်မတီအစည်းအဝေးတစ်ရပ်တွင် ဂျပန်နိုင်ငံအနေဖြင့် ပူးပေါင်းပါဝင်ရေး ကိစ္စအပေါ် သတိကြီးကြီးထားရှိ စဉ်းစားရမည့်အချက်ဖြစ်ကြောင်း၊ ဘဏ်၏ဖွဲ့ စည်းအုပ်ချုပ်မှုတွင် မည်ကဲ့သို့စီမံခန့်ခွဲမည်ကိုလည်း အသေအချာသိရှိရန် လိုအပ်ကြောင်း၊ သို့သော်လည်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့်အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ လုပ်ဆောင်ချက်နှင့်ကွဲပြားမှုရှိနိုင်မည်ဖြစ်ကြောင်း၊ ချေးငှားသူများအနေဖြင့် အကြွေးယူနိုင်မှုခံနိုင်ဝန်ကိုလည်း တွက်ဆရန်လိုအပ်ကြောင်း၊ လက်ရှိရှိပြီးသား အာရှဖွံ့ဖြိုးရေးဘဏ်နှင့်မည်သို့ ချိတ်ဆက်ဆောင်ရွက်မည်ဆိုသည်ကို မသဲကွဲသေးကြောင်းနှင့်အခြားသော အဖွဲ့ဝင်များ၏ သဘောထားမည်သို့ရှိ မည်ကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ကြောင်းလည်း ပြီးခဲ့သည့်မတ်လ ၂၇ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

အမေရိကန်သမ္မတ ဘားရတ်အိုဘားမားအနေဖြင့် အာရှ အခြေခံအဆောက်အအုံနှင့်ရင်းနှီးမြှုပ်နှံမှုဘဏ်နှင့်ပူးပေါင်းဆောင်ရွက်သွားမည် မဟုတ်ဘဲပြီးခဲ့သည့်မတ်လ ၂၇ ရက်အထိ အစီအစဉ်မပြောင်းလဲဘဲရှိနေပြီး အဆိုပါနိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် စံချိန်စံနှုန်းများမြင့်မြင့်မားမားရှိရန် လိုအပ်ကြောင်းလည်း အမေရိကန်နိုင်ငံခြား ရေးဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့ကြောင်းသိရသည်။ မတ်လအစောပိုင်းကပင် ဖွံ့ဖြိုးပြီးနိုင်ငံ အုပ်စု ၇နိုင်ငံအနက် ဂျာမနီနှင့်ဗြိတိန် အပါအဝင် ၄ နိုင်ငံမှာ အဆိုပါဘဏ်နှင့်ပူးပေါင်းပါဝင်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ တစ်ချိန်တည်းတွင်ပင် အဆိုပါ ကိစ္စအပေါ် သမ္မတအိုဘားမားအနေဖြင့် ကိုင်တွယ်မှုမမှားစေရန်လည်း နယူးယောက် တိုင်းမ်သတင်းစာမှ ဖော်ပြခဲ့ကြောင်းလည်းသိရသည်။ သတင်းစာတွင် သမ္မတအိုဘားမားအနေဖြင့် ၎င်းနှင့် မဟာမိတ်များအား ပူးပေါင်းပါဝင်ခြင်း မရှိဖို့ဆက်သွယ်ပြောကြားမှုများ ရှိခဲ့ပြီး တစ်နိုင်ငံချင်းစီမှပူးပေါင်းပါဝင်မှုသည် ၎င်းတို့ဆန္ဒအပေါ်တွင်သာမူတည်သဖြင့် မလုပ်ဆောင်သင့်ကြောင်း ထောက်ပြဝေဖန်ခဲ့သည်။

ဂျပန်အနေဖြင့် အမေရိကန်နှင့် လိုက်လျောညီထွေဖြစ်ရန် သတိကြီး ကြီးထားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း ဂျပန်ဒုတိယ ဝန်ကြီးချုပ်မစ္စတာတာရိုအာစိုအနေဖြင့် ပူးပေါင်းပါဝင်ရေးဖြစ်နိုင်ခြေများဆွေးနွေးသွားမည်ဖြစ်ကြောင်းကိုလည်း နိုင်ငံတကာ မီဒီယာများသို့ပြောကြားခဲ့ သည်။ ဩစတြေးလျနိုင်ငံသည်လည်း ပူးပေါင်းလာနိုင်ခြေရှိကြောင်း သိရ သည်။ မြန်မာနိုင်ငံအဖွဲ့ဝင်အဖြစ်ပါဝင် ပြီး တရုတ်နိုင်ငံမှ အဆိုပြုခဲ့သည့် အာရှအခြေခံအဆောက်အအုံနှင့်ရင်းနှီးမြှုပ်နှံ မှုဘဏ်တွင် ကမ္ဘာ့စီးပွားရေးအင်အား ကြီးနိုင်ငံများ ဆက်လက်ပါဝင်လာနိုင်ကြောင်းလည်း သိရပါသည်။

**မင်းဇော်ဦး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့**

# ထိုင်းနိုင်ငံဗဟိုဘဏ်၏ မူဝါဒအတိုးနှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်း လျှော့ချ

ထိုင်းနိုင်ငံ ဗဟိုဘဏ်၏ ငွေကြေးမူဝါဒကော်မတီသည် မတ်လ ၁၁ ရက်နေ့ကကျင်းပသည့် အစည်းအဝေး၌ မူဝါဒအတိုးနှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်း လျှော့ချရန် ဆုံးဖြတ်ခဲ့ပါသည်။ ကော်မတီအဖွဲ့ဝင် ခုနစ်ဦးအနက် လေးဦးသည် အတိုးနှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်းလျှော့ချ၍ ၁ ဒသမ ၇၅ ရာခိုင်နှုန်း သတ်မှတ်ရန် အဆိုပြုခဲ့ပြီး နောက် ကျန်သုံးဦးသည် ၂ ရာခိုင်နှုန်းမှာပင် ဆက်လက်ထားရှိရန် အဆိုပြုခဲ့ကြကြောင်း သိရှိရပါသည်။

ပုဂ္ဂလိက သုံးစွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှုမှ စီးပွားရေးကိုတွန်းတင်ပေးသည့် အရှိန်သည် မျှော်မှန်းသည်ထက် အားပျော့ခဲ့သောကြောင့် ၂၀၁၄ ခုနှစ်၊ စတုတ္ထသုံးလပတ်နှင့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ၌ ထိုင်းနိုင်ငံ၏ စီးပွားရေးသည် နှေးကွေးစွာ နာလန်ထူခဲ့ပါသည်။ ကုန်သွယ်ဖက်နိုင်ငံများ အထူးသဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု နှေးနေခြင်းကြောင့် ပြည်ပတင်ပို့မှုသည် အကျဘက်သို့ ဦးတည်နိုင်သည့် အခြေအနေရှိပါသည်။ ခရီးသွားလုပ်ငန်းသည် တည်ငြိမ်စွာ နာလန်ထူလာ မည်ဟု ခန့်မှန်းထားပါသည်။

ကမ္ဘာ့ရေနံစျေးနှုန်းများ ကျဆင်းခြင်းကြောင့် ၂၀၁၅ ခုနှစ် ပထမ နှစ်လတွင်(စားသောက်ကုန်နှင့်စွမ်းအင် စျေးနှုန်းများ ထည့်သွင်းတွက်ချက်သော) ငွေကြေးဖောင်းပွမှုနှုန်း သို့မဟုတ် ကုန်စျေးနှုန်းမြင့် တက်မှုနှုန်း (headline inflation) သည်ကျဆင်းခဲ့ပါသည်။ သို့ရာတွင် (စားသောက်ကုန် နှင့်စွမ်းအင်စျေးနှုန်းများ ထည့်သွင်းတွက်ချက်ခြင်း မပြုသော) ငွေကြေးဖောင်းပွမှုနှုန်း (core inflation) မြင့် တက်ခဲ့ခြင်းသည် ကုန်စည်အများစု၏ စျေးနှုန်းများနှင့် ဝန်ဆောင်ခများသည် ဆက်လက်မြင့်တက်ခဲ့ခြင်းကို ထင်ဟပ် ပြနေပါသည်။ သို့ဖြစ်ရာ ငွေကြေးဖောင်းပွမှုနှုန်း၏ ဖိအားပေးမှုသည် နိမ့်နေဆဲဖြစ်သည်ဟု သုံးသပ်ယူဆကြပါသည်။

ယေဘုယျအားဖြင့်ငွေကြေး ကဏ္ဍတည်ငြိမ်မှုသည် အားကောင်းဆဲ ဖြစ်ကြောင်း၊ သို့ရာတွင် ထိုင်းနိုင်ငံ၏ စီးပွားရေးနာလန်ထူမှု အလားအလာသည် ယခင်က အကဲဖြတ်ခန့်မှန်းခဲ့သည့်လောက် ပိုမိုအားနည်းနေကြောင်း၊ ဘဏ္ဍာရေးအရ လှုံ့ဆော်ပေးခြင်းများ၏ အကျိုးသက်ရောက်မှုအတွက် အချိန်ကာလတစ်ခုကို စောင့်ရမည်ဖြစ်ကြောင်း headline inflation သည် အချိန်အတိုင်းအတာ တစ်ခုအထိ ဆက်လက်နိမ့်နေနိုင်ကြောင်း ငွေကြေးမူဝါဒ ကော်မတီက ယူဆထားပါသည်။

ကော်မတီအဖွဲ့ဝင်လေးဦးသည် စီးပွားရေးနာလန်ထူလာမှုကို ထောက်ကူပေးရန် ငွေကြေးမူဝါဒကို ဖြေလျှော့ပေးသင့်သည်ဟု အကဲဖြတ်ကြကြောင်း၊ ကျန်ကော်မတီဝင် သုံးဦးက လက်ရှိအတိုးနှုန်းသည် စီးပွားရေး နာလန်ထူမှုအတွက် လုံလောက်စွာ အထောက်အကူပေးဆဲဖြစ်သည်ဟု ယူဆပြီး ပိုမိုလိုအပ်လာမှသာ အသုံးပြုရန် ထိန်းသိမ်းထားသင့်သည်ဟု ယူဆကြကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

Vol: 15, No.14 Monday April 6 2015



# တောင်သူလည်းမော် စားသုံးသူလည်းပျော်

| မောင်မျိုးချစ် |

**မိမိတို့ဝယ်ယူအသုံးပြုမည့် ဓာတ်မြေဩဇာ၊ ရွက်ဖျန်း မြေဩဇာနှင့် ပိုးသတ်ဆေးဗူး၊ ဆေးထုတ်၊ ဆေးအိတ်များတွင်ပါရှိသည့် အညွှန်းများကို တိကျစွာလိုက်နာအတည်ပြုသွားရန် လိုအပ်မည်ဖြစ် ပေသည်။**

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံရှိပြည်သူအများစုသည် ကျန်းမာရေးအသိပညာဗဟုသုတ နည်းပါးလို့လား၊ ကျန်းမာရေးအသိပညာဗဟုသုတရှိသော်လည်း အခြေအနေ၊ အချိန်အခါနှင့် အကြောင်းအမျိုး မျိုးကြောင့် မိမိ၏ကျန်းမာရေးကို အပြည့်အဝမစောင့်ရှောက်နိုင်လို့လားမသိ။ လူအတော်များများသည် ရောဂါတစ်မျိုးမဟုတ်တစ်မျိုး ခံစားနေကြရသည်ကို နေ့စဉ်နှင့်အမျှ ကြားသိ မြင်တွေ့နေရပေသည်။

ဆိုလိုတာကတော့ ပြည်သူအများစုသည် မိမိတို့၏ စား၊ ဝတ်၊ နေရေးကိုသာ အချိန်ပြည့်နီးပါး လုံးပမ်းနေရသဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများအား ရုပ်မြင်သံကြားမှထုတ်လွှင့်မှုအစီအစဉ်များကို မကြည့်ရှုနိုင်ကြခြင်း၊ ဂျာနယ်၊ စာစောင်၊ စာအုပ်များတွင် ဖတ်ရှုလေ့လာမှုမရှိခြင်း၊ လူတစ်ဦးနှင့်တစ်ဦး ကျန်းမာရေးနှင့်သက်ဆိုင်သည့် တွေ့ကြုံခံစားရမှုများကိုဖလှယ်နိုင်မှုမရှိခြင်းတို့ကြောင့် ကျန်းမာရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများအားနည်းလာပြီး မိမိနှင့် မိမိတို့မိသားစုများ၏ ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှုမရှိဘဲ ရောဂါဘယများကိုခံစားနေကြရပေသည်။ အချို့သောပြည်သူများမှာ ကျန်းမာရေးအသိပညာ ဗဟုသုတရှိသော်လည်း မိသားစုနှင့်အတူတကွနေထိုင်ရခြင်းမရှိဘဲ တစ်ဦးတစ်ယောက်တည်း နေထိုင်ကာ အခြားတစ်နေရာတွင် ဝင်ငွေရရှိနိုင်ရေးရှာဖွေရခြင်း၊ တာဝန်ထမ်းဆောင်နေရခြင်းတို့ကြောင့် အသင့်စား အစားအစာများ (Ready Made) ကိုသာ အလေးထားပြီးစားသုံးနေရခြင်း၊ အချို့မှာလည်း မိမိတို့မိသားစု၏ ဝင်ငွေနှင့်ထွက်ငွေအချိုးအစားအရ ကျန်းမာရေးနှင့်မကိုက်ညီမှန်းသိသော်လည်း ဈေးပေါပေါနှင့် အရည်အသွေးမပြည့်မီ၊ အာဟာရမပြည့်ဝသည့် အစားအစာများကိုသာ မလွှဲမရှောင်သာ စားသုံးနေရခြင်းတို့ကြောင့် ရောဂါတစ်မျိုးမဟုတ် တစ်မျိုးခံစားနေ ကြရပေသည်။

သို့သော် ဌာနဆိုင်ရာအသီးသီးနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်း(NGO) တို့မှလည်း ပြည်သူများ တစ်နည်းဆိုရသော် စားသုံးသူများကို ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသည့် အစားအစာများ ဝယ်ယူစားသုံးနိုင်ရေး၊ လုံခြုံစိတ်ချရမှုရှိသည့် ထုတ်ကုန်များ ဝယ်ယူအသုံးပြုနိုင်ရေးတို့အတွက် အသိပညာပေးဟောပြော ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြားစသည့် မီဒီယာများမှတစ်ဆင့် စားသုံးသူပြည်သူများကို အသိပညာပေးခြင်း၊ သတိပေးကြေညာခြင်းတို့ ဆောင်ရွက်လျက်ရှိသည်ကိုတွေ့မြင်ကြားသိနေရပေသည်။

ထိုကဲ့သို့ဆောင်ရွက်မှုများအနက် ထူးလည်းထူးခြား၊ ဝမ်းလည်းဝမ်းမြောက်စရာဖြစ်သည့် ကြေညာ ချက်တစ်ခုကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်း ကြေညာခဲ့သည်ကို မကြာသေးမီကဖတ်ရှုခဲ့ရပေသည်။ အဆိုပါကြေညာချက်တွင် -

တောင်သူလယ်သမားကြီးများသုံးစွဲနေသော ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများတွင် အညွှန်းစာများအား ဓာတ်မြေဩဇာဥပဒေပုဒ်မ(၃၁)အရလည်းကောင်း၊ ပိုးသတ်ဆေးဥပဒေပုဒ်မ (၃၄)အရလည်းကောင်း၊ တောင်သူလယ်သမားများ နားလည်လွယ်သော မြန်မာစာ စာသားများဖြင့် ရေးသားဖော်ပြပေးရန် သတ်မှတ်ပြဌာန်းထားရှိပါသည်။

အချို့ကုမ္ပဏီများမှာ ဓာတ်မြေဩဇာကော်မတီနှင့် ပိုးသတ်ဆေးကော်မတီများတွင် မှတ်ပုံတင်ပြီးဖြစ်သော်လည်း တင်သွင်းနေသော ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများတွင် မူရင်းနိုင်ငံခြားဘာသာ စာသားများအတိုင်းသာ ဖော်ပြထားသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

အချို့ကုမ္ပဏီများမှာမူ မြေဩဇာကော်မတီနှင့် ပိုးသတ်ဆေးကော်မတီများတွင် မှတ်ပုံတင်ထားခြင်း မရှိသေးသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

မှတ်ပုံတင်ပြီးဖြစ်သော်လည်း မြန်မာစာ စာသားဖြင့် ရေးသားဖော်ပြထားခြင်းမရှိသော ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများအား ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်ခြင်း ဖျက်သိမ်းမည်ဖြစ်ပြီး မှတ်ပုံတင်ထားခြင်းမရှိသေးသော ဓာတ်မြေဩဇာ၊ ရွက်ဖျန်း မြေဩဇာနှင့် ပိုးသတ်ဆေးများအား ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက ဓာတ်မြေဩဇာ ဥပဒေပုဒ်မ(၃၆)အရလည်းကောင်း၊ ပိုးသတ်ဆေးဥပဒေပုဒ်မ(၄၃)အရလည်းကောင်း ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည် ဟုဖော်ပြထားပါသည်။

ဇင်းကြေညာချက်သည် တောင်သူများအတွက် တိုက်ရိုက်အကျိုးရှိပြီး မော်ကြွားနိုင်သလို စားသုံးသူ ပြည်သူများအတွက်လည်း ပျော်ရွှင်စရာ သတင်းကောင်းတစ်ခုဖြစ်ပေသည်။ အဆိုပါကြေညာချက်၏ ရလဒ်ကြောင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေဖြင့် ၎င်းတို့စိုက်ပျိုးထုတ်လုပ်သည့် ဆန်စပါး၊ ကောက်ပဲသီးနှံ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များစိုက်ပျိုးရာတွင် အသုံးပြုသည့် ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများသည် နိုင်ငံတော်တွင် တရားဝင်မှတ်ပုံတင်ထားသည့် ပစ္စည်းများဖြစ်သဖြင့် စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီစွာ အသုံးပြုနိုင်သည့် အခွင့်အရေးများ ရရှိလာနိုင်ခြင်း၊ ယခင်က အဆိုပါပစ္စည်းများကို ဝယ်ယူသုံးစွဲရာတွင် မိမိတို့ နားလည်တတ်ကျွမ်းသလောက်သာ အသုံးပြုခဲ့ရ သော်လည်း ယခုအခါ အဆိုပါပစ္စည်းများကို မည်ကဲ့သို့ကိုင်တွယ်ရမည်၊ မည်သည့်အချိုးအစားထည့်သွင်း အသုံးပြုရမည်၊ မည်သည့်အချိန်အခါတွင် မည်ကဲ့သို့သုံးစွဲရမည်ဆိုသည့် အညွှန်းစာသားများကို မြန်မာဘာသာဖြင့် လွယ်လင့်တကူဖတ်ရှုအသုံးပြုလာနိုင်ခြင်းတို့ကြောင့် အဆိုပါပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်မည့်အပြင် မိမိတို့ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ အထွက်တိုးပြီး မော်ကြွားနိုင်မည့် အခြေအနေသို့ရောက်ရှိလာမည်ဖြစ်ပေသည်။

ထို့ပြင် စိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေဖြင့်လည်း ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင်ပြည်ထောင်စုလွှတ်တော်မှပြဌာန်းခဲ့သည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(က) ၌ ပါရှိသည့် "ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ခြင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်နိုင်ခြင်းနှင့် ဝန်ခံကတိပြုထားသော တန်ဖိုး၊ စည်းကမ်းချက်များ၊ အာမခံမှုတို့နှင့်အညီရယူနိုင်ခြင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အခြေအနေ၊ အာမခံချက်တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပြည့်စုံမှန်ကန်စွာရယူခွင့်ရှိခြင်း"ဆိုသည့် စားသုံးသူ၏ အခွင့်အရေးများအတိုင်း မိမိတို့စိတ်တိုင်းကျသည့် ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများကို ဝယ်ယူအသုံးပြုနိုင်တော့မည်ဖြစ်ပေသည်။ သို့သော် စိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေဖြင့် အဆိုပါ ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) ၌ ပါရှိသည့် "ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ဖော်ပြထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်း" ဆိုသည့် စားသုံးသူ၏တာဝန်များနှင့်အညီ မိမိတို့ဝယ်ယူအသုံးပြုမည့် ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးဗူး၊ ဆေးထုတ်၊ ဆေးအိတ်များတွင်ပါရှိသည့် အညွှန်းများကို တိကျစွာလိုက်နာအတည်ပြုသွားရန်လိုအပ်မည်ဖြစ်ပေသည်။

ထို့အတူ စားသုံးသူပြည်သူများဘက်မှကြည့်သည့်အခါ စိုက်ပျိုးထုတ်လုပ်သူတောင်သူအများစုအနေဖြင့် ယခင်က ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများ၏ အသုံးပြုပုံများကို တိတိကျကျ မသိရှိဘဲ စိုက်ပျိုးထုတ်လုပ်ခဲ့ကြသဖြင့် အနည်းနှင့်အများ ပိုးသတ်ဆေးကြွင်းပါသည့် ဟင်းသီးဟင်းရွက်၊ အသီးအနှံများကို ဝယ်ယူစားသုံးခဲ့ကြရသော်လည်း နောက်ပိုင်းတွင် ပိုးသတ်ဆေးကြွင်းကင်းစင်သည့် ဟင်းသီးဟင်းရွက်၊ အသီးအနှံများကို ယုံကြည်စိတ်ချစွာ ဝယ်ယူစားသုံးနိုင်ကြတော့မည်ဖြစ်သဖြင့် ပျော်ရွှင်မှုကို ခံစားရတော့မည် ဖြစ်ပေသည်။

စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းစင်သည့် စားသောက်ကုန်များကို ဝယ်ယူသုံးစွဲနိုင်ရေးမှာ ( Farm to Table ) စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသည့် ထမင်းစားပွဲရောက်သည်အထိ ဖြစ်စဉ်အဆင့်ဆင့် ဖြစ်သည့် စိုက်ပျိုးသည့်နေရာ၊ စိုက်ပျိုးသည့်နည်းစနစ်၊ သယ်ယူပို့ဆောင်မှု၊ သိုလှောင်သည့်နေရာ၊ ဖြန့်ဖြူးသည့် နေရာ၊ ရောင်းချသည့်နေရာ၊ ချက်ပြုတ်သည့်နေရာ၊ စားသုံးသည့်နေရာ စသည့်နေရာအားလုံးတို့ ဟန်ချက်ညီရန် လိုအပ်သကဲ့သို့ အဓိကကျသည့် စတင်စိုက်ပျိုးထုတ်လုပ်သည့်နေရာတွင် သုံးစွဲရမည့် ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ယခုကဲ့သို့ ထုတ်ပြန်ကြေညာလိုက်သဖြင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများအတွက် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်ပြီး မော်ကြွားနိုင်ကြတော့မည့်အပြင် စားသုံးသူပြည်သူများအနေဖြင့်လည်း ဘေးအန္တရာယ်ကင်းရှင်းသည့် ဆန်စပါး၊ ကောက်ပဲသီးနှံ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကို ဝယ်သူသုံးစွဲနိုင်မည်ဖြစ်သဖြင့် ပျော်နိုင်ကြတော့မည်ဖြစ်ပေသည်။

ထို့အတူ စားသုံးသူပြည်သူများအနေဖြင့် အဆိုပါ ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများနည်းတူ အခြားစားသောက်ကုန်၊ လူသုံးကုန်၊ ကုန်စည်နှင့် ဆေးဝါးများတွင်ပါ မြန်မာဘာသာဖြင့် အညွှန်းများပါရှိမည်ဆိုပါက စံချိန်စံညွှန်း အရည်အသွေးပြည့်မီသည်များကိုဝယ်ယူသုံးစွဲနိုင် ခြင်း၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်သည့် အခွင့်အရေးများရရှိလာနိုင်ခြင်းတို့ကြောင့် ထာဝရပျော်ရွှင်မှုများ ရရှိလာနိုင်မည်ဟု မျှော်လင့်ယုံကြည်မိပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

# အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်စီမံခန့်ခွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီးစီး

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့စျေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုမြင့်မားလာရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ အစိုးရဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ ပညာရှင်များပါဝင်၍ နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန ITC ၏ နည်းပညာအကူအညီဖြင့် အမျိုးသားပို့ကုန် မဟာဗျူဟာကို အောင်မြင်စွာရေးဆွဲနိုင်ခဲ့ပါသည်။ အမျိုးသားပို့ကုန်မဟာ ဗျူဟာကဏ္ဍအလိုက် Strategy Document များကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီမှ မှတ်တမ်းတင်အတည်ပြုခဲ့ပြီးဖြစ်သည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ခြင်းစတင်သည့် အခမ်းအနားကို မတ်လ ၂၅ ရက်နေ့ တွင်နေပြည်တော်၊ မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MICC-II) ၌ ကျင်းပခဲ့ပြီးဖြစ်သည်။ ယခုအခါ အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ Focal Person များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ Focal Person များနှင့် ဖွံ့ဖြိုးမှုမိတ်ဘက် အဖွဲ့အစည်းများအားလုံးပါဝင်၍ လုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော် စီမံခန့်ခွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး ပွဲကို မတ်လ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့တို့တွင် ရန်ကုန်မြို့ ပြည်ထောင် စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ကျင်းပခဲ့သည်။



ပထမဦးစွာ အမျိုးသားပို့ကုန် မဟာဗျူဟာ Navigator ဖြစ်သူ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးမှ အဖွင့်အမှာစကားပြော ကြားရာတွင် အမျိုးသားပို့ကုန် မဟာဗျူဟာ စတင်ရေးဆွဲခဲ့ရခြင်း အကြောင်းရင်းနှင့် အလုပ်ရုံဆွေးနွေးပွဲ သုံးကြိမ် ကျင်းပပြီး အောင်မြင်စွာရေးဆွဲ နိုင်ခဲ့ပုံ အဆင့်ဆင့်ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကြံပေးပုဂ္ဂိုလ်ဒေါက်တာ မောင်အောင်က နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပို့ကုန် မဟာဗျူဟာ၏ အခန်းကဏ္ဍများ၏ အရေးပါပုံနှင့် ပို့ကုန်ဦးဆောင်သော ဖွံ့ဖြိုးမှုကိုတက်လှမ်းနိုင်ရန် တက်ရောက်လာကြသူအားလုံးမှ တက်ကြွစွာ ပါဝင်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာ မောင်မောင်လေးမှ တိုးတက်ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေးအဝန်းအဝိုင်းတွင် လိုက်ပါနိုင်ရန် အမျိုးသားပို့ကုန် မဟာဗျူဟာသည် အလွန်အရေးကြီးပါကြောင်း၊ မည်သည့်လုပ်ငန်းမဆို မဟာဗျူဟာချမှတ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပါဝင်တက်ရောက်သူ တွေအားလုံးကို ကျေးဇူးတင်ပါကြောင်းနှင့် ရရှိလာတဲ့ အလုပ်ရုံဆွေးနွေးပွဲမှ အကျိုးရလဒ်များကို နိုင်ငံတော်အတွက် အကျိုးရှိစွာအသုံးပြုကြစေ လိုပါကြောင်း ပြောခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်မှာ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ အကြား လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းများ နှင့် အမျိုးသားပို့ကုန်မဟာဗျူဟာတွင် အကောင်အထည်ဖော် ဆောင်ရွက်ရန်ရေးဆွဲထားသည့် မဟာဗျူဟာများအကြား ချိတ်ဆက်ဆောင်ရွက်သွားနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်နေသူအားလုံးသိရှိ၍ ထိရောက်စွာ စီမံခန့်ခွဲနိုင်စေရန် ရည်ရွယ်၍ ကျင်းပခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ နိုင်ငံတကာကုန် သွယ်မှုဗဟိုဌာနမှ Mr.Charles က အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ရမည့် အကောင်အထည်ဖော်စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ CBI မှ Ms.Minke က ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းတို့နှင့် ပတ်သက်၍ လှုပ်ရှားဆောင်ရွက်မှုများကို ဥပမာများပြ၍ ဆွေးနွေးရှင်းလင်းခဲ့သည်။

ဆက်လက်ပြီး ကျွမ်းကျင်ပညာရှင်များနှင့် တက်ရောက်လာသူများမှ အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ကဏ္ဍများအနက် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အဆင့်လိုက် အသေးစိတ်ညှိနှိုင်းဆွေးနွေးခြင်း၊ ဘတ်ဂျက်ဆိုင်ရာလုပ်ငန်းစဉ်များ ညှိနှိုင်းခြင်းတို့ပြုလုပ်ခဲ့ကြကြောင်း သိရှိရပါသည်။

**မြတ်မြတ်စိုးမိုး (DOTP)**

---

# 3rd China- South Asia Expo & 23 rd China Kunming Import and Export Fair ကုန်စည်ပြပွဲများသို့ ဝင်ရောက်ပြသနိုင်

3rd China- South Asia Expo & 23 rd China Kunming Import and Export Fair ကုန်စည်ပြပွဲကို တရုတ်နိုင်ငံ၊ ကူမင်းမြို့တွင် ဇွန်လ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ပြသမည်ဖြစ်ကြောင်း သိရ သည်။ အဆိုပါကူမင်းကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နှစ်စဉ်ပါဝင်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်စည်ပြပွဲနှင့်ပတ်သက်သည့် အကြီးတန်း အရာရှိများ အကြိုညှိနှိုင်းအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန် ပြည်နယ်၊ ကူမင်းမြို့တွင် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့က ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ၎င်းအစည်းအဝေးသို့ China Council for the Promotion of International Trade Yunnan Sun-Council - CCPIT မှ President Ms. Haung Shan ဦးဆောင်သော Kunming Expo မှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများနှင့် တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပြပွဲတွင်ပါဝင်ပြသမည့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ အခြားပြည်နယ်များမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။ ၎င်းအစည်းအဝေးသို့ မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာသက်လွင်ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ယခုနှစ်ကျင်းပမည့် ကုန်စည်ပြပွဲအား အသစ်ဆောက်လုပ်ပြီးဖြစ်သည့် Kunming Dianchi International Convention & Exhibition Center တွင်ကျင်းပမည်ဖြစ်ကြောင်း၊ နိုင်ငံအလိုက် အခန်းလိုအပ်ချက်ကို အချိန်မီ ပေးပို့ရန်နှင့်ပြခန်းခနွှန်းထားများကို ပြန်ကြားပေးမည်ဖြစ်ကြောင်း၊ ယခင်နှစ်က ထိုင်းနိုင်ငံမှရယူထားသော ပြခန်းများတွင် အခြားကုန်သည်များဝင်ရောက် ပြသမှုဖြစ်ပေါ်ခဲ့ပြီး ထိုင်းထွက်ကုန်များကို ထိခိုက်မှုရှိပါသဖြင့် ယခုနှစ်တွင် အလားတူကိစ္စမျိုးမပေါ်ပေါက်စေရန်အားလုံးပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယခုအစည်း အဝေးပြီးပါက ကြိုတင်ပေးပို့ထားသည့် Letter of Attorney ကို လက်မှတ်ရေးထိုးကြရန် ဖြစ်ကြောင်းဆွေးနွေးခဲ့ကြပါသည်။ မြန်မာ ကိုယ်စားလှယ်မှ ဆွေးနွေးရာတွင် ယခင်နှစ်ကမြန်မာကုမ္ပဏီများ အနေနှင့် ပြခန်း ၃၀သာရရှိသည့်အတွက် နေရာချထားရာတွင် အခက်အခဲတွေ့ကြုံခဲ့ရပါကြောင်း၊ ယခုနှစ်ပြပွဲတွင် အနည်းဆုံးပြခန်း ၅၀ ခန့်ရရှိ လိုပါကြောင်း၊ ပြခန်းခနွှန်းထားများနှင့် ပတ်သက်၍ Complementary Booth များ ယခင်နှစ်ကထက် ပိုမိုခွဲဝေရရှိရန် မျှော်လင့်ပါကြောင်း၊ မြန်မာလုပ်ငန်းရှင်များ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ရာတွင် ကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ရွှေလီမြို့ရှိသက်ဆိုင်ရာ ဌာနများမှကူညီပံ့ပိုးပေးနိုင်ရန်ပြပွဲ ကော်မတီမှ ဆောင်ရွက်ပေးစေလို ပါကြောင်း၊ Exhibitor,Visitor ဝင်ခွင့်ကတ်များအချိန်မီရရှိလိုပါကြောင်း တင်ပြဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ကူမင်းကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ မှ ဆုတံဆိပ်ရရှိခဲ့မှုအခြေအနေ**

ကူမင်းကုန်စည်ပြပွဲကျင်းပရေး ကော်မတီသည် ပါဝင်ပြသသည့် နိုင်ငံများမှ တစ်နှစ်ထက် တစ်နှစ်ထူးခြားစွာ ပြသနိုင်ရေးနှင့် ပိုမိုစိတ်ဝင်စားအောင် ဆောင်ရွက်လျက်ရှိရာဆုချီးမြှင့်ခြင်း အစီအစဉ်ကိုလည်း ထည့်သွင်းဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေနှင့် ၂၀၀၅ ခုနှစ်တွင် ကျင်းပခဲ့သော ကူမင်းကုန်စည်ပြပွဲ၌ "စုစည်းမှု အကောင်းဆုံးဆု" ကိုလက်ခံရရှိခဲ့ပါသည်။

**ပြပွဲသို့မြန်မာလုပ်ငန်းရှင်များ အချိန်မီ သွားရောက်နိုင်ရေး**

တတိယအကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့်(၂၃)ကြိမ် မြောက်ကူမင်းသွင်းကုန်၊ ပို့ကုန်ကုန်စည်ပြပွဲ (3rd China-South Asia Expo & 23rd China Kunming Import and Export Fair ) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့ အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအချိန်မီသွားရောက် ပြသနိုင်ရေးအတွက်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအနေနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ် (UMFCCI)၊ သမဝါယမဦးစီးဌာန၊ သက်ဆိုင်ရာ အသင်းအဖွဲ့များသို့ အကြောင်းကြားထားပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူအများသိရှိနိုင်ရန် မြန်မာ့အလင်းသတင်းစာတွင် ၂၀၁၅ ခုနှစ် မတ်လ ၂၉ ရက်နေ့၌ ထည့်သွင်းဖော် ပြခဲ့ပါသည်။

အထက်ပါကုန်စည်ပြပွဲကြီးသို့ ယခင်နှစ်များနည်းတူအောင်မြင်စွာ သွားရောက်ပြသနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနှင့် ပြပွဲကျင်းပရေး ဗဟိုကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများဖွဲ့စည်းကာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့်သက်ဆိုင်ရာဌာနများ၊ UMFCCI နှင့်ညီနောင်အသင်းအဖွဲ့များမှ ကဏ္ဍစုံလင်စွာဖြင့်ပါဝင် ပြသနိုင်ရေးကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသား အပ်ပါသည်။ **ဝင်းသန်းကျော် (IT)**

Commodity Exchange News
Vol: 15, No.14 Monday April 6 2015

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ အိန္ဒိယရဲ့ဈေးပေးအဝယ်ရှိလို့ ဈေးစွာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (RC) ကို ဈေးကွက်စဖွင့်ချိန်မှာ အိန္ဒိယဝယ်လက်က တစ်တန်ကို ၉၃၈၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ရာက နောက်ပိုင်းရက်တွေမှာ ဈေး ပေးအဝယ်ရှိသလို ဝယ်လိုအားပါ သွက်လာတာကြောင့် ဈေးကွက်ပိတ်ချိန်မှာ တစ်တန်ကို ၉၅၂၀၀၀ ကျပ်အထိဈေးဆက်လက်မြင့်တက်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ရာသီဥတု မမှန်တာကြောင့်အထွက် နှုန်းလျော့ကျခဲ့ပေမယ့် အိန္ဒိယရဲ့ ဝယ်လိုအား မြင့်လာတာကြောင့် ဈေးကောင်းရရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲစင်းငုံနီ (RC) အနေဖြင့် ဘုရင့်နောင်ဈေးကွက်မှာ အိန္ဒိယဝယ်လက်က ဝယ်လိုအားပြန်လိုက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်တန်ကို ၉၄၃၀၀၀ ကျပ်ဈေးဖြင့် အရောင်း အဝယ်ဖြစ်မှုများခဲ့ကြောင်း၊ ဒါပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်လျော့နေကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးဈေးတန့်နေ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးကို ဒေသ တွင်းပဲခွဲစက်တွေ အဝယ်ပါးနေတာကြောင့် ဈေးအတက်အကျမရှိဘဲ ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၈၈၀ ကျပ် (တစ်တန်ကို ၅၃၈၉၀၃ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်လျော့ တရုတ်ဝယ်အားပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်းအဝင်လျော့သွားသလို ရောင်းသူကုန်သည်တွေဆီမှာလည်း ပြောင်းလက်ကျန် လျော့လာကြောင်း၊ ဒါပေမယ့် တရုတ်ဝယ်အားကတော့ ပုံမှန်ရှိခဲ့တယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို ၈၈ ယွမ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ အရောင်းအဝယ်ပုံမှန်ဖြစ်၊ ကုလားပဲ ဖြူလုံးကြီးဈေးကျ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ရန်ကုန်ဝယ်လက်နှင့် ပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးအနည်းငယ် မြင့်လာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၄၈၀ ကျပ် (တစ်တန်ကို ၉၀၆၃၃၇ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒ့ါအပြင် ပဲစင်းငုံနီကိုလည်း ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၄၇၀ ကျပ် (တစ်တန်ကို ၉၀၀၂၁၃ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏများခဲ့ပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ကုလားပဲဖြူလုံးကြီး(သစ်)အနေဖြင့် ဈေးကွက်သို့ပုံမှန်ဝင်ရောက်နေပေမယ့် ပဲခွဲစက်များက ဝယ်လိုအား အေးတာကြောင့် ဈေးက အကျဘက်မှာ ရှိနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၈၈၀ ကျပ် (တစ် တန်ကို ၅၃၈၉၀၃ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်သာဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။



# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၆–၄– ၂၀၁၅)

ခင်မောင်မောင်အုန်း



## မုံရွာဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်တွေ ဝယ်အားနည်း၊ ပဲစင်းငုံနီ ရန်ကုန်အဝယ်ပုံမှန်ရှိ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီး(သစ်)တွေ ဈေးကွက်ထဲပုံမှန်ဝင်ရောက်လာပေမယ့် မြို့ခံပဲခွဲစက်တွေနဲ့ နယ်ဝယ်လက်တွေက ဈေးချအဝယ်ရှိသလို ဝယ်လိုအားပါနည်းနေတာကြောင့် ဈေးက ကျရိပ်သန်းနေကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၈၇၉ ကျပ် (တစ်တန်ကို ၅၃၈၂၉၀ ကျပ်)ဈေးဖြင့် အရောင်းအဝယ်အနည်းငယ်သာ ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုတော့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပြီး တစ်ပိဿာကို ၁၄၇၅ကျပ်(တစ်တန်ကို ၉၀၃၂၇၅ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်အဆွဲသွက်၊ သိပ္ပံနှမ်း အရောင်းအဝယ်ပါး

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို ရန်ကုန်အဆွဲသွက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၄၈၅ ကျပ် (တစ်တန်ကို ၉၀၉၃၉၉ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်ကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၄၅၅၆ ကျပ် ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀ ခန့်သာ အဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်အဆွဲသွက်၊ ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်တွေ ဈေးချအဝယ်ရှိ

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပြန်လိုက်လာသလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာ အရောင်းပိုခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၄၈၀ ကျပ်(တစ်တန်ကို ၉၀၆၃၃၇ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ မှ ၅၀၀ ကြားဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ကုလားပဲ (ထိုင်ဝမ်)ကတော့ ဈေးကွက်သို့ပစ္စည်းပုံမှန်အဝင်ရှိခဲ့ပေမယ့် ပဲခွဲစက်တွေရဲ့ ဝယ်လိုအားအေးတာကြောင့် ဈေးကအကျဘက်မှာရှိနေကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၈၇၅ ကျပ် (တစ်တန်ကို ၅၃၅၈၄၁ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးမာ ပြောင်းသီးနှံ ရန်ကုန်ဝယ်အားပုံမှန်ရှိ

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (Raw) ကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားသွက်လာသလို ရောင်းသူကုန်သည်ဘက်ကလည်း တက်ဈေးမှာ အရောင်းသိသာစွာ များလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၅၀၀ ကျပ်(တစ်တန်ကို ၉၁၈၅၈၅ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၅၀၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ပြောင်းသီးနှံကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၃၅၈ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေး ဝယ်လိုအားပုံမှန်ရှိပေမယ့် ပစ္စည်းလက်ကျန်နည်းလာ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို ရန်ကုန်-မန္တလေးနှင့် ဒေသတွင်းအစာစပ်လုပ်ငန်းရှင်များ ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်လျော့နည်းလာကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၆၀ ကျပ် ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏလျော့နည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



## လားရှိုးဈေးကွက်မှာ ပြောင်းအနေဖြင့် ရောင်းသူကုန်သည်ထံမှာ ပစ္စည်းလက်ကျန်ပါးလာ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံအနေဖြင့် ရောင်းသူ ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်ပါးလာပေမယ့် တရုတ်ဝယ်လက်ကတော့ ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၉၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲကို ရန်ကုန်အဝယ်လိုက် ပဲစင်းငုံနီလက်ကျန်နည်း

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ရန်ကုန်အဝယ်ပြန်လိုက်လာသလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာ အရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၅၀၀ ကျပ် (တစ်တန်ကို ၉၁၈၅၈၅ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၈၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပြီး ဈေးကွက်မျှော်လင့်ချက်ဖြင့် လတ်တလောပေါက်ဈေးမှာ အရောင်းနည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၄၇၅ ကျပ် (တစ်တန်ကို ၉၀၃၂၇၅ ကျပ်) ဈေးဖြင့် တစ်ရက်မှ အိတ် ၂၀၀ ခန့်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(သစ်)ပုံမှန်အဝင်ရှိနေ

ရေစကြိုဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်သစ်)တွေ ဈေးကွက်သို့ ပုံမှန်ဝင်ရောက်နေပေမယ့် ပဲခွဲစက်နှင့် နယ်ဝယ်လက်တချို့ အဝယ်နည်းတာကြောင့် ဈေးကောင်းမရဖြစ်နေကြောင်း သိရပါတယ်။ လက်ရှိအရောင်းအဝယ်ဖြစ်တဲ့ ပေါက်ဈေးကတော့ တစ်ပိဿာ ၈၇၀ ကျပ် (တစ်တန်ကို ၅၃၂၇၇၉ ကျပ်)ဈေးဖြစ်ကြောင်း သိရပါတယ်။



# မွန်ပြည်နယ် မော်လမြိုင်မြို့မှာ Seminar on ASEAN Economic Community ဆွေးနွေးပွဲကျင်းပ

“ Seminar on ASEAN Economic Community ” ဆွေးနွေးပွဲကို မွန်ပြည်နယ် မော်လမြိုင်မြို့ ရတနာထွန်းပွဲရုံတန်းရှိ မော်လမြိုင်ကုန်စည်ဒိုင်ခန်းမမှာ မတ်လ ၂၃ ရက်က ကျင်းပခဲ့ပါတယ်။

အခမ်းအနားသို့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် စိတ်ဝင်စားသူလူငယ်များ၊ ဆွေးနွေးမည့်ပညာရှင်များ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြပါတယ်။ ပထမဦးစွာ မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်အောင်က “ Emerging Myanmar ”(ထွန်းသစ်စမြန်မာနိုင်ငံ) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်စိုးက “ AEC နှင့် ကြုံတင်ပြင်ဆင်သင့်သည့် မြန်မာ့စီးပွားရေးလုပ်ငန်းများ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေက “ AEC , Opportunity & Challenges ” ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဖြေကြားခြင်း၊ အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ဆွေးနွေးပွဲတက်ရောက်လာတဲ့ ဆန်စပါးလုပ်ငန်းရှင်တစ်ဦးက “ပညာရှင်တွေရဲ့ ဆွေးနွေးချက်အရ AEC ကို ရင်ဆိုင်ရမှာ သေချာပါတယ်။ ဒါကြောင့် ASEAN နိုင်ငံများအတွင်း ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ယှဉ်ပြိုင်နိုင်ဖို့ အင်အားမရှိရင် တစ်ဦးကောင်းတစ်ယောက်ကောင်းမဟုတ်ဘဲ အစုအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ရမှာပါ။ အခြားလိုအပ်ချက်တွေရဖို့လည်း အစိုးရကိုရော အခြားအဖွဲ့အစည်းတွေကိုရော တင်ပြတောင်းဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လုပ်ငန်းရှင်တွေ အချင်းချင်း စည်းလုံးညီညွတ်ကြဖို့နဲ့ လက်တွေ့အကောင်အထည်ဖော်ဖို့ ကြိုတင်ပြင်ဆင်ကြဖို့ စီစဉ်ကြရတော့မှာပါ”လို့ ပြောသွားပါတယ်။

**စိုးမြင့်-မော်လမြိုင်**

# စိုက်ပျိုးရေးဦးစီးဌာနရဲ့ တင်သွင်းခွင့် ထောက်ခံချက်လက်မှတ် Import Certificate နဲ့ မျိုးစေ့တင်သွင်းခွင့်လိုင်စင်ထုတ်ပေးမည်

မျိုးစေ့သွင်းကုန်လိုင်စင်လျှောက်ထားရာမှာ တစ်ဖက်နိုင်ငံရဲ့ Phytosanitary Certificate- PC မလိုတော့ဘဲ စိုက်ပျိုးရေးဦးစီးဌာနရဲ့ Import Certificate-IC နဲ့ လိုင်စင်လျှောက်ထားနိုင်ပြီလို့ သတင်းရရှိပါတယ်။

ပြည်ပမှ အပင်နှင့် အပင်ထွက်ပစ္စည်းများ တင်သွင်းရာတွင် သက်ဆိုင်ရာမူရင်းနိုင်ငံမှ ထုတ်ပေးသည့် အပင်ပိုးမွှား ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် (Phytosanitary Certificate-PC)နဲ့ စိုက်ပျိုးရေး ဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှထုတ်ပေးသည့်တင်သွင်းခွင့်ထောက်ခံချက် (Import Certificate-IC) ပါရှိမှသာ သွင်းကုန်လိုင်စင်ထုတ်ပေးခြင်းကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ခွင့်ပြုပေးလျက်ရှိပါတယ်။

တင်ပို့မည့်မူရင်းနိုင်ငံမှ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် Phytosanitary Certificate-PC အားပူးတွဲတင်ပြရန် ၂၀၁၄ခုနှစ် မေလတွင် Delivery Unit များသို့ စိုက်ပျိုးရေးဦးစီးဌာနက ပေးပို့တင်ပြခဲ့ပြီး မြန်မာ့အလင်းသတင်းစာတွင်လည်း ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၂၊ ၂၅၊ ၂၈ ရက်နေ့တို့တွင် ကြေညာချက် ထည့်သွင်းခဲ့ပြီးဖြစ်ပါတယ်။

ပြည်ပရှိ မျိုးစေ့တင်ပို့မည့်ကုမ္ပဏီများသည် မျိုးစေ့နဲ့အတူ တင်ပို့မယ့်နိုင်ငံ စိုက်ပျိုးရေးဌာနမှ ထုတ်ပေးတဲ့ PC ကို မြန်မာနိုင်ငံစိုက်ပျိုးရေးဦးစီးဌာနသို့ ဆက်လက်ပေးပို့ကြောင်းနဲ့ Quarantine Entry Point သို့ မျိုးစေ့ရောက်ရှိချိန်မှ PC ကို လာရောက်တင်ပြခွင့်ပြုရန် မျိုးစေ့တင်သွင်းတဲ့ ကုမ္ပဏီများက ရှင်းလင်းတင်ပြလာသဖြင့် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရန်အတွက်ရည်ရွယ်၍ မျိုးစေ့တင်သွင်းခွင့်လျှောက်ထားသူများအား မျိုးစေ့များရောက်ရှိလာမှသာ မျိုးစေ့ဌာနရဲ့ ထောက်ခံချက်နဲ့ အတူ မျိုးစေ့နမူနာနဲ့ PC ကို တစ်ပါတည်းတင်ပြရန် ကတိခံဝန်ချက် (Under taking) နဲ့ IC ကို ထုတ်ပေးလျက်ရှိကြောင်းနဲ့ အကယ်၍ မျိုးစေ့များ ရောက်ရှိလာတဲ့အခါ မျိုးစေ့နမူနာနဲ့အတူ PC ပေးအပ်ရန် ပျက်ကွက်ခဲ့ပါက နောက်တစ်ကြိမ် IC ထုတ်ပေးမည့် မဟုတ်ကြောင်း သိရှိရပါတယ်။

မတ်လနောက်ဆုံးပတ်မှစ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ မျိုးစေ့သွင်းကုန် လိုင်စင် လာရောက်လျှောက်ထားရာမှာ တစ်ဖက်နိုင်ငံရဲ့ PC ပူးတွဲ တင်ပြရန် မလိုတော့ဘဲ စိုက်ပျိုးရေးဦးစီးဌာနရဲ့ IC ပါရှိပါက သွင်းကုန်လိုင်စင်ခွင့်ပြုထုတ်ပေးသွားမယ်လို့ သတင်းရရှိပါတယ်။

**ပန်**

# ဓာတ်မြေသြဇာ တင်ပို့ တင်သွင်းခြင်းနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန ထောက်ခံချက်ပါရှိရန်လိုအပ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ဓာတ်မြေသြဇာ တင်သွင်းခွင့်လိုင်စင် လျှောက်ထားခြင်းများအား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံစာ အရ သွင်းကုန်လိုင်စင်ခွင့်ပြုပေးလျက်ရှိပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ထောက်ခံချက်နှင့် ဓာတ်မြေသြဇာတင်သွင်းခွင့်လိုင်စင် လျှောက်ထားလာသဖြင့် စိုက်ပျိုးရေးဦးစီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ မတ် ၁၈ ရက် ရက်စွဲပါစာနှင့် တရားဝင်ပြန်ကြားလာခဲ့ပါတယ်။

ပြန်ကြားစာတွင် “မြေသြဇာ ဥပဒေပုဒ်မ၄၄ အရ မြေသြဇာကို ပြည်တွင်းသို့ တင်သွင်းရန်ဖြစ်စေ၊ ပြည်ပသို့ တင်ပို့ရန် ဖြစ်စေပါမစ် သို့မဟုတ် လိုင်စင် ထုတ်ပေးရန် လျှောက်ထားလာပါက ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပိုင်ခွင့်ရှိသော အစိုးရဌာနအဖွဲ့အစည်းသည် စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြနိုင်သူကိုသာ ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးနိုင်သည်”ဟု ဖော်ပြထားသဖြင့် “စိုက်ပျိုးဦးစီးဌာန၏ ထောက်ခံချက်ပါရှိမှသာ ထုတ်ပေးရန်” သဘောထားမှတ်ချက်ပြန်လည်ရရှိပြီး ဖြစ်၍ စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက် ဖြင့်သာ ဓာတ်မြေသြဇာ တင်ပို့/တင်သွင်းခြင်းကို လျှောက်ထားရန်ကုန်သည် လုပ်ငန်းရှင်များအား ထပ်မံအသိပေးလိုက်ရပါတယ်။

**ပန်**

# ပြည်ပမှ လုပ်ငန်းသုံးယာဉ် ၁၃ မျိုး တင်သွင်းခွင့်အတွက် ထုတ်လုပ်သည့်ခုနှစ် ဖြေလျှော့သတ်မှတ်ခွင့်ပြု

ပြည်ပမှ မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုရာမှာ ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်ချက်ကို ပြက္ခဒိန် နှစ်အလိုက် နှစ်စဉ်ထုတ်ပြန် သတ်မှတ်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ် ပြက္ခဒိန်နှစ်အတွက် မော်တော်ယာဉ် အမျိုးအစားအလိုက် တင်သွင်းခွင့်ပြုမယ့်ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်ချက်အား ကုန်သွယ်ရေးညွှန်ကြားမှုဦးစီး ဌာန၏ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်စွဲပါစာဖြင့် ကြေညာထားပြီးဖြစ်ပါတယ်။

ပြည်ပမှ တင်သွင်းခွင့်ပြုတဲ့ လုပ်ငန်းသုံးယာဉ်များကို လွန်ခဲ့သော ၁၀ နှစ်အတွင်း ထုတ်လုပ်တဲ့ ယန္တရားယာဉ်များကို တင်သွင်းခွင့်ပြုထားရာ ၂၀၁၅ ခုနှစ်အတွက် ၂၀၀၅ မှ ၂၀၁၅ ခုနှစ်အတွင်း ထုတ်လုပ်သော ယန္တရားယာဉ်များကို တင်သွင်းခွင့်ပြုထားပါတယ်။ လုပ်ငန်းသုံးစက်ယန္တရားယာဉ်များဟာ တန်ဖိုးကြီးမားပြီးလမ်းပေါ်မှာ မောင်းနှင်အသုံးပြုရခြင်း မဟုတ်ဘဲ လုပ်ငန်းရှိရာတွင်သာ လုပ်ငန်းဆောင်ရွက်ရသော စက်ယန္တရားများဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရသောလုပ်ငန်းရှင်များ တန်ဖိုးသင့်တင့်သောစက်ယန္တရားများကို အသုံးပြုနိုင်ရေးအတွက် လွန်ခဲ့သော နှစ် ၂၀ အတွင်း ထုတ်လုပ်သော (၁၉၉၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်တွင်း)လုပ်ငန်းသုံးယန္တရား ယာဉ် ၁၃ မျိုးကို ဖြေလျှော့ တင်သွင်းခွင့်ပြုကြောင်း သတင်းရရှိပါတယ်-

| | |
|---|---|
| **Excavator** | **Bridge Crane** |
| **Bulldozer** | **Gantry Crane** |
| **Wheel Loader** | **Tower Crane** |
| **Vibratory Roller** | **Pilling Machine** |
| **Clamp Loader** | **Crawler Drill/ Crane** |
| **Motor Grader** | **Overhead Travelling Crane** |
| **Road Roller Compaction** | |

**ပန်**

## အိန္ဒိယ–ဘင်္ဂလားဒေ့ရှ်နယ်စပ်ရဲ့ စတုတ္ထမြောက် နယ်စပ်ဈေးကို ဧပြီလမှာ ဖွင့်လှစ်မည်

အိန္ဒိယနဲ့ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ထရိုင်ပူရမှာ စတုတ္ထမြောက် နယ်စပ်ဈေးကို ဧပြီလမှာ ဖွင့်လှစ်မယ်လို့ ထရိုင်ပူရ ဝန်ကြီးက ပြောကြားလိုက်ပါတယ်။ နှစ်နိုင်ငံအကြား နိုင်ငံတကာနယ်စပ် တစ်လျှောက်မှာ ဒေသထွက်ကုန် ကုန်သွယ်မှုတိုးမြှင့်ရန် ရည်ရွယ်ဖွင့်လှစ်လိုက်တာလို့ သိရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Brahmanbaria ခရိုင် နယ်စပ် Kamalasagar မှာလည်း ထပ်မံဖွင့်လှစ်ရန် စီစဉ်ထားကြောင်းလည်း ထရိုင်ပူရ စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီးက သတင်းထောက်များကို ပြောကြားလိုက်ခြင်းဖြစ်ပါတယ်။ နယ်စပ်ဈေးများဟာ တစ်ပတ်မှာ ၁ ရက် ဖွင့်လှစ်ခြင်းဖြစ်ပြီး မူလညှိနှိုင်းသဘော တူညီထားချက်အရ ဥပမာ- အပတ်စဉ် အင်္ဂါနေ့တိုင်း ဖွင့်လှစ်တာမျိုးဖြစ်ပါတယ်။ နယ်စပ်ဈေးများ ဒေသထွက် လယ်ယာထွက်ကုန်၊ ဟင်းသီးဟင်းရွက်၊ ရေထွက်ကုန်၊ နို့နဲ့နို့ထွက်ပစ္စည်း၊ အိမ်တွင်းစက်မှုလုပ်ငန်းများမှ ထွက်ရှိသော ပစ္စည်းများ၊ သစ်သားပရိဘောဂနဲ့ လက်မှုအနုပညာပစ္စည်းများ ရောင်းချခွင့်ပြုပေးထားပါတယ်။ နယ်စပ်မျဉ်းမှ ၅ ကီလိုမီတာဝန်းကျင်မှာရှိတဲ့ ကုန်သည်များ (၂၅ ဦးမှ ၃၀ ဦးခန့်)ကိုသာ ရောင်းဝယ်ခွင့်ပြုထားတာဖြစ်ပါတယ်။

အိန္ဒိယနဲ့ဘင်္ဂလားဒေ့ရှ်နယ်စပ် တစ်လျှောက်မှာနယ်စပ်ဈေး၇၀ ခန့် ထိဖွင့်လှစ်သွားရန် အစီအစဉ်ရှိကြောင်း အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာနရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အိန္ဒိယ အရှေ့မြောက်ပိုင်း မဏိပူရ၊ အရှုနာချာလ်ပရာဒေ့ရှ်၊ နာဂလင်းန်နဲ့ မီဇိုရမ်ပြည်နယ်များကလည်း အိန္ဒိယ-မြန်မာ နယ်စပ်တစ်လျှောက်မှာ နယ်စပ်ဈေး ၁၅ ခု ဖွင့်လှစ်ရန် အဆိုပြုထားပြီးဖြစ်ပါတယ်။အိန္ဒိယနိုင်ငံ အရှုနာချာလ်ပရာဒေ့ရှ်နဲ့ ၅၂၀ ကီလိုမီတာ၊ မဏိပူရနဲ့ ၃၉၈ ကီလိုမီတာ၊ နာဂလင်းန်နဲ့ ၂၁၅ ကီလိုမီတာ၊ မီဇိုရမ်နဲ့ ၁၆၄၃ ကီလိုမီတာ အသီးသီးမြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေပြီး ခြံစည်းရိုးခတ်ထားခြင်းမရှိဘူးလို့ သိရပါတယ်။

**MIRT (DCCA)**

## စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်နဲ့ လယ်ယာထွက်ကုန် တန်ချိန် ၃၆၀ ကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းက မတ် ၂၁ ရက်မှ ၂၇ ရက်ထိကာလ အတွင်း ရေထွက်ကုန်နဲ့ လယ်ယာထွက်ကုန်တန်ချိန် ၃၆၀ ကျော် တန်ဖိုးကန်ဒေါ်လာသုည ဒသမ ၁၃၅ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၁၁၆ သန်းဖိုးသာ တင်ပို့နိုင်ခဲ့လို့ ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၀၁၉ သန်းဖိုး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ တင်ပို့ခဲ့တဲ့ ကုန်ပစ္စည်းတွေကတော့ ရေထွက်ကုန်ပစ္စည်းဖြစ်တဲ့ ငါးမြစ်ချင်း တန် ၆၀ ငါးခေါင်းပွ ၂၄ တန်နဲ့ လယ်ယာထွက်ကုန်ပစ္စည်းဖြစ်တဲ့ ချင်း(အစို) ၂၆ တန်၊ ဆီးသီးခြောက် ၇၃ တန်၊ မန်းကျည်းစေ့ ၁၆၇ တန်၊ နနွင်းတက် ၄ တန်ကျော်နဲ့ မန်ကျည်းဖတ် ၂ တန်တို့ဖြစ်ကြပါတယ်။ စက်မှုကုန်ချော ပစ္စည်းဖြစ်တဲ့ ဆီးယိုထုတ် ၇ တန်ကိုလည်း တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း MIRT(DCCA)**

## လောင်စာဆီပြတ်လပ်မှုကြောင့် မဏိပူရပြည်နယ် ဒေသခံပြည်သူများအခက်အခဲနဲ့ရင်ဆိုင်နေရ

အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်၊ တမင်လောင်ခရိုင်နဲ့တောင်ပေါ် ခရိုင်များမှာ ဓာတ်ဆီ၊ ဒီဇယ်လောင်စာဆီများ ပြတ်လပ်မှုကြောင့် ဒေသခံပြည်သူများအခက်အခဲနဲ့ရင်ဆိုင်နေရပြီး အခြားပြည်နယ်များမှ ဝင်ရောက်လာတဲ့ လောင်စာဆီကုန်တင်ယာဉ် များဟာလည်း လမ်းပိတ်ဆန္ဒပြမှုတွေကြောင့် ရပ်တန့်ပေးနေရတဲ့အတွက် အချိန်ကြာမြင့်နေကြောင်း The Samgai Express သတင်းစာမှာ ဖော်ပြထားပါတယ်။ပြည်နယ်အစိုးရအနေနဲ့ လောင်စာဆီပြတ်လပ်မှုမဖြစ်စေရေး အလေးပေးဆောင်ရွက်ပေး ရန်လိုကြောင်းနဲ့ လောင်စာဆီ မှောင်ခိုဈေးမှာလည်း အလွန်မြင့်မားနေကြောင်း သတင်းရရှိပါတယ်။

**စိုးနိုင်(တမူး)**

## လောက်ကိုင်ခရိုင်အတွင်း တိုက်ပွဲများ ဖြစ်ပွားခဲ့သော်လည်း ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ လျာထားချက်ရဲ့ ရာခိုင်နှုန်း ၆၀ ကျော် ဆောင်ရွက်နိုင်

ဖေဖော်ဝါရီလအတွင်း ကိုးကန့်ဒေသ လောက်ကိုင်ခရိုင်အတွင်း ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲများကြောင့် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှစပြီး လကုန်ထိ ကုန်သွယ်မှုလုပ်ငန်းများကို ရပ်ဆိုင်းခဲ့ရသလို ကုန်သည်လုပ်ငန်းရှင်များလည်း စစ်ဘေးလွတ်ရာသို့ ခေတ္တတိမ်းရှောင်ခဲ့ကြရပါတယ်။တိုက်ပွဲများ ပြီးဆုံးခြင်းမရှိသေးသည့်အပြင် လုံခြုံရေးအရ စိတ်မချရသေးသော်လည်း ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှာ ပို့ကုန်သွင်းကုန် ကုန်သွယ်မှုလုပ်ငန်းများကိုပြန်လည်ဆောင်ရွက်ခဲ့ကြတဲ့အတွက် ဖေဖော်ဝါရီလအတွင်း လျာထားချက်အပေါ် ၅၁ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မတ်လ ၁ ရက်မှ ၂၃ ရက်ထိ ကာလမှာ လျာထားချက်အပေါ် ၆၁ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့တယ်လို့ မတ်လ ၂၄ ရက်နေ့က ပြုလုပ်တဲ့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ စခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းက ပြောကြားခဲ့ပါတယ်။

ယခုလက်ရှိအချိန်မှာလည်း တိုက်ပွဲများပြီးဆုံးခြင်းမရှိသေးသလို နယ်မြေအေးချမ်းခြင်းမရှိသေးပေမယ့်လည်း ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ ပို့ကုန်သွင်းကုန်လုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း။ လမ်းခရီးလုံခြုံစိတ်ချရမှုအပေါ် မူတည်ပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ကုန်သည်လုပ်ငန်းရှင်များကို တိုက်တွန်းပြောကြားခဲ့ပါတယ်။

ကွမ်းလုံ-ဟိုပန်-ချင်းရွှေဟော်-လောက်ကိုင် နယ်စပ်ကုန်သည်ကြီးများအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်လွင်လွင်မာကလည်း ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းအနေနဲ့ ကုန်သွယ်မှုဆောင်ရွက်ရာမှာ တရုတ်ပြည်သို့ ကုန်ပစ္စည်းတိုက်ရိုက်ရောင်းချနိုင်ခြင်း၊ လမ်းခရီးအခြေအနေအရ ကောင်းမွန်ခြင်း၊ ကုန်ပစ္စည်းတင်ပို့ရာမှာ အချိန်ကုန်စရာမလိုဘဲ ကုန်တင်ကုန်ချပြုလုပ်နိုင်ခြင်းတို့ကြောင့် ကုန်ကားသမားအများစုမှာလည်း သွားလာလိုလျက်ရှိကြကြောင်း၊ လုံခြုံရေးအခြေအနေအရ လမ်းခရီးအတွက်စိုးရိမ်ပြီး ကုန်သည်များက ကုန်သွယ်မှုလုပ်ငန်းများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် စောင့်ကြည့်ဆောင်ရွက်နေရကြောင်း၊ ဒေသတွင်းလုံခြုံရေးကောင်းမွန်လာတာနဲ့အမျှ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးသွားမယ်လို့ ဆွေးနွေးပြောကြားခဲ့တယ်လို့သိရပါတယ်။

**MITR (DCCA)**

## လွယ်ဂျယ်နယ်စပ်မှ မတ်လအတွင်း ဖရဲသီး ၉၅၂ တန် ITC ကတ်ဖြင့် တင်ပို့

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လအတွင်း ITC ကတ်နဲ့ လွယ်ဂျယ်နယ်စပ်မှ ဖရဲသီး ၉၅၂ တန် တန်ဖိုး ကျပ်သန်းပေါင်း ၁၂၆ ဒသမ ၆၁၆ ခန့်တင်ပို့နိုင်တာတွေ့ရပါတယ်။ ယခင် ဖေဖော်ဝါရီလအတွင်းမှာတော့ ITC ကတ်နဲ့ တင်ပို့နိုင်ခြင်းမရှိဘဲ ဇန်နဝါရီလအတွင်းမှာတော့ ဖရဲသီး တန် ၁၈၀ တန်ဖိုး ကျပ်သန်းပေါင်း ၂ ဒသမ ၃၉၄ ခန့်တင်ပို့ခဲ့ပါတယ်။ လွယ်ဂျယ်နယ်စပ်မှ ITC ကတ်နဲ့ ဖရဲသီးအဓိက တင်ပို့တာတွေ့ရပြီး သွင်းကုန်တင်သွင်းနိုင်ခြင်း မရှိပါဘူး။ လွယ်ဂျယ်နယ်စပ်မှ ၁-၄-၂၀၁၄ မှ ၂၀-၃-၂၀၁၅ ထိ ITC ကတ် ၆ကတ် ထုတ်ပေးနိုင်ပြီး ကျပ်သန်းပေါင်း ၆၆၇ ဒသမ ၃၂၈ ခန့်ကုန်သွယ်ပြီးဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နယ်စပ်စခန်းများမှ ITC ကတ် ၃၁၄ ကတ်ထုတ်ပေးနိုင်ပြီး ပို့ကုန် ကျပ်သန်း ၂၆၉၁ ဒသမ ၅၅၃ ခန့် သွင်းကုန် ကျပ်သန်း ၆၂၂၈ ဒသမ ၈၈၈ ခန့်ကုန်သွယ်မှုပမာဏ ကျပ်သန်း ၈၉၂၀ ဒသမ ၄၄၂ ကုန်သွယ်ပြီးဖြစ် တယ်လို့ နယ်စပ်စခန်းများမှ သိရပါတယ်။

**ခင်မိုးသူMIRT(DCCA)**

## ဖရဲ၊သခွား စုံလင်စွာတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ်လ ၂၁ ရက်မှ ၂၇ ရက်တာကာလအတွင်း ဖရဲသီး ၁၂၀၂၆ တန်၊ လွယ်ဂျယ်မှ တန် ၃၄၀ နဲ့ကန်ပိုက်တီးမှ တန် ၆၀၀ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁ ဒသမ ၆၄၇ သန်းဖိုး၊ မူဆယ်မှ သခွားမွှေး ၁၁၇၂၅ တန်ကို တန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၃၉၂ သန်းတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်၊လွယ်ဂျယ်နဲ့ တမူးမှ ဖရဲသီး ၉၉၈၂ တန်၊ မူဆယ်မှ သခွားမွှေး ၅၉၃၀ တန်သာ တင်ပို့နိုင်ခဲ့ပါတယ်။သင်္ကြန်ကာလရောက်လျှင် ကားအသွားအလာတွေ ခက်ခဲမှာဖြစ်တဲ့အတွက် ယခုလို ဖရဲ၊ သခွား၊ စပျစ်၊ဖရုံစတဲ့ မြန်မာပြည်ထွက်သစ်သီးဝလံမျိုးစုံကို ပိုမိုတင်ပို့ ခဲ့ကြတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် မတ်လ တစ်လလုံးမှာ စခန်းစုံမှ တင်ပို့ခဲ့တဲ့ ဖရဲသီး တန်ချိန်ပေါင်း ၇၆၅၀၀ ကျော်ရှိပြီး မူဆယ် စခန်းအနေနဲ့ကတော့ သခွားမွှေး ၃၇၄၃၀ တန်၊ စပျစ်သီး ၆၇ တန်၊ အုန်းသီး ၁၈ တန်ခွဲနဲ့ ရွှေဖရုံသီး ၇၁ တန် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင် MRT-DCCA**

## ဒေသတွင်းထွက်ကုန်နည်းပါးသော်လည်း မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းအနေနဲ့ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏလျာထားချက် ပြည့်မီအောင်ဆောင်ရွက်နိုင်

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းသည် ဒေသတွင်း ကုန်ပစ္စည်းထွက်ရှိမှုနည်းပါးသော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏလျာထားချက် ပြည့်မီအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း ၊ ရခိုင်ပြည်နယ်အတွင်းရှိ အခြားမြို့နယ်များမှ မှာယူပြီး ကုန်သည်လုပ်ငန်းရှင်များက ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြသဖြင့် ကုန်သွယ်မှုရလဒ်ကောင်းများ ရရှိခဲ့ခြင်းဖြစ်ကြောင်း မတ်လ ၃၀ ရက်နေ့က ပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ တာဝန်ရှိသူများက ပြောကြားခဲ့တာဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပို့ကုန်ကန်ဒေါ်လာ ၇ ဒသမ ၆၆၆ သန်း၊ သွင်းကုန်ကန်ဒေါ်လာ သုည ဒသမ ၁၀၆ သန်းနဲ့ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၇ ဒသမ ၇၇၂ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းရဲ့အများဆုံးပို့ကုန်များမှာ မန်ကျည်းသီး(အစေ့ပါ)၊ဆီးသီးခြောက်၊ ပုစွန်၊ ငါးခြောက်၊ဝါး၊ သနပ်ခါးခဲတို့ဖြစ်ကြပြီး သွင်းကုန်များမှာ ဘိလပ်မြေ၊ ဒန်ရေတကောင်း၊ တီရှပ်၊ ပလတ်စတစ်လက်ဆွဲပုံး၊ ရေတိုကင်နဲ့ စွပ်ကျယ်ပိတ်များဖြစ်ကြပါတယ်။

လာမယ့် ဘဏ္ဍာနှစ်မှာလည်း ကုန်သွယ်မှုပိုမိုတိုးတက်ဆောင်ရွက်သွားဖွယ်ရှိပြီး ဧပြီလဆိုလျှင် ရေချန်ပုစွန်စတင်ထွက်ရှိတော့မှာဖြစ်လို့ ပုစွန်ထွက်ရှိမှုမြင့်မားလာတာနဲ့အမျှ တင်ပို့မှုလည်း တက်လာတော့မှာဖြစ်ပါတယ်။ ကုန်သွယ်မှုပမာဏလျာထားချက် ပြည့်မီကျော်လွန်ရေးမှာ ရေထွက်ကုန်ပစ္စည်း တင်ပို့နိုင်မှုက အဓိကအထောက်အကူပြုတယ်လို့သိရပါတယ်။

**မြင့်မြင့်မာ**

## မြဝတီကုန်သွယ်ရေးဇုန်က မတ်လအတွင်း လယ်ယာထွက်ကုန် ကန်ဒေါ်လာ ၂ သန်းနီးပါးတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အဓိကပို့ကုန်ဖြစ်တဲ့ လယ်ယာထွက်ကုန်ကို မတ်လအတွင်း ကန်ဒေါ်လာ ၂ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ လယ်ယာထွက်ကုန် များမှာ မြေပဲဆံ ၂၀၆ တန်ကျော်၊ ကြက်သွန်နီ ၆၁၁ တန်ကျော်၊ နှမ်း ၅၁ တန်ကျော်၊ မတ်ပဲ ၂၄ တန်ကျော်၊ ပဲလွန်းဖြူ ၄၃ တန်ကျော်၊ ကြံ ၁ တန်၊ သီဟိုဠ်စေ့ ၃ တန် နဲ့ပဲတီစိမ်း၊ ဆီးသီးခြောက်တို့ကိုလည်း တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်MIRT (DCCA)**

# ထိုင်းနိုင်ငံထုတ် ဘီယာများတင်ဆောင်လာသော ၂၂ ဘီးယာဉ်အား ကျိုက်ထိုမြို့အဝင်လမ်းမပေါ်တွင် Mobile Team မှ တားဆီးနိုင်

ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးတွင် အခြေပြု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကွပ်ကဲမှုရုံးသည် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ မန္တလေး-မူဆယ်နှင့် ရန်ကုန်-မြဝတီ ကုန်သွယ်မှုလမ်းကြောင်းများ၊ မန္တလေးနှင့် မူဆယ်၊ တာချီလိတ်၊ ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယု၊ ဝမ်တာပင်းနှင့် ဝမ်တာပုံတို့ရှိ Mobile Team အဖွဲ့များရဲ့ တရားမဝင်ကုန်သွယ်မှု တားဆီးရေး၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတို့ကို ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိပါတယ်။



ယခုအခါ သင်္ကြန်ကာလ(ဘီယာ၊ အရက်ရာသီ) ရောက်ရှိလာပြီဖြစ်၍ တစ်ဖက်နိုင်ငံမှ အရက်၊ ဘီယာများ တရားမဝင် ပြည်တွင်းသို့ ဝင်ရောက်လာမှုမရှိစေရေး စိစစ်ဖော်ထုတ်တားဆီးအရေးယူရန် အလေးထား ကြပ်မတ်ဆောင်ရွက်နေစဉ် မတ်လ ၂၈ ရက်နေ့ ညပိုင်းမှာ ကျိုက်ထိုမြို့သို့ ၂၂ ဘီးကုန်တင်ယာဉ်များနဲ့ ဘီယာများ သယ်ဆောင်လာမယ်လို့ သတင်းရရှိတဲ့အတွက် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ ကွပ်ကဲမှုရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစီးသော အဖွဲ့ဝင် ၆ ဦးပါ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ကာ ရန်ကုန်-မြဝတီလမ်းကြောင်း၊ ကျိုက်ထိုမြို့နဲ့ ဘီးလင်းမြို့အကြားမှာ တားဆီးစစ်ဆေးနိုင်ရန် ပြင်ဆင်မှုများပြုလုပ်ခဲ့ပါတယ်။

အထူးစစ်ဆေးရေးအဖွဲ့ဟာ ကျိုက်ထိုမြို့သို့ မတ်လ ၂၉ ရက် ၀၁း၃၀ နာရီခန့်မှာ ရောက်ရှိပြီး ကျိုက်ထိုနဲ့ ဘီးလင်းမြို့အကြားတွင် စောင့်ဆိုင်း၍ မြဝတီဘက်မှ ဝင်ရောက်လာသော ကုန်တင်ယာဉ်ကြီးများအား တစ်စီးချင်းစစ်ဆေး ဆောင်ရွက်စဉ် ၀၂း၄၀ ချိန်မှာ သတင်းပေးတိုင်ကြားချက်ပါ ၂၂ ဘီး ယာဉ် 6 I/xxxx အား ရပ်တန့်စစ်ဆေးရာမှာ ထိုင်းနိုင်ငံထုတ် ဘီယာဖာများ အပြည့်တင်ဆောင်လာတာကို စစ်ဆေးတွေ့ရှိခဲ့တဲ့အတွက် ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တို့အား အသေးစိတ် စစ်ဆေးချက်ရယူဆောင်ရွက်ခဲ့ပြီး လှူပ်ရှား-၂ ညောင်ခါးရှည် Mobile Team သို့ အဆက်အသွယ်ရယူကာ လုံလောက်သော လုံခြုံရေးနဲ့ ဝန်ထမ်း အင်အားထပ်မံဖြည့်တင်းဆောင်ရွက်ခဲ့ပါတယ်။

Mobile Team မှ ထပ်မံရောက်ရှိလာတဲ့ လုံခြုံရေးဝန်ထမ်းပူးပေါင်းအင်အားဖြင့် ထိုင်းနိုင်ငံထုတ် တရားမဝင်ဘီယာဖာများနဲ့ ၂၂ ဘီးကုန်တင်ယာဉ်အား ကျိုက်ထိုမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆူးလေဆိပ်ကမ်း သိုလှောင်ရုံသို့ သယ်ယူပို့ဆောင်ခဲ့ပါတယ်။ ထို့နောက် ဆူးလေမြေပြင်ချစစ်အဖွဲ့မှ အသေးစိတ်စစ်ဆေးရာ ထိုင်းနိုင်ငံထုတ် Chang Beer ( 330ml) (1 x 24 Pcs) ၄၀၀၆ ဖာ ခန့်မှန်းတန်ဖိုးကျပ်သိန်းလေးရာ ခြောက်သောင်းတိတိအား စစ်ဆေးတွေ့ရှိခဲ့ရတယ်လို့ သတင်းရရှိပါတယ်။ ဘီယာများ တင်ဆောင်လာတဲ့ကားတန်ဖိုးမှာ ခန့်မှန်းတန်ဖိုးကျပ်သိန်းတစ်ထောင်ခန့်ဖြစ်ပြီး အကောက်ခွန်ဦးစီးဌာနတွင် အမှုတွဲဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

**DCCA**

## ဆီတိုင်ကီအံဝှက်အတွင်းမှ ကျောက်စိမ်းဟုယူဆတဲ့ ကျောက်တုံး ၄၈ ကီလိုဂရမ်သိမ်းဆည်းရမိ

မန္တလေး-မူဆယ် ကုန်သွယ်မှုလမ်းကြောင်းတွင် တရားမဝင် ကုန်သွယ်မှုတားဆီးရေးနဲ့ စားသုံးသူအကာအကွယ်ပေးရန်တာဝန်ထမ်းဆောင်နေသော လရ(၁) အဖွဲ့ဟာ မတ်လ ၂၁ ရက် ၁၀း၃၀ ချိန်မှာ Toyota Crown Majesta 3G/xxxx ရဲ့ခေါင်းပိုင်းအင်ဂျင်ခန်းနဲ့ နောက်ခန်းတို့မှာ ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်တုံးများ ၊ ကျောက်ပြားအပိုင်းအစများ၊ အဝိုင်းပြားများကို စစ်ဆေးတွေ့ရှိတားဆီးနိုင်ခဲ့ပါတယ်။ ပစ္စည်းများကို အသေးစိတ်စစ်ဆေးစဉ် ယာဉ်မောင်းမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ပါတယ်။

အဆိုပါကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်များတင်ဆောင်လာသောယာဉ်အား အကောက်ခွန် ဦးစီးဌာနသို့ သွားရောက်အပ်နှံရန် ဆီဖြည့်စဉ် ဆီတိုင်ကီရဲ့ လက်ခံနိုင်တဲ့ပမာဏ အပြည့်ဖြည့်နိုင်ခြင်း မရှိသေးသော်လည်း ဆီဒိုင်ခွက်က Full ဟုဖော်ပြနေတဲ့အတွက် ယာဉ်အား အသေးစိတ်ပြန်လည်ဖွင့်ဖောက် စစ်ဆေးခဲ့ရာ ယာဉ်အောက်ပိုင်းမှာ ဆီတိုင်ကီနှစ်ခု ပါရှိတာကို တွေ့ခဲ့ရပါတယ်။ ဆီတိုင်ကီများကို ဖြုတ်ချ စစ်ဆေးရာမှာ ဆီတိုင်ကီတစ်ခုတွင် ဆီမထည့်ဘဲ အံဝှက်ပြုလုပ်၍ ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးများအား ထည့်သွင်းထားတာကို ထပ်မံ တွေ့ရှိသိမ်းဆည်းခဲ့ရတယ်လို့ သတင်းရရှိပါတယ်။ ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်တုံးများကို အဖွဲ့စုံနဲ့ ဖွင့်ဖောက်စစ်ဆေးချိန်တွယ်ရာမှာ ၄၈ ကီလိုဂရမ်ရှိပြီး အကောက်ခွန်အမှုတွဲ ထပ်မံဖွင့်လှစ်၍ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံရန် စီစဉ်နေတယ်လို့ သိရပါတယ်။ **DCCA**

## သွင်းကုန်ကြေညာလွှာထက်ပိုမိုသယ်ဆောင်လာတဲ့ စပျစ်သီးများ သိမ်းဆည်း

မတ်လ ၂၈ ရက် ၁၉း၀၀ ချိန်တွင် မြဝတီမှ ရန်ကုန်သို့ ထွက်ခွာလာသော ဂျူတီယာဉ်အား တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလှုပ်ရှားအဖွဲ့ Mobile Team လရ-၂ အဖွဲ့ ယာယီအခြေပြုရာ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်သို့ ဝင်ရောက်စစ်ဆေးခံရာမှာ သွင်းကုန်လိုင်စင်နဲ့ အကောက်ခွန်သွင်းကုန် ကြေညာလွှာထက် ပိုမိုတင်ဆောင်လာသော စပျစ်သီး ၁၈၀ ကီလိုဂရမ်ကို သိမ်းဆည်းခဲ့ရပါတယ်။ ပုပ်သိုးပျက်စီးလွယ်ပစ္စည်းများ ဖြစ်သဖြင့် ကြမ်းခင်းဈေးသတ်မှတ်ရေးအဖွဲ့၊ လေလံတင်ရောင်းချရေးအဖွဲ့များ ဖွဲ့စည်းပြီး မတ်လ ၂၉ ရက်နေ့မှာ လေလံတင်ထုခွဲရောင်းချခဲ့ပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ စပျစ်သီး ၁၈၀ ကီလိုဂရမ်ကို လေလံတင်ရာမှာ ကျပ် ၂၁၆၀၀၀ နဲ့ လေလံအောင်ခဲ့တယ်လို့သိရပါတယ်။ **DCCA**

## ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်တို့မှ မတ်လအတွင်း ရေထွက်ကုန်ပစ္စည်းများတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှ မတ်လအတွင်း ပင်လယ်ငါးရှဥ့် ၁၃ တန်နီးပါး တန်ဖိုး ကန်ဒေါ်လာ သုညဒသမ ၀၂၄ သန်းနဲ့ ရေဘဝဲ ၅ တန်ကျော် တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၀၈ သန်းတင်ပို့နိုင်ခဲ့သလိုကန်ဒေါ်လာ ၃ ဒသမ ၄၀၃ သန်းတန်ဖိုးရှိ ကျန်ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၄၀၀၉ တန်ကျော်၊ ကင်းမွန် ၈၉ တန်ကျော်၊ ပုစွန် ၁၇ တန်ကျော်၊ ကဏန်း ၁တန်နဲ့ ခရုအနည်းငယ် တင်ပို့နိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှလည်း မတ်လအတွင်း ကန်ဒေါ်လာ သုည ဒသမ ၇၀၆ သန်း တန်ဖိုးရှိ ကဏန်းမျိုးစုံဖြစ်သော ကဏန်း ပျော့ ၆၅ တန်၊ ကဏန်းသေးအသေ ၅ တန်နီးပါး၊ သဲကဏန်း တန်၃၀ ကျော်နဲ့ ကဏန်းနီ ၃၅ တန်ကျော်တင်ပို့နိုင်ခဲ့သလို ကျန်ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၅၅၄၇ တန်ကျော်၊ ငါးမှုန့် တန် ၉၈၀ ၊ ရေချန်ပုစွန် ၁၅၇ တန်ကျော်၊ ပုစွန်ခြောက် ၁၀ တန်ကျော် ငါးခြောက် ၄ တန်ကျော် ၊ ကင်းမွန် ၉ တန်နီးပါးနဲ့ ကင်းမွန်ပြုတ်ခြောက် အနည်းငယ် တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။

**ခင်မြနွယ်MIRT(DCCA)**

## အကောက်ခွန်ဂျူတီမြင့်မားတဲ့ စားသောက်ကုန်များအား ပိုမိုတင်ဆောင်လာတဲ့ ခြောက်ဘီးယာဉ်အား လရ-၂ အဖွဲ့မှ စစ်ဆေးတွေ့ရှိ

ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီး ယာယီအခြေပြုလုပ်ငန်းများဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၂ အဖွဲ့သည် မတ်လ ၃၀ ရက်နေ့တွင် ၆ ဘီးယာဉ်အား ယာဉ်ပေါ်ပါ စာရွက်စာတမ်း အထောက်အထားများနဲ့ တိုက်ဆိုင်စစ်ဆေးရာ ID တွင်ကြေညာထားသည့်ကုန်ပစ္စည်းခြောက်မျိုးအနက် CIF တန်ဖိုးနည်းတဲ့ အချိုရည်၊ ဆပ်ပြာမှုန့်၊ အမွှေးရည်များအား ပမာဏလျော့သယ်ယူလာပြီး CIF တန်ဖိုးနှင့် အကောက်ခွန် ဂျူတီမြင့်မားတဲ့ အသင့်စားခေါက်ဆွဲ၊ ခွန်အားဖြည့်အချိုရည်၊ ပဲနို့များအား ပိုမိုတင်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ကနဦး စစ်ဆေးမှုများအရ ပိုမိုတင်ဆောင်လာတဲ့ စားသောက်ကုန်များအား အချိန်နှင့် နေရာကန့်သတ်ချက်အရ ဆူးလေဆိပ်ကမ်းသိုလှောင်ရုံသို့ တာဝန်ခံအဖွဲ့နှင့်အတူ ဆက်လက်စစ်ဆေးမှုများ ပြုလုပ်သွားမယ်လို့ သတင်းရရှိပါတယ်။ **DCCA**

## အထောက်အထားမပြသနိုင်တဲ့ လိုင်စင်မဲ့ယာဉ်ငါးစီးကို လရ(၂)အဖွဲ့မှသိမ်းဆည်း

မြဝတီ-ရန်ကုန်ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိညောင်ခါးရှည်အခြေပြု Mobile Team (လရ-၂)အဖွဲ့သည် မတ်လ ၁၅၊ ၁၆ နဲ့ ၂၈ ရက်နေ့တို့တွင် မြဝတီမှ ရန်ကုန်သို့မောင်းနှင်လာသော မော်တော်ယာဉ်များအား စစ်ဆေးရာ တရားဝင်အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိတဲ့ Mitsubishi Pajero io H77 W, Toyota Hiace (LH 120), Toyota Mark II အမျိုးအစား အဖြူရောင် Saloon ယာဉ် ၂ စီး၊ Honda CRV စုစုပေါင်း ယာဉ် ၅ စီးကို စစ်ဆေးတွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပါတယ်။ အဆိုပါလိုင်စင်မဲ့ယာဉ် ၅ စီးရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၆၃၅ သိန်းဖြစ်ပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနဲ့အတူ အသေးစိတ်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ အကောက်ခွန်မဲ့ တရားမဝင်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အကောက်ခွန်အမှုတွဲဖွင့်လှစ်၍ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက် ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

**DCCA**

# ထုတ်ကုန်တန်ဖိုးမြင့်တက်ဖို့ ကျေးလက်လုပ်ငန်းရှင်များ လက်တွေ့သင်တန်းတက်ကြစို့

|စိုးအောင်-မန္တလေး|




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူပြုမည့် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ယခုလက်ရှိအစိုးရ တာဝန်ယူပြီးသည့်နောက် ၂၀၁၁ ခုနှစ် မေလတွင် ကျင်းပပြုလုပ်ခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော် သမ္မတ၏ လမ်းညွှန်မှုတွင် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်မှာ "ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး"လုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းရာတွင် ကျေးရွာများစွာတွင် လက်မှုလုပ်ငန်းများစွာရှိကြောင်း တွေ့ရပါသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆပ်ကော်မတီတစ်ရပ်ကို ၂၀၁၁ ခုနှစ် ဇွန်လမှာ ဖွဲ့စည်းခဲ့ပြီး အဓိကအခြေခံလုပ်ငန်းသုံးရပ်မှာ ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ၊ တစ်ရွာထွက်ကုန်တစ်မျိုးလုပ်ငန်းများနှင့် လယ်ယာကဏ္ဍအခြေခံ စက်မှုလုပ်ငန်းငယ်များ ဖြစ်ပါသည်။ ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်တဲ့ အရင်းအနှီးရရှိရေး၊ နည်းပညာထောက်ပံ့ပေးနိုင်ရေးနှင့် ဈေးကွက်ရရှိဖော်ဆောင်နိုင်ရေးတို့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်အတူ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ တွဲဖက်ဆောင်ရွက်ခဲ့ပါသည်။

ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီမှာပါဝင်သည့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိကျေးရွာ အသီးသီးသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြေအခြေခံသည့် အိုးလုပ်ငန်း၊ ဝါး အခြေခံလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ မုန့်မျိုးစုံလုပ်ငန်း၊ အထည်ချုပ် လုပ်ငန်း၊ လယ်ယာသုံးပစ္စည်းလုပ်ငန်း၊ ဖျာလုပ်ငန်း၊ ကြိုးကျစ်လုပ်ငန်း၊ ဆွယ်တာလုပ်ငန်း၊ ထန်းလုပ်ငန်း၊ သက်ကယ်နှင့် ဂျုံရိုး ဦးထုပ်လုပ်ငန်း ကျေးရွာအလိုက်၊ လုပ်ငန်းအလိုက်၊ မိသားစု၏ ဒုတိယဝင်ငွေရရှိသော လုပ်ငန်းများကို ဦးစားပေး ကူညီရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းမှ မဟုတ်ပါ၊ မည်သည့်လုပ်ငန်းတွင်မဆို အရင်းအနှီး၊ နည်းပညာနှင့်ဈေးကွက် ရရှိမှသာ အောင်မြင်သော လုပ်ငန်းဖြစ်ပါမည်။ သို့သော် ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များမှ အဓိကလိုအပ်ချက်ဖြစ်သည့် အရင်းအနှီး တောင်းဆိုခြင်းကြောင့် ဆပ်ကော်မတီအနေဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အရင်းအနှီးပံ့ပိုးမှု ချေးငွေကိုအထိုက်အလျောက် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ကျေးလက်ဒေသ အသီးသီးသို့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ် ၁၃၇၅ သိန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၁၀၃၅၁ ဒသမ ၇ သိန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၄၃၂၉ ဒသမ ၂ သိန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၁၂၄၆၁ သိန်း ထုတ်ချေးပေးနိုင်ခဲ့သဖြင့် စုစုပေါင်း ချေးငွေကျပ် ၂၈၅၁၆ ဒသမ ၉ သိန်းထုတ်ချေးပေးနိုင်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးရေး ဆပ်ကော်မတီအနေဖြင့် ကျေးလက်ဒေသ လုပ်ငန်းရှင်များ၏ အဓိကလိုအပ်ချက်ဖြစ်သော အရင်းအနှီးကို ထိုက်သင့်သလောက် ထုတ်ချေး ပေးနိုင်ခဲ့သလို နောက်ထပ်လိုအပ်ချက်တစ်ခုဖြစ်သော နည်းပညာရရှိရေးအတွက် အထောက်အကူဖြစ်စေမည့် နည်းပညာပေးရေးသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရအဖွဲ့မှ ဖောက်ချဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်မနေလိုအပ်သောကြောင့် မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနမှ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများနှင့် ကုန်စည်ပြပွဲများကို စဉ်ဆက်မပြတ် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ကုန်သွယ်မှုအတွက် အရေးကြီးသည့် ကုန်ဈေးနှုန်းများ ဈေးကွက်သတင်း အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ရတနာပုံကုန်သွယ်မှု ဗဟိုဌာနကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် သစ်သီးဝလံများမှ တန်ဖိုးမြှင့် စားသောက်ကုန်များ ထုတ်ပေးနိုင်ရေးအတွက် "သစ်သီးဝလံ အခြေခံစားသောက်ကုန် ထုတ်လုပ်ခြင်းသင်တန်း" အား တစ်ကြိမ်လျှင် သင်တန်းသား၊ သင်တန်းသူ ၄၀ ဦးနှုန်းဖြင့် နှစ်ကြိမ်တိုင်တိုင် သင်တန်းများအား ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထိုသို့သင်တန်း ဖွင့်လှစ် ခြင်းကြောင့် သစ်သီးဝလံများမှတစ်ဆင့် မြင့်တက်သည့် ယိုစုံများပြု လုပ်ခြင်း၊ ဖျော်ရည်များထုတ်လုပ်ခြင်း၊ ဝိုင်များထုတ်လုပ်ခြင်းစသည့် လုပ်ငန်းများကြောင့် ကျေးလက်လုပ်ငန်းရှင်များအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ များစွာ ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရပါသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ကြီးမှူး၍ အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် " အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီသင်တန်း" အား မန္တလေးခရိုင်၊ အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးသိပ္ပံကျောင်း၌ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး တက်ရောက်သင်ကြားခဲ့ပါသည်။ အဆိုပါသင်တန်းသို့ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် မြင်းခြံခရိုင်မှ သင်တန်းသားများ ပါဝင်ကြောင်း သိရပါသည်။ ထိုသင်တန်းသို့ တက်ရောက်ခြင်းအားဖြင့် မိမိတို့ ရက်ကန်းစင်များမှ ထုတ်လုပ်သည့် အဝတ်အထည်များအား ပန်းပုံရိုက်ခြင်း၊ ဆေးရေးခြင်းအားဖြင့် တန်ဖိုးမြင့်တက်စေခြင်းကြောင့် ဝင်ငွေတိုးတက်လာမှာဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ဆေးရေးအထည်များအား နိုင်ငံခြားသို့ တင်ပို့နိုင်ပါက နိုင်ငံခြားဝင်ငွေရရှိမှာဖြစ်သောကြောင့် နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေ တိုးတက်လာမည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် တက်မကျေးရွာအုပ်စု မုန်တိုင်းကျေးရွာတွင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် " ဝါးလုပ်ငန်းအခြေခံသင်တန်း "ကို အောင်မြင်အောင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အဆိုပါ သင်တန်းသို့ တက်မကျေးရွာအုပ်စုအတွင်းရှိ ဝါးအခြေခံသည့် တောင်း၊ ဆန်ကော၊ ဆန်ကာရက်လုပ်သည့် လုပ်ငန်းရှင်များမှ သင်တန်းသား ၄၂ ဦးတက်ရောက်ကြောင်း သိရပါသည်။ ဝါးမှတစ်ဆင့် ထုတ်လုပ်သော တောင်း၊ ဆန်ကော၊ ဆန်ကာများမှ ပိုမိုအဆင့်မြင့်လာသည့် ဓါတ်ပုံဘောင်များ၊ တစ်ရှူးဘောက်များ၊ ဘောလ်ပင်ထည့်သည့်ခြင်းများ၊ သစ်သီးထည့်သည့်ခြင်းများ ပြုလုပ်ခြင်းဖြင့် ဝင်ငွေတိုးတက်လာမည်ဖြစ်ပါသည်။ ထို့အတူ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလလယ်တွင် မန္တလေးခရိုင်၊ အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးသိပ္ပံကျောင်း၌ မိမိတို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ကြီးမှူးပြုလုပ်သည့်" ဝါးလုပ်ငန်းအခြေခံသင်တန်း"ကို ဒုတိယအကြိမ်မြောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

" ကျေးလက်ဒေသ အသေးစားထုတ်ကုန်များနှင့် ပြည်ပပို့ကုန်အလားအလာရှိသော ကုန်စည်များပြပွဲ" ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်မှ ၂၈ ရက်နေ့အထိ ၃ ရက်တိုင်တိုင် နံနက် ၉း၀၀ နာရီမှ ည ၉း၀၀ နာရီအထိ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ ကုန်စည်ပြပွဲအပြင် ကျေးလက်ဒေသ အသေးစားထုတ်ကုန်များနှင့် ပြည်ပပို့ကုန်အလားအလာရှိသော ကုန်စည်များနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို

> "သဘာဝသယံဇာတများသည် ထုတ်လုပ်သူများပြားလာလျှင် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကုန်ခမ်းသွားနိုင်ပါသည်။ လူသားတို့ထံမှ ထွက်ရှိသော လူ့စွမ်းအားအရင်းအမြစ် (လူ၏စွမ်းအား)သည် ဘယ်သောအခါမှ ကုန်ခမ်းသွားမည် မဟုတ်ကြောင်း . . .



လည်း နေ့စဉ်ကျင်းပ ပြုလုပ်နိုင်ခဲ့ပါသည်။ ထိုသို့ ကုန်စည်ပြပွဲ ပြသနိုင်ခြင်းအားဖြင့် ကျေးလက်ဒေသ အသေးစားထုတ်ကုန်များ ဈေးကွက်ချဲ့ထွင်နိုင်ခြင်း၊ လုပ်ငန်းရှင်အချင်းချင်း ရင်းနှီးချစ်ကြည်မှုရရှိခြင်း၊ တစ်ဦးနှင့်တစ်ဦး လုပ်ငန်းသဘော သဘာဝအရအားနည်းချက်၊ အားသားချက်များ ဖလှယ်နိုင်ခြင်း၊ နည်းပညာများဖလှယ်ခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိတဲ့အပြင် အလုပ်ရုံဆွေးနွေးပွဲကြောင့် ပြည်တွင်းသာမက ပြည်ပအတွေ့အကြုံဗဟုသုတ များစွာရရှိခြင်း၊ လုပ်ငန်းများတွင် ကြုံတွေ့ရသည့် အခက်အခဲများကို မည်သို့ကိုင်တွယ်ဖြေရှင်းခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် မတ်လတွင် မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ် နှမ်းကြဲကျေးရွာတွင် တတိယအကြိမ်မြောက် " ဝါးလုပ်ငန်းအခြေခံသင်တန်း " ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ အဆိုပါ နှမ်းကြဲကျေးရွာသည် ဝါးဖြင့်ရက်လုပ်သည့် သစ်သီးထည့်သည့်ခြင်းတောင်း၊ ကွမ်းရွက်ထည့်သည့်ခြင်းတောင်း၊ အမှိုက်ထည့်သည့်ခြင်းတောင်း စသည်များကို ရက်လုပ်ပြီး မန္တလေးမြို့သို့ တင်ပို့ရောင်းချသည့် လုပ်ငန်းများကို လုပ်ကိုင်သည့် ကျေးရွာဖြစ်သောကြောင့် ဝါးနှင့် ပတ်သက်၍ အတွေ့အကြုံရှိသည့် ကျေးရွာဖြစ်သောကြောင့် ဝါးလုပ်ငန်းအခြေခံသင်တန်းကို ၎င်းရွာ၌ဖွင့်လှစ်ရန် ရွေးချယ်ရခြင်းဖြစ်ပါသည်။ ဝါးတစ်လုံး၏ တန်ဖိုးမှာ ၅၀၀ ကျပ်ဖြစ်ပြီး ကုန်ချောအဖြစ် ဝါးခြင်းတောင်းကို ရက်လုပ်ပါက ၁၈၀၀ ကျပ်ရရှိမည်ဖြစ်သဖြင့် ၁၃၀၀ ကျပ် အမြတ်အစွန်းရရှိမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပိုမိုအဆင့်မြင့်သည့် ဝါးအချောထည် (ဓါတ်ပုံဘောင်၊ တစ်ရှူးဘောက်၊ သစ်သီးဝလံထည့်သည့်ခြင်း၊ ဘောလ်ပင်ထည့်သည့်ခြင်းကလေးများ) ပြုလုပ်ပါက အပိုဝင်ငွေများစွာရရှိနိုင်ကြောင်း သိရပါသည်။ အဆင့်မြင့်သည့် ဝါးအခြေခံကို လုပ်ကိုင်ခြင်းအားဖြင့် ကုန်ကြမ်းဝယ်ယူမှု တန်ဖိုးလျှော့ကျလာခြင်း၊ ကုန်ကြမ်းသယ်ယူမှုစရိတ် လျှော့ကျခြင်း၊ ကုန်ချောပစ္စည်းတန်ဖိုးမြင့်တက်ခြင်း၊ ကုန်ချောပစ္စည်းတင်ပို့မှု စရိတ်လျှော့ကျခြင်း စသည့် ဝန်ဆောင်မှုစရိတ်သက်သာခြင်းကြောင့် မိသားစုဝင်ငွေတိုးတက်လာမည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် မတ်လနောက်ဆုံးအပတ်တွင် မြင်းခြံခရိုင်၊ တောင်သာမြို့နယ် တမိုက်သာကျေးရွာတွင် စတုတ္ထအကြိမ်မြောက် "ဝါးလုပ်ငန်းအခြေခံသင်တန်း" ကိုဖွင့်လှစ်မည်ဖြစ်ပြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် တက်စည်ကျေးရွာတွင် ကျေးလက်ဒေသအသေးစား ကုန်ထုတ်လုပ်ငန်း တစ်ခုဖြစ်သော ရက်ကန်းလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲများ ပြုလုပ်မည်ဖြစ်ပါသည်။ ရက်ကန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရက်ကန်းနှင့် ပတ်သက်သော ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ အသင်းအဖွဲ့များမှ တက်ရောက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအနေဖြင့် "သစ်သီးဝလံ အခြေခံစားသောက်ကုန်သင်တန်း " အား နှစ်ကြိမ်၊ " အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီသင်တန်း"အား တစ်ကြိမ်၊ " ဝါးလုပ်ငန်း အခြေခံသင်တန်း" လေးကြိမ်၊ ကုန်စည်ပြပွဲ တစ်ကြိမ်နှင့် အလုပ်ရုံဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ကျင်းပ ပြုလုပ်နိုင်ခဲ့ပါသည်။

လုပ်ငန်းရှင်များအတွက် ငွေကြေးအရင်းအနှီးထုတ်ချေးခြင်းကို အမြဲတစေထုတ်ချေးပေးနိုင်မည်မဟုတ်ပါ။ ကျေးလက်ဒေသအသေးစားလုပ်ငန်းရှင်များအား နေ့စဉ်ရွှေဥများ ဥပေးနိုင်ရန်အတွက် လုပ်ငန်းရှင်များ၏ စွမ်းအားများဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်ခြင်းဖြစ်ပါသည်။ လူ့စွမ်းအားအသိဉာဏ်ရှင်သန်ဖွံ့ဖြိုးမှ မိမိတို့၏ လုပ်ကိုင်နေသော လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်ဖြစ်ပါသည်။ အထက်မှာ ဖော်ပြထားသော ဖွင့်လှစ်ပြီးတဲ့ သင်တန်း တိုင်းတွင် ထူးချွန်သည့် သင်တန်းသား၊ သင်တန်းသူ ၁၀ ဦးစီပေါ်ထွက် လာပါက ၎င်းတို့မှတစ်ဆင့် ရရှိပြီးသည့် ပညာများအား ပြန်လည် ဖြန့်ဝေပေးပါက ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

သဘာဝသယံဇာတများသည် ထုတ်လုပ်သူများပြားလာလျှင် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကုန်ခမ်းသွားနိုင်ပါသည်။ လူသားတို့ထံမှ ထွက်ရှိသော လူ့စွမ်းအားအရင်းအမြစ် (လူ၏စွမ်းအား) သည် ဘယ်သောအခါမှ ကုန်ခမ်းသွားမည်မဟုတ်ကြောင်း၊ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များ မိမိတို့နှင့်သက်ဆိုင်သော သင်တန်းများအား တက်ရောက်သင်ယူ သင့်ပါကြောင်း----။

**စာမျက်နှာ ၃ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန မှ အဆက်**

လိုအပ်သလို လေ့လာသုံးသပ်၍ မိမိတို့နှင့် ဆီလျော်ကိုက်ညီမည့်လုပ်ငန်းစဉ်၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ကျင့်သုံးနိုင်ရေးအတွက် လိုအပ်သည့် နည်းပညာပံ့ပိုးမှုများ ရယူလိုပါကြောင်း၊ အလားတူပင် ကုန်သွယ်မှုတွင် ထိရောက်သည့် Liberalization Measures များ ချမှတ်ကျင့်သုံးနိုင်ရေးအတွက် ထုတ်ကုန်တစ်ခုချင်းအလိုက် ဆိုင်ရာ လေ့လာသုံးသပ်မှုများတွင်လည်း နည်းပညာပံ့ပိုးမှုများရယူလိုပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ အကူအညီပေးအပ်လျက်ရှိသည့် Core Area များတွင် ကုန်သွယ်မှုကဏ္ဍသည် တိုက်ရိုက်အနေဖြင့် ပါဝင်ခြင်းမရှိသော်လည်း ကုန်သွယ်မှုကဏ္ဍမှာကျယ်ပြန့်သည့်အလျောက် ဆက်စပ်ဆောင်ရွက်နိုင်မည့် နယ်ပယ်များအတွက် လိုအပ်သလို ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံ၏ ပထမအကြိမ် Trade Policy Review လုပ်ငန်းစဉ်တွင် ကူညီခဲ့မှုကို နမူနာထား၍ အကြံပြုလိုကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေး ခဲ့ပါသည်။

အာရှဖွံ့ဖြိုးရေးဘဏ်မှ Mr. Peter J. Brimble က ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ယေဘုယျသဘော မဆန်ဘဲ ယခုကဲ့သို့အချက်အလက်နှင့်ပြည့်စုံစွာဆွေးနွေးလာမှုအားကြိုဆိုပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ အကူအညီပေးအပ်လျက်ရှိသည့် Core Area များတွင် သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အား၊ ပညာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ဆည်မြောင်းလုပ်ငန်းများ အဓိကပါဝင်နေပြီး ကုန်သွယ်မှုကဏ္ဍမှာ တိုက်ရိုက်ပါဝင်ခြင်းမရှိသေးကြောင်း၊ သို့ရာတွင် ဆက်စပ်ဆောင် ရွက်နိုင်သည့် အခွင့်အလမ်းများရှိပါကြောင်း၊ မိမိအနေဖြင့် ဆက်စပ်ဆောင်ရွက်နိုင်သည့် အဓိကအချက်နှစ်ချက်ကို အထူးဆွေးနွေးတင်ပြလိုပါကြောင်း၊ ပထမအချက်မှာ Regional Cooperation & Integration အစီအစဉ်ဖြစ်ပြီး ၎င်းအောက်တွင် Cross Border Trade Facility ဆိုင်ရာများလည်း ပါဝင်ပါကြောင်း၊ ဒုတိယအချက်မှာ Country Partnership Strategy ဖြစ်ပြီး ၎င်းအောက်တွင် ပုဂ္ဂလိက အခန်းကဏ္ဍမှ ပိုမိုပူးပေါင်းပါဝင်လာမှုကို မြှင့်တင်မည့်အစီအစဉ်နှင့် Mekong Business Initiatives အစီအစဉ်များ ပါဝင်ပါကြောင်း၊ Mekong Business Initiatives အစီအစဉ်သည် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ သန်းအသုံးပြုမည့်စီမံချက်ဖြစ်ပြီး Legal Reform နှင့် Access to Finance လုပ်ငန်းစဉ်များလည်း အကျုံးဝင်ပါကြောင်း၊ အထူးသဖြင့် မဲခေါင်ဒေသတွင်းနိုင်ငံများအနေဖြင့် ၎င်းစီမံချက်နှင့် အကျုံး ဝင်သည့် နယ်ပယ်များတွင် လိုအပ်သည့်အကူအညီများ တင်ပြ နိုင်ပါကြောင်း၊ မိမိအနေဖြင့် အကြံပြုတင်ပြလိုသည်မှာ ယခု ဧပြီလကုန်ပိုင်းတွင် လက်ရှိ Mission အတွက် အဆုံးသတ် အစည်းအဝေး ခေါ်ယူကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ အစည်းအဝေးတွင် မိမိဆွေးနွေးတင်ပြခဲ့သည့် အစီအစဉ်များနှင့် အကျုံးဝင်မည့် နယ်ပယ်များအလိုက် အချက်အလက်များကို မွမ်းမံပြင်ဆင်ကာ ဆွေးနွေးသွားမည်ဆိုပါက အခွင့်အလမ်းများစွာရှိပါကြောင်းဖြင့် အကြံပြုဆွေးနွေးခဲ့ပါသည်။

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော တာဝန်ရှိသူများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များသည် နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အချက်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်း ရရှိပါသည်။

**ကုန်သွယ်/ဦးစီး (WTO)**

## ➡ စာမျက်နှာ ၃ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း မှ အဆက်

မိမိတာဝန်ယူရသည့် လုပ်ငန်းနယ်ပယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တာဝန်သိမှု၊ တာဝန်ယူမှုနှင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း၊

ယခုလိုအောက်ခြေဝန်ထမ်းများကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် သင်တန်းများပို့ချပေးနေသလို နိုင်ငံတော်အစိုးရမှလည်း ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ဌာနအကြီးအမှူးများကိုလည်း အရည်အသွေးမြှင့် အထူးမွမ်းမံသင်တန်းများ ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ဒါကြောင့် ဝန်ထမ်းများအနေနဲ့ မိမိထက်ရာထူးကြီးတဲ့ ဌာနအကြီး အကဲများပင်လျှင် အရည်အသွေး၊ အရည်အချင်းများ တိုးတက်စေရန် သင်တန်းများတက်နေကြရတာကို တွေ့ရမှာဖြစ်ပါကြောင်း၊ ငယ်ရွယ်တဲ့ ဝန်ထမ်းများအနေနဲ့ တဖြည်းဖြည်း ရာထူးတွေတိုးတက်လာပြီး အဆင့်မြင့်တာဝန်တွေကို တစ်ချိန်ချိန်မှာ ပခုံး ပြောင်းထမ်းဆောင်ကြရမှာဖြစ်ပါ ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနှင့် စီးပွားရေးမူဝါဒ (၄)ရပ်၊ ကုန်သွယ်ရေးအခြေခံ မူဝါဒ(၃) ရပ်နှင့် ကုန်သွယ်ရေးရည်မှန်း ချက် (၅)ရပ်အပေါ် အခြေခံပြီး လုပ်ငန်းစဉ်(၁၁)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတာကိုလည်း အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ဒါ့ကြောင့် မိမိဝန်ကြီးဌာနအနေနဲ့ ဘာတွေကိုအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေလည်းဆိုတာ သိရှိသွားပြီဖြစ်တဲ့အတွက် မိမိဝန်ကြီးဌာနကထားရှိတဲ့ မျှော်မှန်း ချက်၊ ရည်မှန်းချက်တွေ ပြည့်မီအောင် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် ဝန်ထမ်းကောင်းများဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြား ခဲ့ပါတယ်။

ထို့နောက် ဆုရသင်တန်းသား/ သူများအား ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းဆင်း အောင်လက်မှတ်များကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။ အဆိုပါသင်တန်းသို့သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၉ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ကြောင်းသတင်းရရှိသည်။

**HR Mg**

## ပြောင်း



### ပြောင်းတန်ချိန် ၃ သောင်းခွဲနီးပါး တင်ပို့

မတ်လ ၂၁ ရက်မှ ၂၇ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နဲ့ကန်ပိုက်တီးစခန်းများမှ ကန်ဒေါ်လာ ၉ ဒသမ ၅၆၇ သန်းတန်ဖိုးရှိတဲ့ ပြောင်းတန်ချိန် ၃၄၁၀၁ တန် တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန်တွေမှာ မူဆယ်မှ ၃၂၆၄၆ တန်ခွဲ၊ လွယ်ဂျယ်မှ တန် ၁၀၀၀ နဲ့ ကန်ပိုက်တီးမှ ၄၅၄ တန်ခွဲဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ၃၂၄၂၀ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၆၈၁ တန်ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာလည်း ပြောင်းတစ်တန်ကို ယခင်တစ်ပတ်က ၂၉၅၄၇၈ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၂၉၆၄၉၀ ကျပ်သို့ ဈေးဆက်လက်မြင့်တက်လာခဲ့တာကိုတွေ့ရပါတယ်။လားရှိုးဈေးကွက်မှာတော့ ပြောင်းကို တရုတ်အဆွဲကောင်းနေပြီး ပြောင်းတစ်ပိဿာကို ၄၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ရောင်းသူကုန်သည်တွေထံမှာလည်း ပစ္စည်းလက်ကျန်လျော့နည်းလျက်ရှိနေကြောင်း သတင်းရရှိပါတယ်။ **မော်မော်အောင် MIRT(DCCA)**

### ဝယ်လိုအားကောင်းတဲ့ စစ်ကိုင်းအစေ့ထုတ်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီးမှာ တစ်နှစ်ပတ်လုံး ထွက်ပေါ်သောသီးနှံမှာ အစေ့ထုတ်ပြောင်း စီပီဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် တစ်ဧကအထွက်နှုန်းမှာ မိုးအစေ့ထုတ်ပြောင်း တင်း ၅၀ နှုန်း၊ ဆောင်းအစေ့ထုတ်ပြောင်း ၄၈ တင်းနှုန်း ထွက်ရှိပါတယ်။ မုံရွာမြို့တွင် ပုံမှန်အသုံးရှိပြီး မုံရွာကုန်စည်ဒိုင်မှ အမြဲဝယ်လက်များမှာ မန္တလေး စီပီကုမ္ပဏီနှင့် ရွှေဘို ကေပီ ကုမ္ပဏီများဖြစ်ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ ယခုတစ်ပတ်တွင် တစ်ရက် တင်း ၁၀၀၀ မှ ၁၅၀၀ ထိ အစေ့ထုတ်ပြောင်းများ အရောင်းအဝယ်ဖြစ်ပြီး ဝယ်လိုအားဈေးကွက်ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးပါ။ အစေ့ထုတ်ပြောင်း ဈေးနှုန်းမှာ ပုံမှန်အတိုင်း တစ်တင်း ၆၇၀၀ ကျပ်-၆၈၀၀ ကျပ်ဝန်းကျင်သာ ဈေးပေါက်ပါတယ်။ **သန်းသန်းတင်-မုံရွာ**

## ဝဥ

### မူဆယ် (၁၀၅) မိုင်မှ ဝဥခြောက်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ်လ ၂၁ ရက်မှ ၂၇ ရက်တာ သီတင်းပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၅၇ သန်းတန်ဖိုးရှိ ဝဥခြောက် ၈၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တန် ၅၀ သာ တင်ပို့နိုင်တဲ့အတွက် ယခုတစ်ပတ်မှာ ဝဥခြောက်တင်ပို့မှု ၃၅ တန်ပိုမို လာခဲ့ပါတယ်။ ‘ဝ’ ဥကို စနစ်တကျ သုတေသနပြုလုပ်ပြီး တိုးချဲ့စိုက်ပျိုးမည်ဆိုပါက တိုင်းပြည်ဝင်ငွေတိုးစေမည့် ထုတ်ကုန်သစ်တစ်ခုဖြစ်နိုင်ပါကြောင်း၊ ဝဥ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရာတွင် စိုက်ပျိုးထုတ်လုပ်သူများ စုပေါင်းပြီး အသင်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်လျှင် ပိုမိုအဆင်ပြေနိုင်ပါကြောင်းတို့ကို ဖေဖော်ဝါရီလဆန်းပိုင်းက ပြုလုပ်သည့် လွှတ်တော်အစည်းအဝေးတွင် အသီးသီးတင်ပြသွားခဲ့ကြကြောင်း သိရပါတယ်။

**မော်မော်အောင်MIRT(DCCA)**

## ဝါဂွမ်း

### ဝါဂွမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ်လ ၂၁ ရက်မှ ၂၇ ရက်တာ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၆၀၇ သန်းတန်ဖိုးရှိ ငွေချည်-၆ ဝါဂွမ်း၊ တန်ချိန် ၇၃၀ ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၆၉၄ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဝါဂွမ်းတင်ပို့မှု ပိုမိုလာတာ တွေ့ရပါတယ်။

ဖေဖော်ဝါရီလအတွင်း ဝါဂွမ်းတင်ပို့မှု ၂၃၁ တန်သာရှိခဲ့ပြီး ယခုမတ်လ တစ်လလုံးမှာတော့ တန်ချိန် ၂၅၀၀နီးပါထိ တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ငွေချည်-၆ ဝါဟာ ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းလည်း ကောင်းမွန်ခြင်း၊ မြေဩဇာတုံ့ပြန်မှုလည်း ရှိခြင်းတို့ကြောင့် ဝါစိုက်တောင်သူတွေအတွက်လည်း စီးပွားရေးတွက်ခြေကိုက်တယ်လို့ မကွေးမြို့မှ ဝါစိုက်တောင်သူတွေက ပြောပါတယ်။

**မော်မော်အောင် MIRT(DCCA)**

## ရော်ဘာ

### ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ယူအေအီးနိုင်ငံသို့ပါ ရော်ဘာတင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ်လ ၂၂ ရက်မှ ၂၈ ရက်တာရက်သတ္တပတ်အတွင်းမှာ ကန်ဒေါ်လာ ၂ ဒသမ ၇၇၃ သန်းဖိုးရှိ ရော်ဘာ ၂၁၅၈ တန်ကျော်ကို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မလေးရှားတစ်နိုင်ငံတည်းသို့သာ ရော်ဘာတန် ၉၂၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ မလေးရှား၊ စင်ကာပူနဲ့ ယူအေအီးနိုင်ငံသို့ပါ တင်ပို့နိုင်ခဲ့တဲ့အတွက် ရော်ဘာ ၁၂၃၈ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့နိုင်မှုတွေကတော့ မလေးရှားနိုင်ငံသို့ ရော်ဘာ RSS-3 ၁၀၆၇ တန်နဲ့ RSS-5 တန် ၅၀၊ စင်ကာပူနိုင်ငံသို့ MSR- 20 ၃၈၂ တန်ကျော်၊ ယူအေအီးနိုင်ငံသို့ RSS-3 တန် ၄၀၀ နဲ့ MSR- 20 ၂၅၉ တန်တင်ပို့ခဲ့တာဖြစ်ပါတယ်။

မတ်လ ၁ ရက်နေ့မှ ၂၈ ရက်အတွင်းမှာတော့ ကန်ဒေါ်လာ ၇ ဒသမ ၈၈၈ သန်းဖိုးရှိ ရော်ဘာ ၆၁၁၅ တန်ကျော်ကို တင်ပို့နိုင်ခဲ့ပြီး ဖေဖော်ဝါရီလ တင်ပို့မှုထက် ၁၇၈၇ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ပြည်တွင်းရော်ဘာဈေးမှာ ဧပြီလ ၃ ရက်နေ့ထိ မြိတ်မှာ RSS-3 ၁ပေါင်ကို ၅၅၆ ကျပ်နဲ့မော်လမြိုင်မှာ RSS-3 ၁ပေါင်ကို ၅၉၅ ကျပ် ဈေးပေါက်ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာပေါက်ဈေးများ အပြောင်းအလဲသိပ်မရှိတဲ့အတွက် ပြည်ပပို့မယ့် ရော်ဘာများရဲ့ ပေါက်ဈေးကိုလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲမြန်မာနိုင်ငံရော်ဘာ စိုက်ပျိုး ထုတ်လုပ်သူများအသင်းက ဈေးနှုန်း ထုတ်ပြန်ထားပါတယ်-

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၁၀၀-၁၂၀၀ |

**ယဉ်ယဉ်အေး MIRT (DCCA)**

### မူဆယ်(၁၀၅)မိုင်မှသာ ရော်ဘာတင်ပို့မှုရှိ

မတ်လ ၂၁ ရက်မှ ၂၇ ရက်နေ့ထိ ရက်သတ္တပတ်အတွင်းမှာ တရုတ်နိုင်ငံဘက်သို့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှသာ ရော်ဘာတင်ပို့နိုင်ခဲ့ပါတယ်။ ကန်ဒေါ်လာ သုည ဒသမ ၇၉၁ သန်းတန်ဖိုးရှိ ရော်ဘာ RSS-3 ၄၂၂ တန်နဲ့ MSR 20 ၁၃၃ တန်ကျော် တင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က ၅၂၆ တန်တင်ပို့ခဲ့လို့ မူဆယ်မှပုံမှန်အပို့ရှိနေတယ်လို့ဆိုရပါမယ်။

ယခင်သီတင်းပတ်က တင်ပို့မှုရှိခဲ့တဲ့မြိတ်နဲ့ ချင်းရွှေဟော်စခန်းများမှ ယခုတစ်ပတ်မှာ မတင်ပို့နိုင်တဲ့အတွက် ရော်ဘာအပို့လျော့ကျသွားပါတယ်။ နယ်စပ်ရော်ဘာပေါက်ဈေးကတော့ ယခုတစ်ပတ်မှာ ဈေးလျော့ကျသွားတာတွေ့ရပါတယ်။ မိမိဘက်ဈေးရော တစ်ဖက်နိုင်ငံဈေးပါ ကျသွားတာဖြစ်ပါတယ်။ ယခုတစ်ပတ်နှင့် ယခင်တစ်ပတ် မိမိဘက်ဈေးနဲ့ တစ်ဖက်နိုင်ငံဈေးနှိုင်းယှဉ် ဖော်ပြပေးလိုက်ပါတယ်-

| | မိမိဘက်(ကျပ်/တန်) | | | | တစ်ဖက်နိုင်ငံ(ဒေါ်လာ/တန်) | | | |
|---|---|---|---|---|---|---|---|---|
| | ယခု | ယခင် | ပြောင်းလဲမှု | ရာခိုင်နှုန်း | ယခု | ယခင် | ပြောင်းလဲမှု | ရာခိုင်နှုန်း |
| ရော်ဘာ | ၁၄၄၇၁၇၅ | ၁၄၇၆၃၆၅ | -၂၉၁၉၀ | -၂ | ၁၃၇၁ | ၁၃၉၉ | -၂၈ | -၂ |

**ယဉ်ယဉ်အေး MIRT (DCCA)**

# ကမ္ဘာ့ဈေးကွက်မှာ လက်ဖက်အဝင်နည်းသဖြင့် အိန္ဒိယလက်ဖက်ဈေး မြင့်တက်ဖွယ်ရှိ

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ ကမ္ဘာ့လက်ဖက်ထွက်ရှိမှုပမာဏဟာ ကီလိုဂရမ် ၈ သန်းကျော်ကျဆင်းခဲ့ခြင်း သည် အိန္ဒိယလက်ဖက်ဈေးအားကို ဆွဲတင်လိုက်သကဲ့သို့ဖြစ်နေတယ်လို့ လက်ဖက်ကုန်သည်များက ပြောကြား လိုက်ပါတယ်။

အိန္ဒိယမှာ ယခုလက်ဖက်ကုန်သွယ်နေတဲ့ ဈေးဟာ ယခင်နှစ် ပျမ်းမျှရဲ့ အထက်မှာ ရှိနေပါတယ်။ အိန္ဒိယဟာ ကမ္ဘာမှာ လက်ဖက်ဦးဆောင်ထုတ်လုပ်တဲ့ နိုင်ငံဖြစ်ပြီး နှစ်စဉ်ပျမ်းမျှထုတ်လုပ်မှုပမာဏဟာ ကီလိုဂရမ် ၁၁၀၀ မှ ၁၂၀၀ သန်းခန့်ထိရှိတဲ့ နိုင်ငံဖြစ်ပါတယ်။

ကမ္ဘာပေါ်ရှိ လက်ဖက်အဓိကထုတ်လုပ်တဲ့နိုင်ငံများဟာ ထုတ်လုပ်မှုအပိုင်းမှာ အကျပ်အတည်းနဲ့ ရင်ဆိုင်နေကြရပါတယ်။ Kenyan ထုတ်လုပ်မှုဟာ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာ ကီလိုဂရမ် ၃ ဒသမ ၃၇ သန်းလျော့နည်းခဲ့ပြီး ဖေဖော်ဝါရီလနဲ့ မတ်လများမှာလည်း ဆက်လက် လျော့နည်းမယ့် အရိပ်အယောင် ရှိနေပါတယ်။

Global Tea Brokers ဥက္ကဋ္ဌ N. Sriram က အိန္ဒိယရဲ့ ဘဏ္ဍာနှစ်ကုန်ပိုင်းမှာ အရောင်းကျတာမဟုတ်ဘဲ ပုံမှန်အတိုင်း ဝယ်သူများရဲ့အဝယ်က လျှော့ချဝယ်ယူတဲ့အတွက်သာ ပမာဏနည်းခြင်းဖြစ်တယ်လို့ ပြောပါတယ်။ မတ်လနောက်ပိုင်းမှာ အဝယ်ပြန်တက်လေ့ရှိတယ်လို့ ဖြည့်စွက်ပြောကြားပါတယ်။

United Planters Association of Southern India (UPASI) မှကုန်ပစ္စည်းများဌာန၏ ဌာနအကြီးအကဲတစ်ဦးဖြစ်သူ R-Sanjith က လက်ရှိ အိန္ဒိယရဲ့ လက်ဖက်ဈေးဟာ ယမန်နှစ်ဈေးထက် တောင် ပိုတက်မယ့်အလားအလာရှိတယ်လို့ ဆိုပါတယ်။

အိန္ဒိယနိုင်ငံသည် အီဂျစ်၊ ပါကစ္စတန်နဲ့ အင်္ဂလန်နိုင်ငံတို့သို့ လက်ဖက်ကို CTC( Crush, Tear, Curl ) အဖြစ်နဲ့ အဓိကထားတင်ပို့ပြီး သမားရိုးကျ လက်ဖက်များကိုတော့ အီရတ်၊ အီရန်နဲ့ ရုရှားတို့သို့ တင်ပို့တာဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ်မှာ အိန္ဒိယနိုင်ငံမှ လက်ဖက်ကီလိုဂရမ် ၁၁၈၅ သန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှာတုန်းကတော့ ကီလိုဂရမ် ၁၂၀၀ သန်းတင်ပို့နိုင်ခဲ့ပါတယ်။

**တိမ်ကင်းစင်**

# ရန်ကုန်တွင် အမေရိကန်ဒေါ်လာနှင့် မြန်မာငွေလဲလှယ်မှုအခြေအနေနှင့် ပတ်သက်၍ လေ့လာသုံးသပ်တင်ပြချက်

ကျော်မြင့်

ရန်ကုန်တွင် အမေရိကန်ဒေါ်လာ (US Dollar) ရောင်းဈေးကို ရန်ကုန် ငွေကြေးလဲလှယ်သူများထံမှ နေ့စဉ်ကောက်ယူပြီး ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ် စက်တင်ဘာလအထိ လအလိုက်ပျမ်းမျှရောင်းဈေးကို ဇယား-၁ တွင်ဖော်ပြထားပါသည်။ တစ်နည်းအားဖြင့် ရန်ကုန် သိမ်ဖြူငွေလဲစင်တာမပေါ်ပေါက်မီကာလများ အတွက်ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ရန်ကုန်သိမ်ဖြူ ငွေလဲစင်တာ (Thainphyu Money Changer Center-TPMCC) ဖွင့်လှစ်ခဲ့သည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ်မတ်လကုန်ထိ အမေရိကန် ဒေါ်လာ (US Dollar) ရောင်းဈေးကို ရန်ကုန်ငွေကြေးလဲလှယ်သူများထံမှ နေ့စဉ် ကောက်ယူပြီးလအလိုက် ပျမ်းမျှရောင်းဈေးကို ဇယား-၁ တွင်ဖော်ပြထားပါသည်။ တစ်နည်း အားဖြင့် ရန်ကုန်သိမ်ဖြူငွေလဲစင်တာပေါ်ပေါက်ပြီးနောက်ပိုင်းကာ လများ ဖြစ်ပါသည်။ ရန်ကုန်ငွေကြေးလဲလှယ်သူများသည် ရန်ကုန် သိမ်ဖြူငွေလဲစင်တာ ငွေလဲနှုန်းများကို အခြေခံပြီး အရောင်းအဝယ်ပြု လုပ်ကြသဖြင့် ဝယ်လိုအား၊ ရောင်းလိုအားပေါ်တည်မှီပြီး ပုံမှန်အား ဖြင့် ရန်ကုန်သိမ်ဖြူငွေလဲစင်တာနှင့် ရန်ကုန် ငွေကြေးလဲလှယ်သူများ နှိုင်းယှဉ်ပါက အနည်းငယ်မျှသာကွာခြားမှုရှိသည်။

**ဇယား-၁ ရန်ကုန်တွင်ငွေကြေးလဲလှယ်သူများ၏ အမေရိကန် ဒေါ်လာ လအလိုက်ပျမ်းမျှရောင်းဈေး**

| v t r n | 2006 | 2007 | 2008 | 2009 | 2010 | 2011 | 2012 | 2013 | 2014 | 2015 |
|---|---|---|---|---|---|---|---|---|---|---|
| Ze | 1137 | 1316 | 1258 | 1128 | 1018 | 849 | 818 | 857 | 984 | 1033 |
| az | 1150 | 1276 | 1206 | 1042 | 1014 | 885 | 816 | 859 | 983 | 1034 |
| rx | 1179 | 1278 | 1121 | 1029 | 1003 | 882 | 815 | 878 | 968 | 1068 |
| { | 1357 | 1274 | 1123 | 1064 | 1000 | 857 | 817 | 885 | 963 | |
| ar | 1297 | 1270 | 1145 | 1085 | 993 | 829 | 830 | 925 | 965 | |
| Ze | 1286 | 1286 | 1172 | 1115 | 987 | 792 | 857 | 964 | 973 | |
| Z | 1330 | 1298 | 1188 | 1137 | 996 | 795 | 876 | 988 | 973 | |
| lo | 1347 | 1322 | 1206 | 1122 | 999 | 745 | 866 | 972 | 972 | |
| pu | 1363 | 1378 | 1268 | 1096 | 959 | 794 | 855 | 973 | 983 | |
| atmu | 1352 | 1363 | 1239 | 1085 | 919 | 809 | 845 | 971 | 997 | |
| E | 1300 | 1298 | 1266 | 1014 | 905 | 784 | 845 | 976 | 1034 | |
| ' | 1272 | 1286 | 1212 | 1005 | 881 | 792 | 851 | 985 | 1042 | |
| wpEp ywv; y|r;r| | 1281 | 1304 | 1200 | 1077 | 973 | 818 | 841 | 936 | 986 | |

ရန်ကုန်သိမ်ဖြူငွေလဲစင်တာမပေါ်ပေါက်မီကာလအတွင်း ၂၀၀၆ ခုနှစ် ဇန်နဝါရီမှ ၂၀၁၁ ခုနှစ် စက်တင်ဘာလကုန်ထိ အမေရိကန် ဒေါ်လာ (US Dollar) ရောင်းဈေးသည် အကျဘက် (downward trend) သို့ ဦးတည်ဖြစ်ပေါ်ခဲ့ သည်။ ၂၀၀၇ ခုနှစ်တွင် အမေရိကန် ဒေါ်လာ (US Dollar) ပျမ်းမျှရောင်းဈေးသည် ၁၃၀၄ ကျပ်ရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ၉၇၃ ကျပ်ထိဖြစ်ခဲ့ပြီး ၂၀၁၁ ခုနှစ် စက်တင်ဘာ လတွင် ၈၁၈ ကျပ်ထိဖြစ်သွားခဲ့သည်။ ပုံ-၁ တွင်ဖော်ပြထားပါသည်။

**ပုံ-၁။ ရန်ကုန်သိမ်ဖြူငွေလဲစင်တာမပေါ်ပေါက်မီကာလအတွင်း ရန်ကုန်ငွေကြေးလဲလှယ်သူများ၏ အမေရိကန်ဒေါ်လာ (US Dollar) ရောင်းဈေး (၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ် စက်တင်ဘာလထိ)**




**ပုံ-၂။ ရန်ကုန်သိမ်ဖြူငွေလဲစင်တာပေါ်ပေါက်ပြီးနောက် ရန်ကုန်ငွေကြေးလဲလှယ်သူများ၏ အမေရိကန်ဒေါ်လာ (US Dollar) ရောင်းဈေး (၂၀၁၁ ခုနှစ် အောက်တိုဘာမှ ၂၀၁၅ ခုနှစ်မတ်လထိ)**




ဇာစ်မြစ်။ www.etrademyanmar.com

ရန်ကုန်သိမ်ဖြူငွေလဲစင်တာပေါ်ပေါက်ပြီးနောက် ၂၀၁၁ ခုနှစ် အောက်တိုဘာမှ ၂၀၁၅ ခုနှစ် မတ်လထိ ရန်ကုန်ငွေကြေးလဲလှယ်သူ များ၏ အမေရိကန် ဒေါ်လာ (US Dollar) ရောင်းဈေးမှာ အတက် ဘက် (upward trend) သို့ ဦးတည်ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် အမေရိကန် ဒေါ်လာ (US Dollar) ပျမ်းမျှ ရောင်းဈေးသည် ၈၀၉ ကျပ်ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် မတ်လတွင် ပျမ်းမျှ ရောင်းဈေးသည် ၁၀၆၈ ကျပ်ထိဖြစ်သွားခဲ့သည်။ **ပုံ-၂ တွင် လေ့လာ ကြည့်ရှုရန်ဖြစ်ပါသည်။**

ရန်ကုန်ငွေကြေးလဲလှယ်သူများ၏ ကန်ဒေါ်လာရောင်းဈေး သည် တစ်ထောင်ကျပ်အထက်ဖြစ်လာမှုနှင့် ပတ်သက်၍ ပြောဆို ဝေဖန်မှုအမျိုးမျိုးရှိကြပါသည်။ သို့သော် ၂၀၁၄ ခုနှစ်အောက်တိုဘာ လ ၄ ရက်နေ့ Reuters သတင်းအရ အမေရိကန်ဒေါ်လာ (US Dollar-USD) ဈေးများသည် ပြီးခဲ့သည့် ၄ နှစ်ကာလအမြင့်ဆုံး အထက်သို့ရောက်ရှိသွားခဲ့သည်။ အဓိကအကြောင်းရင်းမှာ အမေရိကန် စီးပွားရေးသည် အလုပ်အကိုင်အခွင့်အလမ်းများကို ပြီးခဲ့သည့်လက မျှော်မှန်းသည်ထက်ပိုမိုပြီး ဖန်တီးပေးနိုင်သည်ဟု အစီရင်ခံစာက ဖော်ပြလိုက်ခြင်းကြောင့် ဖြစ်သည်။ အမေရိကန်အလုပ်သမားဌာနက အလုပ်လက်မဲ့နှုန်းမှာ ၅ ဒသမ ၉ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့ပြီး ၂၀၀၈ ခုနှစ် ဇူလိုင်နောက်ပိုင်း အနိမ့်ဆုံးအခြေအနေရှိသည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့ Reuters သတင်းအရ အမေရိကန် ဗဟိုဘဏ်မှ နာလန်ထူဆဲနိုင်ငံစီးပွားရေးအပေါ် ယုံကြည်မှုရှိကြောင်း ဖော်ပြလိုက်သဖြင့် ဗဟိုဘဏ်၏ ကြေငြာချက်ကြောင့် ဒေါ်လာ အညွှန်းကိန်းသည် (အမေရိကန် ငွေ ကြေးကိုတိုင်းတာခြင်းဖြစ်ပြီး) အောက်တိုဘာလ ၆ ရက်နေ့အမြင့်ဆုံးဈေး ထက်ပိုမြင့်လာသည်ဟု ဖော်ပြထားသည်။

ရန်ကုန်အမေရိကန်ဒေါ်လာရောင်းဈေးသည် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် တစ်ထောင်ကျပ်စတင်ဖြစ်ခဲ့သည်။ ရောင်းဈေးများ ဆက်တိုက်မြင့်လာခဲ့ရာ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အမြင့်ဆုံးအဖြစ် ကန်ဒေါ်လာရောင်းဈေးသည် ၁၀၇၅ ကျပ်ထိဖြစ် သွားခဲ့သည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပြည်တွင်း ဒေါ်လာဈေးမတက်ဖို့ဗဟိုဘဏ်မှ ထိန်းညှိသည့် သတင်းများဖြစ်ပေါ်ခဲ့ သည်။ အမေရိကန်ဒေါ်လာနှုန်းမြင့်တက်နေချိန်တွင် ဗဟိုဘဏ်က ဘဏ်လုပ်ငန်းရှင်များကို ခေါ်ယူတွေ့ဆုံပြီးနောက် တစ်ရက်တွင် ပုဂ္ဂလိက ငွေလဲကောင်တာများကို သတ်မှတ်နှုန်းထားအတိုင်းသာ ရောင်းချရန် ညွှန်ကြားသည်ဟု သိရသည်။

**အခြားငွေကြေးများပြောင်းလဲမှု။** အမေရိကန်ဒေါ်လာတန်ဖိုး ခိုင်မာမှု မြင့်မားလာခြင်းကြောင့် အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသည့် အခြားငွေကြေးများပြောင်းလဲမှုကို လေ့လာပါက မြန်မာကျပ်ငွေတစ်ခုတည်းသာ မြင့်လာခြင်းမဟုတ်ဘဲ ဂျပန်ယန်းငွေ၊ ဥရောပသုံးယူရိုငွေ၊ စင်ကာပူဒေါ်လာ၊ ထိုင်းဘတ်ငွေများမှာလည်း ပြောင်းလဲမြင့်မားလာခဲ့ပါသည်။

**ဇယား-၂။ အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသည့် အခြားငွေကြေးများ လအလိုက်ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ)**

| v t r n | uea':vmwpa':vmEinr|on tjcm;aialu;rm; v t v uyr;r|ap; | | | | |
|---|---|---|---|---|---|
| | *yye , e; | , & | pumy a':vm | xi; bwai | uyai |
| 2014 cEp | | | | | |
| Ze | 104.011 | 0.734 | 1.273 | 30.102 | 984 |
| az | 102.061 | 0.733 | 1.267 | 29.824 | 983 |
| rw | 102.359 | 0.723 | 1.267 | 29.521 | 968 |
| { | 102.488 | 0.724 | 1.255 | 29.059 | 963 |
| ar | 101.831 | 0.728 | 1.252 | 29.785 | 965 |
| Ze | 102.042 | 0.735 | 1.251 | 30.807 | 973 |
| Z | 101.709 | 0.738 | 1.243 | 31.117 | 973 |
| lo | 102.939 | 0.751 | 1.248 | 31.564 | 972 |
| pu | 107.382 | 0.775 | 1.263 | 31.656 | 983 |
| atmuwbm | 108.039 | 0.789 | 1.275 | 31.194 | 997 |
| E0ibm | 116.174 | 0.802 | 1.296 | 31.623 | 1034 |
| E0ibmvu? atmuwbmv xuyrjrirm;vmr (%) | | | | | |
| | 7.53% | 1.64% | 1.65% | 1.37% | 3.71% |
| 'Zibm 2&uae | 118.893 | 0.804 | 1.308 | 32.856 | 1037 |

ဇာစ်မြစ်။ www.etrademyanmar.com

ယင်းအချက်ကိုပေါ်လွင်စေရန် အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသည့် အခြားငွေကြေးများ၊ နေ့စဉ်ဈေးများကို လအလိုက် ပျမ်းမျှတွက်ချက်ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ဇယား-၂ တွင်ဖော်ပြထားသည်ကို လေ့လာ ကြည့်ရှုရန်ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့ Reuters သတင်း အရ အမေရိကန်ဒေါ်လာ (US Dollar) ဈေးများသည် ပြီးခဲ့သည့် လေး နှစ်ကာလ၏အမြင့်ဆုံး အထက်သို့ရောက်ရှိသွားခဲ့သည်။ အမေရိကန် ဒေါ်လာတန်ဖိုးခိုင်မာမှုမြင့်မားလာ သည်ကို အခြေပြု၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ စတင်ပြီး ကန်တစ်ဒေါ်လာနှင့် ညီမျှသည့် အခြားငွေကြေးများ ဈေးပြောင်းလဲမှုဖြစ်ပေါ်စေခဲ့ပါသည်။ နိုဝင်ဘာလတွင် ပိုမိုမြင့်မားလာခဲ့ပါသည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ သည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် အောက်တိုဘာလထက် မည်မျှပိုမြင့်လာ သည်ကို ဇယား-၂ တွင် လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ ဂျပန်ယန်း ငွေ၊ ဥရောပသုံးယူရိုငွေ၊ စင်ကာပူ ဒေါ်လာ၊ ထိုင်းဘတ်ငွေ ၊ မြန်မာ ကျပ်ငွေတို့တွင် ဂျပန်ယန်းငွေသည် မြင့်မားမှုရာခိုင် နှုန်းအများဆုံးဖြစ် ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ဂျပန်ယန်းငွေပြီးပါက မြန်မာ ကျပ်ငွေသည် မြင့်မားမှုရာခိုင်နှုန်း ဒုတိယအများဆုံးဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

**၂၀၁၅ ခုနှစ် မတ်လ အမေရိကန်ဒေါ်လာနေ့စဉ်ရောင်းဈေး ။** ၂၀၁၅ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ရန်ကုန်ငွေကြေးလဲလှယ်သူများ၏ ကန်ဒေါ်လာရောင်းဈေးသည် ၁၀၈၃ ကျပ်ဖြစ်လာခဲ့သည်။ ပုံ-၃ တွင် ကြည့်ရှုရန်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြန်မာကျပ်ငွေခိုင်မာမှု အားပျော့လာသည့် သဘောဖြစ်ပါသည်။

➲စာမျက်နှာ ၂၈ သို့

Vol: 15, No.14 Monday April 6 2015

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဈေးများသို့ Mobile Lab Van ဖြင့် ဒုတိယအကြိမ် ပူးပေါင်းစစ်ဆေး



စားသုံးသူပြည်သူများအတွက် စိတ်ချမ်းသာကိုယ်ကျန်းမာဖြင့် လုံခြုံစိတ်ချရသော အစားအသောက်များ ကို ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ရန်နှင့် အသုံးပြုနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ Mobile Lab Van အဖွဲ့သည် ဒုတိယအကြိမ်အဖြစ် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိဈေးများသို့ သွားရောက်၍ စားသုံးရန်မသင့်သော အစားအသောက်များကို နမူနာများ ကောက်ယူစစ်ဆေးခြင်း လုပ်ငန်းများကို ထပ်မံပြုလုပ်ရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ လက်အောက်ရှိ စားသုံးသူရေးရာဌာနခွဲမှ အရာရှိများ၊ အမှုထမ်းများ ပူးပေါင်းပါဝင် စစ်ဆေးခဲ့ပါတယ်။

အဆိုပါနမူနာများ ကောက်ယူစစ်ဆေးခြင်း လုပ်ငန်းများကို မတ်လ ၃၁ ရက်နေ့တွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မြို့မဈေးသို့လည်းကောင်း၊ ဧပြီ ၁ ရက်နေ့တွင် သပြေကုန်းဈေးသို့လည်းကောင်း၊ ဧပြီ ၂ ရက်နေ့တွင် လယ်ဝေးမြို့နယ်အတွင်းရှိ သီရိရတနာ မြို့မဈေးသို့လည်းကောင်း၊ ဧပြီ ၃ ရက်နေ့တွင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ မင်္ဂလာဈေးသို့လည်းကောင်း အသီးသီးသွားရောက်၍ စားသုံးသူပြည်သူများ နေ့စဉ် စားသောက်နေသော အစားအစာများဖြစ်သော မှျစ်အမျိုးမျိုး၊ ငါးပိ၊ ဆီ၊ ချဉ်ဖတ်အမျိုးမျိုး၊ လက်ဖက်၊ ပဲပြား၊ သရက်ချဉ်၊ ဆီတို့ဖူး၊ ကြက်အူချောင်း၊ ဝက်အူချောင်း၊ အသားလုံး၊ အသားပြား၊ ကွမ်းသီးစိတ်များ၊ ဂျုံခေါက်ဆွဲခြောက်ထုတ်များတွင် ခွင့်ပြုမထားသော ဆိုးဆေးများ ပါဝင်ခြင်း ရှိ/မရှိနဲ့ အလှကုန်ပစ္စည်းများတွင်လည်း Skin Whitening agent များ ပါဝင်ခြင်း ရှိ / မရှိ တို့ကို နမူနာများ ကောက်ယူ၍ Mobile Lab Van ပေါ်တွင် ခတ်ခွဲ ခန်းသုံးပစ္စည်း (Test Kit) များအသုံးပြုကာ သက်ဆိုင်ရာဈေးများတွင် နမူနာများ ကောက်ယူစစ်ဆေးခဲ့ကြပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနက အများပြည်သူများသိရှိစေရန် ထုတ်ပြန်ထားသော စားသုံးရန်မသင့်တဲ့အစားအသောက်များနှင့် အလှကုန် ပစ္စည်းများ ဈေးကွက်အတွင်း ရောင်းချနေမှုများ ရှိ/မရှိနဲ့ ထပ်မံရောင်းချနေမှုများ တွေ့ရှိပါကလည်း စည်ပင်သာယာရေးကော်မတီမှ နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှူးများ၊ သက်ဆိုင်ရာဈေးများရှိ ဈေးတာဝန်ခံများမှ တစ်ဆင့် စစ်ဆေးတွေ့ရှိချက်များကို အရေးယူဆောင်ရွက်ပေးပါရန် အသိပေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။ အဆိုပါစစ်ဆေးမှုတွင် စားသုံးသူရေးရာဌာနခွဲမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်စည်ပင် ကျန်းမာရေးဦးစီးဌာနမှ အရာထမ်းများ ၊ သက်ဆိုင် ရာဈေးများရှိ ဈေးတာဝန်ခံများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ဆုမြတ်လှိုင်**
**စားသုံးသူရေးရာဌာနခွဲ**

# တရုတ်နိုင်ငံတွင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စားသုံးသူများအခွင့်အရေးကို ပိုမိုကောင်းမွန်စွာ အကာအကွယ်ပေးရန်လိုအပ်

တရုတ်နိုင်ငံသည် ပြည်တွင်းစားသုံးမှုတိုးတက်စေခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ဆောင်ရွက်လျက်ရှိရာတွင် ထုတ်ကုန်များ အရည်အသွေး ပိုမိုကောင်းမွန်စေရန်နှင့် စားသုံးသူများအခွင့်အလမ်းကို ခိုင်မာစွာအကာအကွယ်ပေးနိုင်ရေးတို့အတွက် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ တရုတ်ပြည်သူများအနေဖြင့် ထုတ်ကုန်အရည်အသွေးအတွက် လုံခြုံစိတ်ချရမှုရှိပြီး ၎င်းတို့၏ အခွင့်အလမ်းများကို အကာအကွယ်ပေးနိုင်မှသာ အသုံးစရိတ်များကို ပိုမိုသုံးစွဲလာကြမည်ဖြစ်ကြောင်း ကျွမ်းကျင်သူတို့က သုံးသပ်ပါသည်။

တရုတ်နိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာကတည်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်ခဲ့သော်လည်း အစားအသောက်နှင့်ပတ်သက်သည့် ခြိမ်းခြောက်မှုများ မကြာသေးမီက ဖြစ်ပေါ်ခဲ့ရာ အဆိုပါကိစ္စနှင့် ပတ်သက်၍ဖြေရှင်းရန် နှောင့်နှေးလျက်ရှိပါသည်။ ၂၀၀၈ ခုနှစ်က တရုတ်နိုင်ငံမှထုတ်လုပ်သည့် ကလေးနို့မှုန့်များတွင် မယ်လမင်းများပါဝင်ခဲ့မှုကြောင့် တရုတ်နိုင်ငံမှ မိဘပြည်သူများမှာ ပြည်ပမှ နို့မှုန့်များကို အစားထိုး အသုံးပြုခဲ့ကြရသည်။ အရည်အသွေးညံ့ဖျင်းသော ထုတ်ကုန်များအား အလေးထားဂရုပြုမိကြစေရန် စီစီတီဗီသတင်း ဌာနမှတစ်ဆင့် ကမ္ဘာ့စားသုံးသူ အခွင့်အလမ်းများနေ့ဖြစ်သော ၂၀၁၅ ခုနှစ် မတ်လ ၁၅ ရက် နေ့တွင် တရုတ်ပြည်သူများအား ရုပ်သံမှ ထုတ်လွှင့်ပြသခဲ့ပါသည်။ တရုတ်နိုင်ငံတွင် ပို့ကုန်တင်ပို့မှု၊ ရင်းနှီးမြှုပ်နှံမှုတို့ပြီးပါက စားသုံးမှုဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအချက် ဖြစ်ပါသည်။ တရုတ်မှ အစိုးရအာဏာပိုင်များအနေဖြင့် စားသုံးသူများအား ပိုမိုကောင်းမွန်စွာအကာအကွယ်ပေးနိုင်ရန်အတွက် ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။

တရုတ်နိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် စားသုံးသူအခွင့်အလမ်းကာကွယ်သည့် ဥပဒေအား ပယ်ဖျက်ပြီး ၂၀၁၅ ခုနှစ်မတ်လ ၁၅ ရက်နေ့တွင် စားသုံးသူအခွင့်အလမ်းကာကွယ်သည့် ဥပဒေသစ်အား ပြဋ္ဌာန်းခဲ့ပါသည်။ စားသုံးသူများအနေဖြင့် စားသုံးသူအခွင့်အလမ်းကာကွယ်သည့် ဥပဒေသစ်အရ စားသုံးသူများ အခွင့်အလမ်း ပိုမိုရရှိခဲ့ပြီး ကုန်စည်အားဝယ်ယူပြီးနောက် ပြန်လည်ပေးအပ်နိုင်ကာ Online မှ ဝယ်ယူပြီး သီတင်းတစ်ပတ်အတွင်း ငွေကြေးပြန်လည်အမ်းရန် တောင်းဆိုနိုင် သည့် အခွင့်အရေးရှိပါသည်။

တရုတ်နိုင်ငံသည် e-Commerce ဥပဒေကို ၂၀၁၅ ခုနှစ် အကုန်ပိုင်းတွင် ပြဋ္ဌာန်းသွားမည်ဖြစ်ပါသည်။ တရုတ်နိုင်ငံတွင်စားသုံးသူတိုင်တန်းမှုသည် ၂၀၁၄ ခုနှစ်အတွင်း သိသာစွာ တိုးတက်လာခဲ့ပြီး ယင်းအနက် တိုင်တန်းမှု အများစုမှာ Online shopping နှင့် ဆက်နွှယ်လျက်ရှိပါသည်။ တရုတ်နိုင်ငံစားသုံးသူကာကွယ်ရေးအသင်းမှ ဒုဥက္ကဋ္ဌဖြစ်သူ Li Yuanguang က စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ဆက်နွှယ်သည့်မူဝါဒများကို ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စားသုံးသူများ၏ပုဂ္ဂိုလ်ရေးရာသတင်းအချက်အလက်များနှင့် Online လုပ်ငန်းများကိုလည်း အကာအကွယ်ပေးရန်လိုအပ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များမှ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှု ရှိ/မရှိ ကြီးကြပ်သည့်စနစ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ကြီးကြပ်သူများဖြစ်ကြသည့် စက်မှုနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းထိန်းသိမ်းသူများ၊ အရည်အသွေးစောင့်ကြည့်စစ်ဆေးသည့်အဖွဲ့များနှင့် မီဒီယာများအကြား ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**

# မော်လမြိုင်မြို့အမှတ်(၁)ဈေးကြီးနဲ့ မြိုင်ရတနာလေးထပ်ဈေးတွင် တားမြစ် လူသုံးကုန်၊ အလှကုန်နဲ့ စားသုံးကုန်ပစ္စည်းများရောင်းချလျက် ရှိသည်ကို ထပ်မံတွေ့ရှိရ၍ သတိပေး

စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်တဲ့ အနေဖြင့် ဈေးကွက်အတွင်း ရောင်းချနေသည့် လူသုံးကုန်၊ အလှကုန်နှင့် စားသုံးကုန်ပစ္စည်းများတွင် တားမြစ်ပစ္စည်းများ ရောင်းချမှု ရှိ/မရှိ မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာန FDA မှ ဒေါက်တာစိုးနိုင်နဲ့ တာဝန်ရှိဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကူးသန်းရောင်းဝယ်ရေးနဲ့ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးအောင်ကျော်မိုးနဲ့ ဦးဝင်းမြတ်၊ ဈေးစည်ပင်သာယာရေး ဝန်ထမ်းများ၊ သက်ဆိုင်ရာဈေးတာဝန်ခံများ ပူးပေါင်း၍ မတ်လ ၃၀ ရက်နေ့တွင် မော်လမြိုင်မြို့ အမှတ် (၁)ဈေး (အောက်ဈေး)နှင့်



မြိုင်ရတနာ လေးထပ်ဈေးသို့ ကွင်းဆင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြပါတယ်။ FDA ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်း ဦးဆောင်တဲ့

Mobile Lab အဖွဲ့အနေဖြင့် မတ်လ ၅ ရက်မှ ၇ ရက်နေ့ထိ သထုံမြို့နယ်-မြို့မဈေး၊ မော်လမြိုင်မြို့ အမှတ် (၁) ဈေး (အောက်ဈေး)၊ မြိုင် ရတနာလေးထပ်ဈေးနှင့် ကျိုက်ဖနဲ ဈေးများတွင် လူသုံးကုန်၊ အလှကုန် ၊ စားသုံးကုန်ပစ္စည်းများအား ကွင်းဆင်းကောက်ယူခြင်း၊ Mobile Lab ဖြင့် စစ် ဆေးခြင်း၊ စမ်းသပ်မှုအဖြေများအား အသိပေးချပြခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုစစ်ဆေးမှုက နောက်ဆက်တွဲဆောင်ရွက်မှုဖြစ်ကြောင်း သိရှိရပါတယ်။ ယခု စစ်ဆေးခဲ့သည့် နောက်ဆက်တွဲစစ်ဆေးမှုတွင်လည်း စားသုံးသူများ နစ်နာစေမည့် တားမြစ် အလှကုန်/စားသုံးကုန် ပစ္စည်းအချို့ရောင်းချမှုများ တွေ့ရှိရသဖြင့် လုံးဝ(လုံးဝ) ရောင်းချခြင်းမပြုရန်နဲ့ နောက်နောင်ရောင်းချပါက ဥပဒေအရ အရေးယူခြင်း၊ သိမ်းဆည်း ဖျက်ဆီးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ဆိုင်ရှင်များအား လက်မှတ်ရေးထိုး၍ ထပ်မံသတိပေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**WM (MonDCCA)**

# ကျောက်တံခါးမြို့နယ် စည်ပင်သာယာခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး



ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် စည်ပင်သာယာခန်းမ၌ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ကျောက်တံခါးမြို့နယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဌာန၊ ကျောက်တံခါးမြို့နယ်တာဝန်ခံ ဦးနေမျိုးထိုက်ကျော် (ဒု-ဦးစီးမှူး) က ဟောပြောဆွေးနွေးရာ နိုင်ငံတော်မှ ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် (၁၀) ဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ကြောင်း၊ ၎င်းဥပဒေ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ၂၀၁၄ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး၊ တိုင်းဒေသကြီးအတွင်းတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်း တာဝန်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက်အဖွဲ့၏ လက်အောက်တွင်ရှိသော စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၀ ဦးဖြင့်လည်းကောင်း၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၀ ဦးဖြင့်လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက ဖွဲ့စည်းပြီး တာဝန်အသီးသီး ပေးခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတွင်ပါရှိသည့် စားသုံးသူတို့၏ အခွင့်အရေးကို ရယူနိုင်သကဲ့သို့ မိမိတို့၏ တာဝန်များကိုလည်း လိုက်နာရန်လိုအပ်ကြောင်း၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့်လည်း မိမိတို့၏ တာဝန်နှင့် တားမြစ်ချက်များကို လိုက်နာရန်လိုအပ်ကြောင်း ၊ ဥပဒေပါပြစ်မှုပြစ်ဒဏ်များအကြောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး အစားအသောက်နှင့် ပတ်သက်၍ ဓါတုဆိုးဆေးများ၏ ဘေးအန္တရာယ်အကြောင်းနှင့် အရက်၊ ဘီယာ၊ ကွမ်း၊ ဆေးလိပ်တို့တွင် လူကိုစွဲလမ်းစေသော ဓါတုဗေဒပစ္စည်းများ ပါဝင်နေခြင်း၊ အဆိုပါ အန္တရာယ်ရှိသည့် စားသောက်ကုန်များကြောင့် ကင်ဆာရောဂါများ ဖြစ်ပွားလျက်ရှိရာ ကျန်းမာရေးနှင့် စီးပွားရေးကို ထိခိုက်စေမည်ဖြစ်ကြောင်း အကျယ်တဝင့် ပြောကြားခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ကျောက်တံခါးမြို့နယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း အင်အား ၁၂၀ဦး တက်ရောက်ပြီး တက်ရောက်လာသူများအား စားသုံးသူအကာအကွယ် ပေးရေးအကြောင်း သိကောင်းစရာများ ပါဝင်သည့် စားသုံးသူ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**ပေါ်ကွီး (ကျောက်တံခါး)**

# အများပြည်သူများစားသုံးရန် မသင့်လျော်တဲ့ မှတ်ပုံတင်မထားသည့်တိုင်းရင်းဆေးဝါးများစာရင်းအား ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ကြေညာ

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကိုသာ အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စစ်ဆေးမှုများကို စနစ်တကျ လုပ်ဆောင်လျက်ရှိပါတယ်။

ထိုသို့စစ်ဆေးရာမှာ ဈေးကွက်အတွင်း ရောင်းချလျက်ရှိတဲ့ တိုင်းရင်းဆေးဝါးရှစ်မျိုးဟာ တိုင်းရင်း ဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသည့်အပြင် စစ်မှန်သော အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်တဲ့ ဆေးဝါးများဖြစ်ကြောင်းနဲ့ အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးကြေညာထားခြင်းအား သိရှိနိုင်ပါရန် ဖော်ပြပေးလိုက်ရပါတယ်-

| ဆေးဝါးအမည် | ထုတ်လုပ်/ဖြန့်ချီဌာန |
|---|---|
| မြင်းပျံအမှတ်တံဆိပ် အကိုက်အခဲပျောက်ဆေးကြီး | ဖော်ပြထားခြင်းမရှိပါ |
| တောရှောက်လိမ်းဆေး | K ရုံ (၆)ဈေး(၂)၊ မြစ်ကြီးနား |
| စပါယ်ရှယ်အမှတ်တံဆိပ်အဆုတ်ရောဂါဆေးကြီးနှင့် ရင်ကျပ်ပန်းနာပျောက်ဆေးကြီး | K ရုံ (၆)ဈေး(၂)မြစ်ကြီးနား |
| ခြသေ့်အမှတ်တံဆိပ်သွေးဆေး | နန္ဒဝန်ရပ်၊ ညောင်ရွှေ |
| အင်းလေးမယ်အလှတံဆိပ် အသားလှသွေးဆေး | နဂါးနှစ်ကောင်ဆေးတိုက် လိပ်စာ ဖော်ပြထားခြင်းမရှိ |
| မြန်မာသမားတော်ကြီးဦးကိုရ အမှတ်တံဆိပ် သူငယ်နာ အပူအပုပ်ကျ လေလည်ကလေး ဝဆေးကြီး | ဈေးအတွင်း၊ မြောက်ဘက်တိုက်တန်း၊ ကသာ |
| ငွေဖျိုင်းဖြူအမှတ်တံဆိပ် ကျောက်ကပ်ဆေး | အမှတ်(၁၃)၊ ရပ်ကွက်(၃)ရွှေစက်၊ မြစ်ကြီးနား |
| အဆစ်အမြစ်နာရောင်ကိုက်ခြင်း၊ လေးဘက်နာပျောက်ဆေး | အမှတ် ၆၃ ၊ မြို့မရပ်၊ မြစ်ကြီးနား |

အများပြည်သူတို့အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှာ မှတ်ပုံတင်ထားခြင်းမရှိတဲ့ တိုင်းရင်းဆေးဝါးများကို ဝယ်ယူခြင်းမပြုရန်နဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနမှာ မှတ်ပုံတင်ထားတဲ့ ဆေးဝါးများကို စူးစမ်းဝယ်ယူသုံးစွဲရန်လည်း ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထားပါတယ်။

တိုင်းရင်းဆေးပညာဦးစီးဌာနမှ မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုံးဝမပြုလုပ်ရန်နဲ့ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁) (၃၂)အရ တရားစွဲဆိုအရေးယူသွားမယ်လို့ ကြေညာချက်မှာ ထည့်သွင်း ဖော်ပြထားပါတယ်။

**ပန်**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ကျောက်မျက်နှင့် လက်ဝတ်ရတနာပြပွဲကို စက်တင်ဘာလ ၁၀ ရက်တွင် ပြုလုပ်မည်



လာမည့်စက်တင်ဘာလ ၁၀ ရက်တွင် ကျင်းပမည့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ကျောက်မျက်နှင့် လက်ဝတ်ရတနာပြပွဲကို စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးလှုပ်ရှားမှုများဖြင့် ကျင်းပပြုလုပ်သွားမှာ ဖြစ်ကြောင်းသိရပါတယ်။ ပြပွဲကျင်းပမှုတွင် Thai Gem & Jewelry Traders Association ၊ Department of International Trade Promotion နဲ့ The Gem Jewelry and Precious Metal Confederation of Thailand တို့ ပူးပေါင်းကျင်းပမှာဖြစ်ပါတယ်။ ယင်းပြပွဲတွင် Duty Free အထူးအခွင့်အရေးရရှိခြင်း၊သွင်းကုန်ပေါ် ၂၀ ရာခိုင်နှုန်း Duty ကင်းလွတ်ခွင့်ရရှိခြင်း၊ ကျောက်မျက်အရိုင်းတုံး သွင်းကုန်ပေါ်တွင် ကုန်စည်ဝန်ဆောင်မှု ကြီးကြပ်ခွန်ပေးဆောင်ရန် မလိုခြင်း၊ ကျောက်မျက်နဲ့ လက်ဝတ်ရတနာ စီးပွားရေးကုန်သည်လုပ်ငန်းရှင်များအတွက် စံနမူနာပြပွဲဖြစ်ခြင်း၊ ကမ္ဘာတစ်ဝန်းမှ ထုတ်လုပ်သူကုန်သည်များ ၊ ဝယ်ယူသူများနှင့်တွေ့ဆုံနိုင်မည့် အခွင့်အလမ်းများရရှိခြင်း၊ အာရှဈေးကွက်သို့ ဝင်ရောက်နိုင်သည့် အခွင့်အလမ်းနေရာဖြစ်ခြင်း၊ ၂၀၁၆ ခုနှစ်အတွက် လက်ဝတ်ရတနာဒီဇိုင်းများ၏ ဦးတည်ရာလမ်းကြောင်းတစ်ခုဖြစ်ခြင်း၊ ထိုင်းနိုင်ငံရဲ့ လက်ဝတ်ရတနာဖန်တီးမှုများ လေ့လာနိုင်သည့် အခွင့်အလမ်းရှိခြင်းစတဲ့ စိတ်ဝင်စားဖွယ်ရာ ဆွဲဆောင်မှုများကို တွေ့ရှိရမှာဖြစ်ပါတယ်။ Exhibitor by categories ပြပွဲပြသူများအတွက် Gold 12.76% ၊ Silver Jewelry 24.87% ၊ International Pavilion 16.18% ၊ Display & Packaging 0.53% ၊ Equipment & Tools 6.45% ၊ Costume Jewelry & Synthetic Jewerly 0.79% စီ ပြသဖို့ စီစဉ်ထားကြောင်းလည်း သိရှိရပါ တယ်။ပြပွဲဖို့ သွားရောက်လေ့လာလိုသူ၊ပြသ လိုသူ၊ ဝယ်ယူမည့်သူ၊ ထုတ်လုပ် ရောင်းချမည့်သူများအနေဖြင့် Thailand Tel:(662)630-1390 ၊ Fax – (662) 630-1398/99 ? E-mail info @ bankokgemsfair.com သို့ဆက်သွယ်နိုင်ကြောင်း သိရှိရပါတယ်။

**ခင်မြင့်မြင့်သန်း-မန္တလေး**




# Ads.com.mm မှ သင်္ကြန် Promotion အဖြစ် iPhone 6 မဲဖောက်ပေးမည်

မြန်မာပြည်၏ အခမဲ့ကဏ္ဍစုံ ကြော်ငြာဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Ads.com.mm မှ သင်္ကြန်အတွင်း အွန်လိုင်းအသုံးပြု၍ ပစ္စည်းရောင်းချသူများအတွက် Lucky Draw အနေဖြင့် iPhone 6 ကိုပေး အပ်သွားမည်ဖြစ်ကြောင်း Country Manager ဖြစ်သူ Mr.Nico Poma မှ ပြောသည်။ ယင်းအစီအစဉ်တွင် ပစ္စည်းအများဆုံး ရောင်းချသူများအနက် စည်းကမ်း ချက်များနှင့် ကိုက်ညီသည့် ရောင်းချသူတစ်ဦးကိုရွေးချယ်သွားမည်ဖြစ်သည်။Ads.com.mm\Facebook Pageကို Like ပြုလုပ်ထားသူဖြစ်ပြီး အသေးစိတ်အချက်အလက်များကို အဆိုပါ ဝက်ဘ်ဆိုက်တွင်လည်းကောင်း Facebook Page တွင်လည်းကောင်း အသေးစိတ် ရှာဖွေလေ့လာနိုင်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် မိမိလက်တွင်း၌ရှိသည့် တစ်ပတ်ရစ် ပစ္စည်းရောင်း ချသူများကို ဦးစားပေးမည်ဖြစ်ပြီး၊ ကံစမ်းမဲကာလမှာ ဧပြီလတစ်လတည်းသာဖြစ်ကြောင်း သိရသည်။

Ads.com.mm သည် အွန်လိုင်းကြော်ငြာဝက်ဘ်ဆိုက်တစ်ခုဖြစ်ပြီး ယခုအခါ မြန်မာနိုင်ငံတွင် လစဉ်ဝင်ရောက်ကြည့်ရှုသူပေါင်း ၁၈၀၀၀၀ ကျော်ရှိပြီး နေ့စဉ် ဝင်ရောက်ကြည့်ရှုရောင်းချ၊ ဝယ်ယူသူပေါင်း ၆၀၀၀ခန့်ရှိသည်။

ယင်းဝက်ဘ်ဆိုက်သည် မြန်မာနိုင်ငံအတွင်း SMEs လုပ်ငန်းများကို လုပ်ကိုင်သူများနှင့် စွန့်ဦးတီထွင်သူတို့၏ အားထားရာဖြစ်ပြီး မိမိ၏လုပ်ငန်းများကို အခမဲ့ကြော်ငြာနိုင်သည့် ဝက်ဘ်ဆိုက်ဖြစ်သည့်အတွက် လူငယ်လုပ်ငန်းရှင်များ၏ သည်းခြေကြိုက်ဝက်ဘ်ဆိုက်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# သင်္ကြန်ကာလ ခရီးသွားကားများနှင့် ကားလေးများအရောင်းအဝယ်ရှိနေ

မတ်လကုန် နောက်ဆုံးပတ်နှင့် ဧပြီလပထမပတ်အတွင်း ရန်ကုန်မြို့ကားဈေးကွက်၏အခြေအနေမှာ ကားလေးများနှင့် ခရီးသွားကားများ အရောင်းအဝယ်ရှိနေပြီး အရောင်းစင်တာများနှင့် ကားပွဲစားတန်းများတွင် လူအဝင်အထွက်များ များပြားလျက်ရှိကြောင်း သိရသည်။

ယခုနှစ်အတွက် ကားအသစ်တင်သွင်းသော ကားအရောင်းပြခန်းများနှင့် အပ် ကုန်စနစ်ဖြင့်တင်သွင်းသည့် ကားအရောင်းစင်တာများအတွက် လိုအပ်သော စည်းကမ်းချက်အသစ်များ ထုတ်ပြန်ပြီးနောက် စလစ်ကပ်ကားများ သိသာစွာ အဝယ်မရှိသော်လည်း သုံးပြီးအင်ဂျင်ပါဝါကြီးကားများ အဝယ်လိုက်လာကြောင်း သိရသည်။

ခရီးသွားရာသီကာလဖြစ်သဖြင့် ခရီးသွားလာရေးကောင်းမွန်သောကားများ အရောင်းအဝယ်ရှိသလို ကားလေးများလည်း အဝယ်ရှိကြောင်း၊ ကားလေးများထဲမှ ပရိုဘောက် **(Succeed)**၊ နီဆန်း ဝင်းရှဒ်ကဲ့သို့ ကားများ၊ စလစ်ကပ်ကားများအနက် ရက်ဖိုး၊ ကလူဂျာ၊ ပါဂျဲရိုးစသည့်အင်ဂျင်ပါဝါကောင်းသည့်ကားများပြန်လည်၍ အဝယ်ရှိလာကြောင်း သိရသည်။

လက်ရှိစလစ်ဈေးမှာ ၅၆ သိန်း၊ ၅၇ သိန်းဖြစ်နေပြီး စလစ်ကပ်မှာယူသည့် အရေအတွက်နည်းသွားသော်လည်း စက်မှုဇုန်စလစ်များမှာ တစ်စုံတစ်ရာ စည်းကမ်းထုတ်ပြန်ချက်မထွက်ပေါ်လာသေး၍ ဈေးကွက်ထဲတွင် အရောင်းအဝယ်မရှိသလောက်ဖြစ်သွားကြောင်း၊ မျှော်လင့်ချက်ဖြင့် စက်မှုဇုန်ထုတ်ကားဟောင်းများအား ကြိုက်ဈေးရလျှင် ဝယ်ယူထားသူများလည်းရှိကြောင်း ဝါရင့်ယာဉ်အကျိုးဆောင် ကိုမြင့်ကျော်မှပြောသည်။

သင်္ကြန်ကာလရောက်တော့မည်ဖြစ်၍ ခရီးသွားကောင်းမွန်သော ကားများဖြစ်သည့် စူပါကပ်စတန်ယာဉ်များမှာ အငှားဈေးကွက်တွင် ထိပ်ဆုံးမှရှိနေပြီး ယခုနောက်ပိုင်းနိုင်ငံခြားသားခရီးသွားများအကြိုက် အာလ်ဖတ်ယာဉ်များနှင့် အန်စာတုံး ဝက်ဂွန်များလည်း ဈေးကောင်းရလာသည့်အတွက် အဝယ်ပြန်ရှိလာကြောင်း၊ တစ်ပိုင်တစ်နိုင် ခရီးကိုသွားမည့်သူများနှင့် သင်္ကြန်တွင်းရေပက်ခံထွက်သူများ အတွက်လည်း မီနီထရပ် ကားများဖြစ်သည့် ခွေးဘီလူး၊ ဆူဇူကီးစသည့် သိန်း ၅၀ ဝန်းကျင်ကားလေးများ ပြန်လည်ဈေးကွက်ရှိလာကြောင်း ၎င်းမှပြောသည်။

**SN**

# မြန်မာနိုင်ငံတွင် VISA ရုံးခွဲ စတင်ဖွင့်လှစ်ပြီး Country Manager အဖြစ် ဟီရိုတေလာကို ခန့်အပ်




ကမ္ဘာ့ထိပ်တန်းငွေပေးချေရေးဝန်ဆောင်မှုလုပ်ငန်း တစ်ခုဖြစ်သည့် VISA သည် မြန်မာနိုင်ငံတွင် ရုံးခွဲတစ်ခု စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၁ရက်က PARK ROYAL ဟိုတယ်တွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ကြေညာခဲ့သည်။

အဆိုပါ အခမ်းအနားတွင် VISA အနေဖြင့် မြန်မာနိုင်ငံ၏ Country Manager အဖြစ် မစ္စတာဟီရိုတေလာကို ခန့်အပ်လိုက်ကြောင်းကိုလည်း ကြေညာခဲ့သည်။

VISA သည် မြန်မာနိုင်ငံတွင် ၂၀၁၂ခုနှစ်မှစတင်၍ အီလက်ထရောနစ်ငွေပေးချေရေး ဝန်ဆောင်မှုလုပ်ငန်းများကို စတင်ခဲ့သော်လည်း ယခုမှသာ မြန်မာနိုင်ငံတွင်ရုံးခွဲတစ်ခု စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး Country Manager ကိုပါ ခန့်အပ်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

"မြန်မာနိုင်ငံမှာ VISA ရုံးခွဲကို ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် အရမ်းကိုဂုဏ်ယူပါတယ်။ ကျွန်တော်တို့ရဲ့ ထိပ်တန်းစွမ်းဆောင်ရည်တွေက လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့စီးပွားရေးနဲ့လူမှုရေးဆိုင်ရာ ကောင်းကျိုးတွေကို မြန်မာနိုင်ငံမှာရှိတဲ့ ဖောက်သည်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေဆီကို ယူဆောင်လာပေးမှာပါ။ မြန်မာနိုင်ငံမှာ လူတိုင်း ကျွန်တော်တို့ရဲ့အီလက်ထရောနစ်ငွေပေးချေရေး ဝန်ဆောင်မှုတွေကို သုံးစွဲနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာပါ"ဟု VISA ၏ Country Manager ဖြစ်သူ မစ္စတာဟီရိုတေလာက ပြောကြားခဲ့သည်။

ယနေ့အထိ မြန်မာနိုင်ငံတစ်ဝန်းတွင် အီလက်ထရောနစ်စနစ်ကို အသုံးပြု၍ ငွေပေးချေရေးစနစ်များ လက်ခံအသုံးပြုနိုင်သည့် လက်လီအရောင်းဆိုင်ပေါင်း ၁၈၀၀ ကျော်နှင့် ATM စက်ပေါင်း ၁၁၅၀ ခန့်ရှိနေပြီဖြစ်သည်။

အေတီအမ်စက်များမှာ ငွေထုတ်ယူခြင်းများအပါအဝင် နိုင်ငံခြားသားများ၏ VISA ကတ်ဖြင့် ငွေပေးချေသည့်ပမာဏသည် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၆၀ ကျော် ရှိခဲ့ပြီဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် VISA ကတ်ဖြင့် လက်တွဲပူးပေါင်းလုပ်ဆောင်ရန် လိုင်စင်ရရှိထားသည့်ပုဂ္ဂလိကဘဏ်ရှစ်ခုရှိပြီး ၎င်းခုမှာ VISA ၏နိုင်ငံတကာ ခရီးသွားငွေပေးချေမှုကတ် အစီအစဉ်ကို စတင်ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# စီးတီးမတ်၏ အရောင်းကောင်တာများတွင် VISA ကတ်ဖြင့် ငွေပေးချေမှုစနစ်ကို စတင်လုပ်ဆောင်နိုင်ပြီ

မြန်မာနိုင်ငံရှိ စူပါမားကက်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် စီးတီးမတ်စူပါမားကက်၏ အရောင်းကောင်တာများတွင် VISA ကတ်ဖြင့် ငွေပေးချေမှုအစီအစဉ်များကို စတင်လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း VISA ကုမ္ပဏီက ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါအစီအစဉ်ကို ကမ္ဘောဇဘဏ်၏အကူအညီဖြင့် မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော ဈေးဝယ်စင်တာတစ်ခုဖြစ်သည့် စီးတီးမတ်စူပါမားကက်ဆိုင်ခွဲများအားလုံးတွင် VISA ကတ်ဖြင့် ငွေလက်ခံခြင်းကို စတင်လိုက်ခြင်းဖြစ်ကြောင်း VISA ကုမ္ပဏီမှ Country Manager ဖြစ်သူ မစ္စတာဟီရိုတေလာက ပြောကြားခဲ့သည်။

"စီးတီးမတ်ဟာ VISA ကတ်နဲ့ ငွေပေးချေမှုကို လက်ခံနိုင်တဲ့ ပထမဆုံးကုန်တိုက်ဖြစ်လာခဲ့ပါပြီ။ ဈေးဝယ်သူတွေအနေနဲ့ VISA ကတ်နဲ့ ငွေပေးချေတဲ့အခါ ရိုးရှင်းလုံခြုံစိတ်ချရမှုကိုရရှိစေပြီး ငွေသယ်ယူသွားရခြင်း၊ ငွေမလုံလောက်မှုကိုဖြစ်စေခြင်းစတဲ့ အခက်အခဲများကို အဆုံးသတ်စေနိုင်မှာဖြစ်ပါတယ်"ဟု မစ္စတာဟီရိုတေလာက ပြောကြားခဲ့သည်။

စီးတီးမတ်စူပါမားကက်သည် VISA ကတ်ဖြင့် ငွေပေးချေနိုင်သည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော စူပါမားကက်တစ်ခုဖြစ်လာခဲ့သည်။ စီးတီးမတ်စူပါမားကက်များတွင် အဆိုပါ VISA ကတ်ဖြင့် ငွေပေးချေမှုလုပ်ငန်းများကို မတ် ၂၅ရက်မှ စတင်လုပ်ဆောင်လျက်ရှိနေပြီဖြစ်ပြီး ဈေးဝယ်သူများအနေဖြင့် ကြိုတင်ငွေဖြည့်ကတ်များ၊ အကြွေးဝယ်ကတ်များဖြင့် ငွေပေးချေနိုင်မည်ဖြစ်ပြီး စီးတီးမတ်စူပါမားကက်ဆိုင်ခွဲများအားလုံးတွင် အသုံးပြုနိုင်ကြောင်း မစ္စတာဟီရိုတေလာက ပြောကြားခဲ့သည်။

VISA သည် နိုင်ငံနှင့်နယ်ပယ်ပေါင်း ၂၀၀ကျော်ရှိ သုံးစွဲသူ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ္ဍာရေးနှင့် ငွေကြေးအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်း များကို ချိတ်ဆက်ဆောင်ရွက်ပေးနေပြီး VISA ကတ်ဖြင့် တစ်စက္ကန့်လျှင် ငွေပေး ငွေချေ ငွေထုတ်ဝန်ဆောင်မှု အချက်အလက် ၅၆၀၀၀ ကျော်ပြုလုပ်နိုင်သည့်ကွန်ရက်ဖြင့်လည်ပတ်နေသည်။ **မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါစီအာဗီ **(2002)** | ယာယီ | ၁၆၀ သိန်း | |
| ၂။ | တိုယိုတာ/ဗွစ် **(2003)** | ယာယီ | ၁၅၅ သိန်း | |
| ၃။ | မစ်ဆူဘီရှီ/အာဗွီအာ **(2010)** | ယာယီ | ၂၆၅ သိန်း | |
| ၄။ | တိုယိုတာ(Succeed) **(2009)** | ယာယီ | ၁၁၀ သိန်း | |
| ၅။ | ဟွန်ဒါစီအာဗွီ **(99)** | 9 E | ၁၁၀ သိန်း | |
| ၆။ | အာအေဗွီ(၄) **(2001)** | ယာယီ | ၁၈၀ သိန်း | |
| ၇။ | နီဆန်း/ဝင်းရှဒ် | ယာယီ | ၁၁၅ သိန်း | |
| ၈။ | အေဒီဗင် **(2009)** | ယာယီ | ၁၀၀ သိန်း | |
| ၉။ | ဗီလ်ဒါ **(2009)** | ယာယီ | ၁၆၅ သိန်း | |
| ၁၀။ | ဆူဇူကီး **(2005)** | ယာယီ | ၆၅ သိန်း | |

SN

ကျန်းမာရေး



# အရက်စွဲခြင်း

ဒေါက်တာလွင်သန့်

အရက်စွဲခြင်းဟာ ယနေ့မြန်မာနိုင်ငံမှာ ကြီးမားတဲ့ ကျန်းမာရေး၊ လူမှုရေးနဲ့ သက်ဆိုင်တဲ့ "ရောဂါ"ဖြစ်တယ်။ အရက်စသောက်တဲ့ အရွယ်ငယ်လေ အရက်စွဲဖို့များလေဖြစ်တယ်။ အရက်ပိုမိုသောက်ဖို့ မျိုးရိုးနဲ့ပတ်ဝန်းကျင်အကြောင်းအရာများကလွှမ်းမိုးတယ်။ အရက်အလွန်အကျွံသောက်ရင် ခန္ဓာကိုယ်ကျန်းမာရေးသာမက၊ စိတ် ကျန်းမာရေးကို ထိခိုက်စေနိုင်တယ်။ လူမှုရေး၊ စီးပွားရေးပြဿနာများ ဖြစ်စေတယ်။ အိမ်ထောင်ပြိုကွဲစေတယ်။

သင့်တင်တဲ့ပမာဏရှိတဲ့ အရက် (ဥပမာ ဝီစကီနှစ်ပက်၊ ဝိုင်တစ်ခွက်)ဟာ ကျန်းမာရေးနဲ့ကိုက်ညီပေးမယ့် အရက်စွဲသွားရင် ကျန်းမာရေးထိခိုက်စေတယ်။ ဟော်မုန်း၊ ကင်ဆာများဖြစ်စေမှု၊ မေ့တတ်လာမှု၊ အသက်ကြီး၊ အရွယ်ရင့်ခြင်း၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာထိဖြစ်စေတယ်။

**ခန္ဓာကိုယ်ဆိုးကျိုးများ။** အသည်းရောင်ခြင်း၊ အသည်းအမာရွတ်တင်ခြင်း၊ အသည်းခြောက်ခြင်း၊ ကျွတ်ဆတ်ခြင်း၊ အသည်းကင်ဆာဖြစ် ပြီး၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါ၊ နှလုံးကြီးခြင်းနဲ့ နှလုံးအားနည်းခြင်း၊ အာဟာရချို့တဲ့ခြင်း၊ အစာအိမ်အနာရောဂါများဖြစ်ခြင်း၊ ပန်ကရိယရောင် ခြင်း၊ ဦးနှောက်နှင့်အာရုံကြောအားနည်း ခြင်း၊ ခံတွင်းနှင့်လည်ချောင်းကင်ဆာဖြစ် ခြင်း၊ အရက်ဆိပ်တက်ခြင်း၊ ဦးခေါင်း ထိခိုက်မှုများခြင်း၊ အသက်ဆုံးရှုံးခြင်း၊ တက်ခြင်း၊ ပြန်လည်မနိုးသောရောဂါ (Coma) ဖြစ်ခြင်းတို့ဖြစ်စေတယ်။

**စိတ်ကျန်းမာရေး။** အရက်စွဲရောဂါမှ စိတ်ကျရောဂါ၊ စိတ်ဖိစီးမှုများခြင်း၊ မှတ်ဉာဏ်အားနည်းခြင်း၊ စိတ်လှုပ်ရှားမှုများခြင်း၊ အရက်ကြောင့် စိတ်ရောဂါဖြစ်ခြင်းတို့ဖြစ်နိုင်တယ်။

**လူမှုရေးဆိုးကျိုးများ။** အိမ်ထောင်ရေးပြဿနာများ၊ လူမှုရေးပြဿနာများ၊ ငွေရေးကြေးရေး၊ စီးပွားရေးပြဿနာများ၊ မကြံရွယ်ဘဲ လိင်ဆက်ဆံမိခြင်း၊ ယာဉ်တိုက်မှု၊ ခိုက်ရန်ဖြစ်ပွားမှု နဲ့လုပ်ငန်းခွင် အန္တရာယ်ပိုများစေတယ်။

**ဓာတ်စာ။** ဓာတ်စာအနေနဲ့ သစ်သီးနှင့် ဟင်းသီးဟင်းရွက် များများစားရမယ်။ တရုတ်နံနံ၊ စမုန်နက်၊ အသည်း အတွင်းအဆိပ်အတောက်များ ပျော်ဝင်တဲ့ အမျှင်ဓာတ်ပါတဲ့ အစားအစာများ စားသောက်သင့်တယ်။ မြူစွမ်၊ ဆန်ပြုတ်၊ ကြက်ပေါင်းရည် စားသင့်တယ်။ နေ့စဉ်ရေရှစ်ခွက်သောက် ရှစ် နာရီ အိပ်သင့်တယ်။ သံလွင်ဆီ၊ နေကြာစေ့ ဆီသုံးရမယ်။ သစ်ကြားစေ့၊ မြေပဲဆားလှော်စားရမယ်။

နေ့စဉ်ဗီတာမင်နှင့်သတ္တုဓာတ်ပါတဲ့ အားဆေးတွေစားရမယ်။ နေ့စဉ် ဗီတာမင်စီ ဘီအုပ်စုဗီတာမင်နဲ့ဆီလီ နီယမ် (၅၀၀) မီလီဂရမ် ဗီတာမင်များ အမိုင်နိုအက်စစ်တို့စားပေးရမယ်။ အရက်ဖြတ်ပါ။

**ဆောင်ရန်။** အရက်မသောက်တဲ့ အချိန် ရေများများသောက်ရမယ်။ လေယာဉ်ပေါ်မှာ အရက်မသောက်သင့်ဘူး။ အသက်ဆုံးရှုံးတဲ့ထိ ရေဓာတ်ဆုံးရှုံးနိုင်တယ်။ ကော်ဖီ မတိုက်ရပါ။ အရက်နာကျစဉ် သစ်သီးဖျော်ရည်၊ ငှက်ပျောသီး၊ ဒိန်ချဉ်သောက် ပြီး၊ အိပ်ရေးဝဝအိပ်ရမယ်။ ရေငါးဖန်ခွက် သောက်သင့်တယ်။ ဟိုမီယိုပက်တီ အသက်ရှူလေ့ကျင့်ခန်း ကုသနိုင်တယ်။ အန်ခြင်း၊ ကြို့ထိုးခြင်းကအန္တရာယ်ရှိလို့ ဆရာဝန်နဲ့ပြရမယ်။

အရက်သောက်သူများက အရက်ကိုစမ်းသောက်ရာမှ စွဲလမ်းသွားတယ်။ မစွဲလမ်းအောင် ဘီယာကအစ ရှောင်သင့်တယ်။ အရက်စွဲသွားရင် ဆရာဝန်နဲ့ စနစ်တကျ ကုသဖို့လိုတယ်။ သူငယ်ချင်းအပေါင်းအသင်း၊ အရက်သမားလောက ကနေ ရှောင်ဖယ်ပြီးနေတတ်ရမယ်။ အရက်ဖြတ်ရန် ခက်ခဲလွန်းပါက ဆေးရုံတက်ဖြတ်သင့်တယ်။ ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံက ပြန်လည်ထူထောင်ရေးအထိ လုပ်ပေးနိုင်တယ်။ အရက်ကြောင့် ထင်ယောင်ထင်မှားဖြစ်ကာ အိမ်ထောင်ဖက်ကို သံသယရှိတတ်လွန်းလို့ အရက်သမားများ အိမ်ထောင်ပြိုကွဲတတ်ကြတယ်။ စနစ်တကျ ကုသမှုခံပြီး ပြန်လည်ထူထောင်သွားသင့်ပါတယ်။



# ဖိလစ်ပိုင်နိုင်ငံတွင် အိတ်ချ်အိုင်ဗွီရောဂါပိုးကူးစက်မှုနှုန်း မြင့်မားလာသဖြင့် စိုးရိမ်ပူပန်မှုမြင့်တက်လာ

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းတွင် အိတ်ချ်အိုင်ဗွီရောဂါပိုးကူးစက်မှုနှုန်း ပိုမိုမြင့်မားလာသဖြင့် စိုးရိမ်ပူပန်မှုများပိုမိုမြင့်တက်လာကြောင်း UNAIDS ၏အစီရင်ခံစာကို ကိုးကား၍ ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်မှုနှုန်း ပိုမိုမြင့်မားလာသည့် နိုင်ငံပေါင်း ကိုးနိုင်ငံတွင် ဖိလစ်ပိုင်နိုင်ငံလည်း ပါဝင်လာကြောင်း၊ဖိလစ်ပိုင်နိုင်ငံသည်အိတ်ချ်အိုင်ဗွီရောဂါပိုးကူးစက်မှုနှုန်းမြင့်မားမှုတွင် ယခင်စစ်တမ်းကောက်ယူခဲ့သည့်နှစ်များကထက် ၂၅ ရာခိုင်နှုန်းကျော် မြင့်မားလာခဲ့ကြောင်းဖြင့် အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံတွင်တရားဝင်ထုတ် ပြန်သည့်ကိန်းဂဏန်းများအရ ၂၀၀၈ ခုနှစ်က အိတ်ချ်အိုင်ဗွီရောဂါပိုးကူးစက်ခံထားရသူဦးရေမှာ ၂၅၀ သာရှိသော်လည်း ၂၀၁၂ခုနှစ်တွင် ၃၃၃၀အထိတိုးမြင့်လာကြောင်း၊ အဆိုပါအရေအတွက်များမှာ ကျန်းမာရေးဝန်ကြီးဌာနတွင် တရားဝင်ဆေးကုသမှုခံယူနေသည့် အရေအတွက်ပင်ဖြစ်ကြောင်း၊ ဆေးကုသမှုခံယူခြင်းမရှိသည့် အိတ်ချ်အိုင်ဗွီရောဂါပိုးကူးစက်ခံထားရသည့် ဝေဒနာသည်များမှာ ယခုအရေအတွက်ထက်ပင် ပိုနေဦးမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အိတ်ချ်အိုင်ဗွီရောဂါပိုးကူးစက်မှုမှာ ရောဂါပိုးရှိသူ ကိုယ်ဝန်ဆောင်မိခင်မှတစ်ဆင့် ကူးစက်ခြင်း၊ လိင်ဆက်ဆံရာမှတစ်ဆင့် ကူးစက်ခြင်း၊ သွေးမှတစ်ဆင့်ကူးစက်ခြင်း၊ မွေးခါစကလေးငယ်များအား ကူးစက်ခြင်း စသည့်နည်းလမ်းများဖြင့် ကူးစက်လျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**



# လေထုညစ်ညမ်းမှုနှင့် စိတ်ကျန်းမာရေး အခြေအနေတို့ ဆက်စပ်မှုများရှိလာ

လေထုညစ်ညမ်းမှုများကြောင့် လူတို့၏ စိတ်ကျန်းမာရေး အခြေအနေများ ချို့ယွင်းလျက်ရှိကြောင်း၊ အထူးသဖြင့် အမျိုးသမီးများတွင် အများဆုံးဖြစ်ပေါ်လျက်ရှိကြောင်းဘာလ်တီမိုးရှိဂျွန်ဟော့ပ်ကင်းတက္ကသိုလ်မှမီလင်ဒါစီပါဝါက ပြောကြားခဲ့သည်။

လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးချို့တဲ့မှုများသည် တစ်နေ့တခြား များပြားလာသဖြင့် စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိကြောင်း၊ ထို့ပြင် စိတ်ရောဂါဝေဒနာများ ဖြစ်ပေါ်နေမှုနှင့် လေထုညစ်ညမ်းမှုတို့ဆက်စပ်နေသည်ကို တွေ့ရှိရသဖြင့် ပိုမိုဆိုးရွားလာမည်ကိုလေ့လာတွေ့ရှိရကြောင်းဖြင့်အဆိုပါတက္ကသိုလ်မှ သုတေသီအဖွဲ့က ထုတ်ဖော်ရေးသားခဲ့သည်။

"တကယ့်ကို စိတ်ဝင်စားဖို့ကောင်းတဲ့ ဖြစ်ရပ်တစ်ခုကို တွေ့လိုက်ရသလိုပါပဲ။ လူတွေရဲ့ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံတွေကို လေ့လာကြည့်တဲ့အခါမှာ ဒီဖြစ်ရပ်က လူတွေကို တော်တော်လေးထိခိုက်မှုရှိနေတာကိုတွေ့ရပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေကို လေ့လာကြည့်တဲ့အခါမှာ အမျိုးသမီး ၁၀၀ မှာ ၁၅ ယောက်ဟာ လေထုညစ်ညမ်းမှုကြောင့် စိုးရိမ်ပူပန်မှုတွေ မြင့်တက်နေတယ်ဆိုတဲ့အချက်ကို တွေ့ရှိခဲ့ပါတယ်" ဟု မီလင်ဒါပါဝါက ပြောကြားခဲ့သည်။

အဆိုပါသုတေသီအဖွဲ့သည် အသက် ၅၇နှစ်နှင့် ၈၅နှစ်ကြားရှိ အမျိုးသမီးပေါင်း ခုနစ်သောင်းကျော်ကို လေထုညစ်ညမ်းမှုနှင့်ပတ်သက်သည့် မေးခွန်းပေါင်းရှစ်ခုကို မေးမြန်းခဲ့ရာမှ စိတ်ကျန်းမာရေးချို့တဲ့လာမှုကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။

အမျိုးသမီးများသည် လေထုညစ်ညမ်းသည့်နေရာများတွင် နေထိုင်သည့်ကာလမှာ များပြားသည့်အတွက် စိတ်ဖိစီးမှုများ ပိုမိုများပြားသည်ကို လေ့လာတွေ့ရှိခဲ့ရကြောင်း၊ မော်တော်ကားမီးခိုးများ၊ နေအိမ်မီးဖိုချောင်မှ ထွက်သည့် မီးခိုးများ၊ ညှော်နံ့များစသည့်လေထုညစ်ညမ်းမှုများကြောင့် စိတ်ဖိစီးမှုများပိုမို များပြားလာကာ စိတ်ကျန်းမာရေး ချို့တဲ့လာရခြင်းဖြစ်သည်ဟု အဆိုပါအဖွဲ့က ကောက်ချက်ချခဲ့ကြသည်။

**မယ်သီတာ**

Vol: 15, No.14 Monday April 6 2015

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၆-၄-၂၀၁၅ မှ ၁၂-၄-၂၀၁၅ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** ငွေပုံအောရ်ရင်းနှီးမှုမျိုးမလုပ်သင့်သောကာလ ဖြစ်သည်။ လူကုံထံများနှင့် ပူးပေါင်းဆောင်ရွက်ရမှုရှိတတ်သည်။ ဓာတ်သတ္တုတူးဖော်ရေးရှာဖွေရေးလုပ်ငန်းများ အောင်မြင်လာတတ်ပါသည်။ အသိပညာရှင်အတတ်ပညာရှင်များကိုခေါ်ယူ၍ ဆွေးနွေးတိုင်ပင်ညှိနှိုင်းပြီးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရတတ်ပါသည်။ အချစ်ရေးတွင် ကံမကောင်းသေးပါ။ မာယာများသောအချစ်သျှတ္တရပညာရှင်များနှင့်တွေ့ရတတ်ပါသည်။ ကျန်းမာရေးတွင် အအိပ်အနေအစားအသောက်ဂရုစိုက်ရပါမည်။ ယင်းကာလတွင်အခက်အခဲဟူသမျှအောင်မြင်နေတတ်ပါလိမ့်မည်။ **ယတြာ။ အလှူအတန်းသို့ခံကျွေးမွေးခြင်းပြုလုပ်ပါ။**



**တနင်္လာသားသမီးများအတွက်** စိတ်ပျော်ရွှင်စရာများ တွေ့ရတတ်သည်။ စီးပွားရေးတွင်ပြုပြင်ပြောင်းလဲစရာများ ရှိနေတတ်သည်။ အမြတ် အစွန်းကိုဦးစားပေး၍ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်းတို့နှင့် ပတ်သက်သောစီးပွားရေးဖြစ်ထွန်းအောင်မြင်မည်။ အချစ်ရေးတွင်ချစ်သူတွေ့တတ်သည်။ အိမ်ထောင်ရေးတွင် မိသားစု ဘ၀ သာယာလှပရေး ဦးစားပေးကြိုးစားလုပ်ကိုင်နေရတတ်သည်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်းပိုင်းနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သည်။ **ယတြာ။ ရွှေရင်အေးလှူပေးပါလိုရာဆန္ဒပြည့်ဝပါလိမ့်မည်။**



**အင်္ဂါသားသမီးများအတွက်** တောင်ပေါ်ဒေသများသို့ သွားလာနေရတတ်သည်။ စက်မှုလက်မှုလုပ်ငန်းများနှင့်ပတ်သက်ပြီး အကျိုးပေးကောင်းနေမည်။ ယာဉ်ကားများနှင့်ပတ်သက်၍ ထိခိုက်မှုရှိတတ်သည်။ အဆောက်အအုံ ဆောက်လုပ်သောကန်ထရိုက်လုပ်ငန်းဖြစ်ထွန်းမှု ဝင်ငွေ အားကောင်းနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး သင့်တင့်ကောင်းမွန်နေမည်။ စိတ်ကျေနပ်စရာလေးများ ကြုံဆုံနေရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် တေဇောဓာတ်အားကြီးသော ဝေဒနာခံစားရတတ်သည်။ အပြင်းဖျားခြင်း၊ တိုက်ဖွိုက်ဖြစ်ခြင်း ရှိတတ်သည်။ **ယတြာ။ သာကူနို့အေးလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အနုပညာလုပ်ငန်းများ အောင်မြင်နေမည်။ ပညာသင်ကြားခြင်းလုပ်ငန်း ဆေးရေးပန်းချီများနှင့် ရေးခြယ်ထုတ်လုပ်ရောင်းဝယ်ခြင်းမှ ဝင်ငွေ အားကောင်းနေတတ်ပါသည်။ စာပေဟောပြောပွဲ၊ စာအုပ်ထုတ်လုပ်ငန်းများမှ စီးပွားဖြစ်ထွန်းပါလိမ့်မည်။ အချစ်ရေးတွင်ချစ်သူနှင့်ခရီး အတူသွားရတတ် သည်။ ကျန်းမာရေးအနေဖြင့် ကိုယ်လက်နာကျင်ကိုက်ခဲသောဝေဒနာ ခံစားရမှုရှိတတ်သည်။ အရေပြားပေါ်တွင် နေလောင်ခြင်းအရေပြားပွိုင့်စင်ဖြစ်ခြင်း ရှိတတ်ပါသည်။ **ယတြာ။ ကျောက်ကျောလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးအောင်မြင်ပြီးအကျိုးရှိနေမည့်ကာလ ဖြစ်နေတတ်ပါသည်။ ဘဏ်လုပ်ငန်း၊ ငွေချေးလုပ်ငန်းများမှ ဝင်ငွေအားကောင်းနေတတ်သည်။ စီးပွားဥစ္စာပစ္စည်းများ တိုးတက်လာမည့်ကာလ ဖြစ်မည်။ အချစ်ရေး ကံကောင်းနေမည်။ ချစ်သူအားကိုးသူ ဝိုင်းဝိုင်းလည်နေတတ်သည်။ အိမ်ထောင်ရေး အဆင်ပြေပျော်ရွှင်မှုများ ရှိနေမည်ဖြစ်ပါသည်။ ကျန်းမာရေးတွင်ရေနှင့်ပတ်သက်သောဝေဒနာခံစားရတတ်သည်။ ဖောရောင်ခြင်း၊ အဆစ်နာကျင်ကိုက်ခဲခြင်းများဖြစ်တတ်ပါသည်။

**ယတြာ။ ဘုရားတွင်ပေါက်ပေါက်ဆွမ်းကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** ဆရာသမားများ၏အားပေးကူညီမှုကိုရရှိတတ်သည်။ စီးပွားရေးလုပ်ငန်းများတွင် စားသောက်ကုန်လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းတို့ အကျိုးပေးအားကောင်းလာမည်။ မမျှော်မှန်းသောဝင်ငွေရရှိလာတတ်သည်။ အချစ်ရေးတွင် တစ်ဦးမေတ္တာ တစ်ဦးမှာ ပြန်လည်ဆုံဆည်းမှုရရှိလိမ့်မည်။ အိမ်ထောင်ရေး ကံကောင်းနေမည်။ ကျန်းမာရေးတွင် အဆီအနှစ်များ စားသောက်ခြင်း ဇိမ်ခံမှုစည်းစိမ်ခံစားမှုတို့ကြောင့်ဖြစ်သောဝေဒနာခံစားရတတ်သည်။ ဆေးကုသလွယ်ပြီးပျောက်ကင်းနိုင်စွမ်းရှိပါသည်။ **ယတြာ။ သကြားလုံးလှူပါ။**



**စနေသားသမီးများအတွက်** အလုပ်နှင့်လက် မပြတ်လုပ်ဆောင်နေရတတ်သောသဘောရှိနေလိမ့်မည်။ အကျိုးဆောင်လုပ်ငန်း၊ ဆက်သွယ် ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများမှ ဝင်ငွေအားကောင်းနေလိမ့်မည်။ ရတနာပစ္စည်းများအကျိုးပေးကံကောင်းနေမည်။ အချစ်ရေးတွင် ချစ်သူဟောင်းနှင့် ပြန်လည်ဆုံဆည်းရတတ်သည်။ ကျန်းမာရေးဂရုစိုက်ပါ။ အကြော၊ လေတို့နှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်သည်။ နာတာရှည်ဖြစ်တတ်သည်ကို သတိရှိပါ။

**ယတြာ။ နွားနို့လှူပါ။**

# နို့မှုန့်နှင့် ကလေးဖြည့်စွက်အစားအစာများ တင်သွင်းဖြန့်ဖြူးရောင်းချရာတွင် ဥပဒေနှင့်အညီလိုက်နာဆောင်ရွက်ခြင်းမပြုသော ကုမ္ပဏီများကို အရေးယူရန် အချိန်တန်ပြီ



မြန်မာနိုင်ငံတွင် နို့မှုန့်နှင့်ကလေး ဖြည့်စွက်အစားအစာများ တင်သွင်းဖြန့်ဖြူးရောင်းချရာတွင် မြန်မာနိုင်ငံအစားအသောက်ဥပဒေနှင့်အညီ တင်သွင်းဖြန့်ဖြူးရောင်းချရန် ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၄ ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကြေညာချက်တွင် နို့စို့ကလေးနှင့် ကလေးငယ်များအတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်းဆိုင် ရာအမိန့်အမှတ်၂၂/၂၀၁၄အရ မြန်မာနိုင်ငံတွင်းသို့ တင်သွင်းရောင်းချလျက်ရှိသည့် နို့မှုန့်များကို မြန်မာဘာသာဖြင့်ပြန်ဆို ရောင်းချရမည်ဟု ဖော်ပြပါရှိကြောင်း သိရသည်။

သို့သော်လည်း အဆိုပါအမိန့် ထုတ်ပြန်ပြီးသည်မှာ ကိုးလခန့်ကြာမြင့်နေပြီဖြစ်သော်လည်း နို့မှုန့်နှင့် ဖြည့်စွက်အစားအစာများတင်သွင်းနေသည့် ကုမ္ပဏီများသည် လိုက်နာမှုမရှိသည့်အပြင် မူရင်းကုမ္ပဏီမှ ရေးသားထားသည့် စာတမ်းများကို မင်ဖြင့် တမင်ဖျက်ထားပြီး ဈေး ကွက်အတွင်း ရောင်းချနေသည်ကို တွေ့ရှိနေရသည်။

ယင်းအချက်များသည် မြန်မာနိုင်ငံတွင်းရှိ နို့စို့ကလေးငယ်များနှင့် ကလေးငယ်များအတွက် အန္တရာယ်များလှသည့် အခြေအနေတစ်ရပ်ပင်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါအမိန့်ကို ထုတ်ပြန်စဉ်က တင်သွင်းထားသည့် ပစ္စည်းများရှိနေသေးသဖြင့် အရေးယူမှုများ မပြုလုပ်ခဲ့သော်လည်း ယခုအခါ ကိုးလမျှကြာမြင့်နေ ပြီဖြစ်သဖြင့် အရေးယူဆောင်ရွက်ရန် အချိန်တန်နေပြီဖြစ်သည်။ သို့သော် ဈေးကွက်အတွင်းတွင် ဥပဒေကိုဆန့်ကျင်လျက် ပြောင်ပြောင်တင်းတင်း ရောင်းချနေသည့် နို့မှုန့်နှင့် ကလေးဖြည့်စွက်အစားအစာများ ရောင်းချနေသည်ကိုလည်း တွေ့မြင်နေရပေသည်။

ယင်းကိစ္စနှင့်ပတ်သက်၍တိုးတက် မျိုးဆက်ကုမ္ပဏီမှ ဦးအောင်ခင်က "အမိန့်ထုတ်ထားတာက ကိုးလနီးပါးလောက်ရှိနေပြီ။ ဥပဒေမှာပါတဲ့ လုပ်ကိုလုပ်ရမယ်ဆိုတဲ့အချက်တွေကို လိုက်နာပြီးလုပ်ဆောင်တဲ့ကုမ္ပဏီတွေက တော်တော်လေးကို နည်းပါသေးတယ်။ အရင်တုန်းကတော့ ဒီနို့မှုန့်နဲ့ကလေးဖြည့်စွက်စာကို တင်သွင်းတဲ့ကုမ္ပဏီက လေးငါးခုလောက်ပဲရှိတာ။ ခုချိန်မှာက ပွင့်လင်းလာတဲ့အတွက် တင်သွင်းတဲ့ကုမ္ပဏီ တွေ တော်တော်လေးကို များနေတယ်။ ဒါကြောင့် ဒါကို စိစစ်ကြပ်မတ်ပေးဖို့လိုပါတယ်။ ဥပဒေအတိုင်း လိုက်နာပြီး လုပ်တဲ့သူက လုပ်၊ မလိုက်နာဘဲ မလုပ်တဲ့သူကမလုပ်ဆိုရင် လိုက် နာတဲ့သူက ဒါကိုလုပ်တဲ့အတွက် ငွေကုန်ကြေးကျတွေများပြီး မလိုအပ်ဘဲ ပစ္စည်းပေါ်မှာ စရိတ်တွေတက်သွားတာမျိုးတွေရှိတယ်။ မျှတမှုရှိဖို့တော့လိုပါတယ်။ အဲဒီလိုလုပ်ရင် မလိုလားအပ်တဲ့နောက်ဆက်တွဲအကျိုးဆက်တွေဖြစ် လာနိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ပထမဂရု(ပ်)ကုမ္ပဏီလီမိတက်မှ တင်သွင်းလာသည့် နို့မှုန့်တစ်မျိုးတွင် တိုက်ကျွေးရမည့်အသက်အပိုင်းအခြား ကို မူရင်းဖော်ပြထားသည့်နေရာ၌ အသက်တစ်နှစ်မှ ၁၀နှစ်အထိ တိုက်ကျွေးရန်ဟု ဖော်ပြထားသည်ကို စတစ်ကာနှင့် အုပ်၊ ဖျက်ဆေးနှင့်ဖျက်ပြီး အသက်နှစ်နှစ်နှင့်အထက် တိုက်ကျွေးရန်၊ မှန်ကန်စွာ ဖျော်စပ်မှုမရှိပါက ကျန်းမာရေးဘေးအန္တရာယ်ရှိနိုင်သည်ဟူသော စာတမ်းကပ်ထားတဲ့အတွက် စားသုံးသူမိဘပြည်သူများအကြားတွင် သံသယစိတ်များ ဖြစ်ပွားခဲ့ရကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

အခန်းခုနစ်ခန်းပါဝင်သော နို့နှင့် နို့ထွက်ပစ္စည်းများဆိုင်ရာ အမိန့်သည် လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့်အမျိုးသားအစားအသောက်ဥပဒေ၏ နောက်ဆက်တွဲအဖြစ် ထုတ်ပြန်ခြင်းဖြစ်ပြီး သတင်းစာများတွင်လည်း အများပြည်သူသိရှိစေရန် ဆက်လက်ထုတ်ပြန် သွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း မည်သည့်အချိန်တွင် ထုတ်ပြန်မည်ကို မပြောနိုင်သေးကြောင်းဖြင့် အာဟာရဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထင်လင်းက ပြောကြားခဲ့သည်ဟု ၂၀၁၄ခုနှစ်၊ အောက်တိုဘာ လ ၃ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်တွင် ဖော်ပြထားသည်ကိုတွေ့ရှိရသည်။

နို့နှင့်နို့ထွက်ပစ္စည်းများဆိုင်ရာ အမိန့်အား ပြည်သူများက သိရှိမှုအားနည်းနေခြင်းကို တင်သွင်းသည့်ကုမ္ပဏီများက အခွင့်ကောင်းယူကာ မြန်မာဘာသာပြန်ဆို၍ ဖော်ပြရမည့် အစား ဘူးခွံပေါ်တွင်ပါရှိသည့် စာသားများကို ဖျက်ဆေး (သို့မဟုတ်)မင်အနက်ဖြင့် ဖျက်ခြင်း၊ ဘူးခွံပေါ်တွင်ပါရှိသည့် စာသားများပေါ်မှ မြန်မာစာဖြင့်ကပ်၍ လိမ်လည်ရောင်းချနေခြင်းများအား နို့နှင့်နို့ထွက်ပစ္စည်းဆိုင်ရာဥပဒေဖြင့် အရေးယူရန် အချိန်တန်နေပြီဖြစ်ပါသည်။ **မယ်သီတာ**

➲ စာမျက်နှာ ၂၃ ရန်ကုန်တွင် အမေရိကန်ဒေါ်လာနှင့်...မှအဆက်

**ပုံ-၃။ ရန်ကုန်ငွေကြေးလဲလှယ်သူများ၏ ကန်ဒေါ်လာနေ့စဉ်ရောင်း ဈေး**
**( ၂၀၁၄ အောက်တိုဘာ ၁ ရက်မှ မှ ၂၀၁၅ မတ်လကုန်ထိ)**




၂၀၁၅ ခုနှစ် မတ်လ ၂၃ ရက်နေ့ AFP/CNA သတင်းများအရ အမေရိကန်ဒေါ်လာတန်ဖိုးတက်နေခြင်းမှာ နိုင်ငံစီးပွားရေး အားကောင်းလာမှုကို ပြသနေခြင်းဖြစ်ပြီး နိုင်ငံအတွက် ကောင်းမွန်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဂျာကော့လျူက ယမန်နေ့တွင် ပြောကြားခဲ့သည်။ ဒေါ်လာတန်ဖိုးအားကောင်းတာက အမေရိကအတွက် ကောင်းမွန်ပါတယ်။ ဒါက အမေရိကန်စီးပွားရေး အားကောင်းတာကို ပြနေပါတယ်ဟုလျူက မိုင်ယာမီတွင် ပြုလုပ်သည့် စားပွဲဝိုင်းဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။ အမေရိကန်ပို့ကုန်သမားများက ယင်းသို့ ဒေါ်လာတန်ဖိုးမြင့်တက်နေခြင်းက ကမ္ဘာတစ်ဝန်းရှိပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ရာတွင် ယင်းတို့၏ ယှဉ်ပြိုင်နိုင်စွမ်းကို ယုတ်လျော့စေကြောင်း ပြစ်တင်ဝေဖန်နေကြသည်။ ပြီးခဲ့သည့်နှစ်အတွင်း အမေရိကန်ဒေါ်လာတန်ဖိုးမှာ အခြားသော ငွေကြေးများနှင့်ယှဉ်လျှင် ၂၀ ရာခိုင်နှုန်းခန့် မြင့်တက်နေခဲ့သည်။ ပို့ကုန်အပေါ် ဒေါ်လာတန်ဖိုးရိုက်ခတ်မှုက နိုင်ငံစီးပွားရေး တိုးတက်မှုအပေါ် အဟန့်အတားတစ်ခုဖြစ်သော်လည်း ကြီးကြီးမားမားမဟုတ်ကြောင်း အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျက်နက်ယယ်လန်က မတ်လ ၂၅ ရက်နေ့ တွင်ပြောကြားခဲ့သည်။ သို့သော် အမေရိကန်စီးပွားရေးက ယင်းအခြင်းအရာကို ကိုင်တွယ်နိုင်မည်ဟု လျူကပြောကြားခဲ့သည်။ ခြုံငုံကြည့်ရင် လက်ရှိအမေရိကန် စီးပွားရေး အတော်လေးကောင်းနေပါတယ်။ ဝယ်လိုအား ကောင်းနေတာကိုလည်း တွေ့ရ မှာပါ။ ဒေါ်လာဈေးဆက်ပြီး အားကောင်းနေဦးမယ့်သဘော ရှိပါတယ်ဟု ၎င်းကပြောကြားခဲ့သည်ဟုသိရသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုကို ၈ ဒသမ ၄ ရာခိုင်နှုန်းရှိမည်ဟု ADB ကခန့်မှန်းထားကြောင်း သိရသည်။



# မြို့ကြီးများ၏ ၆-၄-၂၀၁၅ မှ ၁၀-၄-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၆-၄-၂၀၁၅) | အင်္ဂါ(၇-၄-၂၀၁၅) | ဗုဒ္ဓဟူး(၈-၄-၂၀၁၅) | ကြာသပတေး(၉-၄-၂၀၁၅) | သောကြာ(၁၀-၄-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၉°C/၁၀၃°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၉°C/၁၀၃°F |
| ရန်ကုန်မြို့ | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F |
| မန္တလေးမြို့ | နေသာ ၃၉°C/၁၀၃°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၄၁°C/၁၀၅°F | ၆၀% ၃၉°C/၁၀၃°F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၂°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၄°F | ၆၀% ၃၄°C/၉၃°F |
| လားရှိုး | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | ၅၀% ၃၂°C/၉၀°F |
| ကျိုင်းတုံ | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၃°F |
| လွိုင်ကော် | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| တောင်ကြီး | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F |
| မော်လမြိုင် | နေသာ ၃၇°C/၉၈°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | နေသာ ၃၈°C/၁၀၀°F | ၅၀% ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F |
| ဘားအံ | နေသာ ၃၇°C/၉၉°F | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F | နေသာ ၃၉°C/၁၀၂°F | ၅၀% ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F |
| တောင်ငူ | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၂°C/၁၀၇°F | နေသာ ၄၂°C/၁၀၈°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၀°C/၁၀၄°F |
| မုံရွာ | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၀°C/၁၀၄°F |
| ပုသိမ် | နေသာ ၃၇°C/၉၈°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၈°F |
| မြိတ် | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | ၆၀% ၃၄°C/၉၄°F | ၆၀% ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F |
| မကွေး | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | ၅၀% ၃၃°C/၉၁°F | ၆၀% ၃၃°C/၉၂°F | ၅၀% ၃၃°C/၉၁°F |
| ဖလမ်း | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၆°C/၇၈°F |

# ထိုင်းနိုင်ငံတွင် ပူပြင်းခြောက်သွေ့မှုများကြောင့် လယ်မြေများတွင်ရေပြတ်လပ်မှုများ ဖြစ်ပေါ်

ထိုင်းနိုင်ငံတွင် ပူပြင်းခြောက်သွေ့မှုများကြောင့် လယ်မြေများတွင် ရေပြတ်လပ်မှုများဖြစ်ပေါ်ခဲ့ရာ လယ်မြေဧကပေါင်းများစွာ ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

ပူပြင်းခြောက်သွေ့မှုများကြောင့် ကျေးရွာပေါင်း ၁၅၉ရွာမှ အိမ်ထောင်စု ပေါင်း ၂၇၆၀၀၀ မှာ ရေပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိသည်ဟု ဆိုသည်။ ဖူးခက်ခရိုင်တွင်ရှိသည့် ဖူးခက်လိပ်ပြာပန်းခြံနှင့် ဘန်ဝပ်ရေလှောင်တမံတို့တွင် ရေသိုလှောင်ထားရှိမှု ပမာဏနည်းပါးလာပြီဖြစ်ကြောင်း ဖူးခက်မြို့တော်ဝန် Somjai Suwansupana က ပြောကြားခဲ့သည်။

ဖူးခက်လိပ်ပြာပန်းခြံအတွင်းရှိ ရေလှောင်တမံတွင် ရေသိုလှောင်ထားမှုပမာဏမှာ ကုဗမီတာ ၇၂၀၀၀ သာရှိတော့သည်ဟု ၎င်းက ပြောကြားခဲ့သည်။ အဆိုပါပမာဏမှာ ရေသိုလှောင်နိုင်မှုပမာဏ၏ ၃၄ ရာခိုင်နှုန်းသာရှိကြောင်းဖြင့် ပြောကြားခဲ့သည်။

ဘန်ဝပ်ရေလှောင်တမံတွင်မူ ရေသိုလှောင်ထားရှိမှုပမာဏမှာ သန်းပေါင်း ၂ ဒသမ ၅၈ ကုဗမီတာသာရှိတော့ကြောင်း၊ အဆိုပါရေလှောင်တမံသည် ရေကုဗမီတာသန်းပေါင်း ၁၀ ဒသမ ၆ အထိ ဝင်ဆံ့သည့်ရေလှောင်တမံဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။



ပူပြင်းခြောက်သွေ့မှုသည် ကာလကြာရှည်မည်ဖြစ်သဖြင့် ရေအရင်းအမြစ် စီမံခန့်ခွဲမှုများကို ယခုအချိန်ကစတင်၍ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



# စူပါတိုင်ဖွန်းမေဆတ် ဖိလစ်ပိုင်နိုင်ငံ အရှေ့ပိုင်းကမ်းခြေသို့ ဦးတည် မြေပြိုမှုများ လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်လာနိုင်

ဖိလစ်ပိုင်ပင်လယ်ပြင်အရှေ့ပိုင်းတွင်ဖြစ်ပေါ်လျက်ရှိသည့်စူပါတိုင်ဖွန်း မုန်တိုင်းမေဆတ်သည် ဖိလစ်ပိုင်နိုင်ငံ အရှေ့ပိုင်းကမ်းခြေကို ဦးတည်လျက်ရှိကြောင်း နာဆာမှပေးပို့ချက်များကို ကိုးကား၍ အေဘီစီအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

အဆိုပါမေဆတ်အပူပိုင်းမုန်တိုင်းသည် စတင်ဖြစ်ပေါ်ခဲ့စဉ်က အဆင့်ငါးအဖြစ် သတ်မှတ်ထားခဲ့သော်လည်း ယခုအခါတွင် အဆင့်လေးသို့လျှော့ကျသွားပြီး အားပျော့လာခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယင်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ ကုန်းတွင်းပိုင်းသို့ ဧပြီလ ၅ ရက်နေ့တွင် ဖြတ်ကျော်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံအရှေ့မြောက်ပိုင်းရှိ တောင်တန်းများကို ဖြတ်ကျော်ခဲ့ပါက အားပျော့သွားနိုင်ကြောင်း မိုးလေဝသဗျူရို၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ၁၇၅ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားလျက်ရှိသည်ဟု ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့ အရှေ့မြောက်ပိုင်းရှိ အော်ရိုရာပြည်နယ်သို့ ဦးတည်တိုက်ခတ်နိုင်သည့်အတွက် အဆိုပါပြည်နယ်တွင် ရောက်ရှိနေသည့် နိုင်ငံခြားသားပေါင်း တစ်သောင်းကျော်ကို ရွှေ့ပြောင်းပေးရန် စီစဉ်လျက်ရှိကြောင်း၊ ထို့ပြင် ငါးဖမ်းသမားများကိုလည်း ပင်လယ်ပြင်သို့ ထွက်ခွာခွင့်မပေးဘဲ တားမြစ်ထားကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်းသည် သမုဒ္ဒရာပိုင်းကျွန်းစုနိုင်ငံငယ်လေးတစ်နိုင်ငံဖြစ်သည့် မိုက်ကရိုနီရှားကို ဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူငါးဦးသေဆုံးပြီးနေအိမ်ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ အဆိုပါ ကျွန်းနိုင်ငံလေး၏ မြို့တော်ဖြစ်သည့် Chuuk တွင် အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာခဲ့ရကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

“ကျွန်းတစ်ကျွန်းလုံး မပျက်စီးတဲ့နေရာ မရှိသလောက်ပါပဲ။ တစ်ကျွန်းလုံး အပျက်အစီးတွေနဲ့ပြည့်နှက်နေတယ်။ မုန်တိုင်းဒဏ်ကို ခံစားခဲ့ရတဲ့ အဲဒီဒေသက ပြည်သူတွေဟာ နားခိုစရာ နေရာဆိုတာမရှိပါဘူး။ စားစရာ၊ ဝတ်စရာ ဘာဆိုဘာကိုမှ အကောင်းပကတိမရှိတော့ပါဘူး”ဟု အေဘီစီအွန်လိုင်းသတင်းဌာန၏ အလွတ်တန်းဓာတ်ပုံသတင်းထောက် ဘရက်ဟော်လန်က ပြောကြားခဲ့သည်။

**မယ်သီတာ**

# ရောဝတီအသင်း၏ ပွဲရွှေ့ပေးရန် တောင်းဆိုမှု အေအက်ဖ်စီပယ်ချ သင်္ကြန်ကာလအတွင်း နယူးရေးဒီးယန့်အသင်းနှင့် အိမ်ကွင်းတွင်ယှဉ်ပြိုင်ရမည်




အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပလျက်ရှိသည့် AFC Cup ပြိုင်ပွဲဝင် ရောဝတီယူနိုက်တက်အက်ဖ်စီအသင်း အနေဖြင့် ၎င်းနှင့်မော်လ်ဒိုက်ကလပ် နယူးရေးဒီးယန့်အသင်းတို့၏ပွဲစဉ်သည် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နှင့် တိုက်ဆိုင်နေသဖြင့် ရက်ရွှေ့ပေးရန်တောင်းဆိုခဲ့သော်လည်း အေအက်ဖ်စီက ပယ်ချခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ရောဝတီယူနိုက်တက်အသင်းအနေဖြင့် ၎င်း၏အိမ်ကွင်းပွဲစဉ်ဖြစ်သည့် နယူးရေးဒီးယန့်အသင်းနှင့် ယှဉ်ပြိုင်ရမည့်ပွဲစဉ်အား မဟာသင်္ကြန်ကာလဖြစ်သည့် ဧပြီလ ၁၅ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အေအက်ဖ်စီက ရောဝတီယူနိုက်တက်၏ တောင်းဆိုချက်အား ပယ်ချသည့် အကြောင်းကြားစာကို မတ်လ ၃၁ ရက်က ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲသည် မြန်မာ့ရိုးရာသင်္ကြန်ကာလအတွင်း ဖြစ်သောကြောင့် အသင်းရှိကစားသမားများ စိတ်ပျံ့လွင့်မှုမရှိစေဘဲ ပြိုင်ပွဲကိုသာ အာရုံစိုက်ကစားနိုင်စေရန်အတွက် အလေးအနက်ထား၍ ပြင်ဆင်ရတော့မည်ဖြစ်ကြောင်း၊အဝေးကွင်းတွင် ဂိုးပြတ်အနိုင်ယူနိုင်ခဲ့သောကြောင့် အိမ်ကွင်းတွင်လည်း ဆက်လက်အနိုင်ရယူနိုင်ရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ရောဝတီယူနိုက်တက်အသင်းက ထုတ်ပြန်ကြေညာထားသည်။

ရောဝတီအသင်းသည် မော်လ်ဒိုက်ကလပ် နယူးရေးဒီးယန့်အသင်းကို ပထမအကျော့အဝေးကွင်းတွင် ယှဉ်ပြိုင်ခဲ့စဉ်က သုံးဂိုးပြတ်ဖြင့် အနိုင်ယူထားခဲ့သည်။ထို့အတူ ရတနာပုံအသင်းသည်လည်းဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းကို အဝေးကွင်းတွင် ဧပြီလ ၁၅ ရက်တွင်ပင် သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပထမအကျော့ယှဉ်ပြိုင်ခဲ့စဉ်ကနှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိထားခဲ့သည်။ ရောဝတီယူနိုက်တက် အသင်းသည် သုံးပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ ရတနာပုံအသင်းသည် သုံးပွဲကစားရာတွင် တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် သုံးမှတ်ရရှိထားသည်။

သင်္ကြန်ကာလအတွင်း ယှဉ်ပြိုင်ကစားရမည့် ရောဝတီအသင်းအနေဖြင့် လုံခြုံရေးအခြေအနေများကြောင့် ပရိသတ်မပါဘဲ ကွင်းပိတ်၍ ကစားသွားရန် စီစဉ်လျက်ရှိကြောင်း အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



## ရန်ကုန်ယူနိုက်တက်အသင်း၏ လေးကြိမ်မြောက် ဘောလုံးသင်တန်းကျောင်းကို ဧပြီ ၆ရက်တွင် ဖွင့်လှစ်မည်

ရန်ကုန်ယူနိုက်တက်အသင်း၏ လေးကြိမ်မြောက် လူငယ်ဘောလုံးသင်တန်းကို ဧပြီ ၆ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်အရ သိရသည်။ အဆိုပါဘောလုံးသင်တန်းကို လူငယ်ဘောလုံးသမားများ အများအပြားပေါ်ထွက်လာစေရေးကိုရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက် ဘောလုံးသင်တန်းကျောင်း၏ School of Football level 1တွင် အသက် ၁၂ နှစ်မှ ၁၆ နှစ်အတွင်းရှိ ကလေးငယ်များကို ဦးစားပေး၍ သင်ကြားပေးမည်ဖြစ်ကြောင်း သိရ သည်။ သင်တန်းတွင် သင်တန်းတစ်ချိန်လျှင် မိနစ် ၉၀ ဖြင့် စုစုပေါင်းသင်တန်းချိန် ၁၂ ချိန်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသင်တန်းတွင် ဘောလုံးအားကစားနည်း၏ အခြေခံများဖြစ်သည့် ဘောလုံးပေးပို့ခြင်း၊ ဖမ်းခြင်း၊ ဘောလုံးနှင့်အတူ ပြေးခြင်း၊ ဘောလုံးနှင့်အတူ လှည့်ခြင်း၊ ခေါင်းတိုက်ခြင်း အစရှိသည့် လေ့ကျင့်ခန်းများကို AFC အသိအမှတ်ပြု လိုင်စင်ရနည်းပြ ၁၀ ဦးက အနီးကပ်လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းကို နည်းစနစ်ဒါရိုက်တာ ဦးဝင်းသူမိုးက ဦးဆောင်သင်ကြားပေးမည်ဖြစ်ပြီး ယခင်ဖွင့်လှစ်ခဲ့သည့်သင်တန်းများတွင်လည်း အောင်မြင်မှုများရရှိခဲ့ကြောင်း သိရသည်။

သင်တန်းကြေးမှာ တစ်ဦးလျှင် ကျပ်သုံးသောင်းဖြစ်ပြီးသင်တန်းသားအတွက် လိုအပ်သောဘောလုံးဝတ်စုံကို အသင်းမှ ထောက်ပံ့ပေးမည်ဖြစ်သည်။ သင်တန်းသားဦးရေ ၁၀၀ သတ်မှတ်ကာ လက်ခံသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းကို သုံးကြိမ်ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ သင်တန်းနှစ်ကြိမ်တွင် သင်တန်းသား ၁၈၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းသား ၁၃၂ ဦးမှာ Level 2 သို့တက်ရောက်ရန် အဆင့်မီကြောင်း သိရသည်။



## ဩစတြေးလျအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သဖြင့် မြန်မာယူ-၂၃အသင်း ခြေစစ်ပွဲအောင်မည့်အခွင့်အရေးဆုံးရှုံး

ကာတာနိုင်ငံတွင်ကျင်းပမည့် ၂၀၁၆ ခုနှစ် အာရှယူ-၂၃ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲများကို တရုတ်(တိုင်ပေ)တွင်ကျင်းပခဲ့ရာ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဩစတြေးလျအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်မြန်မာယူ-၂၃အသင်းသည် ခြေစစ်ပွဲအောင်မည့်အခွင့်အရေးတစ်ရပ်ကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မတ် ၃၁ ရက်ကယှဉ်ပြိုင်ခဲ့သည့် အဆိုပါပွဲစဉ်တွင် မြန်မာယူ-၂၃အသင်းသည် အာရှဘောလုံးအင်အားကြီးနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဩစတြေးလျဘောလုံးအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိခဲ့ဘဲ ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

မြန်မာအသင်းသည်အဖွင့်ပွဲစဉ်တွင် အိမ်ရှင်တရုတ်(တိုင်ပေ)အသင်းကို သုံးဂိုးပြတ်၊ ဟောင်ကောင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့သော်လည်း မြန်မာအသင်းကဲ့သို့ပင် နှစ်ပွဲဆက် အနိုင်ယူထားသည့် ဩစတြေးလျအသင်းက အုပ်စုနောက်ဆုံးပွဲကိုပါ အနိုင်ရယူနိုင်ခဲ့သည့်အတွက် ရှုံးပွဲမရှိဖြင့် အုပ်စု(စ)၏ ပထမနေရာကိုရယူကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယနေရာသာရရှိခဲ့သည့်အတွက် အုပ်စုဒုတိယအကောင်းဆုံးအသင်းများအနက် အင်ဒိုနီးရှား၊ ယီမင်၊ ဥဇဘက်ကစ္စတန်၊ ထိုင်းအသင်းတို့နောက် အဆင့်ငါးနေရာတွင် ရပ်တည်နေသော်လည်း ဗီယက်နမ်အသင်းက မကာအိုအသင်းကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သောကြောင့် မြန်မာအသင်းအနေဖြင့်ခြေစစ်ပွဲအောင်မည့် အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် သုံးပွဲကစားရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ရဂိုးခြောက်ဂိုး၊ ပေးဂိုးခြောက်ဂိုး၊ ဂိုးကွာခြားချက်မရှိဖြင့် ရမှတ်ခြောက်မှတ်ရရှိခဲ့သည်။

## မက်ဆီဒိုးနီးယားကလပ် ရှကန်ဒီယာအသင်းနှင့် မြန်မာယူ-၂၀အသင်း တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့

ကမ္ဘာ့ဖလားပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဥရောပနိုင်ငံများသို့ သွားရောက်နေထိုင်ကာ လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည့် မြန်မာ ယူ-၂၀အသင်းသည် ဧပြီ ၁ ရက်က မက်ဆီဒိုးနီးယားကလပ် အက်ဖ်ကေရှကန်ဒီယာ (FK Shkendija) အသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။ မြန်မာ ယူ-၂၀ အသင်းနှင့် ခြေစမ်းကစားခဲ့သည့် ရှကန်ဒီယာအသင်းသည် ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ခြေစစ်ပွဲများ ကစားခဲ့ဖူးသည့်အတွေ့အကြုံရှိသည့် အသင်းကောင်းတစ်သင်းဖြစ်ကြောင်း သိရသည်။

အဆိုပါခြေစမ်းပွဲမတိုင်ခင်က မြန်မာ ယူ-၂၀ အသင်းသည် ဆားဘီးယားနိုင်ငံတွင် ဆားဘီးယား ယူ-၂၃အသင်းနှင့်ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာနှစ်ပွဲစလုံး ၆-၀၊ ၃-၀ တို့ဖြင့် ရှုံးနိမ့်ခဲ့သည်။ ထိုမှတစ်ဆင့် မြန်မာ ယူ-၂၀အသင်းသည် ဂျာမနီနိုင်ငံသို့ သွားရောက်နေထိုင်ကာ လေ့ကျင့်မှုများပြုလုပ်ရန်စီစဉ်ထားပြီး ဟန်ဂေရီ ယူ-၂၀အသင်းနှင့်လည်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန်စီစဉ်ထားကြောင်း သိရသည်။

## MNL-1နှင့် MNL-2 တို့၏ ဒုတိယအကျော့ အပြောင်းအရွှေ့ကာလများ ထုတ်ပြန်ကြေညာ

မြန်မာနေရှင်နယ်လိဂ်၏ ၂၀၁၅ခု နှစ်အတွင်း ကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်(၁)(MNL-1)နှင့် မြန်မာနေရှင်နယ်လိဂ်(၂)(MNL-2)တို့၏ ဒုတိယအကျော့ပြိုင်ပွဲအတွက် ဘောလုံးသမားအပြောင်းအရွှေ့ကာလများအား မတ်လ ၃၀ရက်နေ့က ထုတ်ပြန်ကြေညာလိုက်ကြောင်းသိရသည်။

ကလပ်အသင်းများအနေဖြင့် MNL-1နှင့် MNL-2 ပြိုင်ပွဲများ အတွက် ကစားသမားအပြောင်းအရွှေ့ များ၊ ကစားသမားခေါ်ယူခြင်းများ၊ စာချုပ်သက်တမ်းတိုးခြင်းများစသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဘောလုံးသမားအပြောင်းအရွှေ့ကာလကို မေ ၁၉ ရက်မှ ဇွန် ၁၈ရက်အထိ သတ်မှတ်လိုက်ကြောင်း သိရသည်။

# အာရှအမြန်ဆုံးလူသားအဖြစ် ဂျပန်ဆယ်ကျော်သက်အပြေးသမားလေး ကီရာယူ စံချိန်တင်




အသက် ၁၉ နှစ်သာရှိသေးသည့် ဂျပန်ဆယ်ကျော်သက်အပြေးသမားလေး ယိုရှီဟီဒီကီရာယူသည် အမေရိကန်၌ ကျင်းပသည့် မီတာ ၁၀၀ တစ်ဦးချင်းပွဲစဉ်တွင် ၉ ဒသမ ၈၇စက္ကန့်ဖြင့်ဗိုလ်စွဲပြီးနောက် အာရှအမြန်ဆုံးလူသားအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။

တက္ကဆက်ပြည်နယ်၊ အော်စတင်မြို့၌ကျင်းပခဲ့သော Texas Relays ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကီရာယူမှာ အာရှအမြန်ဆုံးလူသား ဂုဏ်ပုဒ်ကိုပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်ချိန်တွင် ရှေ့တူရူအရပ်သို့ လေတိုက်နှုန်းမှာ တစ်စက္ကန့်လျှင် ၃ ဒသမ ၃ မီတာနှုန်းရှိနေပြီး ခွင့်ပြုလေတိုက်နှုန်းဖြစ်သော တစ်စက္ကန့်လျှင် ၂ မီတာထက်ပိုနေသဖြင့်ကီရာယူ၏စံချိန်ကို အပြည်ပြည်ဆိုင်ရာပြေးခုန်ပစ်အဖွဲ့ချုပ်က တရားဝင်အသိအမှတ်ပြုခဲ့ခြင်းမရှိပေ။

သို့ရာတွင် အီလက်ထရောနစ် စံချိန်မှတ်ကိရိယာဖြင့်စတင်မှတ်တမ်းတင်ခဲ့ပြီး နောက်ပိုင်းအာရှတာတိုအပြေးသမား တစ်ဦးအတွက်မူ အမြန်ဆုံးစံချိန်အဖြစ်သတ်မှတ်ခံခဲ့ရသည်။ ကီရာယူမှာ ကမ္ဘာ့ဂျူနီယာချန်ပီယံရှစ်ပြိုင်ပွဲတွင် ၁၀ ဒသမ ၀၅ စက္ကန့်ဖြင့်ကြေးတံဆိပ်ဆွတ်ခူးခဲ့ပြီး ဂျူနီယာတန်းတွင် အာရှစံချိန်တင်ထားသူလည်းဖြစ်သည်။

နယူးဇီလန်၌ ကျင်းပခဲ့သည့်၂၀၁၅ ကမ္ဘာ့သုံးမျိုးစုံစီးရီးပြိုင်ပွဲ ဒုတိယမြောက်ပွဲစဉ်တွင် ဗြိတိန်မှ ဂျိုနသန်ဘရောင်လီက လက်ရှိချန်ပီယံစပိန်သားဇေဗီယာဂို မက်စ်ကို ၁၅စက္ကန့်အကွာဖြင့် အနိုင်ယူကာဗိုလ်စွဲနိုင်ခဲ့သည်။ ဘရောင်လီအတွက် World Series ပြိုင်ပွဲတစ်ပွဲတွင် ပထမဆုံးအကြိမ်ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။

# ဒိုဟာတွင်ကျင်းပမည့် ဒိုင်းမွန်းလိဂ်ပြိုင်ပွဲတွင် မိုဖာရက် ပါဝင်ယှဉ်ပြိုင်မည်

အိုလံပစ်ချန်ပီယံ နှစ်ကြိမ်နှင့် ကမ္ဘာ့ချန်ပီယံတစ်ကြိမ် ရရှိထားသည့် မီတာ ၅၀၀၀ နှင့်မီတာ ၁၀၀၀၀ အပြေးချန်ပီယံ မိုဖာရက်သည် ကာတာနိုင်ငံ မြို့တော်ဒိုဟာတွင် ကျင်းပမည့် ဒိုင်းမွန်းလိဂ် ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

မိုဖာရက်သည် ဒိုဟာတွင် ကျင်းပသည့် ပြေးခုန်ပစ်ပြိုင်ပွဲများတွင် တစ်ခါမျှ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့ပေ။ မိုဖာရက်က "ကျွန်တော် ဒိုဟာပြိုင်ပွဲနဲ့ ပတ်သက်တဲ့ အကြောင်းတွေအားလုံး ကြားထားပါတယ်။ပြေးလမ်းတွေ၊ အားပေးကြတဲ့ ပရိသတ်တွေ၊ ပြိုင်ပွဲတွေ အဲဒါတွေအားလုံးဟာ တော်တော်လေးကို ကြီးကျယ်ခမ်းနားနေတယ်လို့ ကြားထားပါတယ်"ဟု ပြောကြားခဲ့သည်။

မိုဖာရက်သည် လန်ဒန်တွင် ကျင်းပသည့် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် မီတာ ၅၀၀၀ နှင့် မီတာ ၁၀၀၀၀ ပြိုင်ပွဲနှစ်ရပ်စလုံးတွင် ရွှေတံဆိပ်နှစ်ခုရရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်နှစ်ခု ရရှိခဲ့သည်။ ၎င်းသည် တရုတ်နိုင်ငံတွင် ဩဂုတ်လအတွင်း ကျင်းပမည့်ပြိုင်ပွဲ နှစ်ရပ်စလုံးတွင်လည်း ချန်ပီယံသရဖူကို ကာကွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

# ပက်ကွီအိုကို ရော့ကီအဖြစ် ဖန်တီးမည်ဟု မိုဟာမက်အလီ ပြောကြား

ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီအိုနှင့် အမေရိကန်လက်ဝှေ့ကျော် ဖလွိုက်မေဝဲသားတို့၏ပွဲတွင် ပက်ကွီအိုကိုသာ အနိုင်ရစေလိုကြောင်း၊ ပက်ကွီအိုအနိုင်ရရှိခဲ့ပါက ဖိလစ်ပိုင်ရော့ကီ (Phillip Rocky) အဖြစ် ဖန်တီးမည်ဖြစ်ကြောင်း မိုဟာမက်အလီက ပြောကြားခဲ့သည်ဟု ၎င်း၏သမီးဖြစ်သူ၏ ပြောကြားချက်ကို TMZ သတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

မိုဟာမက်အလီသည် မေဝဲသား၏ လက်ဝှေ့ထိုးသတ်နည်းများကို ကြိုက်နှစ်သက်သလို ပက်ကွီအို၏ ကျွမ်းကျင်မှုကိုလည်း ကြိုက်နှစ်သက်ကြောင်း၊ သို့သော် ပက်ကွီအိုအနေဖြင့် မေဝဲသား၏ ကျွမ်းကျင်မှုများကို ၎င်း၏ကျွမ်းကျင်မှုများဖြင့် လွှမ်းမိုးကာ အနိုင်ယူစေလိုကြောင်း ပြောကြားခဲ့သည်ဟု မိုဟာမက်အလီ၏ သမီးဖြစ်သူ ရာရှီဒါအလီက ပြောကြားခဲ့သည်။

"အဖေက ပက်ကွီအိုရဲ့ အမာခံ ပရိသတ်ပါ။ သူက ပက်ကွီအိုကို သိပ်ကြိုက်တဲ့သူပါ။ မေဝဲသားရဲ့ထိုးသတ်ပုံထိုးသတ်နည်းတွေကိုလည်း သူကြိုက်ပါတယ်။ ဒါပေမယ့် သူကပက်ကွီအိုကိုပဲ အနိုင်ရစေချင်တယ်။ တကယ်တော့ သူတို့နှစ်ယောက်ဟာပြိုင်ဖက်တွေ မဟုတ်ကြပါဘူးလို့ သူကပြောတယ်"ဟုရာရှီဒါက ပြောကြားခဲ့သည်။

ပက်ကွီအိုနှင့် မေဝဲသားတို့၏ထိုးသတ်ပွဲမှာ တဖြည်းဖြည်း နီးကပ်လာသည်နှင့်အမျှ စကားစစ်ထိုးမှုများမှာလည်း တစ်နေ့တခြား ပိုမိုပြင်းထန်လျက်ရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

# မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အကြိမ် ၅၀၀ မြောက် အောင်ပွဲကို အန်ဒီမိုရေးကျင်းပခဲ့သလို အကြိမ် ၇၀၀ မြောက်အောင်ပွဲကိုလည်း ဆီရီနာဝီလျံကျင်းပ






ဗြိတိသျှ တင်းနစ်ချန်ပီယံ အန်ဒီမိုရေးသည် မီယာမီ အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ စတုတ္ထအဆင့်ပွဲစဉ်တွင် တောင်အာဖရိကနိုင်ငံမှ တင်းနစ်ကစားသမား ကီဗင်အန်ဒါဆင်ကို ၆-၄၊ ၃-၆၊ ၆-၃ သုံးပွဲနှစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါနိုင်ပွဲရရှိခဲ့ပြီးနောက် မိုရေးသည် ပွဲ ၅၀၀ မြောက်နိုင်ပွဲရရှိခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အသက် ၂၇ နှစ်အရွယ်ရှိမိုရေးသည် ပွဲ ၅၀၀မြောက်နိုင်ပွဲရရှိခဲ့သည့် ကိုးဦးမြောက် ဗြိတိသျှတင်းနစ်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

၎င်း၏ပွဲ ၅၀၀ မြောက် နိုင်ပွဲအထိမ်းအမှတ်အဖြစ် ပြိုင်ပွဲကျင်းပရာတင်းနစ်ကွင်းအတွင်း ကိတ်မုန့်လှီးဖြတ်ကာ အောင်ပွဲခံအခမ်းအနားကို ကျင်းပခဲ့သည်။

ထို့အတူ အမေရိကန်တင်းနစ်ချန်ပီယံ ဆီရီနာဝီလျံသည်လည်း မီယာမီတင်းနစ်ပြိုင်ပွဲ၏ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဂျာမနီမှ တင်းနစ်ကစားသမား လီ ဆစ်စကီကို ၇-၆၊ ၁-၆၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ကာ ဆီမီးဖိုင်နယ်သို့တက်လှမ်းနိုင် ခဲ့သည်။

အဆိုပါနိုင်ပွဲကြောင့် ဆီရီနာဝီလျံသည် ပွဲပေါင်း ၇၀၀ မြောက်နိုင်ပွဲရသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါနိုင်ပွဲကြောင့် နိုင်ပွဲပေါင်း ၇၀၀ ပြည့်သွားခဲ့သည့်အတွက် အံ့သြမိကြောင်း ဆီရီနာက ပြောကြားခဲ့သည်။

ဆီရီနာဝီလျံသည်လည်း မိုရေးနည်းတူ ပြိုင်ပွဲကျင်းပရာ တင်းနစ်ကွင်းအတွင်း၌ပင် ပွဲပေါင်း ၇၀၀ မြောက်နိုင်ပွဲရသည့်အခမ်းအနားကို ကျင်းပခဲ့သည်။

ဆီရီနာသည် ပွဲပေါင်း ၇၀၀ ဟူသည့်အထိမ်းအမှတ်စာသားကို ကိတ်မုန့်ဖြင့်ပုံဖော်၍အောင်ပွဲခံအခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်သည်။

# မာစီဒီးနှင့် ပေါင် ၂၇သန်းတန်ကြေးရှိ စာချုပ်တစ်ရပ်ချုပ်ဆိုနိုင်ရန် ဟာမီလ်တန် မျှော်လင့်




ကမ္ဘာ့ဖော်မြူလာဝမ်း ကားမောင်းချန်ပီယံတစ်ဦးဖြစ်သူ လူးဝစ္စဟာမီလ်တန်က ၎င်းအနေဖြင့် မာစီး ဒီးစ်ကား ကုမ္ပဏီနှင့်ပေါင် ၂၇ သန်းတန်ကြေးရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း သတင်းများက ဖော်ပြထားသည်။

အဆိုပါစာချုပ်ကို လာမည့်ရက်သတ္တတစ်ပတ်အတွင်း ချုပ်ဆိုမည်ဖြစ်ကြောင်း၊ စာချုပ်ချုပ်ဆိုဖြစ်ခဲ့ပါက ဟာမီလ်တန်အနေဖြင့် တစ်နှစ်လျှင်ပေါင် ၂၇ သန်းရရှိမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ဟာမီလ်တန်ပါဝင်သည့်အသင်းပိုင်ရှင်နှင့် ၎င်း၏ရှေ့နေတို့ ကနဦးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိရာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ဟာမီလ်တန်က "ဒီတစ်ပတ်ထဲမှာပဲ စာချုပ် ချုပ်ဖြစ်ပါလိမ့်မယ်ရိုးသားစွာပြောရမယ်ဆိုရင်တော့ ၉၉ ဒသမ ၆ ရာခိုင်နှုန်းလောက်ကို ပြီးနေပါပြီ။ ညှိနှိုင်းစရာမရှိတော့ပါဘူး။ လက်မှတ်ထိုးဖို့ပဲ ကျန်ပါတော့တယ်"ဟု ပြောကြားခဲ့သည်။

မာစီဒီးစ်ကား ကုမ္ပဏီသည် ၂၀၀၃ ခုနှစ်က ဖော်မြူလာဝမ်းချန်ပီယံဟောင်း မက်ကလာရင်နှင့် ခြောက်နှစ်တာစာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက်ပိုင်း ဟာမီလ်တန်နှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ စာချုပ်အရ ဟာမီလ်တန်သည် ပြိုင်ပွဲများတွင် အနိုင်ရရှိပါက ဆုကြေးများ ထပ်မံရရှိဦးမည်ဖြစ်သည်။

Vol: 15, No.14 Monday April 6 2015

# စစ်မှန်ကောင်းမွန်တဲ့ ယှဉ်ပြိုင်မှုဈေးကွက်
# |Perfect Competition|

|ဒေါက်တာစပယ်ကြည်မောင် (ယှဉ်ပြိုင်မှု)|



နိုင်ငံတစ်နိုင်ငံတွင် စားသုံးသူပြည်သူများ အေးချမ်းသာယာပြည်စုံစွာ နေထိုင်နိုင်စေရန်အတွက် ထိုနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေးက မရှိမဖြစ်အရေးပါတဲ့ အကြောင်းခြင်းရာတစ်ခုဖြစ်ပါတယ်။ ဈေးကွက်အတွင်းမှာ ရင်းနှီးမြှုပ်နှံကြမယ့် စီးပွားရေးလုပ်ငန်းများအတွက် စစ်မှန်ကောင်းမွန်ပြီး တရားမျှတစွာ ယှဉ်ပြိုင်ဆောင်ရွက်နိုင်တဲ့ ဈေးကွက်စီးပွားရေးစနစ်တစ်ခု ဖြစ်ပေါ်နေမှသာလျှင် နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေမှာ ဖြစ်ပါတယ်။

စစ်မှန်ကောင်းမွန်တဲ့ တရားမျှတစွာ ယှဉ်ပြိုင်ဆောင်ရွက်နိုင်တဲ့ ဈေးကွက်စီးပွားရေးတစ်ခု ဖြစ်ပေါ်နိုင်စေရန်အတွက် အဓိကထိန်းကျောင်း ကိုင်တွယ်ပေးနိုင်မယ့် ယန္တရားမှာ ယှဉ်ပြိုင်မှု ဥပဒေနဲ့ မူဝါဒများပင် ဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံများမှာ ယှဉ်ပြိုင်မှု ဥပဒေနဲ့ မူဝါဒများ ပြဋ္ဌာန်းရခြင်းရဲ့ အဓိကရည်ရွယ်ချက်မှာလည်း ဈေးကွက်အတွင်း၌ တရားမျှတတဲ့ ပြိုင်ဆိုင်မှုများ ဖြစ်ပေါ်လာစေရန်၊ ထိုယှဉ်ပြိုင်မှု ရှိနေသောဈေးကွက်ကို အထောက်အပံ့ပြုပေးနိုင်စေရန်နဲ့ ကာကွယ်စောင့်ရှောက် ပေးနိုင်စေရန်တို့အတွက် ဖြစ်ပါတယ်။

ယေဘုယျအားဖြင့်တော့ ရောင်းဝယ်ဖောက်ကားမှုပြုနေတဲ့ ဈေးကွက်တစ်ခုရဲ့ သွင်ပြင် လက္ခဏာတစ်ခုက ရောင်းချသူတွေနဲ့ ဝယ်ယူသူတွေ များပြားစည်ကားနေရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဈေးကွက်အတွင်းမှာ ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချသူ မည်သူမျှမရှိဘဲ တစ်ဦးတစ်ယောက်တည်းကသာ ထုတ်လုပ်ရောင်းချပြီး ထိုကုန်ပစ္စည်းများနဲ့ ပတ်သက်တဲ့ ဈေးကွက်ချုပ်ကိုင် လွှမ်းမိုးထားမှုများ ပေါ်ပေါက်နေတယ်ဆိုရင်တော့ ထိုဈေးကွက်ကို ယှဉ်ပြိုင်မှုများ ကောင်းမွန်ပြည့်စုံနေသော ဈေးကွက် (perfect competition) လို့ ခေါ်ဆို၍ မရနိုင်ပါ။

ယှဉ်ပြိုင်မှုများ ကောင်းမွန်ပြည့်စုံနေတဲ့ ဈေးကွက်ဆိုတာ ဘယ်လိုဈေးကွက်မျိုးဖြစ်မလဲ၊ ဘယ်လိုအချက်တွေရှိ နေရမလဲ ဆိုတာတွေကို သိဖို့လိုအပ်လာပြီ။ ကဲ ဒါဆို အနည်းငယ် လေ့လာကြည့်ကြရအောင်---

**စစ်မှန်ကောင်းမွန်တဲ့ ယှဉ်ပြိုင်မှု** (perfect competition) **ဈေးကွက်ဟု ဆိုနိုင်ရန်-**

**စစ်မှန်ကောင်းမွန်တဲ့ တရားမျှတစွာ ယှဉ်ပြိုင်ဆောင်ရွက်နိုင်တဲ့ ဈေးကွက်စီးပွားရေးတစ်ခု ဖြစ်ပေါ်နိုင်စေရန်အတွက် အဓိက ထိန်းကျောင်းကိုင်တွယ်ပေးနိုင်မယ့် ယန္တရားမှာ ယှဉ်ပြိုင်မှုဥပဒေနဲ့ မူဝါဒများပင် ဖြစ်ပါတယ်။**

- ထိုဈေးကွက်အတွင်း၌ ထုတ်လုပ်ရောင်းချသူ အမြောက်အမြား ရှိနေရုံမျှမက ဝယ်ယူစားသုံးသူ အရေအတွက်သည်လည်း အမြောက်အမြားရှိနေမှာဖြစ်ပါတယ်။
- ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းသည် ဈေးကွက်အခြေအနေအရ ဖြစ်ပေါ်လာတဲ့ ရောင်းလိုအားနဲ့ ဝယ်လိုအားအချိုးများ အပေါ် မူတည်ပြီး ရောင်ပြန်ဟပ်ပြောင်းလဲနေသော ဈေးနှုန်းတွေလည်း ဖြစ်ပေါ်နေရမယ်။
- တချို့သော ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုများရဲ့ ဈေးနှုန်းတွေဟာ အလွန်မြင့်မားနေမယ် ဒါမှမဟုတ် အရည်အသွေးညံ့နေမယ်ဆိုရင် စားသုံးသူတွေအနေနဲ့ ထိုကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတွေအတွက် အစားထိုးအသုံးပြုနိုင်မယ့် အခြားအလားတူ ကုန်ပစ္စည်းတွေလည်း ရရှိနိုင်တဲ့ ဈေးကွက်အခြေအနေတွေလည်း ဖြစ်ပေါ်နေရမယ်။
- အဆိုပါဈေးကွက် အတွင်းသို့ စီးပွားရေးလုပ်ငန်းအသစ်တစ်ခု စတင်ဝင်ရောက် လုပ်ကိုင်နိုင်မှုတွေ ဒါမှမဟုတ် လုပ်ငန်းရပ်ဆိုင်းထွက်ခွာသွားခြင်းများ ပြုလုပ်နိုင်မှုတွေ စတာတွေကိုလည်း လွယ်ကူစွာဝင်ရောက် လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ ဈေးကွက်မျိုး ဖြစ်နေရမယ်။
- ထိုကဲ့သို့အသစ်ဝင်ရောက်လာသော လုပ်ငန်းအသစ်များသည်လည်း ဈေးကွက်အတွင်း ရှိပြီးသား အခြားစီးပွားရေးလုပ်ငန်းများကိုလည်း တရားမျှတစွာဖြင့် ယှဉ်ပြိုင်ဆောင်ရွက်နိုင်သည့် ဈေးကွက် အခြေအနေလည်း ဖြစ်ပေါ်နေရမယ်။
- ဈေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်းများသည်လည်း ၎င်းတို့၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ရောင်းဝယ်ဖောက်ကားမှုများ ပြုတဲ့အခါမှာလည်း အကျိုးအမြတ်ကို သင့်တင့်ရုံ၊ လုပ်ငန်း ဆက်လက်ရပ်တည်နိုင်ရုံ၊ အခြားအလား တူကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရုံ အတွက်သာ အနည်းငယ်ပဲယူပြီး ရောင်းချနေတဲ့ ဈေးကွက်မျိုးတွေ ဖြစ်နေမယ်။ ကုမ္ပဏီတစ်ခုက အမြတ်အများကြီးယူခဲ့မယ်ဆိုရင် အခြားကုမ္ပဏီတွေက သင့်တင့် သော ဈေးနှုန်းတွေနဲ့ သူတို့ရဲ့ ဝယ်ယူသူတွေ၊ ဈေးကွက်ဝေစုတွေကို ဝင်ရောက်လုယူ နိုင်တာကြောင့် ဖြစ်ပါတယ်။

အလားတူ ကုန်ပစ္စည်း ဆိုတာကတော့ ပထမကုန်ပစ္စည်းတစ်ခုဟာ ဒုတိယကုန်ပစ္စည်းတစ်ခုနဲ့ ပုံသဏ္ဌာန်၊ ပါဝင်မှုပစ္စည်း၊ အသုံးပြုနိုင်မှုစသည်တို့ အားလုံးတူညီနေမယ်၊ ပထမတစ်ခု မရရှိနိုင်တဲ့အခါ၊ အဆင်မပြေတဲ့ အခါမျိုးမှာဆိုရင်လည်း ဒုတိယတစ်ခုအနေဖြင့် ပါဝင်သည့်အရာများ၊ ပုံသဏ္ဌာန်များ အားလုံးထပ်တူထပ်မျှ မတူညီသော်လည်းဘဲ ၎င်းအရာနှင့် အစားထိုး အသုံးပြုလို့လည်းရနေမယ်၊ ကုန်အမှတ်တံဆိပ်နှင့် ထုတ်လုပ်ရောင်းချသူ မတူညီသော်လည်း ထပ်တူနီးပါးမျှဆင်တူစွာ သုံးစွဲနိုင်မယ်၊ ဒီလိုကုန်ပစ္စည်းမျိုးကို ဆိုလိုပါတယ်။

အထက်မှာဖော်ပြထားတဲ့ အခြေအနေတွေအားလုံးနဲ့ ပြည့်စုံနေတဲ့ ဈေးကွက်ဖြစ်ပေါ်နေမည်ဆိုပါက အဆိုပါဈေးကွက်ကို **စစ်မှန်ကောင်းမွန်တဲ့ ယှဉ်ပြိုင်မှုများ ဖြစ်ထွန်းပေါ်ပေါက်နေတဲ့ ဈေးကွက်**လို့ ခေါ် ဆိုနိုင်ပါတယ်။

သို့သော် ကမ္ဘာပေါ်မှာ ထိုကဲ့သို့သော စစ်မှန်ကောင်းမွန်တဲ့ ယှဉ်ပြိုင်မှုများ ဖြစ်ထွန်းပေါ်ပေါက်နေသော ဈေးကွက်ဆိုသည်မှာ အလွန်ပင်ရှားပါးလွန်းပါတယ်။ လက်တွေ့ကျင့်သုံး ဆောင်ရွက်နေတဲ့ စီးပွားရေးလုပ်ငန်းများ ယှဉ်ပြိုင်ဆောင်ရွက်နေမှုများက စစ်မှန်ကောင်းမွန်သော ယှဉ်ပြိုင်မှုဈေးကွက် အခြေအနေများနဲ့ အပြည့်အဝကိုက်ညီတဲ့ ဈေးကွက်များ မရှိနိုင်လောက်အောင်ပင် အလွန်ရှားပါးသော်လည်း အချို့နိုင်ငံများရှိ ဈေးကွက်များမှာ အနည်းနှင့် အများဆိုသလို ကိုက်ညီသော ဈေးကွက်များလည်းရှိပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးပြီး နိုင်ငံဖြစ်ပြီး ယှဉ်ပြိုင်မှုဥပဒေနဲ့ ကော်မရှင်ကို ကောင်းမွန်စွာတည်ဆောက်နိုင်ပြီးခိုင်မာစွာ ထိန်းချုပ်နိုင်မှု ရှိသော နိုင်ငံများတွင် အထက်ဖော်ပြပါ ဈေးကွက်အခြေအနေများကို အပြည့်အဝမဟုတ်သည့်တိုင် အပြည့်အစုံနီးပါး ဖြစ်ထွန်းပေါ်ပေါက်နေတဲ့ ဈေးကွက်များတော့ ရှိပါတယ်။

ယှဉ်ပြိုင်မှုဥပဒေပြဋ္ဌာန်းနိုင်မှု မရှိသေးတဲ့ သို့မဟုတ် ယှဉ်ပြိုင်မှုဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မရှိသေးတဲ့ နိုင်ငံများရှိ စီးပွားရေးလုပ်ငန်းအများစုက ၎င်းတို့ရဲ့ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုများကို နည်းလမ်းပေါင်းစုံနဲ့ ကြော်ငြာခြင်း၊ ဈေးနှုန်းများကို အဆမတန်လျှော့ချ၍သော် လည်းကောင်း၊ မသမာသည့် အရောင်းမြှင့်တင်မှုနည်းလမ်းမျိုးစုံဖြင့်လည်းကောင်း စားသုံးသူများကို ဆွဲဆောင်ခြင်းများကို ပြုလုပ်နေကြပါတယ်။

ထိုသို့ပြုလုပ်ရတဲ့ ရည်ရွယ်ချက်မှာ - အခြားပြိုင်ဖက်တို့ရဲ့ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုများနဲ့ မိမိတို့၏ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုများကို စားသုံးသူများမှ ကွဲပြားခြားနားစွာ ပိုမိုသတိပြုဝယ်ယူလာစေရန်၊ သက်ဆိုင်ရာဈေးကွက်အတွင်း၌ မိမိတို့လုပ်ငန်း တစ်ခုတည်းကသော်လည်းကောင်း၊ မိမိတို့ရဲ့ လုပ်ငန်းစုကသော်လည်းကောင်း ဈေးကွက်ဝေစုအားလုံး သို့မဟုတ် အားလုံးနီးပါးကို ပိုင်ဆိုင်ရရှိနိုင်စေရန်၊ ဈေးနှုန်းများကို အဆမတန် လျှော့ချခြင်းသည် အခြားလုပ်ငန်းများ ဈေးကွက်အတွင်း၌ တရားမျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိတော့ဘဲ ထွက်ခွာသွားစေရန်နဲ့ ထွက်ခွာသွားတဲ့အခါမှ ဈေးနှုန်းများကို မိမိတို့တစ်ဦးတည်း သို့မဟုတ် တစ်ဖွဲ့တည်းမှ နှစ်သက်သလို လက်ဝါးကြီးအုပ်ချုပ်ကိုင်ဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြခြင်း ဖြစ်ပါတယ်။ အမှန်တကယ်ကောင်းမွန်တဲ့ ယှဉ်ပြိုင်မှုဈေးကွက်ဆိုတာ လက်တွေ့ကမ္ဘာမှာ ကျင့်သုံးနိုင်ဖို့ဆိုသည်မှာ ကြိုးစားရှာဖွေရမည့် အိပ်မက်တစ်ခုပဲ ဖြစ်ပါတယ်။

# *Trade Facilitation & Trade Promotion*

## ကရင်ပြည်နယ် ဖာပွန်မြို့တွင် သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

ကရင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး ကရင်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက ကြီးမှူးကာ ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းပြီး ကရင်ပြည်နယ် ဖာပွန်ခရိုင်၊ ဖာပွန်မြို့ မိုးဟိန်းခန်းမတွင် သစ်သီးဝလံအခြေခံ စားသောက်ကုန်ပစ္စည်း ထုတ်လုပ်မှုနည်းပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ်လ ၂၃ ရက်နေ့က ကျင်းပခဲ့ပါတယ်။

အဆိုပါအခမ်းအနားသို့ ဖာပွန်ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနဲ့ ဝန်ထမ်းများ၊ မြို့ဖွံ့ဖြိုးရေး အထောက်အကူပြုများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ၊ စိတ်ပါဝင်စားသူများ အင်အား ၁၀၀ ဦး တက်ရောက်ခဲ့ပါတယ်။ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ကရင်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက သင်တန်းဖွင့်လှစ်ရခြင်းရဲ့ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

သင်တန်းကို မတ်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၃၉ ဦးအား သစ်သီးဝလံ အခြေခံထွက်ကုန် ၁၀ မျိုးရဲ့ ထုတ်လုပ်မှုနည်းပညာများကို သင်တန်းနည်းပြများမှ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ပါတယ်။ ယင်းသင်တန်းမှ သဘော်သီးချဉ်စပ်ယို၊ ခရမ်းချဉ်သီးယို၊ ခရမ်းချဉ်သီးဆော့စ်၊ သရက်သီးယို၊ ဇောင်းလျားသီးယို၊ ကျောက်ဖရုံသီးယို၊ ဂျယ်လီ၊ ရှောက်သီးဆေးပြား၊ ရှောက်ပျားဖျော်ရည်၊ ဇီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်နဲ့ စပျစ်ဝိုင် ထုတ်လုပ်နည်းများကို လက်တွေ့အသုံးချသင်ကြား ထုတ်လုပ်ခဲ့ပါတယ်။

သင်တန်းဆင်းပွဲအခမ်းအနားကို မတ်လ ၂၆ ရက်က ဖာပွန်မြို့ မိုးဟိန်းခန်းမမှာ ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးမှ ယခုလို မိမိဒေသစီးပွားဖွံ့ဖြိုးဖို့၊ မိမိဒေသလူမှုဘဝမြင့်မားဖို့ ရည်ရွယ်ပြီး နည်းပညာများ လာရောက်သင်ကြားပေးသော သင်တန်းနည်းပြများအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ သင်တန်းသား များအနေနဲ့လည်း မိမိသင်ကြားတတ်မြောက်သည့် နည်းပညာများအား အကျိုးရှိရှိအသုံးချစေလိုကြောင်း၊ သို့မှသာ မိမိဒေသစီးပွားဖွံ့ဖြိုးတိုးတက်ပြီး လူမှုဘဝမြင့်မားလာမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ သင်တန်းဆရာမ ဒေါ်ဇေကရီအောင်က မိမိဌာနမှ ဖွင့်လှစ်သင်ကြားပို့ချမည့် သင်တန်းအမျိုးအစားများအား ရှင်းလင်းပြောကြားပြီး သင်တန်းတက်လိုသူများမှ မိမိနှင့် ဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းနှင့် သင်တန်းသားများကိုယ်စား ဖာပွန်မြို့နယ် ဝေ့မှုံကျေးရွာမှ သင်တန်းသူ ဒေါ်သိန်းသိန်းမြင့်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

**သန်းဝင်း - ဘားအံ**

## မြန်မာပီလောပီနံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ






ဧရာဝတီတိုင်းဒေသကြီးအတွင်း ထွက်ရှိသော ပြည်ပပို့ကုန် ပီလောပီနံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တိုင်းပီလောပီနံအသင်းနှင့် ပြည်ပနိုင်ငံသားများဖြစ်သော နိုင်ငံခြားသား ပီလောပီနံပညာရှင် Dr. Jonathan Newby, Professor Rob Cramb၊ မြန်မာနိုင်ငံသားပညာရှင်ဒေါက်တာတင်မောင်အေးအဖွဲ့နှင့် ပူးပေါင်း၍ မြန်မာပီလောပီနံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ Workshop on Myanmar Cassava Development ကို ပုသိမ်မြို့ ပုသိမ်ဟိုတယ်တွင် မတ်လ ၂၆ ရက်က ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးလှခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ဒု-ဥက္ကဋ္ဌ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တိုင်းပီလောပီနံအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အသင်းသားများ၊ ပီလောပီနံစိုက်ပျိုးထုတ်လုပ်လျက်ရှိသော ကျုံပျော်၊ လေးမျက်နှာ၊ ရေကြည်၊ ဟသ်ာတ၊ သာပေါင်းမြို့နယ်များမှ တောင်သူ၊ ကလောစက်ပိုင် လုပ်ငန်းရှင်များ စုစုပေါင်း ၂၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးစီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဦးလှခိုင်က မိမိတို့အစိုးရသစ်လက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်နဲ့ အညီ တိုင်းအတွင်း ပြည်ပပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိရာ ပီလောပီနံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ထုတ်လုပ်သူများတွက်ခြေကိုက်မှုရှိစေရန် ပြည်ပနိုင်ငံများနဲ့ ဈေးကွက်ယှဉ်ပြိုင်နိုင်ရေး အရည်အသွေးမီစိုက်ပျိုးထုတ်လုပ်နိုင်ရန် ပြည်ပနိုင်ငံများနှင့် အကျိုးတူပူးပေါင်း၍ နည်းလမ်းများ ရှာဖွေဆောင်ရွက်ရမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

တိုင်းကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်ကလည်း ပီလောပီနံမှာ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့တွင် ဒုတိယပြည်ပပို့ကုန်ဖြစ်ကြောင်း၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှလည်း ပြည်ပနိုင်ငံများနှင့် ပူးပေါင်း၍ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း၊ မိမိတို့တိုင်းအတွင်း ပီလောပီနံကို ဆယ်စုနှစ်ပေါင်းများစွာ စိုက်ပျိုးခဲ့သော်လည်း အထွက်နှုန်းနဲ့ ဈေးကွက်မှာ နိုင်ငံတကာနဲ့ ယှဉ်လျှင်များစွာ နောက်ကျကျန်လျက်ရှိကြောင်း ယခုအခါ ပြည်ပနိုင်ငံသားများက လာရောက်လေ့လာ၍ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပေးလျက်ရှိချိန် အထွက်နှုန်းတိုးတက်လာစေရန်မျိုး၊ နည်းစနစ်ပြောင်းလဲပြီး ဈေးကွက်ကျယ်ပြန့်လာစေရန်လည်း ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ကြောင်း သို့မှသာ မိမိတို့ပီလောပီနံလုပ်ငန်းများ ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားပါတယ်။

ပြည်ပနိုင်ငံသားများက ကမ္ဘာပေါ်တွင် ပီလောပီနံစိုက်ပျိုးထုတ်လုပ်လျက်ရှိတဲ့ နိုင်ငံများရဲ့ စိုက်ပျိုးနည်းစနစ်၊ အထွက်နှုန်း၊ ဈေးကွက်အခြေအနေများနှင့် ဧရာဝတီတိုင်းအတွင်း အကျိုးတူပူးပေါင်း ဆောင်ရွက်ရမည့် ကိစ္စရပ်များ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးပြောကြားပြီး တက်ရောက်လာသောလုပ်ငန်းရှင် တောင်သူများ၏ မေးမြန်းချက်များကိုလည်း ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## အာဆီယံကျောင်းသားဖလှယ်ရေးစနစ်က အာဆီယံကျောင်းသားများကို အထောက်အကူပြု

အာဆီယံတက္ကသိုလ်ကွန်ရက် (ASEAN University Network-AUN) အဖွဲ့ဝင်တက္ကသိုလ် ၂၅ ခုကျော် မှကိုယ်စားလှယ်များက ဟနွိုင်းမြို့မှာ ဧပြီ ၁ ရက်နဲ့ ၂ ရက်မှာကျင်းပခဲ့တဲ့ အာဆီယံကျောင်းသားဖလှယ်ရေးအစီအစဉ် (ASEAN Credit Transfer System-ACTS) ရဲ့ ကြီးကြပ်ရေးကော်မတီနှစ်ပတ်လည်အစည်းအဝေးကို တက်ရောက်ခဲ့ကြကြောင်း ဗီယက်နမ်နက်ဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

(၇)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို ဟနွိုင်းမြို့ရှိဗီယက်နမ်အမျိုးသားတက္ကသိုလ်က အိမ်ရှင်အဖြစ် ကျင်းပပေးပြီး ကွန်ရက်ပြေပြစ်ချောမွေ့စွာလည်ပတ်နိုင်ရေးအတွက် အဓိကထားဆွေးနွေးခဲ့ကြပါတယ်။ တက္ကသိုလ်အဆင့်နဲ့ ဘွဲ့လွန်အဆင့်ပညာရေး အစီ အစဉ်တွေမှာ ကျောင်းသားဖလှယ်ရေးအစီအစဉ်ကို တိုးချဲ့ဆောင်ရွက်နိုင်ရေး အတွက် အစည်းအဝေးကိုတက်ရောက်လာသူတွေက ဆွေးနွေးခဲ့ကြပါတယ်။ တက်ရောက်လာသူတို့က AUN နဲ့ ကွန်ရက်ပြင်ပရှိ တခြားတက္ကသိုလ်တွေ နဲ့ ကျောင်းသားဖလှယ်ရေးအစီအစဉ်တွေတိုးမြှင့်ရေးကိုလည်း ဆွေးနွေးခဲ့ကြ ပါတယ်။

အရှေ့တောင်အာရှတက္ကသိုလ်တွေအနေနဲ့ ပေါင်းစည်းမှုတိုးတက်ကောင်းမွန်ရေးနဲ့ အပြည်ပြည်ဆိုင်ရာ ပညာရေးအဆင့်ကိုရောက်ရှိအောင် တက်လှမ်းနိုင်ရေးတို့အတွက် အလေးပေးဆောင် ရွက်လျက်ရှိကြပါတယ်။

ဒေသတွင်းရှိ တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်မှုကို ထိရောက်စွာဆောင်ရွက်ခြင်းဖြင့် ဘုံ AUN ပညာရေးအဆင့်ကို သုံးသပ်ဆုံးဖြတ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ကျင်းပခဲ့တဲ့ ကွန်ဖရင့်တွေမှာ ဒေသဆိုင်ရာတက္ကသိုလ်များအနေနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်နိုင်အောင် ဖိုရမ်တစ်ခု စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

၂၀၀၉ ခုနှစ်မှာစတင်ခဲ့တဲ့ ပထမအကြိမ် အစည်းအဝေးမှစတင်ကာ ACTS ရဲ့ လှုပ်ရှားမှုတွေကို စတင်ဆောင်ရွက်ခဲ့ပြီး AUN အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံ တွေကိုလည်း ACTS နဲ့ပူးပေါင်းပါဝင်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီအထိ ကျောင်းသားဖလှယ်မှုအစီအစဉ်ပေါင်း ၁၅၁၈ ခုကို ကွန်ရက်အတွင်းမှာ အကောင်အထည်ဖော်ပေးနိုင်ခဲ့ပါတယ်။

## အာဆီယံအသိုက်အဝန်းအတွက် အဆင်သင့်ဖြစ်ဖို့ ဗီယက်နမ်ပြင်ဆင်




ယခုနှစ်အကုန်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ရဲ့လုပ်ငန်းတွေ စတင်အကောင်အထည်ဖော်တဲ့အခါ စီးပွားရေးအသိုက်အဝန်းရဲ့ စွမ်းဆောင်ရည်တွေ တိုးတက်ကောင်းမွန်ဖို့အတွက် အစိုးရက စီမံဆောင်ရွက်လျက်ရှိရာ အခွန်နဲ့ဆက်နွယ်နေတဲ့မူဝါဒတွေက အဓိကကျတဲ့ အစီအမံတွေဖြစ်ကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

အေအီးစီကို ထူထောင်ခြင်းက ဗီယက်နမ်စီးပွားရေး အသိုက်အဝန်းအတွက်အခွင့်အလမ်းတွေနဲ့စိန်ခေါ်မှုတွေနှစ်မျိုးစလုံးကိုပေးအပ်မှာ ဖြစ်ပါတယ်။ အေအီးစီက ဗီယက်နမ်ရဲ့ ဈေးကွက်တွေချဲ့ထွင်နိုင်အောင် အားပေးမှာဖြစ်ပေမယ့် အထူးသဖြင့်ပြည်တွင်းစက်မှုနဲ့ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွေအတွက် ပြင်းထန်တဲ့ စိန်ခေါ်မှုတွေဖြစ်လာနိုင်ပါတယ်။

၂၀၁၄ ခုနှစ်အကုန်မှာ အာဆီယံနိုင်ငံတွေမှာရှိတဲ့ ကုန်သွယ်ခွန်တွေရဲ့ လေးပုံ သုံးပုံကို အာဆီယံလွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက်အရ အကောက်ခွန် သုညအထိလျှော့ချပေးရတော့မှာဖြစ်ပါတယ်။ ဒီဆောင်ရွက်မှုက အေအီးစီ ထူထောင်ရေးအတွက် အကြိုလမ်းခင်းပေးတာဖြစ်ပါတယ်။

အေအီးစီမှာ ပါဝင်ခြင်းအားဖြင့် အာဆီယံလွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက်အရ အခွန်များကို သတ်မှတ်ထား တဲ့ ၂၀၁၈ ခုနှစ်မတိုင်မီ ဖျက်သိမ်းပေးရမယ့်သဘော ရှိပါတယ်။ ဗီယက်နမ်နိုင်ငံက ယခုအခါအေအီးစီအတွက် အသင့်ဖြစ်နေပြီး အခွန်လုပ်ထုံးလုပ်နည်းများ အပြီးသတ်ပြဋ္ဌာန်းရေး၊ One stop Custom System အကောင်အထည်ဖော်ရေးနဲ့ အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် လိုအပ်သောပြင်ဆင်မှုများကို အခြားနိုင်ငံတွေနဲ့ ပူးတွဲပြီးဆောင်ရွက်လျက်ရှိပါတယ်။

ဗီယက်နမ်နိုင်ငံက အခွန်အားလုံးရဲ့ ၈၀ ရာခိုင်နှုန်းအတွက် အခွန်နှုန်းကို သုည ရာခိုင်နှုန်းသို့ လျှော့ချပေးထားပြီး၊ နောက်ထပ် ၁၃ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းအထိကို အခွန်များဖယ်ရှားပေးထားပြီးဖြစ်ပါတယ်။ ကျန်အစိတ်အပိုင်းတွေကို ၂၀၁၈ ခုနှစ်မှာအပြီးသပ် ဖယ်ရှားသွားမှာဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းတွေမှာ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ပိုမိုတိုးတက်ကောင်းမွန်ဖို့အတွက် လေ့ကျင့်ရေးသင်တန်းများ၊ တိုးတက်တဲ့နည်းပညာများ အသုံးပြုခြင်း၊ ဦးစားပေးမူဝါဒများသတ်မှတ်ခြင်းဖြင့် စီးပွားရေးလုပ် ငန်းတွေကို အာဏာပိုင်တွေက အကူအညီပေးလျက်ရှိပါတယ်။

## တရုတ်ဖွံ့ဖြိုးတိုးတက်ရေး ဘဏ်များနဲ့ ပူးတွဲငွေထုတ်ချေးဖို့ အေဒီဘီဘဏ်က စီစဉ်




တရုတ်နိုင်ငံပြင်ပရှိ အာရှဒေသစီမံကိန်းတွေမှာ တရုတ်နိုင်ငံချေးငွေဘဏ်များနဲ့ ပူးပေါင်းပြီး ငွေကြေးထောက်ပံ့ဖို့ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB) က စီစဉ်ထားကြောင်း အေဒီဘီဒုတိယဥက္ကဋ္ဌ စတက်ဖင်ဂရော့က ဧပြီ ၃ ရက်ကပြောကြားခဲ့တာကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

တရုတ်နိုင်ငံပြင်ပရှိအခွင့်အလမ်းများကို ရှာဖွေရေးအတွက် အေဒီဘီက တရုတ်ဖွံ့ဖြိုးရေးဘဏ် (China Development Bank-CDB) နဲ့ ပို့ကုန်သွင်းကုန်ဘဏ် (Export Import Bank of China) တို့နဲ့ နားလည်မှုစာချွန်လွှာများ ရေးထိုးခဲ့ကြောင်း ဂရော့နဲ့ တွေ့ဆုံမေးမြန်းခန်းအပြီး China Daily သတင်းမှာ ဖော်ပြပါတယ်။

ပူးပေါင်းရင်းနှီးမြှုပ်နှံဖို့အတွက် သင့်တော်တဲ့စီမံကိန်းတွေကို အေဒီဘီက မသတ်မှတ်ရသေးကြောင်း ဂရော့ကပြောပါတယ်။

ကနဦးမတည်ငွေနဲ့ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ တရုတ်နိုင်ငံက ဦးဆောင်ဖွဲ့စည်းမယ့် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် ပေါ်ထွန်းလာဖို့ စီစဉ်ဆောင်ရွက်နေချိန်မှာ ယခုပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် ပေါ်ထွန်းလာခဲ့တာ ဖြစ်ပါတယ်။

အေဒီဘီရဲ့ မတည်ရင်းနှီးငွေက အမေရိကန်ဒေါ်လာ ၁၆၅ ဘီလီယံ ရှိပြီး တရုတ်ဖွံ့ဖြိုးရေးဘဏ်ရဲ့ စုစုပေါင်းရရန်ပိုင်ခွင့်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ထရီလီယံရှိပါတယ်။

“ယခုဆောင်ရွက်မယ့် အစီအစဉ်မှာ အေဒီဘီ၊ ကမ္ဘာ့ဘဏ်၊ AIIB နဲ့ တခြားငွေရနိုင်မယ့် ဇာစ်မြစ်တွေက ရမယ့်ငွေကြေးတွေ ပါဝင်ပါလိမ့်မယ်” လို့ ဂရော့က ပြောပါတယ်။

အေဒီဘီအနေနဲ့ အာရှပစိဖိတ်ဒေသမှာ ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ဖို့ ရည်မှန်းချက်ရှိကြောင်း၊ ဒီရည်မှန်းချက်ကိုရရှိဖို့အတွက်အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ကြောင်း သူက ပြောပါတယ်။

ချေးငွေနဲ့ပတ်သက်ပြီး အေဒီဘီကချမှတ်ထားတဲ့စံနှုန်းတွေနဲ့ညီညွတ်ရင် AIIB နဲ့ပူးတွဲပြီးငွေကြေးထောက်ပံ့မှုတွေပြုလုပ်သွားမှာဖြစ်ကြောင်း အေဒီဘီဥက္ကဋ္ဌ တာကဲဟိကိုနာကာအိုက ယခင်လကပြောပါတယ်။

## ထိုင်း-ဥရောပသမဂ္ဂလွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက် ပြန်လည်စတင်ရန်တိုက်တွန်း

ထိုင်းနိုင်ငံမှာ ဒီမိုကရေစီပြန်လည်ရရှိတဲ့အထိ စောင့်ဆိုင်းဖို့မလိုဘဲ ထိုင်း- ဥရောပသမဂ္ဂလွတ်လပ်စွာကုန်သွယ်မှု သဘောတူညီစာချုပ်ကို ပြန်လည်စတင်ပြီး စေ့စပ်ညှိနှိုင်းဖို့ ဥရောပစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးအသင်း (European Association for Business and Commerce-EABC) က ပြောကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

ဆွေးနွေးညှိနှိုင်းမှုတွေဆောင်ရွက်ရာမှာ အချိန်အကြာကြီးယူရမှာဖြစ်တဲ့အတွက် လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်က နှစ်ဖက်စလုံးမှာ ကုန်သွယ်မှုဖွံ့ဖြိုးမှုရရှိရေးကို ဦးတည်ဆောင်ရွက်ဖို့လိုကြောင်း အသင်းက ပြောပါတယ်။ ၂၀၁၄ ခုနှစ်က ရွေးကောက်ခံအစိုးရထံမှ အာဏာကိုစစ်တပ်က သိမ်းယူခဲ့တဲ့အတွက် ဥရောပသမဂ္ဂ (အီးယူ)က ကန့်ကွက်ပြီး ဆွေးနွေးပွဲတွေကို ရွှေ့ဆိုင်းခဲ့ပါတယ်။ ဒါပေမယ့် ဒီမိုကရေစီပြန်ရတာနဲ့တစ်ပြိုင်နက် စာချုပ်ကို လက်မှတ်ထိုးရင်ဖြစ်နိုင်ကြောင်း EABC ကပြောပါတယ်။

ထိုင်းနိုင်ငံမှာရှိတဲ့ EABC ကော်မတီမှာ အီးယူစီးပွားရေးလုပ်ငန်း ၂၀၀၀ ကျော်ပါဝင်ဖွဲ့စည်းထားပြီး ဒီကော်မတီက မကြာမီဘရပ်ဆဲလ်မြို့ကို သွား ရောက်ပြီး လွတ်လပ်စွာကုန်သွယ်မှုစေ့စပ်ညှိနှိုင်းမှုတွေဆောင်ရွက်ဖို့ ဥရောပ ကော်မရှင်နဲ့ ဆွေးနွေးမှာဖြစ်ပါတယ်။

ဥရောပစီးပွားရေးလုပ်ငန်းတွေက ဆွေးနွေးပွဲတွေကို အတတ်နိုင်ဆုံးဆောလျင်စွာကျင်းပဖို့ဆန္ဒရှိနေကြောင်း အဆိုပြုထားတဲ့ FTA နဲ့ပတ်သက်ပြီး ထိုင်းနိုင်ငံရဲ့ ရပ်တည်ချက်ကို မတ် ၃၀ ရက်က ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဒုတိယဝန်ကြီး အပီရာဒီတန်ထရာပွန်နဲ့ တွေ့ဆုံဆွေးနွေးပြီးနောက် EABC ဥက္ကဋ္ဌ ရော့ဒိုင်ယက်တာဒင်နီယယ်က ပြောပါတယ်။

ဆွေးနွေးပွဲတွေပြန်စဖို့အတွက် ထိုင်းအစိုးရနဲ့ ဥရောပကော်မရှင်အကြား ကြားလူအဖြစ် EABC က ဆောင်ရွက်ပေးဖို့ အသင့်ရှိကြောင်း သူက ပြောပါတယ်။ ဆွေးနွေးပွဲ စတင်ရေးကိစ္စကို ထိုင်းနိုင်ငံက လိုလိုလားလားရှိကြောင်း စစ်အစိုးရနဲ့ တွေ့ဆုံဆွေးနွေးပြီးနောက်သူကပြောပါတယ်။ FTA ဆွေးနွေးပွဲတွေပြန်စဖို့ ဥရောပပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေရဲ့ ဆန္ဒသဘောထားကို သိရှိနိုင်ဖို့ ဒင်နီယက်က ထိုင်းနိုင်ငံဆိုင်ရာ အီးယူ သံအမတ်နဲ့တွေ့ဆုံဆွေးနွေးထားပြီဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# GST မစမီ ပစ္စည်းများကို အင်တိုက်အားတိုက် မလေးရှားတို့ ဝယ်ယူစုဆောင်း

မလေးရှားနိုင်ငံမှာ ကုန်စည်နဲ့ ဝန်ဆောင်မှုခွန် (Goods and Services Tax-GST) ကိုဧပြီ ၁ ရက်က စတင်ကောက်ခံခဲ့ပါတယ်။ GST ကို စတင်အကောင်အထည်မဖော်မီ ဧပြီ ၁ ရက်အထိ ပစ္စည်းတွေက အရောင်းဆိုင်တွေကနေ ပလူပျံအောင် ရောင်းထွက်နေတာကိုတွေ့မြင်နေရကြောင်း စီအင်အေသတင်းမှာ ဖော်ပြပါတယ်။

စားသုံးမှုအခွန်ကို လက်တွေ့အ ကောင်အထည်မဖော်မီ အချိန်အထိ မလေးရှားနိုင်ငံသားတို့က အခြေခံစားသောက်ကုန်မှအစပြုပြီး ရှူးဖိနပ်နဲ့ လက်ကိုင်အိတ်တွေအဆုံးတွေ့သမျှကို သိမ်း ကျုံးဝယ်ယူစုဆောင်းလျက်ရှိနေပါတယ်။ ဒါပေမယ့် GST အကြိုရောင်းချမှုတွေကို အစိုးရက အရေးယူဆောင်ရွက်လျက်ရှိပြီး "အထိတ်တလန့်ဝယ်ယူမှု" တွေကို အဆုံးသတ်ပေးဖို့ ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပါတယ်။

တချို့လက်လီဆိုင်ရှင်တွေက ဧပြီ မတိုင်မီ နောက်ဆုံးအခွင့်အရေးဆိုတဲ့ သဘောမျိုးပါဝင်တဲ့ "Last Call before April" ဆိုတဲ့ စာတန်းကလေးတွေထိုးပြီး ပါးပါးနပ်နပ်နဲ့ ရောင်းချလျက်ရှိ ပါတယ်။

"ဒီလိုရောင်းဝယ်မှုတွေက ထင်ယောင်ထင်မှားနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ တချို့ပစ္စည်းအမယ်တွေဆိုရင် ဈေးလျှော့ထားတာတွေပါ။ GST ၆ ရာခိုင်နှုန်းဆိုတာက လက်ရှိရောင်းခွန် ၁၀ ရာခိုင်နှုန်းနဲ့ ဝန်ဆောင်ခ (Service Levy)၆ ရာခိုင်နှုန်းကိုအစားထိုးထားတာဖြစ်ပါတယ်။ပြီးတော့ ကင်းလွတ်ခွင့်ပေးထားတွေကလည်း အများကြီးပါ။ GST က ထိရောက်မှုမရှိတော့ဘဲ ချွတ်ယွင်းချက်တွေများနေတဲ့ အရောင်းနဲ့ ဝန်ဆောင်မှုခွန်နေရာမှာ အစားထိုးကောက်ခံတာဖြစ်ပါတယ်" လို့ ဘဏ္ဍာရေးဒုတိယဝန်ကြီး အာမက် မာစလန်ကပြောပါတယ်။

GST ကြောင့်ဖြစ်ရတဲ့ ဆိုးရွားတဲ့ အကျိုးဆက်တွေက ယာယီမျှသာဖြစ်ကြောင်း စီးပွားရေးပညာရှင် ချန်ကွမ်မင်းကပြောပါတယ်။ ဒါပေမယ့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုနဲ့ ပတ်သက်တဲ့အစိုးရရဲ့ ကျွမ်းကျင်မှုနဲ့ပတ်သက်ပြီး ပြည်သူလူထုရဲ့ ယုံကြည်မှုက ကျဆင်းနေတဲ့အတွက် အများစုက ယခု ပြောဆိုချက်ကို သဘောတူ လက်ခံခြင်းမရှိကြောင်း သိရသည်။

# ယခုနှစ်ပထမသုံးလပတ်မှာ ဗီယက်နမ်လက်လီလုပ်ငန်းနဲ့ ဝန်ဆောင်မှုကဏ္ဍများ အားရစရာကောင်း အောင်တိုးတက်

ယခုနှစ်ပထမသုံးလပတ်မှာ ဗီယက်နမ်နိုင်ငံရဲ့ လက်လီရောင်းချမှု လုပ်ငန်းများနဲ့ ဝန်ဆောင်မှုကဏ္ဍများမှ ရရှိတဲ့ဝင်ငွေက ဗီယက်နမ်ဒေါင် ၇၉၀ ဒသမ ၈ ထရီလီယံ (ဒေါ်လာ ၃၇ ဒသမ ၁၃ ဘီလီယံ) ရှိခဲ့ကြောင်း အထွေထွေစာရင်းရုံး (GSO) မှထုတ်ပြန်တဲ့စာရင်းဇယားများကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

ယခုထုတ်ပြန်တဲ့ ကိန်းဂဏန်းများအရ နှစ်အလိုက်အခြေခံနဲ့တွက်ချက်ရင် တိုးတက်မှု ၁၀ ရာခိုင်နှုန်းရှိကြောင်း GSO က ထုတ်ပြန်ထားပြီး ငွေကြေးဖောင်းပွနှုန်းကိုဖယ်ပြီးတွက်မယ်ဆိုရင် ၉ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်မယ်လို့လည်း ဖော်ပြထားပါတယ်။

ဒါပေမယ့် ဒီတိုးတက်မှုနှုန်းက ပထမနှစ်လမှာရရှိခဲ့တဲ့ ၁၀ ဒသမ ၇ ရာခိုင်နှုန်း နှိုင်းယှဉ်ရင်နိမ့်ကျနေပါသေးတယ်။ ၂၀၁၄ ခုနှစ်အကုန်က ရရှိခဲ့တဲ့ ၅ ရာခိုင်နှုန်းနဲ့ ၆ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ရင် အတော်မြင့်မားနေသေးတယ်လို့ ပြောပါတယ်။ ယခုနှစ်မှာ ယခုလိုတိုးတက်မှုရှိခဲ့တာက စားသုံးသူ အညွှန်းကိန်း (Consumer Price Index-CPI) တွေကျဆင်းခဲ့လို့ဖြစ်ကြောင်း GSO မှ စာရင်းအင်းပညာရှင် ဗူမန်းဟာက ပြောပါတယ်။ ယခုနှစ် ပထမ သုံးလပတ်မှာပျမ်းမျှ CPI ဖွံ့ဖြိုးမှုနှုန်းက အနုတ် သုည ဒသမ ၀၃ ရာခိုင်နှုန်း ရှိပါတယ်။

ယခင်နှစ်ဒီဇင်ဘာလမှ ယခုနှစ် ဖေဖော်ဝါရီလအထိ CPI အညွှန်းကိန်းတွေက လေးလဆက်တိုက်ကျဆင်းခဲ့ပါတယ်။ CPI အညွှန်းကိန်းက မတ်လ မှာ သုည ဒသမ ၁၅ ရာခိုင်နှုန်းပြန်လည်မြင့်တက်ခဲ့ပါတယ်။

လက်လီရောင်းချမှုက ဗီယက်နမ် စုစုပေါင်းဝင်ငွေရဲ့ လေးပုံသုံးပုံထိပါဝင်နေပြီး ယခုနှစ်ပထမသုံးလပတ်မှာ ဗီယက်နမ်ဒေါင် ၆၀၄ ဒသမ ၅ ထရီ လီယံ (ဒေါ်လာ ၂၈ ဒသမ ၃၈ ဘီလီ ယံ) ရှိပါတယ်။ ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် ၁၀ ရာခိုင်နှုန်းတိုးတက်မှုရှိကြောင်း ဟာက ပြောပါတယ်။

ဒါပေမယ့် ဟိုတယ်နဲ့စားသောက်ဆိုင်တွေဖြစ်တဲ့ ဝန်ဆောင်မှုကဏ္ဍရဲ့ စုစုပေါင်းဝင်ငွေက ၈ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ပြီး ပျမ်းမျှတိုးတက်မှုအောက်ကို ကျဆင်းနေပါတယ်။ ခရီးသွားလုပ်ငန်းတစ်ခုလုံးရဲ့ ဝင်ငွေက ၂၂ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းပါတယ်။

# ဖေဖော်ဝါရီမှာ စင်ကာပူ ဘဏ်ထုတ်ချေးငွေများ ဆက်လက်ကျဆင်း

စီးပွားရေးလုပ်ငန်းများ နွေးကွေးကျဆင်းတဲ့ လက္ခဏာတစ်ရပ်အဖြစ် စင်ကာပူရှိဘဏ်လုပ်ငန်းများရဲ့ငွေထုတ်ချေးတဲ့လုပ်ငန်းတွေကဇန်နဝါရီနဲ့ နှိုင်းယှဉ်ရင် ဖေဖော်ဝါရီမှာ ဆက်လက်ကျဆင်းခဲ့ကြောင်း စထရိတ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

ပြည်တွင်းဘဏ်တွေရဲ့ စုစုပေါင်းထုတ်ချေးငွေနဲ့ကြိုတင်ထုတ်ပေးငွေက ဇန်နဝါရီအတွင်းမှာ စင်ကာပူဒေါ်လာ ၆၀၇ ဒသမ ၄၇ ဘီလီယံရှိခဲ့ရာမှ ဖေဖော်ဝါရီလအတွင်းမှာစင်ကာပူဒေါ်လာ ၆၀၃ ဒသမ ၅၂ ဘီလီယံထိ ကျဆင်းခဲ့ကြောင်း စင်ကာပူငွေကြေးအာဏာပိုင် အဖွဲ့ရဲ့ နောက်ဆုံးထုတ်ပြန်တဲ့စာရင်းများအရ သိရပါတယ်။

စီးပွားရေးလုပ်ငန်းတွေကို ထုတ်ပေးတဲ့ ချေးငွေတွေကို လအလိုက်နှိုင်းယှဉ်ရင် ၁ ရာခိုင်နှုန်းကျဆင်းပြီး စင်ကာပူ ဒေါ်လာ ၃၆၆ ဒသမ ၄၂ ဘီလီယံ ထိ ရောက်ရှိခဲ့ပါတယ်။ ဒီလိုကျဆင်းမှုကလည်း ဘဏ်ချေးငွေတွေကျဆင်းရတဲ့ အကြောင်းအရင်းတစ်ခုဖြစ်ပါတယ်။ ဘဏ်ချေးငွေတွေ ကျဆင်းစေတဲ့အကြောင်းရင်းတွေအနက် အဆောက်အအုံတည်ဆောက်ရေးနဲ့ ဆောက်လုပ်ရေးကဏ္ဍတွေမှာရှိတဲ့ လုပ်ငန်းတွေကို ဘဏ်တွေရဲ့ ထုတ်ချေးငွေတွေ ကျဆင်းလာတာကြောင့် ဖြစ်ပါတယ်။ ဒီကဏ္ဍအတွက် ထုတ်ချေးငွေက သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး စင်ကာပူဒေါ်လာ ၁၀၂ ဒသမ ၉၈ ဘီလီယံကို ရောက်ရှိခဲ့ပါတယ်။



စားသုံးသူချေးငွေကဏ္ဍမှာ အကြွေးကတ်ချေးငွေက ဇန်နဝါရီလနဲ့ နှိုင်းယှဉ်ရင်ဖေဖော်ဝါရီလကုန်မှာ စင်ကာပူဒေါ်လာ ၁၀ ဒသမ ၁၇ ဘီလီယံထိ ကျဆင်းခဲ့ပါတယ်။ စုစုပေါင်း စားသုံးသူချေးငွေတစ်ရပ်လုံးကို ခြုံကြည့်မယ်ဆိုရင် ဇန်နဝါရီနဲ့နှိုင်းယှဉ်ရင် ဖေဖော်ဝါရီမှာ သုည ဒသမ ၀၃ ရာခိုင်နှုန်း ကျဆင်းပြီး စင်ကာပူဒေါ်လာ ၂၃၇ ဒသမ ၁၀ ဘီလီယံထိရောက်ရှိခဲ့ပါ တယ်။

အိုးအိမ်နဲ့ တံတားတည်ဆောက်ရေးအတွက် ချေးငွေက ယခင်တစ်နှစ်က စင်ကာပူဒေါ်လာ ၁၆၈ ဒသမ ၁၇ ဘီလီယံရှိခဲ့ရာမှ ယခုနှစ် ဖေဖော်ဝါရီမှာ စင်ကာပူဒေါ်လာ ၁၇၈ ဒသမ ၃၈ ဘီလီယံ တိုးတက်ခဲ့ပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# အင်ဒိုနီးရှားနိုင်ငံက မြစိမ်းရောင် ကွန်ဖရင့်ကို အိမ်ရှင်အဖြစ်ကျင်းပ မည်

အင်ဒိုနီးရှားနိုင်ငံကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတဲ့စီးပွားရေး (မြစိမ်းရောင်စီးပွားရေး)အဖြစ်အသွင်ကူးပြောင်းပေးရာမှာ လွယ်ကူချောမွေ့စေဖို့အတွက် ရေရှည်ကြံ့ခိုင်မှုရှိတဲ့ အနာဂတ်ကိုတည်ဆောက်ရာမှာ အထောက် အကူဖြစ်စေမယ့် ရင်းနှီးမြှုပ်နှံမှုများရရှိအောင်ဆောင်ရွက်ဖို့ အင်ဒိုနီးရှားက ကြိုးပမ်းလျက်ရှိပါတယ်။ ဒီကြိုးပမ်း မှုရဲ့တစ်စိတ်တစ်ဒေသအဖြစ် ရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်မှုပေးနိုင်မယ့် အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်တစ်ခုကို ဧပြီလအကုန်မှာ အိမ်ရှင်အဖြစ် ကျင်းပပေးမှာဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

ကွန်ဖရင့်ရဲ့အမည်ကို "Tropical Landscape Summit:A Global Investment Opportunity" လို့ အမည်ပေးထားပြီး ဂျကာတာမြို့မှာ ဧပြီ ၂၇ ရက်မှ ၂၈ ရက်ထိကျင်းပမှာ ဖြစ်ပါတယ်။ ကွန်ဖရင့်သို့ အမျိုးသား အဆင့်နဲ့ အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီ များမှ ထိပ်တန်းအမှုဆောင် ၅၀ နီးပါး တက်ရောက်မှာဖြစ်ပါတယ်။

အဲဒီကွန်ဖရင့်ကို အင်ဒိုနီးရှားအစိုးရက ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အင်ဒိုနီးရှားဆိုင်ရာ REDD+Coordination နဲ့ပူးတွဲကျင်းပမှာဖြစ်ပြီး အင်ဒိုနီးရှား သမ္မတဂျိုကိုဝီဒိုဒိုက ကွန်ဖရင့်ကို ဖွင့်လှစ်ပေးမှာဖြစ်ပါတယ်။ အဲဒီကွန်ဖရင့်က အင်ဒိုနီးရှားနိုင်ငံရဲ့ မြစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုရည်မှန်းချက်ကို မြှင့်တင်ပေးပြီး အနာဂတ်ကာလမှာ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တွေ ပိုမိုထက်မြက်သွက်လက်လာဖို့အတွက် စင်မြင့်တစ်ခုကို ဖန်တီးပေးမှာဖြစ်ပါတယ်။ ဒီကွန်ဖရင့်က အင်ဒိုနီးရှားရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအတွက် "မြစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု" တွေရရှိလာအောင် ဆွဲဆောင်မှုပေးသွားမှာဖြစ်ပါတယ်။

၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့က မြစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုအတွက် ကဏ္ဍရှစ်ခုကိုသတ်မှတ်ပေးခဲ့ရာ လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ ငါးလုပ်ငန်းနဲ့ စွန့်ပစ် ရေဆိုးစီမံခန့်ခွဲမှုစတဲ့ ကဏ္ဍတွေပါဝင်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုက ပြည်တွင်းမှ ရူပြား ၁၃၉ ဒသမ ၁၇ ဘီလီယံနဲ့ ပြည်ပမှ ဒေါ်လာ ၂၆ ဒသမ ၈ ဘီလီယံရှိခဲ့ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### နယူးယောက်

အီရန်နိုင်ငံရဲ့ နျူကလီးယား ထိန်းချုပ်ရေးမူဘောင်ကို ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံနဲ့ အီရန်နိုင်ငံတို့ သဘောတူညီမှုရရှိပြီးနောက် ဧပြီ ၂ ရက်မှာ ကမ္ဘာ့ရေနံစံထားဈေးနှုန်းဖြစ်တဲ့ မြောက်ပင်လယ်ရေနံစိမ်းရဲ့ မေလအတွက် စာချုပ်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅ ဒေါ်လာကျဆင်းပြီး တစ်စည်ကို ၅၄ ဒသမ ၉၅ ဒေါ်လာနှုန်းအထိ ကျဆင်းခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြခဲ့ပါတယ်။

### ဆိုးလ်

ယူရိုအပါအဝင် ဒေါ်လာမဟုတ်တဲ့ငွေကြေးများနဲ့ရှိနေတဲ့ အက်ဆက်များကို တန်ဖိုးပြောင်းလဲတွက်ချက်တဲ့အခါ တန်ဖိုးကျဆင်းမှုရှိခဲ့ပေမယ့် ရင်းနှီးမြှုပ်နှံမှုမှရရှိတဲ့ အကျိုးအမြတ်တွေ မြင့်တက်လာခဲ့ပါတယ်။ ဒါကြောင့် တောင်ကိုရီးယားနိုင်ငံရဲ့ အရန်ငွေကြေးက ဖေဖော်ဝါရီနဲ့ နှိုင်းယှဉ်ပါက ဒေါ်လာ သုညဒသမ ၃၈ ဘီလီယံ မြင့်တက်ပြီး မတ်လအကုန်မှာ အမေရိကန်ဒေါ်လာ ၃၆၂ ဒသမ ၇၅ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

### ဝါရှင်တန်

လေယာဉ်များမှာအသုံးပြုတဲ့ အီလက်ထရိုမဂ္ဂနက်တစ် လွှတ်တင်ရေးစနစ် (Electromagnetic Launching System) နဲ့ တခြားအဓိကကျတဲ့ နည်းပညာတွေကို General Atomics ကုမ္ပဏီအနေနဲ့ အိန္ဒိယနိုင်ငံသို့ ရောင်းချခဲ့ပါတယ်။ အဲ့ဒီအချက်ကို အမေရိကန် အစိုးရက ထောက်ခံကြောင်းပင် တဂွန်မှ ဒုတိယကာကွယ်ရေး ဝန်ကြီး ဖရန့်ကင်ဒါးက ရိုက်တာသတင်းဌာနကို ဧပြီ ၃ ရက်နေ့က ပြောပါတယ်။

### အေသင်(ဂရိ)

ဂရိနိုင်ငံက အိုင်အမ်အက်ဖ်ရဲ့ ကြွေးမြီတွေကို ဧပြီလ ၉ ရက်မှာ အချိန်မီ ပေးဆပ်မှာဖြစ်ကြောင်း ဂရိနိုင်ငံ ဒုတိယဘဏ္ဍာရေးဝန်ကြီးက ဧပြီ ၃ ရက်မှာ ပြောကြားခဲ့ပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)ရဲ့ ကြွေးမြီတွေကို ပြန်ဆပ်နိုင်မှာမဟုတ်ဘူးလို့ မကြာသေးမီက ပေါ်ထွက်ခဲ့တဲ့ သတင်းတွေကြောင့်ဖြစ်ရတဲ့ စိုးရိမ်မှုတွေကို ပြေပျောက်စေကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

**USA**

# တရုတ်နိုင်ငံဦးဆောင်တဲ့ အခြေခံအဆောက်အအုံ တည်ဆောက်ရေးဘဏ်ကိုလက်ခံဖို့ အမေရိကန်ပြည်ထောင်စုက အသင့်ရှိ

တရုတ်နိုင်ငံကဦးဆောင်ဖွဲ့စည်းမယ့် အာရှအခြေခံအဆောက်အအုံ တည်ဆောက်ရေး ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank-AIIB) ကိုကြိုဆိုဖို့အသင့် ရှိတယ်လို့ အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီး ဂျက်ကော့လူးက မတ်လ ၃၁ ရက်နေ့ကပြောကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့လို လက်ရှိငွေကြေးအဖွဲ့အစည်းတွေကို အထောက်အကူဖြစ်စေမယ့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဘဏ်မှန်သမျှကို အမေရိကန်ပြည်ထောင်စုက ကြိုဆိုမှာဖြစ်ကြောင်း ပေကျင်းကပြန်လာပြီးနောက် ဆန်ဖရန်စစ္စကိုမြို့မှာ ပြောကြားတဲ့မိန့်ခွန်းမှာ လူးကပြောပါတယ်။

အသစ်ဖွဲ့တဲ့အဖွဲ့အစည်းတွေက စစ်မှန်တဲ့နိုင်ငံစုံ စီမံခန့်ခွဲမှုနဲ့ ဆုံးဖြတ်ချက်ချမှတ်မှုကို ကျင့်သုံးဖို့လိုကြောင်းနဲ့ ချေးငွေထုတ်ချေးတဲ့စံနှုန်းတွေနဲ့ အကာအကွယ်ပေးမှုတွေကို လည်း စဉ်ဆက်မပြတ်ပြင်ဆင်သွားဖို့လိုကြောင်း သူ့ရဲ့အမှာစကားမှာထည့်သွင်းပြောကြားခဲ့ပါတယ်။

ပေကျင်းမြို့မှာ ဌာနချုပ်ရုံးဖွင့်လှစ်ပြီး အောက်တိုဘာမှာ စတင်တည်ထောင်ဖို့အတွက် လိုအပ်တဲ့ နားလည်မှုစာချွန်လွှာကို တရုတ်နိုင်ငံနဲ့နိုင်ငံပေါင်း ၂၀ တို့က လက်မှတ်ရေးထိုးခဲ့ပါတယ်။ အမေရိကန်အစိုးရက သူပြောရေးဆိုခွင့်ရှိနေတဲ့ ကမ္ဘာ့ဘဏ်နဲ့ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့လုပ်ငန်းတွေကို ထိခိုက်မှာ စိုးရိမ်တဲ့အတွက် ပထမပိုင်းမှာ AIIB တည်ထောင်ရေးမှာ မပါဝင်ဖို့ သူ့ရဲ့မဟာမိတ်တွေကို စည်းရုံးခဲ့ပါတယ်။

ဒါပေမဲ့ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းမှာ ဥရောပနိုင်ငံတွေနဲ့ တချို့နိုင်ငံတွေက ဘဏ်သစ်ဖွင့်လှစ်ရေးအတွက် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး မတည်ရင်းနှီးငွေထည့်ဝင်ဖို့ ကတိပြုခဲ့ကြတဲ့အတွက် အမေရိကန်ပြည်ထောင်စုရဲ့ ရပ်တည်မှုကို အထီးကျန်ဖြစ်စေခဲ့ပါ တယ်။

AIIB က အာရှဒေသအခြေခံ အဆောက်အအုံစီမံကိန်းတွေကိုငွေ ကြေးထောက်ပံ့ရေးအတွက် လက်ရှိ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်အုပ်ချုပ်မှု အဆင့်မြင့်မားရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေးအကာအကွယ်ပေးမှုနဲ့ ကြွေးမြီတည်တံ့ခိုင်မြဲမှုတို့အတွက် ကတိကဝတ်ကို ထိန်းသိမ်းရာရောက်ကြောင်း လူးကပြောပါ တယ်။

**EAST ASIA**

# နှစ်-၂၀ စီမံကိန်းအတွက် ပြင်ဆင်ဖို့ ဘဏ်လုပ်ငန်းကဏ္ဍကို အိန္ဒိယဝန်ကြီးချုပ်တိုက်တွန်း

ဆင်းရဲတဲ့လယ်သမားတွေ၊ ဆင်းရဲတဲ့ကျောင်းသားတွေနဲ့ အသေးစားလုပ်ငန်း ဆောင်ရွက်နေသူတွေ အပါအဝင် အခွင့်ထူးခံမဟုတ်ဘဲ နွမ်းပါးတဲ့သူတွေအတွက် ချေးငွေများ ထုတ်ချေးနိုင်အောင် ပြင်ဆင်ထားကြဖို့ ဘဏ်လုပ်ငန်းကဏ္ဍကို အိန္ဒိယဝန်ကြီးချုပ် နရိန္ဒရာမိုဒီက တိုက်တွန်းကြောင်းသည် ဟိန္ဒူသတင်းမှာ ဖော်ပြပါတယ်။




ဝန်ကြီးချုပ်ရဲ့ ရည်ရွယ်ချက်က အဆိုပါပုဂ္ဂိုလ်များရဲ့ ငွေရေးကြေးရေး အခြေအနေတွေ တိုးတက်ကောင်းမွန်လာရာမှတစ်ဆင့် နောက်ဆုံးမှာ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကိုအထောက်အကူဖြစ်ဖို့ ဖြစ်ပါတယ်။

“ဘဏ်တွေက ငွေကြေးထောက်ပံ့မှုမရှိတဲ့အတွက် လယ်သမားတွေ ကိုယ့်ကိုယ်ကိုသေကြောင်းကြံစည်တာမျိုးမဖြစ်အောင် တီထွင်ဆန်းသစ်မှုရှိတဲ့ ငွေကြေးအစီအမံတွေကို ကျွန်တော်တို့ ဆောင်ရွက်ရပါမယ်။ အဆင့်မြင့်နဲ့ နည်းပညာဆိုင်ရာ ပညာရေးနဲ့ ကျွမ်းကျင်မှုရစေမယ့် လေ့ကျင့်မှုတွေ ရနိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ ဆင်းရဲတဲ့ ကျောင်းသားတွေအတွက် ချေးငွေတွေ လိုအပ်ပါတယ်။ ဒီလိုကြိုးစားမှုရှိတဲ့ လူတွေက ကျွန်တော်တို့ငွေတွေကို ပြန်ဆပ်ကြမှာဖြစ်တဲ့အတွက် လက်ရှိဖြစ်နေတဲ့ ကြွေးဆုံးအဆင့်မျိုးကိုပြန်ရောက်မှာမဟုတ်ဘူးဆိုတာ ကျွန်တော်အာမခံပါတယ်”လို့ ဝန်ကြီးချုပ်က ပြောပါတယ်။

အိန္ဒိယဗဟိုဘဏ် (Reserve Bank of India-RBI) ရဲ့အကြိမ် (၈၀) မြောက်နှစ်ပတ်လည် ငွေကြေးအစီအစဉ်ကွန်ဖရင့်မှာ ဝန်ကြီးချုပ်က ယခုလိုပြောကြားခဲ့တာ ဖြစ်ပါတယ်။

အသေးစားစီးပွားရေးလုပ်ငန်း (Small Time Business) ကိုလုပ်ကိုင်နေသူ သန်း ၅၀ ရှိပြီးသူတိုရဲ့လူနေမှု ဘဝ မြင့်တက်ဖို့အတွက် ပျမ်းမျှအားဖြင့် ချေးငွေ ရူပီး ၁၇၀၀၀ လိုအပ်မယ်လို့ ဝန်ကြီးချုပ်က ပြောပါတယ်။ သူတို့တွေကိုချေးငွေထုတ်ပေးဖို့ ဘဏ်လုပ်ငန်းကဏ္ဍအနေနဲ့စဉ်းစားထားဖို့ လိုမှာဖြစ်ပြီး မကြာမီအချိန်မှာအစိုးရက လည်း သူတို့အတွက် MUDRA Bank ကို စတင်ဖွင့်လှစ်တော့မှာဖြစ်ကြောင်း သူကပြောပါတယ်။

**EAST ASIA**

## ထွန်းသစ်စနိုင်ငံများကို တောင်ကိုရီးယားပို့ကုန်တင်ပို့မှု ဇန်နဝါရီနဲ့ ဖေဖော်ဝါရီမှာကျဆင်း

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းတိုးမြှင့်ပေးမှာကို သတိကြီးစွာထားပြီးစောင့်ကြည့်နေကြတဲ့အတွက် တောင်ကိုရီးယားနဲ့ ကုန်သွယ်မှုရှိနေတဲ့ ထွန်းသစ်စနိုင်ငံများကို တောင်ကိုရီးယားရဲ့ ပို့ကုန်တင်ပို့မှုက ယခုနှစ် ပထမနှစ်လအတွင်းမှာ ကျဆင်းခဲ့ကြောင်း မတ် ၃၀ ရက်က တရားဝင်ထုတ်ပြန်တဲ့ကိန်းဂဏန်းတွေကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာဖော်ပြပါတယ်။

ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလအတွင်း ထွန်းသစ်စနိုင်ငံ ၁၉ နိုင်ငံသို့တင်ပို့တဲ့ ပို့ကုန်တန်ဖိုးစုစုပေါင်းက အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၆၉ ဘီလီယံရှိတဲ့အတွက် ၂၀၁၄ ခုနှစ်ကာလတူကရှိခဲ့တဲ့ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၀၉ ဘီလီယံနဲ့ နှိုင်းယှဉ်ရင် ၆ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့တာကိုတွေ့ရပါတယ်။ ထွန်းသစ်စနိုင်ငံတွေထဲမှာ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဘရာဇီး၊ အင်ဒိုနီးရှား၊ မက္ကဆီကို၊ ချီလီနဲ့ ဗင်နီဇွဲလားနိုင်ငံတွေ အပါအဝင် အင်အားကြီးနိုင်ငံတွေပါဝင်ပါတယ်။

တောင်ကိုရီးယားနိုင်ငံမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလကုန်မှာ ပြည်ပသို့ တင်ပို့မှု စုစုပေါင်းမှာ ဒေါ်လာ ၅၅၅ ဒသမ ၉၆ ဘီလီယံထိရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီမှာ ဒေါ်လာ ၅၇၂ ဒသမ ၆၆ ဘီလီယံတင်ပို့နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဗင်နီဇွဲလားနဲ့ ချီလီကို တင်ပို့မှုက ယခုနှစ်မှာ ၄၆ ဒသမ ၇ ရာခိုင်နှုန်းနဲ့ ၁၅ ဒသမ ၃ ရာခိုင်နှုန်းအသီးသီး ကျဆင်းခဲ့ပြီး အာဂျင်တီးနားနဲ့လိုင်ဘီးယားကိုတင်ပို့မှုကလည်း ဆယ်ဂဏန်း နဲ့ ကျဆင်းခဲ့တာတွေ့ရပါတယ်။ ထွန်းသစ်စဈေးကွက်တွေကိုတင်ပို့မှုက ပင်လယ်ရပ်ခြားကို စုစုပေါင်းတင်ပို့မှုရဲ့ ထက်ဝက်နီးပါးရှိတဲ့အတွက် ထွန်းသစ်စနိုင်ငံများကိုတင်ပို့မှု ကျဆင်းရတာက တောင်ကိုရီးယား ပို့ကုန်လုပ်ငန်းအတွက် များပြားတဲ့ကျဆင်းမှုဖြစ်ပါတယ်။

လာမယ့်လတွေမှာ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းတွေတိုးမြှင့်ပေးမယ့်အရိပ်အယောင်တွေ ပြသနေပါတယ်။ ဒါကြောင့် အမေရိကန်ပြည်ထောင်စု ငွေတိုက်အပ်ငွေတွေနဲ့ ဘဏ်အပ်ငွေတွေက အတိုးတွေပိုရမယ့် အခြေအနေရှိနေတဲ့အတွက် ပို့ကုန်တွေ ယခုလို ကျဆင်းရတာဖြစ်ကြောင်း အစိုးရအရာရှိတွေနဲ့ စီးပွားရေးလေ့လာသူတွေကပြောပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ဆောင်ရွက်မှုတွေက စွန့်စားမှုများတဲ့ ထွန်းသစ်စဈေးကွက်တွေက ငွေကြေးတွေကို ဆွဲငင်ယူသွားလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ပြည်ထောင်စုက အလုပ်အကိုင်နဲ့ ပတ်သက်တဲ့အစီရင်ခံစာကို ထုတ်ပြန်ဖို့ ရှိနေပါတယ်။ ဒီအလုပ်အကိုင်အစီရင်ခံစာ ထွက်လာလို့ရှိရင် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြင့်တက်ရေးနဲ့ပတ်သက်ပြီး လမ်းစကို တွေ့မြင်နိုင်မှာဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေက ဒီအစီရင်ခံစာထုတ်ပြန်မှာကို စောင့်စားနေကြပါတယ်။ ဒါကြောင့် ဧပြီ ၃ ရက် အာရှဈေးကွက်ထဲမှာ ယန်းငွေနဲ့ဖလှယ်ရာမှ ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ပါတယ်။ အီစတာပွဲတော်နီးကပ်လာတာကလည်းဒေါ်လာငွေကြေးအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ပါတယ်။

အမေရိကန် ပြည်ထောင်စုရဲ့ အလုပ်အကိုင်ဖန်တီးမှုက ဖေဖော်ဝါရီမှာ ၂၈၈၀၀၀ ရှိခဲ့ရာမှ မတ်လမှာ ၂၅၀၀၀၀ အထိကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။ အလုပ်လက်မဲ့နှုန်းကတော့ ၅ ဒသမ ၅ ရာခိုင်နှုန်းအတိုင်း မပြောင်းလဲဘဲ ဆက်လက်တည်ရှိနေမယ်လို့ ခန့်မှန်းထားပါတယ်။

**တရုတ်ယွမ်**

တရုတ် နိုင်ငံမှာ စီးပွားရေးတိုးတက်မယ့် အလားအလာတွေကို တွေ့မြင်နေရပြီးနောက် ယွမ်ငွေကြေးရဲ့ ရက်သတ္တပတ် အလိုက် တိုးတက်မှုနှုန်းက သုံးနှစ်ကျော်ကာလအတွင်း အမြင့်ဆုံးကို ရောက်ရှိခဲ့ပါတယ်။

ဘလွမ်းဘတ်သတင်းဌာနက ပြုစုထားတဲ့စာရင်းများအရ ဧပြီ ၂ ရက်ညနေ ၅ နာရီ ၁၀ မိနစ်မှာ ယွမ်ငွေကြေးရဲ့ ယခုရက်သတ္တပတ်အတွင်း တိုးတက်မှုနှုန်းက သုည ဒသမ ၉၆ ရာခိုင်နှုန်းရှိပြီး တစ်ဒေါ်လာကို ၆ ဒသမ ၃၁၇၀ ယွမ်နှုန်း ရှိခဲ့ပါတယ်။ ဧပြီ ၁ ရက်မှာ ယွမ်ငွေကြေးရဲ့ ဖလှယ်နှုန်းက သုည ဒသမ ဝ၆ ရာခိုင်နှုန်းမြင့် တက်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၃၁၄၅ ယွမ်အထိရောက်ရှိကာ ဇန်နဝါရီ ၂၃ ရက်နောက်ပိုင်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။

**အိန္ဒိယရူပီး**

အိန္ဒိယနိုင်ငံရဲ့ နိုင်ငံခြားအရန်ငွေက မတ်လ ၂၇ ရက်မှာကုန်ဆုံးတဲ့ ရက်သတ္တပတ်အတွင်း ဒေါ်လာ ၁ ဒသမ ၃၉ ဘီလီယံ မြင့်တက်ခဲ့ပြီး ဒေါ်လာ ၃၄၁ ဒသမ ၃၇၈ ဘီလီယံထိ ရောက်ရှိခဲ့ကြောင်း ဧပြီ ၃ ရက်က အိန္ဒိယဗဟိုဘဏ်ရဲ့ထုတ်ပြန်ချက်အရ သိရပါတယ်။ ရူပီးတန်ဖိုး ကျဆင်းနေတာကို အကာအကွယ်ပေးဖို့အတွက် ဈေးကွက်အတွင်းရှိ ဒေါ်လာများကို အိန္ဒိယဗဟိုဘဏ်က ဝယ်ယူခဲ့တဲ့အတွက် နိုင်ငံခြားအရန်ငွေကြေးတန်ဖိုးက ဒုတိယသီတင်းပတ်အဖြစ် မြင့်တက်ခဲ့ပါတယ်။ ရူပီးရဲ့ ဖလှယ်နှုန်းက မတ်လ ၂၇ ရက်က တစ်ဒေါ်လာကို ၆၂ ဒသမ ၄၁ ရူပီးနှုန်းရှိရာမှ ဧပြီ ၃ ရက်မှာ တစ်ဒေါ်လာကို ၆၂ ဒသမ ဝ၉ ရူပီးနှုန်းရှိခဲ့ပါတယ်။

**ဂျပန်ယန်း**

အမေရိကန် ပြည်ထောင်စုရဲ့ အလုပ်အကိုင် အခြေအနေ ကျဆင်းမယ့် အလားအလာများနဲ့အတူ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းများကို မြှင့်တင်ပေးမယ့် အလားအလာများကို မတွေ့ရတဲ့အတွက် ဧပြီလ ၃ ရက်မှာ ဒေါ်လာနဲ့ ဖလှယ်ရာမှာ ယန်းငွေတန်ဖိုး မြင့်တက်ခဲ့တယ်။

ဒေါ်လာတန်ဖိုးက ဧပြီ ၂ ရက်နေ့ ညနေပိုင်းက နယူးယောက်မှာ တစ်ဒေါ်လာကို ၁၁၉ ဒသမ ၇၇ ယန်းနှုန်းရှိရာမှ တိုကျိုမှာ ဧပြီ ၃ ရက်ကတစ်ဒေါ်လာကို ၁၁၉ ဒသမ ၆၂ ယန်းနှုန်းထိကျဆင်းခဲ့ပါတယ်။ ယူရိုငွေကြေးရဲ့ ဖလှယ်နှုန်းက ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ယူရိုကို ၁ ဒသမ ဝ၈၇၉ ဒေါ်လာနှုန်းနဲ့ မပြောင်းလဲဘဲရှိနေပြီး ယန်းငွေနဲ့ ဖလှယ်ရာမှာ တစ်ယူရိုကို ၁၃၀ ဒသမ ၃၀ ယန်းနှုန်းမှ ၁၃၀ ဒသမ ၁၆ ယန်းနှုန်းသို့ကျဆင်းခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ပြည်တွင်းသုံး ရင်းဂစ်ငွေကြေးကို ဝယ်ယူဖို့ ရင်းနှီးမြှုပ်နှံသူတွေက ပြန်လည် စိတ်ဝင်စားလာကြတဲ့အတွက် အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး ပြန်လည်မြင့်တက်လာပါတယ်။ ရင်းဂစ်ငွေကြေးရဲ့ ဒေါ်လာနဲ့ ဖလှယ်နှုန်းက ဧပြီ ၂ ရက်နေ့ ညနေ ၅ နာရီကရှိခဲ့တဲ့ တစ်ဒေါ်လာ ၃ ဒသမ ၆၆၈၀ ရင်းဂစ်နှုန်းနဲ့ နှိုင်းယှဉ်ရင် ဧပြီ ၃ ရက် နံနက် ၉ နာရီ ၅ မိနစ်မှာရှိခဲ့တဲ့တစ်ဒေါ်လာ ၃ ဒသမ ၆၆၆၀ ရင်းဂစ်နှုန်းအရ ဒေါ်လာတန်ဖိုးကျပြီး ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးက အဓိကငွေကြေးအများစုနဲ့ ဖလှယ်ရာမှာလည်း တန်ဖိုးမြင့်တက်ပါတယ်။

**တောင်ကိုရီးယားဝမ်**

လာမယ့် ရက်သတ္တပတ်မှာ ထုတ်ပြန်တော့မယ့် ပထမသုံးလပတ်ကော်ပိုရိတ်ဝင်ငွေမကြေညာမီ အဖွဲ့အစည်းတွေနဲ့ နိုင်ငံခြားသားတွေက တောင်ကိုရီးယားရှယ်ယာတွေကို ဝယ်ယူနေတဲ့အတွက် ဧပြီ ၃ ရက်နေ့မှာ တောင်ကိုရီးယားစတော့ရှယ်ယာတန်ဖိုးတွေမြင့်တက်ခဲ့ပါတယ်။ ပြည်တွင်းသုံးဝမ်ငွေကြေးကလည်း အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ဝမ်ငွေတန်ဖိုးက ဧပြီ ၂ ရက်နေ့ ဈေးပိတ်ချိန်ကထက် ၂ ဒသမ ၈ ဝမ်နှုန်းမြင့် တက်ပြီး တစ်ဒေါ်လာကို ၁၀၉၂ ဒသမ ၇ ဝမ်နှုန်းရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

ထိုင်းနိုင်ငံဗဟိုဘဏ်က ကမ္ဘာပေါ်ရှိ ဗဟိုဘဏ်အချို့ရဲ့ လမ်းစဉ်အတိုင်း ငွေကြေးမူဝါဒလျှော့ချမှုများကို ဆောင်ရွက်လာတဲ့အတွက် ဘတ်ငွေဖလှယ်နှုန်းက တစ်ဒေါ်လာကို ၃၂ ဒသမ ၄၅ ဘတ်ရှိခဲ့ရာမှ တစ်ဒေါ်လာကို ၃၂ ဒသမ ၄၇ ဘတ်နှုန်းကို ရောက်ရှိကာ ဒေါ်လာတန်ဖိုးတက်ပြီး ဘတ်ငွေတန်ဖိုး ကျဆင်းခဲ့ပါတယ်။

## ဂရိကြွေးမြီများကို အသစ်ပြန်လည်ပေးဆပ်နိုင်ဖို့အတွက် ပြန်လည်ညှိနှိုင်းဖို့လိုအပ်

ကြွေးမြီတွေကို ပြန်လည်စေ့စပ်ညှိနှိုင်းမပေးရင် အလုံးအရင်းနဲ့ ချေးယူထားတဲ့ ကယ်တင်မှုချေးငွေတွေကို ဂရိနိုင်ငံ ကပေးဆပ်နိုင်မှာမဟုတ်ကြောင်း ဂရိ ဝန်ကြီးချုပ်သစ် အလက်ဇီဆီပရာရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။



အရေးပေါ် ရန်ပုံငွေထူထောင်နိုင်ဖို့နဲ့ ကြွေးမြီပေးဆပ်မှု ပျက်ကွက်တဲ့အဖြစ်မျိုးကို ကာကွယ်တားဆီးနိုင်အောင် ဂရိအစိုးရကအသုံးစရိတ်လျှော့ချရေးပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ဖို့ ဂရိနိုင်ငံအစိုးရကို ဖိအားပေးမှုတွေမြင့်မားလာချိန်မှာ ဂရိဝန်ကြီးချုပ်ကပြောခဲ့တာဖြစ်ပါတယ်။

ကြွေးမြီပြန်လည်ပေးဆပ်ဖို့နဲ့ လိုငွေပြမှုရည်မှန်းချက်ကို ပိုမိုတိုးမြှင့်ဆောင်ရွက်ဖို့ပေးထားတဲ့ကတိကို သူရဲ့အစိုးရအဖွဲ့က စွန့်လွှတ်မှာမဟုတ်ကြောင်း ဂရိဝန်ကြီးချုပ်က မတ်လ ၃၀ ရက်နေ့မှာ ဂရိလွှတ်တော်ကိုယ်စားလှယ်တွေကို ပြောကြားခဲ့ပါတယ်။

ဒီလိုဝင်ရောက်ကိုင်တွယ် ဖြေရှင်းမှုမျိုးမရှိရင် ကြွေးပြန်ဆပ်ဖို့မဖြစ်နိုင်တဲ့အတွက် "ဂရိကြွေးမြီကို ပြန်လည်စေ့စပ်ညှိနှိုင်းဖို့လိုတယ်ဆိုတဲ့ အချက်ကို မြီရှင်တွေက အသိအမှတ်ပြုပါတယ်" လို့ သူကပြောပါတယ်။

ဂရိအရန်ငွေကြေးက ကြွေးပြန်ဆပ်ဖို့လိုအပ်သလောက် ဖြည့်ဆည်းမပေးနိုင်လောက်အောင် နည်းပါးကျဆင်းနေပါတယ်။ ဇန်နဝါရီလအတွင်း အထွေထွေရွေးကောက်ပွဲ ကျင်းပချိန်မှာ ကယ်တင်မှုချေးငွေ လက်ကျန်က ယူရို ခုနစ်ဘီလီယံ (ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံ) ကျန်ရှိနေပါတယ်။

ယခင် ရက်သတ္တပတ်အကုန်က ဆီပရာရဲ့ အစိုးရအဖွဲ့ကတင်သွင်းတဲ့အဆိုကို နာရီပေါင်းများစွာဆွေးနွေးပြီးတဲ့တိုင်အောင် ဂရိနိုင်ငံနဲ့စေ့စပ်ညှိနှိုင်းမှုက နည်းပညာဆိုင်ရာ လုပ်ငန်းတွေအများကြီး ကျန်နေဦးမှာဖြစ်ကြောင်း အီးယူကော်မရှင်ပြောရေးဆိုခွင့်ရှိသူ မာဂါရစ်တစ်ရှိနပ်စ်က ဘရပ်ဆဲမြို့မှာ ပြောပါတယ်။

ဧပြီလမှာ ဂရိနိုင်ငံက ကြွေးမြီ ယူရိုသုံးဘီလီယံ (ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံ) ပြန်လည်ပေးဆပ်ရမှာဖြစ်ပါတယ်။ အဓိကအားဖြင့် လလယ်လောက်မှာ ဖြေရှင်းရမှာဖြစ်ပြီး နောက်လာမယ့်လတွေမှာလည်း ပေးဆပ်ရမယ့် ငွေကြေးတွေက ပိုမိုမြင့်တက်လာဦးမှာ ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ဘွန်းစာချုပ်ဈေးကွက်မှာ စာချုပ်တွေ ထုတ်ရောင်းလို့ ရတော့မှာမဟုတ်တဲ့အတွက် ကြွေးဆပ်ဖို့ဆိုရင် ကယ်တင်မှုချေးငွေအပေါ်ကိုသာ မှီခိုရတော့မှာဖြစ်ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## GST ကြောင့် မလေးရှားပြည်တွင်းဘဏ်များကို ဂယက်ရိုက်ခတ်မှု အနည်းငယ်သာရှိနိုင်

မလေးရှားနိုင်ငံမှာ ဧပြီ ၁ ရက်က စတင်ကျင့်သုံးခဲ့တဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုခွန် (Goods and Services Tax) က ပြည်တွင်းဘဏ်များကို ဂယက်ရိုက်ခတ်မှု အနည်းငယ်သာရှိမှာဖြစ်ကြောင်း CIMB Research က ပြုစုထားတဲ့ သုတေသနအစီရင်ခံစာကို ကိုးကားပြီး သတင်းမှာဖော်ပြပါတယ်။

GST ကိုပြဋ္ဌာန်းကျင့်သုံးပြီးနောက်ပိုင်း ဖြစ်ပေါ်လာသမျှ ထပ်တိုးကုန်ကျစရိတ်တွေကြောင့် ဖြစ်ပေါ်လာမယ့် ဂယက်ကပြည်တွင်းဘဏ်တွေရဲ့ ဝင်ငွေကိုထိခိုက်မှုအနည်းသာရှိမှာဖြစ်ကြောင်း မလေးရှားဘဏ်များအသင်းဝင်များကို စစ်တမ်းကောက်ယူပြီး CIMB က ပြုစုထားတဲ့ အစီရင်ခံစာမှာဖော်ပြထားပါတယ်။

"GST ကို အကောင်အထည်ဖော်လိုက်တဲ့အတွက် တိုက်ရိုက်ဖြစ်ပေါ်လာမယ့် ဂယက်ရိုက်ခတ်မှုအနေနဲ့စီမံခန့်ခွဲမှုအပိုကုန်ကျစရိတ် ရင်းဂစ် ၁၀ သန်းကသန်း ၂၀ ထိသာရှိနိုင်ပါတယ်။ ဘဏ်ကနေ ဖောက်သည်တွေကိုပေးရမယ့် GST ရဲ့ ၆ ရာခိုင်နှုန်းကို အစိုးရထံမှပြန်လည်တောင်းခံဖို့ ကြီးကြပ်ရေးအဖွဲ့နဲ့ ပူးပေါင်း ကာ အစီအစဉ်တွေရေးဆွဲထားပြီးဖြစ်ပါတယ်"လို့ သုတေသနအဖွဲ့က ပြော ပါတယ်။

GST ကိုပြဋ္ဌာန်းလိုက်တဲ့အတွက် ၂၀၁၅ ခုနှစ်အတွင်းမှာ ဖောက်သည်နဲ့ စီးပွားရေးလုပ်ငန်းတို့အပေါ် ယုံကြည်မှုကို ကျဆင်းစေနိုင်ကြောင်း၊ စတင်အကောင်အထည်ဖော်ပြီး အနည်းဆုံး နောက်သုံးလပတ်နှစ်ပတ်ဖြစ်တဲ့ ခြောက်လတာကာလအတွင်း ယုံကြည်မှုကျဆင်းနိုင်ကြောင်း CIMB ကပြောပါတယ်။

နှစ်အလိုက်နှိုင်းယှဉ်ရင် ၂၀၁၄ ခု ဒီဇင်ဘာမှာ ၉ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်မှုရှိနေရာမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီမှာ ၈ ဒသမ ၆ ရာခိုင်နှုန်းအထိ ကျဆင်းလာပြီဖြစ်တဲ့ ချေးငွေဖွံ့ဖြိုးမှုနှုန်းက ဒီပြဋ္ဌာန်းချက်ကြောင့် ဖွံ့ဖြိုးမှုဆက်လက်ကျဆင်းမယ့်လက္ခဏာတွေ တွေ့မြင်နေရပါတယ်။

International Entertainment
Vol: 15, No.14 Monday April 6 2015

# Transporter ဇာတ်လမ်းတွဲများမှာ ပါဝင်ခြင်းမရှိတော့၍ လစာလျော့ကျသွားတဲ့ ဂျေဆင်ဆတ်သန်



Transporter ဇာတ်လမ်းတွဲတွေမှာ ပါဝင်ရိုက်ကူးခဲ့တဲ့ အက်ရှင်မင်းသား ဂျေဆင်ဆတ်သန်ဟာ နောက်ထပ်ထွက်ရှိမယ့် ဇာတ်လမ်းတွဲတွေမှာ ပါဝင်ရိုက်ကူးခြင်းမပြုတော့ဘူးလို့ ထုတ်ပြန်ကြေညာပြီးတဲ့နောက်မှာ သူ့ရဲ့လစာနှုန်းထားတွေ လျော့ကျသွားခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီဇာတ်လမ်းတွဲတွေမှာ ကြေးစားလူမိုက် ဖရန့်မာတင်အဖြစ်ပါဝင်သရုပ်ဆောင်ခဲ့ပြီး နာမည်ကျော်ကြား လူကြိုက်များလာခဲ့တဲ့ ဂျေဆင်ဟာ ဒါရိုက်တာ လုခ်ဘီဆင်ဆက်လက်ရိုက်ကူးမယ့် အဲဒီ Transporter ဇာတ်လမ်းတွဲတွေကို ဆက်လက်ရိုက်ကူးခြင်းမပြုတော့ဘူးလို့ ပြီးခဲ့တဲ့လအတွင်းက ထုတ်ပြန်ကြေညာခဲ့တာဖြစ်ပါတယ်။

ခုလို Transporter ဇာတ်လမ်းတွဲကနေ နှုတ်ထွက်လိုက်ရတဲ့အကြောင်းနဲ့ပတ်သက်ပြီး ဂျေဆင်က"ကျွန်တော် ဒီဇာတ်လမ်းကို ရိုက်ကူးခဲ့တဲ့ အတွေ့အကြုံတွေ အများကြီးရခဲ့ပါတယ်။ ဒါပေမယ့် ဇာတ်ညွှန်းမရှိဘဲနဲ့ ဇာတ်လမ်းကောင်းတစ်ပုဒ်ရဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်ပါ့မလဲ။ သူတို့က ကျွန်တော့်ကို ဇာတ်ညွှန်းတွေမပြဘဲ စာချုပ်မှာ လက်မှတ်ထိုးခိုင်းတယ်။ နောက်ထပ် သုံးကားရိုက်ပေးဖို့ပြောတယ်။ ရမယ့်ငွေကြေးကျတော့ နည်းနည်းပဲရမှာလား။ ဒီငွေကြေးရဲ့တန်ဖိုးကို ကျွန်တော်မမြင်ပါဘူး။ သူတို့က သူတို့အတွက်ပဲ မြင်တယ်"ဟု ဂျေဆင်က ပြောကြားခဲ့သည်။

Transporter ဇာတ်လမ်းတွဲများမှာ ပါဝင်သရုပ်ဆောင်ခြင်းမှ နုတ်ထွက်လိုက်တဲ့ ဂျေဆင်ဟာ စီးပွားရေးလုပ်ငန်းတစ်ခုခုကို ဖောက်ချလုပ်ကိုင်ဖို့ ဆုံးဖြတ်လိုက်ပြီလို့ ဆိုပါတယ်။

"ကျွန်တော် စီးပွားရေးလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်တော့မှာပါ။ ဘာလုပ်မလဲဆိုတာကတော့ မကြာခင်မြင်ရတော့မှာပါ"လို့ ဂျေဆင်က ပြောကြားခဲ့ပါတယ်။



## Miss A အဖွဲ့ရဲ့ ဆူဇီနဲ့ ပတ်သက်နေတယ်ဆိုတာကို ဖြေဆိုဖို့ ဆွံ့အနေတဲ့ လီမင်ဟို

Heirs, Gangnam blues စတဲ့ဇာတ်လမ်းတွေနဲ့ နာမည်ရလာတဲ့ ဆယ်ကျော်သက်နှုတ်ခမ်းနီမလေးတွေရဲ့အသည်းစွဲ လီမင်ဟိုဟာ Miss A အဖွဲ့ရဲ့ ဆူဇီနဲ့ပတ်သက်နေတယ်ဆိုတဲ့မီဒီယာတွေရဲ့မေးမြန်းချက်တွေကို ဖြေဆိုဖို့ ဆွံ့အနေခဲ့တယ်လို့ Feverdream မှာ ဖော်ပြထားပါတယ်။ ဟောင်ကောင်မှာ Innisfree အမှတ်တံဆိပ်အလှကုန်ပစ္စည်း ကြော်ငြာရိုက်ကူးဖို့ ရောက်ရှိနေတဲ့ လီမင်ဟိုကို ဟောင်ကောင်မီဒီယာတွေက မေးမြန်းခဲ့တာဖြစ်ပါတယ်။

ဧပြီလ ၂ ရက်နေ့က လီမင်ဟိုနဲ့ ဟောင်ကောင်မီဒီယာတွေ တွေ့ဆုံစဉ်ခုလို မေးမြန်းခံခဲ့ရတာဖြစ်ပါတယ်။ အဲဒီမေးခွန်းကို လီမင်ဟိုက ပြန်လည်ဖြေကြားခြင်းမပြုတဲ့အတွက် ဟောင်ကောင်မီဒီယာတွေဟာ လီမင်ဟိုကို စိတ်ပျက်သွားခဲ့ကြတယ်လို့ အဲဒီသတင်းမှာ ဖော်ပြထားပါတယ်။

လီမင်ဟိုနဲ့ ဆူဇီတို့ပတ်သက်နေတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်နေပေမယ့်လည်း လီမင်ဟိုရဲ့ ပရိသတ်တွေကတော့ သူ့အပေါ်ကို ချစ်ခင်နေဆဲ၊ လက်ဆောင်တွေ ပေးနေဆဲဖြစ်တယ်လို့ ဆိုပါတယ်။

နိုင်ငံတကာက လီမင်ဟိုရဲ့ပရိသတ် တွေဟာ လီမင်ဟိုရဲ့ လူမှုရေးလုပ်ငန်းလုပ်ကိုင်ရာမှာ အဆင်ပြေစေဖို့အတွက် ငွေကြေးတွေထည့်ဝင်လှူဒါန်းလျက်ရှိတယ်လို့ ဆိုပါတယ်။ လီမင်ဟိုကလည်း Charity:Water ဆိုတဲ့ခေါင်းစဉ်နဲ့ လှူဒါန်းမှုတွေ ပြုလုပ်ခဲ့ရာမှာ အမေရိကန်ဒေါ်လာ ငါးသောင်းထည့်ဝင်လှူဒါန်းခဲ့သလို သူ့ရဲ့ပရိသတ်တွေလည်း ပါဝင်လှူဒါန်းခဲ့ကြတယ်လို့ ဆိုပါတယ်။



## ဂိုမက်ဇ်ရဲ့ အငွေ့အသက်တွေ ဖုံးလွှမ်းနေဆဲပဲလို့ဆိုတဲ့ ဂျပ်စတင်ဘီဘာ

ကနေဒီယံ ရက်ပါအဆိုတော်လေး ဂျပ်စတင်ဘီဘာက သူ့ရဲ့ထွက်ရှိလာမယ့် သီချင်းအယ်လ်ဘမ်မှာ ဂိုမက်ဇ်ရဲ့အငွေ့အသက်တွေ အများကြီးဖုံးလွှမ်းနေတယ်လို့ ဆိုပါတယ်။

သူ့ရဲ့ အသစ်ထွက်ရှိလာမယ့် သီချင်းအယ်လ်ဘမ်ထဲက သီချင်းတွေကို iTune ကနေတစ်ဆင့် စတင်ရောင်းချမှာဖြစ်တယ်လို့ ဆိုပါတယ်။

ဂျပ်စတင်ဘီဘာနဲ့ Ryan Seacrest တို့ရဲ့ လေလှိုင်းမှတစ်ဆင့် တွေ့ဆုံခြင်းအစီအစဉ်မှာ ဂျပ်စတင်ဘီဘာက ခုလို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

ဂျပ်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ဟာ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွင်းက တွေ့ဆုံခဲ့ချစ်ကြိုက်ခဲ့ကြတာ ဖြစ်ပါတယ်။

"ကျွန်တော်တို့နှစ်ယောက် အကြာကြီးချစ်ခဲ့ကြတယ်။ မတူညီတဲ့စိတ်ခံစားမှုတွေကြားမှာ သူနဲ့ကျွန်တော် တူနှစ်ကိုယ်တိုင်းပြည်လေးကို ထူထောင်ခဲ့ကြတယ်။ ပျော်ရွှင်မှုတွေ အများကြီးဖန်တီးခဲ့ကြတယ်။ နောက်ပိုင်းကျတော့ ကျွန်တော့်ရဲ့ ဆိုးသွမ်းမှုတွေ၊ မိုက်မဲမှုတွေကြောင့် ကျွန်တော်တို့နှစ်ယောက် လမ်းခွဲခဲ့ကြရတယ်။ အဲဒီအကြောင်းတွေကို ကျွန်တော့်ရဲ့သီချင်းအသစ်ထဲမှာ ထည့်ရေးထားတယ်။ ဒါကြောင့် ဒီသီချင်းအသစ်ဟာ ဂိုမက်ဇ်ရဲ့ အငွေ့အသက်တွေ လွှမ်းမိုးနေတယ်လို့ ပြောတာပါ" လို့ ရေဒီယိုအစီအစဉ်ကနေတစ်ဆင့် ပြောကြားခဲ့တာဖြစ်ပါတယ်။

နောက်ဆုံးရရှိတဲ့သတင်းများအရ ဂိုမက်ဇ်နဲ့ ဘီဘာတို့ဟာ ပြန်လည်ပေါင်းထုပ်ဖို့ စိုင်းပြင်းနေပြီလို့ ဆိုပါတယ်။

## လူသတ်သမားအဖြစ် သရုပ်ဆောင်ဖို့ စဉ်းစားနေတဲ့ ကင်ဝူဘင်း



ကေပေါ့ဇာတ်လမ်းတွဲတွေမှာ အောင်မြင်မှုတွေရရှိနေတဲ့ ကင်ဝူဘင်းဟာ သူနောက်ထပ်ရိုက်ကူးမယ့် ဇာတ်လမ်းတွဲမှာ လူသတ်သမားအဖြစ်ပါဝင်သရုပ်ဆောင်နိုင်ဖို့အတွက် စဉ်းစားနေရတယ်လို့ ဆိုပါတယ်။ ဒရာမာဇာတ်လမ်းတွဲတွေမှာသာ သရုပ်ဆောင်နေတဲ့ ကင်ဝူဘင်းဟာ အဲဒီဇာတ်ကားရဲ့ဇာတ်ရုပ်အတွက် သရုပ်ဆောင်နိုင်ဖို့ ကြိုးစားလေ့ကျင့်ရဦးမယ် လို့ ဆိုပါတယ်။

ကင်ဝူဘင်းရဲ့ အေဂျင်စီကတော့ ကင်ဝူဘင်းဟာ အဲဒီလူသတ်သမားဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်မှာဖြစ်တယ်လို့ အခိုင်အမာပြောကြားလိုက်ပါတယ်။ ဇာတ်ကားရဲ့နာမည်က Diceit and Murder လို့အမည်ပေးထားပြီး ဒါရိုက်တာကင်တေးကွမ်ရိုက်ကူးမှာ ဖြစ်ပါတယ်။

"ဝူဘင်းဟာ ဒရာမာဇာတ်လမ်းတွဲ တွေနဲ့ရုပ်ရှင်ဇာတ်ကားကြီးတွေကိုသာ ရိုက်ကူးနေတာပါ။ ဒါပေမယ့် အခုဒီဇာတ်ကားကတော့သူ့အတွက် ထူးခြားတဲ့သရုပ်ဆောင်မှုတစ်ခုဖြစ်လာလိမ့်မယ်လို့ ထင်ပါတယ်"လို့ ကင်ဝူဘင်းရဲ့အေဂျင်စီက ပြောကြားခဲ့ပါတယ်။

ကင်ဝူဘင်းသာ ဒီဇာတ်လမ်းတွဲ မှာ ပါဝင်ရိုက်ကူးမယ်ဆိုရင် သူ့ရဲ့ ပုံမှန်သရုပ်ဆောင်နေကျပုံစံနဲ့မတူတဲ့ ကွဲပြားခြားနားတဲ့သရုပ်ဆောင်မှုကို မြင်တွေ့ကြရမှာဖြစ်တယ်လို့ ဒါရိုက်တာကွမ်က ပြောကြားခဲ့ပါတယ်။

ဒါ့ပြင် သူဟာ စုံထောက်တစ်ယောက်နဲ့ လူသတ်သမားတို့ရဲ့ကြားမှာ ဖြစ်ပေါ်နေကျပုံစံတွေနဲ့မတူတဲ့ ပုံစံမျိုးနဲ့ ရိုက်ကူးသွားမှာဖြစ်တယ်လို့ ကွမ်က ထပ်မံပြောကြားခဲ့ပါတယ်။


Manufactured by:
Shwe Thazin
ဖူဂျီကြောင့်မေမေ့ကိုကူညီလိုက်နိုင်တယ်လေ
Japan Formula
FUJI
Cream Paste Soap
5 kg
အနိုင်းမဲ့ ဖြူစင်ခြင်းရဲ့ အဖြေ
ဖြူစင်နွေးထွေးလှတဲ့ မိသားစုဘဝမှာ မှန်ကန်တဲ့ ရွေးချယ်မှုကတော့ FUJI ပဲပေါ့။ ဟင်းဆီ၊ မင်နဲ့ စက်ချေးစက်ဆီ အစွန်းအထင်းတွေကို အစွမ်းထက် လှတဲ့ FUJI ဆပ်ပြာခရင်(မ်)က အလွယ်တကူ သန့်စင်စေပါတယ်။
ဟောင်းသွားမှာကြောက်ပြီး
အဝတ်အစားတွေကို
သိမ်းထားစရာမလိုပါဘူး
ဖြူဖွေးဆပ်ပြာရည်ဟာအဆင့်မြင့်နည်းပညာနဲ့
ဖော်စပ်ထားသောကြောင့်ချေးချွတ်အားကောင်းပြီး
အဝတ်များဆွေးမြေ့ဟောင်းနွမ်းခြင်းမှ ကာကွယ်ပေးပါတယ်။
သင့်အဝတ်အစားများကို
အမြဲသစ်လွင်တောက်ပစေဖို့
ဖြူဖွေး
DELICATE CARE
လက်နဲ့ပဲလျှော်လျှော် စက်နဲ့ပဲလျှော်လျှော် အလွယ်တကူလျှော်လို့ရပါသည်။

COMMERCE
INTERNATIONAL

# အမဲသားတင်သွင်းမှုက ဗီယက်နမ် ပြည်တွင်း ကျွဲ၊ နွားမွေးမြူရေး လုပ်ငန်းကိုခြိမ်းခြောက်

အာဆီယံကုန်ပစ္စည်းကုန်သွယ်မှု သဘောတူညီချက် ASEAN Trade in Goods Agreement (ATIGA) အရ ၂၀၁၈ ခုနှစ်မှာ အခွန်ကောက်ခံမှုကို သုညရာခိုင်နှုန်းအထိ လျှော့ချပေးပြီးတဲ့နောက် ဗီယက်နမ်နိုင်ငံအတွင်းရှိ အမဲသားတင်သွင်းမှုက ပိုမိုမြင့်တက်လာနိုင်ပါတယ်။ ဒီလိုမြင့်တက်လာမယ်ဆိုရင် ပြည်တွင်း ကျွဲ၊ နွား တရစ္ဆာန် မွေးမြူရေးလုပ်ငန်းကိုပြင်းပြင်းထန် ထန် ခြိမ်းခြောက်လာနိုင်ကြောင်း VNS သတင်းမှာ ဖော်ပြထားပါတယ်။



ပြည်ပမှတင်သွင်းလာတဲ့ အသားကိုစားသုံးမှုက မကြာသေးမီနှစ်များအတွင်း တစ်ဟုန်ထိုးမြင့်တက်လာခဲ့ရာ ၂၀၁၄ ခုနှစ်အတွင်း နွားအရှင် ၂၅၀,၀၀၀ နဲ့ အမဲသားနဲ့ ကျွဲသားတန်ချိန် ၂၆၀၀၀ တင်သွင်းခဲ့ပါတယ်။ ဩစတြေးလျကတင်သွင်းတဲ့ အမဲသား ပမာဏက ၂၀၁၀ ပြည့်နှစ်မှာ ကောင်ရေ ၃၅၀၀ သာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်မှာ ၁၈၁,၀၀၀ အထိ တိုးတက်ခဲ့တဲ့အတွက် ၅၂ ဆခန့်မြင့်တက်လာကြောင်း ဗီယက်နမ် ကျွဲ၊ နွား တိရစ္ဆာန် မွေးမြူရေးအသင်းဥက္ကဋ္ဌ ငုယင်ဒန်ဗန်ကပြောပါတယ်။ ယခုနှစ်မှာ ပြည်တွင်းဝယ်လိုအား မြင့်တက်လာတဲ့အတွက် ဩစတြေးလျနိုင်ငံက တိရစ္ဆာန်တင်သွင်းမှုက ကောင်ရေ နှစ်သိန်းကနေ နှစ်သိန်းနှစ်သောင်းထိ ရှိလိမ့်မယ်လို့ ဗန်က ခန့်မှန်းထားပါတယ်။ ဗီယက်နမ်က အလားအလာကောင်းတဲ့ ဈေးကွက်တစ်ခုဖြစ်တဲ့အတွက် ဗီယက်နမ်နိုင်ငံမှာ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးမြင့် အသားအပါအဝင် လယ်ယာထွက်ကုန်များပြပွဲကို ကနေဒါနိုင်ငံက မကြာသေးမီကာလအတွင်း ကျင်းပပေးခဲ့ပါတယ်။

၂၀၁၈ ခုနှစ်က စတင်ပြီး အမဲသားတင်သွင်းမှုကို အခွန် သုညရာခိုင်နှုန်းအထိလျှော့ချကောက်ခံမဲ့အပြင် ATIGA အရ ကတိကဝတ်များကိုလည်း ဗီယက်နမ်နိုင်ငံက ကြေညာထားပြီးဖြစ်ပါတယ်။ ထို့ပြင် ဗီယက်နမ်နိုင်ငံရဲ့ ဝယ်လိုအားကလည်း မြင့်တက်နေတဲ့အတွက် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေတဲ့ နိုင်ငံတွေအတွက် ဗီယက်နမ်နိုင်ငံက ကြီးမားတဲ့ အခွင့်အလမ်းတွေပေးနိုင်လိမ့်မယ်။

# ဗီယက်နမ် စီးပွားရေးလုပ်ငန်း ၅၀၀၀ကျော်လုပ်ငန်းများ ပြန်လည်စတင်



ယခုနှစ် ပထမသုံးလပတ်မှာ ဗီယက်နမ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်း ၅၀၀၀ ကျော် လုပ်ငန်းများကို ပြန်လည်စတင် လည်ပတ်နေပြီဖြစ်ရာ နှစ်အလိုက်နှိုင်းယှဉ်မယ်ဆိုပါက ၁၀ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ကြောင်း VNS သတင်းမှာ ဖော်ပြထားပါတယ်။ ဒီအခြေအနေကိုကြည့်ခြင်းအားဖြင့် အခက်အခဲတွေနဲ့ရင်ဆိုင်တွေ့ကြုံနေရတဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုအခွင့်အလမ်းတွေ ပြန်လည်ရရှိလာပြီကို ပြသနေတာကို တွေ့ရမှာဖြစ်ကြောင်း အထွေထွေစာရင်းရုံး (General Statistics Office-GSO)မှပြောကြားပါတယ်။

ယခုနှစ်ပထမသုံးလပတ်အတွင်း ဗီယက်နမ်နိုင်ငံမှာ အသစ်ထူထောင်လိုက်တဲ့ လုပ်ငန်းပေါင်း ၁၉၀၀၀ ကျော်ရှိပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုက ဗီယက်နမ်ဒေါင် ၁၁၁ ဒသမ ၂ထရီလီယံ(ဒေါ်လာ ၅ ဒသမ ၁၉ ဘီလီယံ)ရှိပါတယ်။ ယခင်နှစ်နဲ့နှိုင်းယှဉ်ရင် အရေအတွက်အရ ၄ ရာခိုင်နှုန်းမြင့်တက်ပြီး မှတ်ပုံတင်ရင်းနှီးမြှုပ်နှံငွေအရ ၁၃ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

မတ်လတစ်လတည်းကိုကြည့်ပါက အသစ်ထူထောင်လိုက်တဲ့ လုပ်ငန်း ၅၂၃၈ ခုရှိပြီး မှတ်ပုံတင်ရင်းနှီးငွေ ဗီယက်နမ်ဒေါင် ၃၃ ဒသမ ၇ ထရီလီယံ(ဒေါ်လာ ၁ ဒသမ ၅၇ ဘီလီယံ)ရှိပါတယ်။ နှစ်အလိုက်နှိုင်းယှဉ်ရင် ၂၃ ရာခိုင်နှုန်းကျဆင်းပါတယ်။ သုံးလပတ်ရဲ့ နောက်ဆုံးလမှာ ကျဆင်းရတဲ့အကြောင်းအရင်းက ဗီယက်နမ်ရဲ့ နှစ်သစ်ကူးပွဲတော်ကာလနဲ့တိုက်ဆိုင်လို့ဖြစ်ကြောင်း GSO က ပြောပါတယ်။ မတ်လအတွင်းမှာ ကုမ္ပဏီတစ်ခုချင်းရဲ့ ပျမ်းမျှမှတ်ပုံတင်မတည်ငွေရင်းက ဗီယက်နမ်ဒေါင် ၅ ဒသမ ၈ ဘီလီယံ (ဒေါ်လာ ၂၇၀ သန်း)ရှိပါတယ်။ ဒီလုပ်ငန်းတွေရဲ့ အလုပ်အကိုင်ဖန်တီးမှုက ၂၆၅၀၀၀ ရှိတဲ့အတွက် ယခင်လနဲ့နှိုင်းယှဉ် ရင် ၃ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ပါတယ်။

လုပ်ငန်းအများစုက အသေးစားလုပ်ငန်းတွေဖြစ်ပြီး မတည်ရင်းနှီးငွေအားဖြင့် ဗီယက်နမ်ဒေါင် ၁၀ ဘီလီယံ(ဒေါ်လာ ၄၆၇၀၀၀)ရှိပါတယ်။ ဒီကာလအတွင်း ဖျက်သိမ်းခဲ့တဲ့လုပ်ငန်းက ၂၅၀၀ ရှိပြီး နှစ်အလိုက်နှိုင်းယှဉ်ရင် သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## မြန်မာနှစ်သစ်ကူး အခါသမယတွင် .........

မာလာမြိုင်ကုမ္ပဏီလီမိတက်၏ မိတ်ဘက်စီးပွားဘက်ကိုယ်စားလှယ်တော်ကြီးများ၊ မာလာမြိုင်စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာများ တွင်စခဲ့ဆက်မပြတ်ဝယ်ယူအားပေးကြသော လုပ်ငန်းရှင်ကြီးများ၊ တောင်သူဦးကြီးများ၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးထုတ်လုပ်သူများ၊ ပန်းဥယျာဉ်ခြံမြေအလှဆင်သူများနှင့် မိတ်ဟောင်းမိတ်သစ်များအားလုံးတို့သည် မြန်မာနှစ်သစ်ဦးအခါသမယမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျွန်ုပ်တို့နှင့်အတူ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများစွာဖြင့် အမျိုးဘာသာသာသနာတိုးတက်ပြန့်ပွားရေးအတွက် အခွန့်ရှည်စွာဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊၀၉-၅၃၀၅၅၈၂၂၊ ၀၀-၂၃၀၄၂၄၄၊ ၀၀-၅၀၄၆၀၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၀-၅၄၄၆၀၈

(၃) ည(၈၂)ယုနေလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၀-၆၈၃၀၉၄၆၈၃၂၀၈

(၄) အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ x ၃၂ နှင့် ၇၇ x ၇၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၊ ၃၀၇၉၀၊

မာလာမြိုင် ကုမ္ပဏီလီမိတက်